The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 9 , 2015

## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို
# စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ

|ဒေါက်တာမောင်မောင်အောင်| ၂၀



## အစာလည်းဆေး
## ဆေးလည်းအစာ



၁၄

## Safe Food From Safe Farm ဟူသည့်
အော်ဂဲနစ်သီးနှံဈေးရောင်းပွဲ ကျင်းပမည် ၁၅

## Myanmar FoodBev နှင့်
## Myanmar HoReCa 2015
ပြပွဲပြသမည် ၂၅

ကျောက္ကာ (မြောက်)ကျေးရွာက
## ပြည်ပသွင်းကုန်အစားထိုး ရေနံချက်လုပ်ငန်း ၃၃



Yum Yum®
UKAS
QUALITY MANAGEMENT
043-A
Anytime-Anywhere
Xcite®
Like us on Facebook
http://www:
Yum Yum
Xcite
MALA CHICKEN
TOM YUM SHRIMP
TOM YUM CREAMY
TOM YUM CHICKEN
YTC YATHAR CHO INDUSTRY LTD.
No. (104), Nwe Khway, Htauk Kyant, Mingalardon Township, Yangon Myanmar.
Tel : 95-1-600171, 600176, Fax: 95-1-600224 Email : yumyumsales@chochoco.biz
Facebook: www.facebook.com/xcite.mm Web: yumyummyanmar.com, www.xcitemyanmar.com

# ဒုတိယအကြိမ် ကျေးလက်ဒေသ အသေးစားထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်



ဓာတ်ပုံ-သီဟကိုကို(မန္တလေး)

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်အလားအလာရှိတဲ့ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီရဲ့ ကြီးကြပ်ဆောင်ရွက်မှုနဲ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံမှာ ဒုတိယအကြိမ်ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က ပြပွဲကို ဖွင့်လှစ်ပေးခဲ့ပြီး ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၂၈ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်ပြီး ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများအစုအဖွဲ့များနဲ့ တွေ့ဆုံကာ ရောင်းဝယ်မှု အခြေအနေများနဲ့ ကုန်သွယ်မှုအခက်အခဲများ၊ ဖြေလျှော့ပေးခဲ့မှုအခြေအနေများအား ဆွေးနွေးခဲ့ပြီး၊ ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသရောင်းချမှုများကို ကြည့်ရှုအားပေးခဲ့ပါတယ်။

အဆိုပါ ကုန်စည်ပြပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

ကုန်စည်ပြပွဲမှာ မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနဲ့ ပြည်ပတင်ပို့ရန် အလားအလာရှိတဲ့ထုတ်ကုန်များ ခင်းကျင်းပြသခြင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲမှာ ဖိတ်ကြားထားတဲ့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ကုန်သွယ်မှုအခက်အခဲများ ဆွေးနွေးခြင်း၊ ဒုတိယရက်ဖြစ်တဲ့ ၂၇ ရက်မှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး (SME Development) အလုပ်ရုံဆွေးနွေးပွဲ ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ တတိယရက်ဖြစ်တဲ့ ၂၆ ရက်မှာ ပြည်ပပို့ကုန် အလားအလာရှိတဲ့ကုန်စည်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများအား အပြန်အလှန် ညှိနှိုင်းဆွေးနွေးခြင်း ဆက်လက်တင်ပြခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

ယခုကျင်းပတဲ့ ကုန်စည်ပြပွဲမှာ မန္တလေးဒေသထွက် မြေသောက်ရေအိုး၊ မီးသွေး၊ မီးဖို၊ အိုးပုတ်မျိုးစုံ၊ တောင်း၊ ဆန်ကော၊ ဆန်ကာ၊ မြက်ဖျာ၊ သင်ဖြူးဖျာ၊ သပေါ့ဖျာ၊ ထန်းကုလားထိုင်၊ ထန်းခြင်းတောင်း၊ တံမြက်စည်း၊ ဂျုံရိုးဦးထုပ်၊ ထန်းလျက်၊ ဝါးအခြေခံ လက်မှုအလှဆင် ပစ္စည်းများဖြစ်တဲ့ မီးဆောင်း၊ စက္ကူထည့်ခွက်၊ ဖုန်းတင်စင်၊ ဓာတ်ပုံထည့်သည့် ကပ်များ၊ ဘောလ်ပင်ထည့်သည့်ဘူးများ၊ ယွန်းထည်ပစ္စည်းများ၊ လက်ရက်ကန်းထည်များ၊ စက်ရက်ကန်းထည်များ၊ ဆောင်းဒါးလုံချည်များ၊ မဝတ်၊ ကျားဝတ်အထည်များ၊ ကျောက်မျက်ရတနာများ၊ ရိုးရာငွေခြည်လက်မှုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးဆေးဝါးနဲ့ သနပ်ခါး အလှကုန်ပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များ၊ လက်ဖက်၊ ဘီစကစ်၊ ယိုမျိုးစုံနဲ့ ဝိုင်များ၊ ဆန်ဖြင့်ပြုလုပ်တဲ့ စားကုန်များ၊ ဆန်များ၊ ပဲအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အင်ဂျင်ဝိုင်များ၊ ရိုးရာချင်းလုံချည်နဲ့ ပိုးတွဲချိတ်ထည်များ၊ စကျင်ကျောက် အလှဆင်ပစ္စည်းများ၊ တာယာပစ္စည်းများနဲ့ မော်တော်ကား အရောင်းပြခန်းများစသဖြင့် ပြခန်း ၁၀၅ ခန်း ခင်းကျင်းပြသ ရောင်းချခဲ့ရာ ရောင်းချမှုပမာဏ ကျပ် ၂၁၉ သိန်းကျော်ရရှိခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်ရွှေ-မန္တလေး**

# အင်ဒီ-မြန်မာ စက်မှုကုန်စည်ပြပွဲ (၂၀၁၅) မန္တလေးမြို့တွင် ကျင်းပ

အင်ဒီ-မြန်မာ စက်မှုကုန်စည်ပြပွဲ (၂၀၁၅) ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်၁ရက်အထိ မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr.Gautan Mukhopadaphya တို့တက်ရောက်အားပေးပြီး ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အင်ဒီ-မြန်မာ(၂၀၁၅)ကုန်စည်ပြပွဲတွင် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စားသောက် ကုန်လုပ်ငန်းသုံးပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ တူးဖော်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်း၊ အင်ဂျင်မီးစက်များ၊ ပုံလောင်းနှင့် အရည်ကြိုလုပ်ငန်းသုံးပစ္စည်းများ၊ ပန့်များ၊ ထွန်စက်များ၊ နေရောင်ခြည်စွမ်းအင်သုံး ပစ္စည်းများ၊ သံနှင့် စတီးပစ္စည်းများ၊ ကုန်တင်ယာဉ်များ၊ ဆေးဝါးထုတ်လုပ်ရေး စက်များ၊ဘီစကစ်၊ ခေါက်ဆွဲထုတ်စက်များ၊ အချိုရည် ထုတ်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စက်ဘီး ဆိုင်ကယ်များ၊ စက်ပစ္စည်းများအား အိန္ဒိယကုမ္ပဏီ ၇၀ ကျော်မှ လာရောက်ပြသရောင်းချပေးသည်။ထို့ပြင် မြန်မာနိုင်ငံအထက်ပိုင်းရှိစက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အိန္ဒိယ ပို့ကုန်/သွင်းကုန်လုပ်ငန်းများကိုလည်း အိန္ဒိယအနောက်မြောက် ပြည်နယ်စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းက မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မြန်မာ-အိန္ဒိယနိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် စာရင်းများအရ နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂ ဒသမ ၁ ဘီလီယံ ခန့်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ၃ ဘီလီယံကျော်ကုန်သွယ်ရန် မျှော်မှန်းထားသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက်ကုန်သွယ်မှု အများဆုံးနိုင်ငံဖြစ်ပြီး မန္တလေး-အင်ဖာ ဘတ်စ်ကားပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
အောင်မျိုး၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ စန္ဒာမိုး၊ မော်မော်စန်း၊
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်၊ ခင်ခင်ခန့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(မြဲ-၀၉၇၄၄)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.10 Monday March 9 2015

# ဆန်ဈေးကွက် အနည်းငယ်အေးနေသော်လည်း နှံဆန်ကို တရုတ်လိုင်းက ပိုကြိုက်လို့ ပြန်ဆွဲသွားနိုင်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကားဆန်ဈေးကွက်မှာ မတ် ၆ ရက်နေ့ ဈေးနှုန်းများအရ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းလတ်စ တစ်အိတ်ကို ၃၃၀၀၀ ကျပ်၊ ထိပ်စ ၃၄၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း လတ်စ ၃၁၅၀၀ ကျပ်၊ ထိပ်စ ၃၂၀၀၀ ကျပ်၊ ပေါ်ဆန်းနယ်စုံ လတ်စ ၃၀၀၀၀ ကျပ်၊ ထိပ်စ ၃၁၅၀၀ ကျပ်ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်အတွင်း ဈေးဆက်တက်လာတာ တွေ့ရပါတယ်။

ယခုနှစ်မှာ ဧရာဝတီပေါ်ဆန်းစပါးတွေ ယခင်နှစ်ထက် အကျိုးအကြေများပြီး ဆန်ထွက်နည်းပါးခဲ့ကြောင်း၊ ရန်ကုန်သို့ အချောဆန်အဝင်နည်းချိန်မှာ အရည်အသွေး ပိုကောင်းသည့် ပေါ်ဆန်းဆန်က ဈေးပိုတက်ပြီး အရည်အသွေးနိမ့်တဲ့ ပေါ်ဆန်းဆန်က ဈေးအနည်းငယ်သာ တက်ကြောင်း၊ နယ်လှောင်လယ်သမားတွေ ထုတ်ရောင်းလာလျှင် ဆန်ချော ဈေးပြန်အေးနိုင်တယ်လို့ ဈေးကွက်ကဆိုပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စ တစ် အိတ်ကို ၁၇၂၀၀ ကျပ်၊ ထိပ်စ ၁၇၅၀၀ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ် အိတ်ကို ၂၀၀ ကျပ်မှ ၄၀၀ ကျပ်အတွင်း ဈေးအနည်းငယ်ဆက်တက်လာတာ တွေ့ရပါတယ်။

ရေကျနောက်စိုက်စပါး နယ်စုံအောင် မပေါ်သေးလို့ အဝင်နည်းနေချိန်မှာ ဈေးအနည်းငယ်တက် ရတာဖြစ်တယ်လို့သိရပါတယ်။ ဝါးတန်းဒိုင် ဆန်အဝင်နဲ့ အရောင်းအဝယ် အခြေအနေမှာ အဝင်ပါးပြီး အဝယ်လည်း အေးတယ်လို့ ကြားသိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် (ပြည်ပ) ဆန်တစ်အိတ် ၅၀ ကီလိုကို ၁၄၁၀၀ ကျပ်-၁၄၅၀၀ ကျပ် ခန့် ဈေးရှိပြီး အရောင်း အဝယ်လည်းပါးနေကြောင်း၊ ရန်ကုန် FOB အပို့သမား အနည်းငယ်တော့ အဝယ်ရှိကြောင်း၊EMATA Myanmar 25% (FOB) Yangon 310-320 USD/MT ခန့်ရှိသော်လည်း ပြည်ပမှ အဝယ်ပါးနေကြောင်း သိရှိရပါတယ်။

တရုတ်လိုင်း- မူဆယ် ဆန်ဈေးကွက်မှာတော့ တရုတ်နှစ်သစ်ကူးပွဲတော်ပြီး နောက်တရုတ်ကုန်သည်အချို့ ပြန်လာကြည့်ပြီး အဝယ်အချို့ရှိသော်လည်း တရုတ်ဘက်သို့ မပို့ရဲ့သေးကြောင်း၊ မတ် ၆ ရက် မူဆယ်ရှိ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၆၄ ဒသမ ၄၇ ကျပ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် သုည ဒသမ ၂၇ ကျပ်ခန့်သာ ဈေးကျခဲ့ကြောင်း တစ်ပတ်အတွင်း ပြည်တွင်းနယ်စုံတို့မှ မူဆယ်သို့ဆန် ၁၂၄၁၀၀ တန်ခန့်ဝင်ရောက်ခဲ့ပြီး ယခင်တစ်ပတ်ထက် တန် ၁၆၀၀ ကျော်ပိုမိုဝင်ရောက်ခဲ့ကြောင်း၊ ရန်ကုန်မှ မူဆယ်သို့ ဆန်တင်ဆောင်ခမှာ တစ်တန်ကို ၉၀၀၀၀ ကျပ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ထက် ၁၉၀၀၀ ကျပ်ခန့် ဈေးတက်ခဲ့ကြောင်း၊ တရုတ်ဘက်မှာ အဖမ်းအဆီးမရှိလျှင် မူဆယ်ဆန်ဈေးကွက် ပြန်ကောင်းနိုင်တယ်လို့ သိရပါတယ်။

ဆန်ဈေးကွက် ရှေ့အလားအလာအနေဖြင့် ရေကျနောက်စိုက်စပါးသီးထပ်ရင်နဲ့ နှံစပါးသီးထပ်ရင်များ လှိုင်လာခဲ့လျှင် အကြမ်းဆန်ဈေးပြန်ထိန်းသွားနိုင်သော်လည်း နှံဆန်ကို တရုတ်ဈေးကွက်က ဆန်သားကြည်လို့ မိုးဆန်ထက် ပိုကြိုက်ကာ ပြန်ဆွဲသွားနိုင်ကြောင်း ဈေးကွက်မှ ကြားသိရသမျှကို တင်ပြလိုက်ပါတယ်။

**သန်းအေး-ဆန်စပါး**

# တောင်ပျံမွှေးစပါးဈေးဆက်လက်အေး

ပြည်တောင်ပျံမွှေးဈေးကွက်က မတ်လပထမပတ်အတွင်း တဖြည်းဖြည်း ဈေးကျဆင်းလာတာတွေ့ရပါတယ်။ ဒေသတွင်းအရောင်းအဝယ်သာရှိပြီး နယ်ဘက်သို့ လုံးဝအထွက်မရှိကြောင်းလည်း သိရပါတယ်။

ယခင်တစ်ပတ် တောင်ပျံမွှေးစပါးတင်း ၁၀၀ (၄၆) ပေါင်ကိုက်ဈေး ၆၅၃၂၀၀ ကျပ်ရှိခဲ့ရာမှ ယခု မတ်လဆန်းတွင် ၆၄၄၀၀၀ ကျပ်ဈေးသာ အရောင်းအဝယ်ဖြစ်ပြီး စပါးတင်း ၁၀၀ ကို ကျပ် ၁၀၀၀၀ နီးပါး ဈေးကျဆင်းလာတာ တွေ့ရပါတယ်။ ဆန်တစ်အိတ်ဈေးကတော့ ထိပ်စ ၃၁၀၀၀ ကျပ်နှင့် ဈေးငြိမ်နေပြီး အရောင်းအဝယ်အတော်လေး အေးနေတာကြောင့် စပါးဈေးအနည်းငယ်ကျလာတာ ဖြစ်ပါတယ်။

အင်းလယ်၊ အင်းမရဲဘော်၊ ငွေတိုးစတဲ့ ဧည့်မထစပါးကတော့ ယခင်တစ်ပတ်အတိုင်း စပါးတင်း ၁၀၀ ကို ၄၁၄၀၀၀ ကျပ်နဲ့သာ ဈေးငြိမ်နေပါတယ်။ ရတနာတိုး၊ မနောသုခ၊ ကရင်မ၊ ရွှေဝါထွန်း စတဲ့ ဆန်ကြမ်း ဧည့်မထစပါးဈေးကတော့ ၃၉၅၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်များ အေးတာကြောင့် စပါးဈေးဟာ ဈေးအနည်းငယ်ကျနိုင်သေးတယ်လို့ ဆန်စပါး ရောင်းဝယ်သူတစ်ဦးက ခန့်မှန်းပြောဆိုပါတယ်။ ဆန်တစ်အိတ်ဈေးကတော့ ထိပ်စ ၁၆၀၀၀ ကျပ်သာရှိပြီး ရန်ကုန်အရောက်ဆန်တစ်အိတ်ဈေး ၁၆၅၀၀ ကျပ်သာ ဈေးရတယ်လို့လည်း သိရပါတယ်။ ရန်ကုန်သို့ ဧည့်မထဆန်တင်ပို့မှု တစ်ရက်ကို အိတ် ၃၀၀၊ ၄၀၀ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**နီနီဝင်း-ပြည်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၃-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၂၆ | ၄၂၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၆ | ၄၁၉ | △ | ၃၆၀ | ၃၇၀ | △ | ၃၉၀ | ၃၉၀ | □ | ၃၃၅ | | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၉၉ | △ | ၃၃၅ | ၃၄၅ | △ | ၃၅၅ | ၃၅၅ | □ | ၃၀၅ | | □ |
| ပေါင်းဆန် | ၄၀၅ | ၄၀၀ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | ၃၇၅ | ၃၇၅ | △ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၃-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၅ | ၄၇၀ | △ | ၅၉၅ | ၅၉၅ | □ | ၅၉၅ | ၅၉၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၅ | ၄၇၀ | △ | | - | - | - | - | - - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၆-၃-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၃၉၅၀ | □ | ၁၆၀၀၀ | □ | ၆၄၄၀ | □ | ၃၁၀၀၀ | □ |
| ပုသိမ် | ၃၉၅၆ | □ | ၁၆၀၀၀ | □ | ၆၅၇၃ | □ | ၃၀၀၀၀ | △ |
| ပဲခူး | ၃၇၀၀ | △ | ၁၅၅၀၀ | □ | ၅၇၀၀ | □ | ၂၆၀၀၀ | △ |
| ရွှေဘို | ၄၇၀၀ | □ | ၁၆၅၀၀ | □ | ၈၉၀၀ | △ | ၃၀၀၀၀ | △ |
| စစ်တွေ | ၃၈၀၀ | □ | ၁၅၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၃၀၀ | □ | ၁၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၃၆၀၀ | △ | ၁၇၂၀၀ | △ | - | - | ၃၀၀၀၀ | △ |
| မန္တလေး | ၄၉၀၀ | △ | ၁၉၀၀၀ | △ | - | - | ၂၈၀၀၀ | □ |
| မကွေး | ၅၃၀၀ | △ | ၁၈၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မော်လမြိုင် | ၃၇၀၀ | △ | ၁၄၀၀၀ | □ | ၆၅၀၀ | △ | ၂၂၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၂၂၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၁၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၈၀၀၀ | □ |
| တောင်ကြီး | - | - | ၁၈၀၀၀ | □ | - | - | ၃၂၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဖေဖော်ဝါရီလအတွင်း နယ်စပ်စခန်းများမှ ဆန်တန်ချိန် ခြောက်သောင်းကျော် တင်ပို့

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်ထိ ကာလအတွင်းမှာ မြန်မာ-တရုတ်နယ်စပ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၅ ဒသမ ၂၇၉သန်းဖိုးရှိ ဆန် ၁၄၃၈၁ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ဆန်အမျိုးအစားနဲ့ပမာဏတွေကတော့ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄ ဒသမ ၀၁၇ သန်းဖိုးရှိ ငစိန်ဆန်တန် ၇၁၅၀နဲ့ဧည့်မထဆန် တန်၃၇၀၀တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ၁၀၃၆ တန် လျော့နည်းခဲ့ပါတယ်။

လွယ်ဂျယ်စခန်းမှ ကန်ဒေါ်လာ သုညဒသမ၈၇၅ သန်းဖိုးရှိ ဧည့်မထတန် ၂၅၀၀ တင်ပို့ပြီးယခင် သီတင်းပတ်ထက် တန်၁၅၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ နယ်မြေအခြေအနေအရ ကုန်သွယ်မှုခေတ္တရပ်ဆိုင်းခဲ့တဲ့ ချင်းရွှေဟော်စခန်းမှ ယခုတစ်ပတ်မှာ ကုန်သွယ်မှုပြန် လည်စတင်နေပြီဖြစ်တဲ့အတွက် ကန်ဒေါ်လာ သုညဒသမ၃၈၇ သန်းဖိုးရှိတဲ့ ဧည့်မထဆန် ၁၀၃၁ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး တစ်ခုလုံးအနေနဲ့ ယခုသီတင်းပတ်မှာ ၁၂၉၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဖေဖော်ဝါရီလတစ်လလုံးမှာတော့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၂၂ ဒသမ၇၄၆ သန်းဖိုးရှိဆန်တန်ချိန် ၆၁၈၅၂ တန်တင်ပို့ထားနိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇန်နဝါရီလနဲ့နှိုင်းယှဉ်ပါက ၆၉၆၆၄ တန်လျော့နည်းခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာ တရုတ်နှစ်ကူးရှိတဲ့အတွက် ကုန်သည်များ ကုန်သွယ်မှု လျော့နည်းဆောင်ရွက်ခဲ့တာရယ်၊ နယ်မြေအခြေအနေအရ ချင်းရွှေဟော်မှ ကုန်သွယ်မှုခေတ္တရပ်ဆိုင်းခဲ့တာရယ်ကြောင့် လျော့နည်းရခြင်းဖြစ်ပါတယ်။

အလားတူဆန်ကွဲတင်ပို့မှုမှာလည်း ဖေဖော်ဝါရီလတစ်လလုံးမှာ ကန်ဒေါ်လာ ၉ ဒသမ ၀၅၂သန်းဖိုးရှိ ဆန်ကွဲ၂၇၈၉၃တန်သာတင်ပို့နိုင်ခဲ့ပြီး ၊ ပြီးခဲ့တဲ့ ဇန်နဝါရီလထက် ၂၂၇၇၄ တန်လျော့နည်းခဲ့ပါတယ်။

**MIRT ( DCCA )**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၆-၃-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၂ | ၆/၃ | ပြောင်းလဲမှု | ၂၇/၂ | ၆/၃ | ပြောင်းလဲမှု | ၂၇/၂ | ၆/၃ | ပြောင်းလဲမှု | ၂၇/၂ | ၆/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၉၀ | ၁၄၆၁ | ▲ | ၁၃၀၀ | ၁၃၅၈ | ▲ | ၁၃၀၀ | ၁၄၀၀ | ▲ | - | - | - |
| ၂ | ပဲစင်းငုံ | ၁၄၆၅ | ၁၄၉၃ | ▲ | - | ၁၄၃၃ | - | ၁၄၃၅ | ၁၄၄၀ | ▲ | ၁၄၁၀ | ၁၄၄၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၆၈၀ | ၁၇၀၀ | ▲ | - | - | - | - | - | - | ၁၇၁၀ | ၁၆၈၄ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၀၄၀ | ၁၁၀၀ | ▲ | - | - | - | - | - | - | ၈၅၀ | ၈၆၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၈၀ | ၁၁၆၅ | ▲ | ၉၆၇ | ၉၆၇ | ■ | - | - | - | ၇၅၃ | ၇၆၃ | ▲ |
| ၆ | ထောပတ်ပဲ | ၉၅၅ | ၉၅၅ | ■ | ၁၁၉၁ | ၁၁၅၆ | ▼ | - | ၈၄၂ | - | ၈၄၂ | ၈၄၂ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၆-၃-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၂ | ၅/၃ | ပြောင်းလဲမှု | ၂၆/၂ | ၅/၃ | ပြောင်းလဲမှု | ၂၆/၂ | ၅/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၈၃၀ | ၈၅၀ | ▲ | ၉၃၇ | ၉၅၇ | ▲ | ၉၆၉ | ၉၇၀ | ▲ |
| ၂ | ပဲစင်းငုံ | ၈၇၀ | ၈၈၀ | ▲ | ၈၈၀ | ၈၈၀ | ■ | ၉၂၀ | ၉၃၆ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၃ | ၁၁၅၀ | ▼ | ၁၂၉၂ | ၁၂၇၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၄၅၀ | ၄၅၀ | ■ | ၆၂၂ | ၆၀၇ | ▼ | ၅၆၅ | ၅၆၆ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၁.၂.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၈.၂.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၄) မှ (၂၈.၂.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၀၂၃၂ | ၈၉၈၁ | ၄၆၁၄၉၈ |
| ပဲတီစိမ်း | ၈၅၀၃ | ၁၁၆၃၀ | ၁၄၄၀၇၀ |
| ပဲစင်းငုံ | ၆၀၇၅ | ၁၂၉၁၅ | ၁၉၅၇၆၅ |
| ကုလားပဲ | ၄၀၇ | ၉၇ | ၁၁၂၂၇ |
| ပဲလွန်းဖြူ | ၁၁၁၀ | ၁၁၄၅ | ၃၃၂၈၂ |
| မြေထောက်ပဲ | ၁၉၄ | ၃၆၁ | ၈၅၉၄ |

## လက်လီသမားသာ အဝယ်ရှိပေမယ့် ပြည်ပဲလွန်းဖြူ ဈေးမြင့်

ယခုတစ်ပတ်မှာ ပြည်ပဲလွန်းဖြူ အဝင်နည်းလာပြီး လက်လီသမားများ နေ့စဉ်ဝယ်ယူနေခဲ့ကြတာကြောင့် ပဲတစ်တင်း ၁၉၅၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ ဈေးမြင့်တက်လာခဲ့ပါတယ်။

တစ်ရက်အိတ် ၂၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး အခြားပဲများ ဈေးလျော့နည်းကျဆင်းလာပေမယ့် ပဲလွန်းဖြူသီးနှံဈေး ပိုမြင့်လာခဲ့တာကို တွေ့ရပါတယ်။ ဖေဖော်ဝါရီလအတွင်း တစ်တင်း ၁၉၀၀၀ ကျပ်ထိသာ ဈေးအမြင့်ရခဲ့ပြီး ယခု မတ်လဆန်းမှာတော့ တစ်တင်း ၅၀၀ ကျပ်ကျော်ခန့် မြင့်တက်လာလို့ ပဲလွန်းဖြူဈေးနှုန်းအခြေအနေ ကောင်းလာနိုင်တယ်လို့ ခန့်မှန်းနေကြပါတယ်။

ခင်ဆွေဝင်း-ပြည်

## စီးပွားရေးလုပ်ငန်းရှင်များသို့

ဂျာနယ်တွင် ကြော်ငြာကိစ္စများနှင့်ပတ်သက်၍ သုတေသနနှင့် ပြည်သူ့ဆက်ဆံရေး ဌာနခွဲ ညွှန်ကြားရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ကြော်ငြာထည့်ရန် မေတ္တာရပ်ခံသည့်စာဖြင့် ကြော်ငြာတာဝန်ခံဝန်ထမ်း ဒေါ်မြင့်ဇင်ညွန့်ကိုယ်တိုင် ကြော်ငြာများ လက်ခံလျက်ရှိပါသည်။ ညွှန်ကြားရေးမှူး၏ မေတ္တာရပ်ခံစာ မပါဘဲ၊ ကြော်ငြာလာရောက်လက်ခံပါက အောက်ပါဖုန်းနံပါတ်များသို့ အသိပေးအကြောင်းကြားပါရန်မေတ္တာရပ်ခံအပ်ပါသည်။

ဖုန်း - ၀၁ - ၃၇၁ ၀၂၃ ၊ ၂၅၁ ၁၉၇ ၊ ၂၅၂ ၀၁၇

## မုံရွာကုန်စည်ဒိုင် မတ်လဆန်းပဲဈေးကွက် ဝယ်လက်အေးပေမယ့် ပဲအများစုဈေးတက်

မုံရွာကုန်စည်ဒိုင် မတ်လဆန်း ပဲမျိုးစုံဈေးကွက်မှာ ပြီးခဲ့တဲ့လကထက် ပဲအများစု ဈေးအနည်းငယ်စီ တက်ခဲ့ပြီး အရောင်းအဝယ်အားဖြင့်တော့ ဒေသတစ်ဝိုက်မှာ ရိုးရာနတ်ပွဲတွေကျင်းပနေကြလို့ အနည်းငယ်အေးခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ငုံနီဈေးကွက်မှာ နယ်တောင်သူတွေဆီက ပဲအနည်းငယ်သာ ဝင်ရောက်ခဲ့ပြီး ဒေသခံကုန်သည်တွေ ဝယ်လိုအားဆက်လက်ကောင်းနေတဲ့အတွက် တစ်တင်း ၂၉၀၀၀ ကျပ်ဈေးမှာ မာနေတာ တွေ့ရပါတယ်။ အရောင်းအဝယ်အနေနဲ့ နယ်ကပဲအဝင်ပေါ် မူတည်ကာ တစ်ရက်အိတ် ၁၀၀၀ ခန့်သာ ဖြစ်လျက်ရှိတယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်အနေနဲ့ နယ်ကပဲအဝင်နည်းသွားသလို ဝယ်လက်လည်းပါးသွားတဲ့ အတွက် ပြီးခဲ့တဲ့လက တစ်တင်း ၃၁၂၀၀ ကျပ်ထိ အမြင့်ဆုံးရခဲ့ရာက ယခု ၂၉၅၀၀ ကျပ်ထိ ဈေးအေးသွားတာ တွေ့ရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ နယ်ကပဲအဝင်လျော့ပေမဲ့ ဒေသတွင်းလုပ်ငန်းသုံး အဝယ်နဲ့ ရန်ကုန်ဝယ်လက်တွေ ဝယ်လိုအားကောင်းနေလို့ တစ်တင်း ၂၇၀၀၀ ကျပ်ထိ တက်ဈေးဖြစ်ပေါ်ခဲ့ကာ တစ်ရက်အိတ် ၅၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ်အတွင်း ဒေသသုံးပဲတွေဖြစ်ကြတဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြားနဲ့ ပဲပုပ်စေ့တို့ ဈေးကွက်မှာ ဝယ်လိုအားသွက်လာတဲ့အတွက် ပဲအသီးသီးဈေးမာလာခဲ့ရာ ပဲကြီး(ရေ) တစ်တင်း ၁၆၀၀၀ ကျပ်၊ ပဲကြီး (ကုန်း) တစ်တင်း ၂၁၀၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၄၇၀၀ ကျပ်၊ ပဲနီလုံးကြား တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ပဲပုပ်စေ့တစ်တင်း ၁၆၀၀၀ ကျပ်အသီးသီး ဈေးပေါက်ခဲ့ပါတယ်။

ဈေးကွက်အားဖြင့် ပဲကြီးကို ဒေသခံပဲကြော်ဖိုများနဲ့ ပခုက္ကူဘက်မှ ဝယ်လိုအားကောင်းခဲ့ပြီး စွန်တာနီနဲ့ ပဲနီလုံးကြားတို့ကတော့ ဒေသတွင်း လုပ်ငန်းသုံးဝယ်လက်အပြင် ရန်ကုန်၊ မန္တလေးဝယ်လက်ပါ ဝယ်လိုအားကောင်းခဲ့လို့ စွန်တာနီဟာ တစ်ရက်အိတ် ၁၀၀၀ နဲ့ ပဲနီလုံးကြား တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် ကုလားပဲမျိုးစုံဈေးကွက်မှာ ပဲကြော်၊ ပဲလှော်ဖိုတွေ နတ်ပွဲရာသီချိန်အမီ ဝယ်လိုအား ကောင်းတာနဲ့ ဒေသတွင်းလုပ်ငန်းသုံးသမားတွေလှောင်ဖို့ ဝယ်လိုအားသွက်လာတဲ့အတွက် ဈေးအနည်းငယ် တက်လာခဲ့ရာ ကုလားပဲထိုင်ဝမ်တစ်တင်း ၁၆၈၀၀ ကျပ်၊ V2 တစ်တင်း ၁၇၂၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၁၆၆၀၀ ကျပ် ဈေးအသီးသီးပေါက်ခဲ့ပြီး ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

ထွန်းလှိုင်-မုံရွာ

## ပြည်ပဲမျိုးစုံဈေးကွက်ရဲ့ မတ်လဆန်းမှာ မတ်ပဲနဲ့ ပဲစင်းငုံ ဈေးမြင့်ခဲ့သော်လည်း ကုလားပဲနဲ့ပဲကြီးသီးနှံ ဈေးလျော့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အဓိကအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲများအနက် မတ်ပဲနဲ့ ပဲစင်းငုံဈေးသာ ဈေးမြင့်တက်ခဲ့ပြီး ပဲတီစိမ်း၊ ဘိုကိတ်၊ ပဲပုပ်ဈေးနှုန်းများ ဈေးကျသွားခဲ့ပါတယ်။ အခြားပဲများကတော့ ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

မတ်ပဲသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်း၊ ဝက်ထီးကန်၊ ရွှေတောင်၊ ကျိုးသဲမြို့နယ်များမှ အဝင်လှိုင်လာလို့ တစ်ရက်အိတ် ၅၀၀ မှ ၆၀၀ ကျော်ထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာလည်း တစ်တင်း ၂၇၄၀၀ ကျပ်ထိ ရန်ကုန်ဝယ်လက်များ နေ့စဉ်ဝယ်ယူမှုရှိလို့ ဈေးမြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း အိတ် ၆၀၀ ကျော် နေ့စဉ်ရှိခဲ့ကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ရေသွင်းပဲများ ပေါင်းတလည်၊ ပေါက်ခေါင်းဘက်မှ အိတ် ၄၀ ကျော်၊ ၅၀ ခန့်သာ ဝင်ရောက်နေသလို မန္တလေးလိုင်းသမားကလည်း အဝင်ရှိသလောက် ဝယ်ယူနေကြတာကြောင့် ပဲတစ်တင်း ၃၂၀၀၀ ကျပ်နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲသစ်များလည်း ယခုလဆန်းမှာ တစ်ရက်အိတ် ၈၀၀ ကျော်ထိ အဝင်များလာခဲ့ပြီး သဲကုန်း၊ ရွှေတောင်၊ ကံမ၊ ပန်းတောင်းမြို့နယ်များမှ အဓိကထား ဝင်ရောက်ခဲ့ပါတယ်။ ပဲသစ်ဝင်ရောက်ပေမယ့် ပဲဟောင်းလက်ကျန်များရှိခဲ့လို့ အဟောင်းရော၊ အသစ်ပါ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဝယ်လက်ကတော့ ခွဲစက်သမားများမှာ ပဲဟောင်းများကို ဝယ်ယူနေသလို လှောင်လက်များကတော့ ပဲသစ်များကိုသာ ပိုမိုဝယ်ယူနေတယ်လို့သိရပါတယ်။ ပဲသစ်ဈေးမှာ တစ်တင်း ၁၇၀၀၀ ကျပ်၊ ပဲဟောင်းဈေးမှာ တစ်တင်း ၁၆၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ပဲကြီးသီးနှံမှာလည်း ပန်းတောင်၊ ပေါက်ခေါင်း၊ ကံမ စသဖြင့် နယ်စုံမှ ဝင်ရောက်နေတဲ့အတွက် အိတ် ၁၀၀၀ ကျော်ထိ အဝင်များခဲ့ပါတယ်။ ပဲကြော်ဖိုသမားရော၊ လှောင်လက်ပါဝယ်ယူလို့ အရောင်းအဝယ်လည်း သွက်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းမှာတော့ ပဲသစ်ပေါ်စဈေးထက်လျော့နည်းခဲ့လို့ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၂၃၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်နဲ့ တစ်တင်း ၁၀၀၀ ကျပ်နီးပါး ဈေးပြန်လျော့သွားခဲ့ပါတယ်။

ဘိုကိတ်ပဲသစ်များလည်း ပဲကြီးကဲ့သို့ ရွှေတောင်၊ ကျိုးသဲ၊ ပန်းတောင်း၊ ကံမဘက်မှ အိတ် ၁၀၀ ကျော် နေ့စဉ်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ရော နယ်သမားအချို့ပါ ဝယ်ယူနေပြီး၊ ပဲတစ်တင်း ၁၄၇၀၀ ကျပ်နဲ့ ဖေဖော်ဝါရီလကုန်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံမှာလည်း ပဲသစ်များ ဝင်ရောက်မှုရှိပေမယ့် အဝင်ပါးလို့ ယခုတစ်ပတ်မှာ လက်လီသမားသာ အဝယ်ရှိခဲ့ကြပါတယ်။

ပဲဈေးမှာ ဘိုကိတ်ကဲ့သို့ပင် ဈေးအပြောင်းအလဲမရှိ ဈေးငြိမ်နေတဲ့အတွက် တစ်တင်း ၁၆၀၀၀ ကျပ်ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့တယ်လို့သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ပဲနီပြား အရည်အသွေးလိုက်ဈေးကွာခြားခဲ့

ပြည်ပဲဈေးကွက်သို့ မတ်လဆန်းမှာ ပဲနီပြားသစ်များ ဝင်ရောက်မှုများလာလို့ အိတ် ၅၀၀ ကျော်ထိ နေ့စဉ် ဝင်ရောက်လျက်ရှိနေတာကို တွေ့ရပါတယ်။ ရွှေတောင်၊ ကျိုးသဲ၊ ညောင်စာရေးဖက်မှ ဝင်ရောက်ခြင်းဖြစ်ပြီး ဝယ်ယူမှုအနေနဲ့ကတော့ လှောင်သမားရော လက်လီသမားများပါ ဝယ်ယူနေကြပါတယ်။ ပဲဈေးနှုန်းမှာ ပဲအရည်အသွေးလိုက်ဈေးကွာခြားတဲ့အတွက် ထိပ်စတစ်တင်း ၁၉၀၀၀ ကျပ်၊ ရိုးရိုးစ တစ်တင်း ၁၈၅၀၀ ကျပ်ဖြင့် ယခင်ပတ်က ဈေးနဲ့သိပ်မကွာဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။

ခင်ဆွေဝင်း-ပြည်

# ၂၀၁၅ ခုနှစ် မတ်လ ပထမပတ် သီးနှံများ၏ ဈေးနှုန်းနှင့် အရောင်းအဝယ်ဖြစ်မှု အခြေအနေနှင့် လေးနှစ်တာ ကာလတူဈေးနှုန်းနှိုင်းယှဉ်ခြင်း

မန္တလေးမြို့ ပဲ၊ ပြောင်း၊ နှမ်းသီးနှံကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ သီးနှံကုန်သည်ပွဲစားများ စက်ပိုင်များလာရောက်၍ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ယခုနှစ်မတ်လ ပထမပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းနဲ့ လွန်ခဲ့သည့် ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ မတ်လ ပထမပတ်ရဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

### လေးနှစ်တာကာလ မတ်လ ပထမပတ်၏ သီးနှံဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်

| သီးနှံအမည် | ၃/၂၀၁၂ | | ၃/၂၀၁၃ | | ၃/၂၀၁၄ | | ၃/၂၀၁၅ | |
|---|---|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်း | ၇၄၆ | ၈၅၃ | ၁၀၆၇ | ၁၁၀၂ | ၁၄၇၆ | ၁၅၁၁ | ၁၅၆၄ | ၁၈၆၇ * |
| ပဲတီစိမ်းရွှေဝါ | ၁၀၃၁ | ၁၀၄၀ | ၁၃၃၃ | ၁၃၄၂ | ၁၆၀၀ | ၁၆၃၆ | - | ၂၀၀၉ * |
| ပဲလွန်းဖြူ | ၉၀၈ | ၉၄၂ | ၈၃၃ | ၈၆၇ | ၉၁၇ | ၉၆၇ | ၉၆၇ | ၁၀၆၇ * |
| ပဲကြီး | ၈၁၄ | ၉၄၁ | ၁၃၅၇ | ၁၄၁၂ | ၁၄၁၂ | ၁၄၄၈ * | ၁၁၆၇ | ၁၂၆၇ |
| ပဲကြား | ၄၉၅ | ၅၀၇ | ၉၉၅ | ၁၀၁၄ | - | ၁၃၇၆ * | ၉၄၁ | ၉၅၆ |
| ပဲနီပြား | ၇၄၂ | ၇၆၀ | ၇၉၆ | ၈၁၄ | ၁၀၆၈ | ၁၁၄၀ * | ၉၇၇ | ၁၁၄၀ * |
| ပဲပုပ် (ရှမ်း) | ၇၈၉ | ၈၄၅ | ၉၂၀ | ၉၃၉ | ၉၂၀ | ၁၁၄၆ * | ၈၅၄ | ၈၆၄ |
| ပဲပုပ် (ဗမာ) | ၇၁၄ | ၆၉၅ | ၈၆၄ | ၈၈၃ | ၉၃၉ | ၉၅၈ * | ၈၆၄ | ၈၇၃ |
| ပဲယင်း | ၄၁၇ | ၄၃၃ | ၅၅၀ | ၅၆၇ | ၉၈၃ | ၁၁၅၀ * | ၇၅၀ | ၇၈၃ |
| ထောပတ်ပဲ | ၉၄၂ | ၉၇၈ | ၈၃၆ | ၈၇၁ | - | ၁၅၁၁ * | ၁၁၅၆ | ၁၂၄၄ |
| နိုင်လွန်ပဲ | ၇၅၉ | ၇၉၃ | ၁၀၁၃ | ၁၀၃၀ | - | ၁၉၄၁ * | ၈၇၈ | ၉၁၁ |
| မြေထောက်ပဲ | ၁၀၀၀ | ၁၀၁၉ | - | ၁၄၈၁ | - | ၁၆၁၁ * | ၁၀၁၉ | ၁၀၅၆ |
| မတ်ပဲ | ၆၁၇ | ၆၅၀ | ၆၈၃ | ၇၀၀ | ၉၃၃ | ၉၅၀ | ၁၃၁၇ | ၁၃၃၃ * |
| ပဲစင်းငုံနီ | ၇၁၇ | ၇၃၃ | ၁၀၀၀ | ၁၀၀၈ | - | ၉၁၇ | ၁၄၄၂ | ၁၄၅၀ * |
| ပဲစင်းငုံရွှေ | ၆၀၀ | ၆၃၃ | - | - | - | ၉၁၇ | ၁၄၄၂ | ၁၄၅၀ * |
| ကုလားပဲဖြူကြီး | ၈၉၁ | ၉၀၈ * | ၈၆၅ | ၈၇၃ | ၇၆၉ | ၇၇၇ | ၈၅၆ | ၈၆၅ |
| ကုလားပဲထိုင်ဝမ် | ၈၀၀ | ၈၀၉ | ၈၅၃ | ၈၆၂ * | ၇၂၀ | ၇၂၉ | - | ၈၅၃ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၁၅ | ၃၂၄ | ၄၂၆ | ၄၄၄ * | - | ၄၂၆ | - | ၃၅၂ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၁၅ | - | ၄၂၆ * | ၄၁၇ | ၄၂၆ * | - | ၃၃၃ |
| ပြောင်းဖူးစေ့ (စီပီ) | ၃၁၅ | ၃၂၄ | ၄၂၆ | ၄၄၄ * | ၄၂၆ | ၄၃၅ | - | ၃၅၂ |
| အထွက်တိုးပြောင်း | ၃၈၇ | ၃၉၂ | ၆၉၈ | ၇၁၇ * | ၄၈၁ | ၅၀၉ | ၃၇၇ | ၃၈၇ |
| ဆန်ပြောင်း | - | ၃၄၆ | ၅၁၅ | ၅၂၃ * | ၄၆၄ | ၄၈၁ | ၄၀၅ | ၄၁၄ |
| နှမ်းဖြူ | ၁၅၀၀ | ၁၄၂၂ | ၂၆၂၂ | ၂၇၃၃ | ၃၅၁၁ | ၃၇၃၃ * | ၂၁၃၃ | ၂၄၂၂ |
| နှမ်းညို | ၁၂၆၇ | ၁၃၁၁ | ၂၂၂၂ | ၂၃၃၃ | ၂၉၅၆ | ၃၀၀၀ * | ၁၉၅၆ | ၂၀၀၀ |
| နှမ်းနက် | ၁၃၃၃ | ၁၄၀၀ | ၂၃၃၃ | ၂၆၆၇ | ၂၆၆၇ | ၃၂၂၂ * | ၂၀၀၀ | ၂၀၂၂ |
| နှမ်းနက် (စမုံ) | ၂၀၀၀ | ၂၁၁၁ | - | ၃၂၂၂ | ၃၇၃၃ | ၃၉၅၆ | ၄၄၄၄ | ၄၄၆၇ * |
| ပန်းနှမ်း | ၉၁၁ | ၉၅၆ | ၁၀၈၉ | ၁၁၁၁ | ၉၅၆ | ၉၇၈ | ၁၁၃၃ | ၁၁၅၆ * |
| မြေပဲဆန် | - | ၂၁၅၀ | ၁၈၂၅ | ၁၉၀၀ | ၁၅၂၅ | ၁၆၀၀ | ၂၁၀၀ | ၂၃၅၀ * |

*** သီးနှံ၏အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်း**

တရုတ်ဝယ်လက်ပုံမှန်ဝယ်ယူမှုရှိနေတဲ့ ပဲတီစိမ်းကြီး အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။ ဇန်နဝါရီလမှာ အရောင်းအဝယ်အနည်းငယ်အေးပြီး ဖေဖော်ဝါရီလမှာ အရောင်းအဝယ်သိသိသာသာ ပြန်လည်သွက်လက်လာပြီး ယခုမတ်လပထမတစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန် ၁၁၄၃၃၃၂ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၀၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ထို့အတူ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၂၀၀၉ ကျပ် (တစ်တန် ၁၂၃၀၂၉၁၅ ကျပ်)နဲ့ အရောင်းအဝယ်သွက်လက်လျက်ရှိပါတယ်။ တရုတ်ဝယ်လက်အကြိုက် ပဲတစ်မျိုးဖြစ်တဲ့ ပဲလွန်းဖြူ တစ်ပိဿာ ၁၀၆၇ ကျပ် (တစ်တန် ၆၅၃၄၂၀ ကျပ်)နဲ့ ယခုတစ်ပတ်မှာ ဈေးမာနဲ့အရောင်းအဝယ်ဖြစ်ပြီး မတ်လကာလတူနှစ်များနဲ့ ဈေးနှုန်းနှိုင်းယှဉ်ပါက အမြင့်ဆုံးဈေးနဲ့ ယခုတစ်ပတ်မှာ နေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းဈေးကွက်မှာသာ အရောင်းအဝယ်ဖြစ်မှုရှိတဲ့ ပဲကြီးနဲ့ ပဲကြားဈေး ယခင်နှစ်ကာလတူဈေးအောက်မှာရှိပြီး ဈေးအေးနဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီး တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)၊ ပဲကြားတစ်ပိဿာ ၉၅၆ ကျပ် (တစ်တန် ၅၈၅၄၄၅ ကျပ်)နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် မတ်လ ပထမတစ်ပတ်မှာ ပဲနီပြား တစ်ပိဿာ ၁၁၄၀ ကျပ် (တစ်တန် ၆၉၈၁၂၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ မနှစ်က ကာလတူ ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပြီး ဈေးငြိမ်တယ်လို့ပဲ ဆိုရမှာပါ။

ယခင်နှစ် ကာလတူ ဈေးနှုန်းအောက်ရောက်နေတဲ့ ပဲများမှာ ပဲပုပ်၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ နိုင်လွန်ပဲတို့ဖြစ်ပါတယ်။ ယခုတစ်ပတ်မှာ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၈၆၄ ကျပ် (တစ်တန် ၅၂၉၁၀၅ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၈၇၃ ကျပ် (တစ်တန် ၅၃၄၆၁၆ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပါတယ်။ ပဲယင်း တစ်ပိဿာ ၇၈၃ ကျပ် (တစ်တန် ၄၇၉၅၀၁ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၂၄၄ ကျပ် (တစ်တန် ၇၆၁၈၁၃ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၀၀ ခန့်၊ နိုင်လွန်ပဲ တစ်ပိဿာ ၉၁၁ ကျပ် (တစ်တန် ၅၅၇၈၈၇ ကျပ်)၊ မြေထောက်ပဲ တစ်ပိဿာ ၁၀၅၆ ကျပ် (တစ်တန် ၆၄၆၆၈၄ ကျပ်)နဲ့ ပုံမှန်အရောင်းအဝယ်ရှိသလို တရုတ်ဝယ်လက်မှလည်း ဝယ်ယူမှုရှိကြောင်း သိရပါတယ်။

ပြည်ပ (အိန္ဒိယ) ဝယ်လိုအား ပြန်လည်ကောင်းမွန်လာတဲ့ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေများမှာ ၂၀၁၂ ခုနှစ်မှစ၍ ကာလတူဈေးနှုန်းများ နှိုင်းယှဉ်ပါက ဈေးအမြင့်ဆုံးမှာ ရောက်နေပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၁၃၃၃ ကျပ် (တစ်တန် ၈၁၆၃၁၆ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၈၀၀ ခန့်၊ ပဲစင်းငုံနီနဲ့ ပဲစင်းငုံရွှေ တစ်ပိဿာ ၁၄၅၀ ကျပ် (တစ်တန် ၈၈၇၉၆၆ ကျပ်)နဲ့ ပဲစင်းငုံ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်တွင်းဈေးကွက်မှာသာ ဈေးအေးအေးနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့ ကုလားပဲဖြူကြီးနဲ့ ကုလားပဲထိုင်ဝမ်များကတော့ ဒေသတွင်း ပဲခွဲစက်နဲ့ စားသုံးသူများကိုသာ အဓိကထား အရောင်းအဝယ်ပြုလုပ်နေရပါတယ်။ ကုလားပဲဖြူကြီး တစ်ပိဿာ ၈၆၅ ကျပ် (တစ်တန် ၅၂၉၇၁၇ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၈၅၃ ကျပ် (တစ်တန် ၅၂၂၃၆၉ ကျပ်) နဲ့ နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခင်လများတွင် အရောင်းအဝယ်လွန်စွာသွက်လာသည့် ပြောင်းဖူးစေ့များ ယခုအခါ အရောင်းအဝယ် လွန်စွာအေးလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၃၅၂ ကျပ် (တစ်တန် ၂၁၅၅၆၁ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၃၃၃ ကျပ် (တစ်တန် ၂၀၃၉၂၆ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၃၅၂ ကျပ် (တစ်တန် ၂၁၅၅၆၁ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၃၈၇ ကျပ်(တစ်တန် ၂၃၆၉၉၅ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၄၁၄ ကျပ် (တစ်တန် ၂၅၃၅၂၉ ကျပ်)ဖြင့် နေ့စဉ် ပြောင်းမျိုးစုံ သုံးတင်းအိတ် ၁၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ နှမ်းရောင်စုံများ ယခင်နှစ်ကာလတူဈေးနှုန်းထက် ဈေးအေးပေမဲ့ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရပါတယ်။ နှမ်းဖြူတစ်ပိဿာ ၂၄၂၂ ကျပ် (တစ်တန် ၁၄၈၃၂၀၉ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၀၂၂ ကျပ် (တစ်တန် ၁၂၃၈၂၅၃ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၁၁၅၆ ကျပ် (တစ်တန် ၇၀၇၉၂၃ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၄၆၇ ကျပ် (တစ်တန် ၂၇၃၅၅၄၆ ကျပ်)နဲ့ နှမ်းမျိုးစုံ နေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ထို့အတူ မြေပဲဆန် တစ်ပိဿာ ၂၃၅၀ ကျပ် (တစ်တန် ၁၄၃၉၁၁၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

မန္တလေးမြို့ပေါ်သီးနှံဒိုင်မှသော် လည်းကောင်း၊ အခြားတိုင်းဒေသကြီး ပြည်နယ်များမှသော်လည်းကောင်း၊ မန္တလေးမြို့ကို ဖြတ်သန်းစီးထွက်သွားရာ မန္တလေးမြို့အထွက် ၁၆ မိုင်(ကျောက်ချော) စစ်ဆေးရေးဂိတ်မှ ဂိတ်ဖြတ်စာရင်းအရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ သီးနှံအပို့ထက် ဖေဖော် ဝါရီလအပို့လျော့ကျသော်လည်း မတ်လတွင်း ပိုမိုတင်ပို့နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းရပါတယ်။ ဇန်နဝါရီလမှာ ပဲတီစိမ်းကြီး တန် ၇၀၀၀ ကျော်သာအပို့ရှိပေမဲ့ ဖေဖော်ဝါရီလမှာ တန်ချိန် ၁၂၀၀၀ ကျော် တင်ပို့မှုရှိကြောင်း သိရပါတယ်။ ထို့အတူ နှမ်းရောင်စုံများ တင်ပို့မှုမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ တန် ၉၀၀၀ ကျော်တင်ပို့ပြီး ဖေဖော်ဝါရီလမှာ တန်ချိန် ၃၆၀၀ ကျော်သာအပို့ရှိလို့ နှမ်းရောင်စုံများအနေဖြင့် တင်ပို့မှု ၃ ဆကျော် လျော့နည်းကြောင်း သိရပါတယ်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ၏ ၁၆ မိုင် (ကျောက်ချော) စစ်ဆေးရေးဂိတ်၏ ဂိတ်ဖြတ်စာရင်း နှိုင်းယှဉ်မှုမှာ -

ရေတွက်ပုံ-တန်

| သီးနှံအမည် | ၁/၂၀၁၅ | | ၂/၂၀၁၅ | |
|---|---|---|---|---|
| | စုစုပေါင်း | တစ်ရက်ပျမ်းမျှ | စုစုပေါင်း | တစ်ရက်ပျမ်းမျှ |
| ပဲတီစိမ်း | ၇၀၆၄. ၅၁ | ၂၂၇. ၈၉ | ၁၂၄၀၉. ၆၃ | ၄၄၃. ၂ * |
| နှမ်းနက်၊ နီ၊ ညို | ၆၂၈၇. ၈၄ | ၂၀၂. ၈၃ | ၂၆၄၁. ၂၅ | ၉၄. ၃၃ |
| နှမ်းဖြူ အခွံချွတ် | ၂၈၁၈. ၂၃ | ၉၀. ၉၁ | ၁၀၃၅. ၄၆ | ၃၆. ၉၈ |
| ပဲလွန်းဖြူ | ၁၄၈၀. ၂၆ | ၄၇. ၇၅ | ၁၀၂၅. ၈ | ၃၆. ၆၄ |
| နှံစားပြောင်း | ၁၂၀၀. ၂၅ | ၃၈. ၇၁ | ၁၂၂၇. ၉ | ၄၃. ၈၅ |
| ပြောင်းဖူးစေ့ | ၄၈၈. ၂၅ | ၁၅. ၇၅ | ၂၃၁၃. ၁၃ | ၈၂. ၆၁ |
| ပဲယင်း | ၆၄၁. ၃ | ၂၀. ၆၇ | ၄၈၃. ၈၅ | ၁၅. ၆၇ |
| ပဲနီပြား | ၂၅၀. ၇၃ | ၈. ၀၉ | ၃၀၄. ၀၄ | ၁၀. ၈၆ |
| မြေထောက်ပဲ | ၁၄၅. ၂၅ | ၄. ၇ | ၁၈၀. ၅၅ | ၆. ၄၅ |
| စွန်တာနီ၊ ပြာ | ၁၂၀. ၆၇ | ၃. ၈၉ | ၂၁၄. ၇ | ၇. ၆၇ |
| ပဲကြီး | ၆၉. ၉၅ | ၂. ၂၆ | ၁၈၁. ၁ | ၆. ၄၇ |
| မြေပဲဆန် | ၆၅၃၃. ၆၅ | ၂၁၀. ၇၆ | ၅၅၃၉. ၄၉ | ၁၉၇. ၈၄ |

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ပဲတီစိမ်းကြီး ရောင်းဝယ်မှုလျော့ကျပေမယ့် ဖေဖော်ဝါရီလမှာ အရောင်းအဝယ် ပြန်လည်သွက်လာပါတယ်။ ပြည်ပ (တရုတ်) ကို အဓိကတင်ပို့တဲ့သီးနှံများအနက် ပဲတီစိမ်းကြီးတစ်ခုတည်းသာ အရောင်းအဝယ်သွက်လက်ပြီး ကျန်ပဲမျိုးစုံ၊ ဆီထွက်သီးနှံများနဲ့ ပြောင်းဖူးစေ့များ အရောင်းအဝယ် လျော့ကျလျက်ရှိကြောင်း ကုန်သည်ကြီးတစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။ ယခုလမှာ အရောင်းအဝယ် အေးပေမယ့် မတ်လလယ်နောက်ပိုင်း အရောင်းအဝယ်ပြန်လည်သွက်လက်လာနိုင်ကြောင်းလည်း ပြောကြားပါတယ်။

**စိုးအောင် - မန္တလေး**

## နနွင်း

### နနွင်းသစ်ဈေးကွက်အဝင်နည်းပြီး နနွင်းဟောင်းသာအရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းကတော့ အရောင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်။ ဟိုပုံးနနွင်းကိုတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ဝယ်လက်တွေကဝယ်ယူနေပြီး အောင်ပန်းနနွင်းဈေးကွက်မှာတော့ ပြည်တွင်းဝယ်လက်တွေသာအဝယ်ရှိနေပါတယ်။ အသစ်တွေကတော့ ဈေးကွက်ကို စပြီးဝင်နေပေမယ့် များများစားစားတော့ မရှိသေးပါဘူး။ အသစ်တွေကိုတော့ အခုမှစလုပ်နေတဲ့ အချိန်ဖြစ်လို့ အဝင်နည်းပြီး အဟောင်းလက်ကျန်တွေကိုသာ အရောင်းအဝယ်လုပ်နေကြတယ်လို့ သိရပါတယ်။

ဟိုပုံးနနွင်းကိုတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်က ဝယ်လက်တွေက ဝယ်ပြီး ကားတစ်စီးစာရမှ တင်သွားတာကြောင့် ပုံမှန်မရှိပါဘူး။ ရရင်ရသလောက် တင်သွားကြတယ်လို့လည်း သိရပါတယ်။ ဟိုပုံးမှာ နနွင်းပေါက်ဈေးတွေက အသစ်ဆိုရင် ၁၂၀၀ ကျပ်၊ အဟောင်းဆိုရင် ၁၃၀၀ ကျပ် ဈေးရှိပါတယ်။ အောင်ပန်းနနွင်းတွေကိုတော့ ပြည်တွင်းသုံးဈေးပတ်သမားတွေသာ အဝယ်ရှိနေပြီး တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန် နှစ်သောင်းသုံးထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှာ နနွင်းပေါက်ဈေးက အမျိုးမျိုးရှိနေပါတယ်။ အရည်အသွေးပေါ်မူတည်ပြီး ဈေးကလည်း ကွာပါတယ်။ ဟိုပုံးစက တစ်ပိဿာ ၁၁၀၀ ကျပ်-၁၂၀၀ ကျပ်၊ တောင်ပို့လစမှာ ထိပ်စက ၁၅၀၀ ကျပ်-၁၆၀၀ ကျပ်၊ (လတ်စ) က ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်၊ ဆင်တောင်နနွင်းက ၁၅၀၀ ကျပ်မှ ၁၈၀၀ ကျပ်ဈေးရှိတယ်လို့ အောင်ပန်းနနွင်းပွဲရုံတွေက သိရှိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### ဖေဖော်ဝါရီလမှာ နနွင်းတင်ပို့မှုပို

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း နနွင်း ၂၇၃ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံကို ၅၇ တန်၊ စင်ကာပူနိုင်ငံကို ၈၄ တန်နဲ့ အာရပ်နိုင်ငံ ကို ၁၃၂ ဒသမ ၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ငါးဆယ်ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ နနွင်းတင်ပို့မှုပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလနနွင်းတင်ပို့မှုမှာ ၆၀၇ ဒသမ ၉၅၅ တန်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ ၇၂၁ ဒသမ ၇၁ တန်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ နနွင်းတင်ပို့မှုပိုခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### နယ်စပ်ဒေသများမှ နနွင်းတက်ပိုမိုတင်ပို့

ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၉၇၈၆ တန်ဖိုးရှိ နနွင်းတက် ၃၄ တန်ခွဲနဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၅၂၀ တန်ဖိုးရှိနနွင်းတက် ၉ တန်ခွဲတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ မြဝတီနဲ့ စစ်တွေစခန်း သုံးခုမှ နနွင်းတက် ၂၅ တန်နီးပါးပဲတင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ရဲ့ နနွင်းတက်တင်ပို့မှု ပိုမိုလာတာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီတစ်လလုံး နယ်စပ်စခန်းအသီးသီးက တင်ပို့ခဲ့တဲ့ နနွင်းတက် ၂၅၁ တန်ခွဲရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင် MIRT (DCCA)**

## မန်ကျည်း

### ဖေဖော်ဝါရီလမှာ မန်ကျည်းတန်ချိန် ခုနစ်ထောင်ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၇၉၉၂၉၇ ဒသမ ၉၈၉ တန်ဖိုးရှိ မန်ကျည်း ၂၇၉၆ တန်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်းမှာ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို တန်ချိန် ၇၂၀၊ ဆွီဒင်နိုင်ငံကို တန်ချိန် ၁၂၀ ၊ ထိုင်းနိုင်ငံကို ၄၈ တန်၊ အာရပ်နိုင်ငံကို တန်ချိန် ၁၆၀ ၊ ဖိလစ်ပိုင်နိုင်ငံကို ၂၄ တန်၊ ပါကစ္စတန်နိုင်ငံကို ၁၃၀၉ တန်၊ မလေးရှားနိုင်ငံ ကို ၄၁၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပါကစ္စတန်နိုင်ငံကို အများဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၉ တန်တင်ပို့မှုပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလ မန်ကျည်းတင်ပို့မှုမှာ တန်ချိန် ၁၁၈၉ တန်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ တန်ချိန် ၇၀၁၁ ဒသမ ၁၀ တန်တင်ပို့နိုင်ခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ မန်ကျည်းတင်ပို့မှုပိုခဲ့တယ်လို့ ဆိုရပါမယ်။

**သီတာဝင်း(DOT)**

## ချင်း



### အလှူပွဲတွေများတဲ့ကာလဖြစ်လို့ ရှမ်းချင်းဈေးကွက်အဝင်နည်း

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ရိုးရာဓလေ့ထုံးတမ်းအရ မတ်လနဲ့ ဧပြီလဟာ အလှူပွဲတွေများတဲ့ ကာလဖြစ်ပါတယ်။ ဒီကာလမှာ တောင်သူတွေရော၊ ကုန်သည်တွေပါ အလှူအတန်းတွေကို လုပ်နေကြတာကြောင့် သီးနှံတွေလည်းဈေးကွက်မှာ အဝင်နည်းလာပါတယ်။ ရှမ်းချင်းတွေလည်း ဈေးကွက်မှာ အဝင်လျော့လာပါတယ်။ ဟိုပုံးဈေးကွက်မှာရော၊ အောင်ပန်းဈေးကွက်မှာပါ အရင်လကထက်နည်းသွားတယ်လို့ သိရပါတယ်။ ဟိုပုံးချင်းတွေကိုတော့ အိန္ဒိယဝယ်လက်တွေက ဝယ်ချင်တဲ့သဘောနဲ့ မေးပေမယ့် တောင်သူတွေကတော့ ကြိုက်ဈေးမရလို့ မရောင်းကြဘူးလို့လည်း သိရပါတယ်။

ဟိုပုံးချင်းကတော့ အနိမ့်ဆုံး ၃၀၀ ကျပ်ဈေးရှိပြီး၊ အမြင့်ဆုံးကတော့ ၆၅၀ ကျပ် -၇၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ ချင်းခြောက်ကတော့အသစ်တွေမဝင်သေးသလို အဟောင်းတွေလည်း မရှိသလောက်ဖြစ်သွားပါပြီ။ အောင်ပန်းဈေးကွက်မှာလည်း ပြည်ပဝယ်လက်တွေက ဝယ်ချင်လို့ ကမ်းလှမ်းနေ ပါတယ်။ ဒါပေမဲ့ ပြည်ပဝယ်လက်တွေကတော့ သူတို့ဝယ်ယူလိုတဲ့ ချင်းအရည်အသွေးရယ်၊ ပုံစံရယ်၊ လက်ဝါးခန့်ရှိတဲ့ ချင်း (တက်) တွေကို လိုချင်ပြီး ဝယ်ယူတဲ့ အချိန်ကိုလည်း ကီလိုဂရမ်နဲ့သာ ဝယ်ချင်တာကြောင့် လတ်တလောတော့ အရောင်းအဝယ်က အဆင်မပြေသေးဘူးလို့ သိရပါတယ်။

လောလောဆယ်တော့ ပြည်တွင်းဈေးကွက်အတွက် ရန်ကုန်၊ မုံရွာ၊ စစ်တွေ၊ ပြည် စတဲ့ ဝယ်လက်တွေသာ အဝယ်ရှိနေပါတယ်။ တစ်ပတ်အတွင်း ချင်းပိဿာချိန် ကိုးသောင်းခြောက်ထောင်ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းစိုက အနိမ့်ဆုံး တစ်ပိဿာ ၃၀၀ ကျပ်မှ အမြင့်ဆုံး ၈၀၀ ကျပ်-၈၅၀ ကျပ်ဈေးရှိပြီး ချင်းခြောက် (ဟောင်း)ကတော့ တစ်ပိဿာ ၂၀၀၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

**၂-၃-၂၀၁၅ မှ ၆-၃-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 121 | 6,014,625.681 |
| 2 | Form D | 39 | 3,165,221.680 |
| 3 | Form E | 63 | 446,900.500 |
| 4 | Korea GSP | 3 | 72,317.200 |
| 5 | Form AK | 45 | 3,333,893.682 |
| 6 | Form AJ | 5 | 204,498.960 |
| 7 | Form AI | 21 | 628,328.280 |
| 8 | AANZ | - | - |
| Grand Total | | 297 | 13,865,785.983 |

## ကြက်သွန်

### အိန္ဒိယဆောင်းစိုက်ကြက်သွန် အထွက်ကောင်းမည်ဟု ခန့်မှန်း

ဆောင်းမှာစိုက်ပြီး နွေဦးရာသီမှာရိတ်သိမ်းတဲ့ကြက်သွန်က ယခုနှစ်မှာ တန်ချိန် ၁၁ သန်းထွက်ရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် ယခင်နှစ်ကာလတူထက် ၁၀ ရာခိုင်နှုန်းဝန်ကျင်ပိုမိုထွက်ရှိမယ်လို့ ခန့်မှန်းကြောင်း အမျိုးသားသစ်သီးဝလံနဲ့ သုတေသနဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (NHRDF) ရဲ့ပြောကြားချက်ကို ကိုးကားပြီးဖိုင်နန်ရှယ်လ်အိပ်စ်ပရက်သတင်းမှာ ဖော်ပြပါတယ်။

လွန်ခဲ့တဲ့တစ်ရက်နှစ်ရက်က မိုးရွာသွန်းမှုကြောင့် နာရှစ်ဒေသမှာ ကြက်သွန်တွေ ထပ်မံပျက်စီးခဲ့ပေမယ့် ဆောင်းစိုက်ကြက်သွန်က မနုတ်မသိမ်းရသေးတဲ့အတွက် ပျက်စီးတဲ့အစိတ်အပိုင်း နည်းနေတာကိုတွေ့ရကြောင်း တာဝန်ရှိသူတွေက ပြောပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကြက်သွန်အထွက်က တစ်နှစ်ကို မက်ထရစ်တန် ၁၆ သန်းမှ ၁၇ သန်းထိရှိတဲ့အနက် ၅၀ ရာခိုင်နှုန်းက ဆောင်းသီးနှံ (ဧပြီ-မေ)၊ ၃၀ ရာခိုင်နှုန်းက မိုးနှောင်းသီးနှံ (ဇန်နဝါရီ- ဖေဖော်ဝါရီ) နဲ့ ၂၀ ရာခိုင်နှုန်းက မိုးသီးနှံဖြစ်ပါ တယ်။

ကြက်သွန်ထုတ်လုပ်မှု ရပ်ဝန်းဖြစ်တဲ့ နာရှစ်ဒေသရှိလာဆာဂုန်မှ အရာရှိတွေက ပြီးခဲ့တဲ့မိုးရွာသွန်းမှုကြောင့် ကြက်သွန် ၅၅ ရာခိုင်နှုန်းဆုံးရှုံးတယ်လို့ပြောကြပေမယ့် မိုးနှောင်းစိုက် ကြက်သွန်တွေရဲ့ ၈၀ ရာခိုင်နှုန်းကိုသာ နှုတ်သိမ်းနိုင်သေးပြီး ၂၀ ရာခိုင်နှုန်းကို ကွင်းထဲမှာပဲ မနှုတ်သိမ်းရသေးဘူးလို့ NHRDF ညွှန်ကြားရေးမှူး အာပီဂုပ္ပတားက ပြောပါတယ်။ ဒီ ၂၀ ရာခိုင်နှုန်း လက်ကျန်က ဈေးကွက်ကို ဂယက်ရိုက်ခတ်မှုရှိနိုင်ပေမဲ့ ကြီးကြီးမားမားရိုက်ခတ်မှုမရှိနိုင်ဘူးလို့ဂုပ္ပတားက ပြောပါ တယ်။

မိုးနှောင်းစိုက် ကြက်သွန်က မဟာရဿျှတ္တရ၊ ကာနာတာကာ၊ ဂူဂျရတ်နဲ့ မဟာပရာဒက်ရှ်တို့ရှိ ဈေးကွက်တွေမှ တစ်ဆင့် မတ်လကုန်တဲ့ထိ ဆက်လက် ရောက်ရှိလာနိုင်ပါသေးတယ်။ ဆောင်းစိုက်ကြက်သွန်ကတော့ လာမယ့်လကစပြီး ဈေးကွက်ထဲကို ဆက်တိုက်ဝင်ရောက်လာနိုင်ပါတယ်။

ဒီနှစ် ဆောင်းစိုက်ကြက်သွန် ထုတ်လုပ်မှုက ပုံမှန်အတိုင်းရှိနေမှာဖြစ်တဲ့အတွက်ခန့်မှန်းခြေ မက်ထရစ်တန် ၉ ဒသမ ၅ သန်းဝန်ကျင်း ရှိလိမ့်မယ်လို့ Small Farmers Agri Business အသင်းမှ လစဉ်ထုတ်ဝေတဲ့ စာစောင်မှာ ဖော်ပြထားပါတယ်။

**UNT**



# စမတ်ဖုန်းများ၏ ကောင်းကျိုးဆိုးပြစ်

|ခင်မောင်ညို (ဘောဂဗေဒ)|

ယခုတစ်ပတ်ထုတ် The Economist စာစောင်တွင်စမတ်ဖုန်းများအကြောင်းကိုရေးထားသည့် ဆောင်းပါးတစ်ပုဒ်ကိုဖတ်ရသည်။ ကိုယ်တိုင်ကလည်း ဖုန်းရောဂါကြီးသူ ဇနီးနှင့် သမီးမျက်နှာထက် ဖုန်းမျက်နှာပြင်ကို ကြည့်နေသည့် အချိန်ကပိုများသူဆိုတော့ ထိုဆောင်းပါးကို၊ စိတ်ဝင်စားသည်မှာ မဆန်း။ ကြည့်လေ-စမတ်ဖုန်းများသည် နေရာတကာ ပျံ့နှံ့နေသည်။ စွဲလမ်းတတ်သည်။ ပြောင်းလဲပစ်နိုင်သည်တဲ့။

၂၀၀၇ ခုနှစ် ဇန်နဝါရီလက ပေါ်ပေါက်လာခဲ့သော ပလပ်စတစ်၊ သတ္တုနှင့် ဆီလီကွန်ပေါင်းစပ်ထားသော ထိုဖုန်းသည် "လောကကြီးကို ပြောင်းလဲပစ်မည်"ဟုကြွေးကြော်ခဲ့သလို ၂၁ ရာစုတွင် အရောင်းရဆုံး၊ အသုံးအဆောင်တစ်ခု ဖြစ်လာခဲ့သည်။

ကွန်ပျူတာတွေထက်လေးဆရောင်းကောင်းသည်။ အရွယ်ရောက်လူကြီး ထက်ဝက်ခန့်က စမတ်ဖုန်းကိုင်ကြ၊ ၂၀၂၀ တွင် ၈၀ ရာခိုင်နှုန်းက ကိုင်ကြမည်။

အမေရိကန်တွေက တစ်နေ့ နှစ်နာရီကျော်ကြာသုံးကြသည်။ ဗြိတိသျှ ဆယ်ကျော်သက်တွေက ရုပ်မြင်သံကြားတွေ၊ ကွန်ပျူတာတွေ၊ ဂိမ်းတွေထက် မိုဘိုင်းဖုန်းတွေကို ပိုသဘောကျကြသည်။ တကယ်လည်း မိုဘိုင်းဖုန်းမှာက ရုပ်သံတွေ၊ ကွန်ပျူတာတွေ၊ ဂိမ်းတွေအားလုံးပါသည်ကိုး။ စမတ်ဖုန်းကိုင်သူ ၈၀ ရာခိုင်နှုန်းက အိပ်ယာမှ ထထချင်း ၁၅ မိနစ်အတွင်း တယ်လီဖုံး ကောက်ကိုင်ပြီး၊ စာအဝင်စစ်ကြ သတင်းဖတ်ကြသည်။ ဇနီးမောင်နှံနှစ်ယောက်ထဲ အတူရှိချိန်၌ပင် မိုဘိုင်းဖုန်းသုံးသည်ဟု ဝန်ခံသူကလည်း ၁၀ ရာခိုင်နှုန်းရှိသည်။

အိပ်ခန်းထဲမှာသာမဟုတ် ဘဝတွင်ရှင်သန်ရေး၊ လုပ်ငန်းတွေပုံစံသစ် ဖြစ်ပေါ်ရေး၊ လူ့အဖွဲ့အစည်းကို ပြောင်းလဲပစ်ရေးတို့အတွက် ပါအသုံးဝင်အရေးပါသည်။

စမတ်ဖုန်းတွေက အရွယ်ငယ်သော်လည်း ယခင်ကဧရာမကွန်ပျူတာကြီးတွေ လုပ်နိုင်သည့်အလုပ်တွေ၊ ကိန်းဂဏန်းအတွက်အချက်တွေကို နိုင်နင်းသည်။ စရိတ်လည်းသက်သာသည်။ စရိတ်တွေကထပ်လည်းကျဦးမည်။ လက်ကိုင်ဖုန်းက ကိုယ်သွားလေရာပါနေပြီး၊ ဘယ်သူနှင့် ဘယ်လောက် စကားပြောတာ၊ ဘယ်ဝက်ဘ်ဆိုက်

> **"ကြောက်စရာအကောင်းဆုံးမှာ တယ်လီဖုံးတွေက ကိုယ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်တွေကို လူတကာလျှောက်ဝေမည် သို့မဟုတ် ရောင်းစားမည့်ကိစ္စဖြစ်သည်။**

ဝင်ကြည့်တာ၊ ဘယ်သွားတာတွေအကုန် သိရှိမှတ်တမ်းတင်ထားသည့်အပြင်၊ ကိုယ့်ကျန်းမာရေး ဘယ်လောက်ကောင်းသည်ကိုပင် သိနေနိုင်သည်။ ထိုသတင်းအချက်အလက်တွေက လူတစ်ဦးတစ်ယောက်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းတွေ အတွက်လည်းကောင်းအသုံးဝင်သည်။

တယ်လီဖုန်း Application (Apps) တွေက သတင်းအချက်အလက်တွေစုပေးသည်။ စရိတ်သက်သာ၊ဈေးနှုန်းသက်သာတာတွေသာမက တွဲရမည့်သူတွေနှင့် ချိတ်ပေးသည်။ အနာဂတ်တွင် တယ်လီဖုန်းတွေက ကိုယ့်အကြောင်းသိလွန်းနေပြီး၊ အလုပ်အကိုင်ပြောင်းရန် အကြံပြုကောင်းပြုမည်။ သို့မဟုတ် ကိုယ့်နှလုံးခုန်သံ မူမမှန်သည်ကို ကိုယ့်အရင် သိထားပြီး၊ ဆရာဝန်နှင့်တွေ့ဆုံပြသ ခွင့်တောင်းချင်တောင်းပေးထားနိုင်မည်။

တယ်လီဖုန်းကို တစ်ချိန်လုံး ငုံ့ကြည့်နေလျှင် ဇက်ကြောတွေ၊ ခါးရိုးတွေပင်ပန်းမည်မှာ ယာယီမျှသာဖြစ် နိုင်သော်လည်း ဖုန်းမရှိလျှင် မနေတတ်၊ မထိုင်တတ်၊ လက်ထဲကိုင်ထားစရာမရှိလျှင် ဟာတာတာ ဖြစ်လောက်အောင် စွဲလမ်းမှု၊ အားကိုးမှုရောဂါဖြစ်နိုင်သည်။ နာရီ မပါ ကားမမောင်းရလျှင် မနေတတ်တာမျိုး၊ တယ်လီဖုန်းမပါလျှင် ဘဝပျက်သလောက် ခံစားလာရမည်။

ကြောက်စရာအကောင်းဆုံးမှာ တယ်လီဖုံးတွေက ကိုယ်နှင့်ပတ်သက်သည့် သတင်းအချက်အလက်တွေကို လူတကာလျှောက်ဝေမည် သို့မဟုတ် ရောင်းစားမည့်ကိစ္စဖြစ်သည်။ ယခုအခါ ကိုယ်ပြောသမျှ ကြားဖြတ် နားထောင်နိုင်သူ ဆင်းမ်ကဒ်တွေအားလုံးရှိ အချက်အလက်တွေ အားလုံးရယူနိုင်သူတွေ၊ဒီမိုကရေစီနိုင်ငံတွေမှာရော၊ အာဏာရှင်နိုင်ငံတွေမှာပါ ရှိနေပြီ။ ကိုယ့်ရဲ့လျှို့ဝှက်ချက်တွေ၊ ကိုယ်ရေး ကိုယ်တာကိစ္စတွေ၊ အရှက်တကွဲ အကျိုးနည်းဖြစ်စရာကိစ္စတွေ ပေါက်ကြားသွားနိုင်သည်။

တစ်ဘက်တွင် စိုးရိမ်စရာတွေရှိနေသလို အခြားတစ်ဘက်တွင် အကျိုးကျေးဇူးတွေရှိရာ အကျိုးကျေးဇူးတွေက သာလွန်သည်ဟုတွက်ဆကြသည်။

အာဏာရှင်တွေ လုပ်ချင်တိုင်း လုပ်၍မရ။ တယ်လီဖုန်းတွေက လူသန်းထောင်ချီပြီး စုပေးနိုင်သည်။ ယခုအခါ ဈေးအပေါဆုံး စမတ်ဖုန်းတွေက လေးသောင်းလောက်သာတန်ရာ ယခုထက်ပို၍ ဈေးကျဦးမည်ဖြစ်၍၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာဖွယ်ရှိသည်။ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်တွေကို နိုင်ငံသားတွေက မှတ်တမ်းတင်ကြ၊ ဖြန့်ဝေကြ၊ ကွဲပြားသောသဘောထားတွေဖော်ထုတ် ဖို့အတွက်လည်း အသုံးဝင်သည်။ ယခင်ကလို အစိုးရကသာ ပြည်သူတွေကို စုံစမ်းထောက်လှမ်းရန်အတွက် တစ်ဖက်သတ်အသုံးချနိုင်တာမျိုးမဟုတ် အာဏာရှင်တွေကို စိန်ခေါ်စရာ လက်နက်ကိရိယာတစ်ခုလည်းဖြစ်လာနေသည်။

ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်တွေကို စီးပွားရေးလုပ်ငန်းတွေက စိတ်ဝင်စားသလို သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အကူဖြစ်သည်။ လူ့အဖွဲ့အစည်းအကြောင်း သန်းခေါင်စာရင်းကောက်သလို စမတ်ဖုန်းတွေက ဆောင်ရွက်ပေးနိုင်သည်။ ပြီးတော့ ရလဒ်ထွက်ဖို့အရေး နှစ်ရှည်လများ စောင့်ဆိုင်းစရာမလို ချက်ချင်း အဖြေထုတ်ပေးနိုင်သည်။ သင့်တော်သော စည်းမျဉ်းစည်းကမ်းများချမှတ်ပြီး၊ ဘယ်သူဘယ်ဝါ မဖော်ပြဘဲ ကိန်းဂဏန်း အချက်အလက်များကို ယာဉ်ကြောထိန်းရန်၊ ရာဇဝတ်မှုတွေ တားဆီးရန်၊ ကူးစက်ရောဂါများကို ဟန့်တားရန်တို့အတွက် အသုံးပြုနိုင်သည်။

အကြီးမားဆုံးသော အကျိုးတရားမှာ စီးပွားရေးအရ ရရှိသောရလဒ်ဖြစ်သည်။ လူတစ်ရာမှာ တယ်လီဖုန်း ၁၀ လုံး တိုးလာလျှင် တစ်ဦးကျဝင်ငွေ တစ်ရာခိုင်နှုန်းကျော် တိုးစေနိုင်သည်။ ဘဏ်အသုံးပြုမှုများ လာစေနိုင်သည်ဟု ဆိုသည်။ စီးပွားရေးလုပ်ငန်းတွေကိုလည်း မကြားဘူးသောမြန်နှုန်းများဖြင့် ပြောင်းလဲနိုင်သည်။ Viber ၏ သက်တမ်း ငါးနှစ်မပြည့်သေးသော်လည်း ၅၅ နိုင်ငံတွင် သုံးနေပြီ။ Whats App သည် ၂၀၀၉ ကပေါ်ခဲ့သော်လည်း၊ တစ်နေ့တစ်နေ့ စာတို၊ ကုဋေချီပို့နေနိုင်ပြီ။

တယ်လီဖုန်းတွေကို ပလပ်ဖောင်းအပြည့်အသုံးပြုကာ လုပ်ငန်းငယ်တွေက စိတ်ကူးတစ်ခုကို၊ စရိတ်သက်သက်သာသာနှင့်၊ စမ်းသပ်အသုံးပြုနိုင်မည်။ လူတွေသဘောကျ၍ကမ္ဘာနှင့်ချီ၍၊ ပျံ့နှံ့သွားနိုင်သည်။ ကမ္ဘာနှင့်ချီ၍ တီထွင်ဖန်တီးနိုင်စွမ်းဖြစ် ပေါ်စေသည်။

နည်းပညာတို့၏ သဘောသဘာဝကပင်လျှင် လူ့အဖွဲ့အစည်းကို မေးခွန်းထုတ်လေ့ရှိသည်။အထူးသဖြင့် လူတွေက နည်းပညာတွေနှင့်လိုက် လျောညီထွေဖြစ်အောင် ပြောင်းလဲလာသည့်အခါ နည်းပညာတွေက ပြဿနာရှာတတ်သည်။ စမတ်ဖုန်းများသည်လည်း ထို့အတူပင် ဖြစ်သည်။

နိုင်ငံသားတွေကို စမတ်ဖုန်းတွေမှတစ်ဆင့် မျက်လုံးဒေါက်ထောက် ကြည့်နေခြင်းကို အကာအကွယ်မပေးနိုင်လျှင် အချို့လူတွေ ဒုက္ခရောက်မည်၊ ကျောခိုင်းသူတွေလည်းရှိမည်။

လူ့အဖွဲ့အစည်းက စီးပွားရေး လုပ်ငန်းများအနေဖြင့် ကိုယ်ရေး ကိုယ်တာကိစ္စနှင့် အကျိုးအမြတ်ကို ချင့်ချိန်တတ်စေရန် တန်ဖိုးတွေ၊ စံချိန်စံညွှန်းတွေ သတ်မှတ်ပေးရမည်။ မည်သည့်အတိုင်းအတာအထိ လက်ခံနိုင်သည်ကို အစိုးရတွေက တိတိကျကျ သတ်မှတ်ပေးရမည်။

တစ်ဖက်တွင် ရှစ်နှစ်အတွင်း စမတ်ဖုန်းတွေအပြေးသန်သလောက်ကို လူ့အဖွဲ့အစည်းနှင့်အစိုးရတွေက နောက်ကောက်ကျနေဆဲဖြစ်သည်။ **(ညွှန်း - Plaret of the Phone)**

# ခာတ်ဆီ/ဒီဇယ်

## ခာတ်ဆီ၊ ဒီဇယ်အဝင်ပို

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၇၉၇၅၈၉၆ ဒသမ ၈၁ တန်ဖိုးရှိ ခာတ်ဆီ ၂၁၉ ဒသမ ၃၇၅ တန်နဲ့ ကန် ဒေါ်လာ ၆၈၁၈၉၂၉၉ ဒသမ ၂၂ တန်ဖိုးရှိ ဒီဇယ် ၈၄၉ ဒသမ ၈၆၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းဖို့ သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အတွင်း ခာတ်ဆီ အဝင် ၆၂ ဒသမ ဝ၄၈ တန် အဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၅၇ ဒသမ ၃၂၇ တန်အဝင်ပိုခဲ့ပါတယ်။ ဒီဇယ်ကယခင်တစ်ပတ်မှာ ၈၉ ဒသမ ၂၈၈ တန်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၇၆၀ ဒသမ ၅၇၃ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလ ခာတ်ဆီ၊ ဒီဇယ်အဝင်စုစုပေါင်းမှာ ၁၂၆၄ ဒသမ ၄၃၁ တန်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ ၃၀၆၉ ဒသမ ၀၁၁ တန် အဝင်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ ၁၈၀၄ ဒသမ ၅၈ တန်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ မတ် ၂ ရက်မှ မတ် ၆ ရက်အတွင်း ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်ဈေးများက ဒီတစ်ပတ် တောင်ကြီးနဲ့မော်လမြိုင်မှာ ဈေးငြိမ်ပြီး ရန်ကုန်မှာ အောက်တိန်းဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဒီဇယ်ဈေး အနည်းငယ်မြင့်လာပေမယ့် ခာတ်ဆီဈေးအနည်းငယ်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် ခာတ်ဆီ/ဒီဇယ်အရောင်းအဝယ်အခြေအနေများမှာ-

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်ဈေးငြိမ်နေပြီး အောက်တိန်းမှာဈေးအနည်းငယ် အမြင့်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီတစ်လီတာ ၈၁၄ ကျပ်၊ ဒီဇယ် ၆၅၀ ကျပ်၊ အောက်တိန်း ၆၀၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၇၀၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ခာတ်ဆီဈေးမှာ မတ်လ ၂ ရက်ခာတ်ဆီ ဝယ်ဈေးတစ်ပီပါ ၁၅၅၀၀၀ ကျပ်၊ ရောင်းဈေးတစ်ပီပါ ၁၅၇၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၃ ရက်မှာ ဝယ်ဈေး ၁၆၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၆၂၀၀၀ ကျပ်ထိဈေးမြင့်ခဲ့ပြီး ၅ ရက်မှာ ဝယ်ဈေး ၁၅၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၉၀၀၀ ကျပ်ကို ဈေးပြန်လည်ကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ မတ် ၂ ရက်မှာ ဝယ်ဈေး ၁၂၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၄၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၅ ရက်နေ့မှာ ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဝယ်ဈေး၊ ရောင်းဈေးများမှာတော့ ဒီတစ်ပတ်မှာ ခာတ်ဆီဈေးကဝယ်ဈေး တစ်ဂါလန် ၂၉၀၀ ကျပ်ဖြစ်ပြီး ရောင်းဈေး ၃၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၀၀ ကျပ်ဝယ်ပြီး ၂၆၀၀-၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

မန္တလေးဈေးကွက်မှာ ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ဒီတစ်ပတ်ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ ၈၄၇ ကျပ်၊ အောက်တိန်း ၆၆၀ ကျပ်၊ ဒီဇယ် ၆၈၀ ကျပ်၊ အဆင့် မြင့်ဒီဇယ် ၇၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ မတ်လ ၂ ရက်နေ့မှစပြီး ဒီဇယ် ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ မတ် ၂ ရက်ဝယ်ဈေး ၁၄၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၈၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါဈေးအနည်းငယ် ပြန်မြင့်လာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှ တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၄၀၀ ကျပ်၊ ခာတ်ဆီ ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ ၊အောက်တိန်းနဲ့ ဒီဇယ်မှာ ဈေးငြိမ်ပြီးအရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၇၈၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၁၅၀ ကျပ်၊ အောက်တိန်း ၃၀၁၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ် ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီနဲ့ ဒီဇယ်ဈေးမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ခာတ်ဆီ တစ်ဂါလန် ၂၉၀၀ ကျပ်၊ ဒီဇယ်၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၃၀၀၀ ကျပ်၊ ဒီဇယ် ၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## ငွေဈေးကစားသူများကြောင့် ငွေလဲနှုန်းများ အနည်းငယ်မြင့်တက်လာ

ပြီးခဲ့သည့်ရက်များအတွင်းက မြင့်တက်ခဲ့သည့် ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်မြင့်တက်ခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ သိမ်ဖြူငွေလဲစင်တာနှင့် ပုဂ္ဂလိကဘဏ်များတွင် ဈေးနှုန်းကွာခြားမှုမရှိသော်လည်း ပြင်ပငွေလဲစင်တာများတွင်မူ ဈေးများမြင့်တက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာမှုကြောင့် စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများက စက်သုံးဆီဈေးနှုန်းကျ ဆင်းမှုကို အကြောင်းပြု၍ ဈေးကစားလာကြကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ဒီဇင်ဘာ၊ ဇန်နဝါရီလအတွင်းက ဖြစ်ပေါ်ခဲ့သည့်ဈေးအတက်တွင် ဝယ်ယူထားပြီး ဈေးပြန်ကျခဲ့သည့်အတွက် အရှုံးနှင့် ရင်ဆိုင်ရသူတို့က ပြန်လည်ဈေးကစားလာခြင်းကြောင့် ဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း ငွေဈေးကွက်အတွင်း ရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

“အဓိက ကတော့ ပို့ကုန်သွင်းကုန် သမားတွေပါပဲ။ ကမ္ဘာ့ရေနံဈေးတွေက ဆက်တိုက်ကျနေတော့ ဒီဇယ်တွေ၊ ခာတ်ဆီတွေ တင်သွင်းနေတဲ့သူတွေက ခါတိုင်းထက်ပိုပြီး ဝယ်လာကြတယ်။ ဗဟိုဘဏ်က သတ်မှတ်ပေးထားတဲ့ဈေးက ၁၀၂၇ ကျပ်ဆိုပေမယ့်အခု အပြင်မှာက ၁၀၄၂ကျပ်အထိရှိလာတယ်။ ဒါတောင် ဒီတစ်ပတ်ထဲမှာက ပိတ်ရက်တွေများနေတာဆိုတော့ ဈေးက သိပ်မတက်တာ။ ခုဖွင့်ရက်မှာတော့ အရောင်းအဝယ်က နည်းနည်းအေးသွားတယ်။ ဈေးတက်မယ်ဆိုရင်တောင် ဗဟိုဘဏ်ကအရင်တစ်ခါကထုတ်ပြန်ထားတဲ့ ကြေညာချက်ကြောင့် သိပ်တက် မယ်မထင်ဘူး။ ဈေးကစားတဲ့သူတွေလည်း အရင်လောက်ဈေးကစားမယ်လို့မထင်ဘူး”ဟု ၎င်းက ဆိုသည်။

သိမ်ဖြူငွေလဲဈေးကွက်တွင်ရောင်းဈေး ၁၀၃၅ကျပ်၊ ဝယ်ဈေး ၁၀၃၁ ကျပ်ဖြင့် တစ်ပတ်အတွင်း ရောင်းဝယ်လျက်ရှိပြီး ပြင်ပငွေလဲစင်တာများတွင်မူ မတ် ၃ ရက်က ရောင်းဈေး ၁၀၄၂ ကျပ်၊ ဝယ်ဈေး ၁၀၃၈ကျပ်ရှိပြီး မတ် ၆ရက်တွင် ရောင်းဈေး ၁၀၄၃ ကျပ်၊ ဝယ်ဈေး ၁၀၃၉ ကျပ်သို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေး တစ်ပတ်အတွင်း ကျပ် ရှစ်ထောင်နီးပါး ကျဆင်းလာ

မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်အတွင်း ကျပ်ရှစ်ထောင်နီးပါး ပြန်လည်ကျဆင်းလာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေးကျဆင်းလာရခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးစက်လာခြင်းကြောင့်လည်း ဈေးများ ကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နှစ်သစ်ကူး ကာလအပြီးတွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန်လည် ကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

“ကမ္ဘာ့ရွှေဈေးကလည်း ကျလာတယ်။ ကမ္ဘာ့ရွှေဈေး ကျလာတော့ မြန်မာ့ရွှေဈေးကပါ လိုက်ပြီး ကျလာတယ်။ ဈေးကျလာတော့ ဈေးကွက်ထဲမှာ အရောင်းအဝယ်က အေးလာတယ်။ ဒီတစ်ပတ်ထဲမှာ ပိတ်ရက်တွေကလည်း များတော့ ခရီးသွားတဲ့သူတွေက များတယ်။ ဈေးကွက်ထဲမှာ အရောင်းအဝယ်မရှိသလို လူလည်းမရှိဘူး”ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

မြန်မာ့ရွှေဈေးသည် မတ်လ ၂ ရက်နေ့က ကျပ် ၆၇၉၀၀၀ ရှိခဲ့ရာမှ မတ်လ ၄ရက်နေ့တွင် ကျပ် ၆၇၃၀၀၀ သို့ ဈေးကျဆင်းခဲ့သည်။ ထို့နောက် မတ်လ ၆ရက်နေ့တွင်ကျပ် ၆၇၁၀၀၀ သို့ ဆက်တိုက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည်လည်း မတ်လ ၂ရက်နေ့က အမေရိကန်ဒေါ်လာ ၁၂၁၄ ရှိခဲ့ရာမှ မတ်လ ၄ရက်တွင် ၁၂၀၁အမေရိကန်ဒေါ်လာရှိခဲ့ပြီး မတ် ၆ရက်တွင်အမေရိကန်ဒေါ်လာ ၁၂၀၀ သို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

March 6, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.28 |
| BDT | Bangladesh Taka | 77.90 |
| CAD | Canada Dollars | 1.25 |
| CNY | China Yuan Renminbi | 6.27 |
| EUR | Euro | 0.91 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 62.36 |
| IDR | Indonesia Rupiahs | 12985.50 |
| JPY | Japan Yen | 120.03 |
| MYR | Malaysia | 3.65 |
| PKR | Pakistan Rupees | 101.83 |
| PHP | Philippines Pesos | 44.11 |
| RUB | Russia Rubles | 60.40 |
| SGD | Singapore Dollars | 1.37 |
| KRW | South Korea Won | 1098.56 |
| LKR | Sri Lanka Rupe | 133.22 |
| THB | Thailand Baht | 32.41 |
| GBP | United Kingdom Pounds | 0.66 |
| VND | Vietnam Dong | 21358.39 |

*Source : xe.com*

## World Gold Price

March, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 2 | 1214 | 1214 | 1215 |
| 3 | 1205 | 1206 | 1207 |
| 4 | 1201 | 1201 | 1201 |
| 5 | 1200 | 1201 | 1202 |
| 6 | 1196 | 1197 | 1197 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 2-3- 2015 | 679.00 | 678.90 |
| 3-3- 2015 | 673.00 | 671.40 |
| 4-3- 2015 | 673.00 | 672.40 |
| 5-3- 2015 | 671.50 | 670.50 |
| 6-3- 2015 | 671.00 | 670.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 2 | 6 .27 | 32.34 | 78.06 | 61.84 |
| 3 | 6. 27 | 32.34 | 77.76 | 61.89 |
| 4 | 6 .27 | 32.42 | 77.77 | 62.34 |
| 5 | 6 .27 | 32.42 | 77.60 | 62.24 |
| 6 | 6.27 | 32.41 | 77.90 | 62.36 |

## Energy NYMEX 6-3-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 51.11 | 0.35 | 0.69 |
| Brent Crude Futr (USD/bbl) | 60.97 | 0.49 | 0.81 |
| Gasoline Rbob Fut (Cent/gal) | 190.11 | 1.38 | 0.73 |
| Natural Gas Futr (USD/MMBtu) | 2.83 | -0.00 | -0.49 |
| Heating Oil Futr (Cent/gal) | 188.91 | 1.18 | 0.63 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 2-March | 16.61 | 2098.21 | 1799.62 | 6017.76 | 1184.00 |
| 3-March | 16.39 | 2072.67 | 1778.34 | 5964.00 | 1183.00 |
| 4-March | 16.35 | 2049.82 | 1773.63 | 5955.94 | 1182.00 |
| 5-March | 16.19 | 2044.90 | 1773.19 | 5947.20 | 1181.00 |
| 6-March | 16.16 | 2037.06 | 1775.65 | 5947.87 | 1178.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေ ဝင်ရောက်မှုနည်း

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၉၇၉၈၆၀ တန်ဖိုးရှိ ဘိလပ်မြေ ၅၉၆၀၂ ဒသမ ၉၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ ၁၉၉၉၂ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၂၈၀၀၊ စင်ကာပူမှ တန်ချိန် ၁၀၀၊ မလေးရှားမှ ၂၀၆ ဒသမ ၄၉ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၆၅၀၄ ဒသမ ၅ တန်အသီးသီးမှာယူတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် သုံးသောင်းလေးထောင်ကျော်အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အများဆုံးမှာ ဆင်ဘိလပ်မြေတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဝင်လာခဲ့တဲ့ဘိလပ်မြေများမှာ စိန်၊ ဆင်၊ မောင်းတိန်း၊ ZUARR စတဲ့ တံဆိပ်မျိုးစုံဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်သောင်းသုံးထောင် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဇန်နဝါရီလဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သိန်းလေးသောင်း သုံးထောင်ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ နှစ်သိန်းလေးသောင်း ခုနစ်ထောင်ကျော်ထိ အဝင်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ တန်ချိန်သုံးထောင့်လေးရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်အတွင်းအရောင်းအဝယ်ရှိပေမယ့် ဈေးနှုန်းငြိမ်နေဆဲဘိလပ်မြေ

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန်ငါးသောင်းကိုးထောင်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီ တင်း ပတ် ဘိ လ ပ် မြေ အ ဝ င် မှာ တန် ချိန် ကိုး သောင်း သုံး ထောင် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် သုံးသောင်းလေးထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သောင်းရှစ်ထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန်နှစ်သောင်းခုနစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်တစ်ထောင့်တစ်ရာလေးဆယ်ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ် လို့ သိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ နယ်ဘက်မှလည်း အဆွဲရှိတာကြောင့် အရောင်းအဝယ် ကသွက်ပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ဆင်နဲ့စိန်က ဈေးနည်းနည်းမြင့်လာပြီး ကြံ့နဲ့ မြင်းခေါင်းက ယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၅၈၀၀ ကျပ်၊ မြင်းခေါင်း ၄၂၀၀ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၇၅၀ ကျပ်၊ စိန် ၅၅၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ် တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီရောက်လာတာကြောင့် အရောင်းအဝယ်လိုက်ပေမယ့် ဒီတစ်ပတ်မှာတော့ ဘိလပ်မြေဈေး ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အပါချီ ၅၃၀၀ ကျပ်၊ မက်စ်(မြန်မာ) ၅၃၀၀ ကျပ်၊ဆင်(ထိုင်း) ၆၆၅၀ ကျပ်၊ မြင်းခေါင်း ၅၂၀၀ ကျပ်၊ ဆင်(မြန်မာ) ၄၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့် ဈေးကတော့ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ဈေးမှာ စိန်(ထိုင်း) ၇၃၀၀ ကျပ်၊ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၄၄၀၀ ကျပ်၊နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အနောက်မြို့ပတ်လမ်းမှာရှိတဲ့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မှာလည်း မြေသြဇာအဝင်ပိုခဲ့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အတွင်း ကန်ဒေါ်လာ ၁၈၁၃၇၃၉ တန်ဖိုးရှိ မြေသြဇာ ၁၂၀၇၃ ဒသမ ၄၆၃ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၁၂၅၆ ဒသမ ၂၀ တန်၊ ရုရှားနိုင်ငံမှ တန်ချိန် ၅၆၀၊ စင်ကာပူနိုင်ငံမှ ၂၅၅ ဒသမ ၉၆၃ တန်၊ ဩစတြေးလျနိုင်ငံမှ ၁ ဒသမ ၃၀ တန်၊ တရုတ်နိုင်ငံမှ တန်ချိန် ၁၀၀၀၁ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေသြဇာအဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ခြောက်ထောင့်သုံးရာကျော် အဝင်ပိုခဲ့ပါတယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီ မြေသြဇာအဝင်မှာ တန်ချိန် နှစ်သောင်းသုံးရာကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ နှစ်သောင်းတစ်ထောင့်သုံးရာကျော်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ တန်ချိန် တစ်ထောင်နီးပါးအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဈေးကွက်လှုပ်ရှားမှုမရှိလို့ ဓာတ်မြေသြဇာ အရောင်းအဝယ်ပါး

ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၈ ရက် အတွင်း ပြည်တွင်းကိုရေ လမ်းမှ မြေသြဇာတန်ချိန် တစ်သောင်းနှစ်ထောင်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် ငါးထောင့်ခုနစ်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် လေးထောင့်တစ်ရာကျော်အဝင်ပိုခဲ့တယ် လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ် ပတ်မြေသြဇာအဝင်မှာ တန်ချိန် တစ်သောင်းသုံးထောင်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ တန်ချိန် တစ်သောင်းခြောက်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် သုံးထောင့်တစ်ရာလေးဆယ်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့တယ် လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊တောင်ကြီး၊ မကွေးမှာ မြေသြဇာဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးတာကြောင့် ဈေးလည်း ငြိမ်နေတယ် လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးနှုန်းတွေမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား၊ ရွှေတောင်-တရုတ်) ၁၉၅၀၀ ကျပ်၊ကွန်ပေါင်း (အစိမ်း)၁၅း၁၅း၁၅ (ထိုင်း) ၃၄၀၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) (ထိုင်း) ၂၈၀၀၀ ကျပ်၊ ကွန်ပေါင်း-၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၈၀၀၀ ကျပ်၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ၁၈၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ- တရုတ်) ၁၁၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

တောင်ကြီးဈေးကွက်မှာ မြေသြဇာကဒီတစ်ပတ်မှာ အရောင်းအဝယ်ပါးသလို မြေဆီဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ ဈေးမှာ ယူရီးယား(ပန်းဖူး-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၃၀၀ ကျပ်၊ ယူရီးယား(ကမ္ဘာလုံး-တရုတ်) ၁၈၃၀၀ ကျပ်၊တီစူပါ ၁၂% (တရုတ်) ၉၇၀၀ ကျပ်၊ တီစူပါ ၁၆%(တရုတ်) ၁၀၇၀၀ ကျပ်၊ တီစူပါ ၁၅း၁၅း၁၅ (တရုတ်) ၃၅၀၀၀ ကျပ်၊ ဓါတ်ဆား(တရုတ်) ၁၂၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၃၅၀၀ ကျပ်၊(ယူအေအီး) ၁၉၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၃၈၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာ ပိတ်ရက်များကြောင့် အရောင်းအေးသလို ဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၀၅၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၁၉၈၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း (နေရွက်လှေ-ယိုးဒယား-၁၅း၁၅း၁၅) ၂၉၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေသြဇာက အရောင်းအဝယ် အေးပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်-၁၂း၁၃ (အပြာ၊အစိမ်း) ၁၃၀၀၀ ကျပ်၊ ဆင် (၁၀း၁၀း၅) ၁၃၀၀၀ ကျပ်၊ အာမို (၁၀း၁၀း၅) ၁၄၃၀၀ကျပ်၊ အာမို(၁၅း၁၅း၁၅) ၃၄၂၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၁၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၈၃၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၀၀၀ ကျပ်၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ၁၅၈၀၀ ကျပ်၊ ပိုတက် ၂၂၆၀၀ ကျပ်၊ တောင်သူမ ၁၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီနို့စိမ်း

### နို့ဆီတန်ချိန် ၄၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၆၀ ကျော်ဝင်

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၅၉၃၇၈၂ တန်ဖိုးရှိ နို့ဆီ ၄၅၃ ဒသမ ၆၀ တန်ကို ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ဒီတစ်ပတ်မှာ ဒွန်းနို့စိမ်း ၂၀၅ ဒသမ ၂၀ တန်နဲ့ ဒွန်းနို့ဆီ ၂၄၈ ဒသမ ၄၀ တန် ဝင်ရောက်ခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ ယှဉ်ရင် ဒီတစ်ပတ်မှာ ၈၁ တန် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ကန်ဒေါ်လာ ၂၂၈၁၅ တန်ဖိုးရှိ နို့မှုန့် ၆၂ ဒသမ ၀၅ တန်လည်း တင်သွင်းခဲ့ပါတယ်။ စင်ကာပူနိုင်ငံမှ ၁၀ ဒသမ ၉၀ တန်နဲ့ ဩစတြေးလျမှ ၅၁ ဒသမ ၁၅ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ၁၈ ဒသမ ၁၆၆ တန်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ ကြည့်မယ်ဆိုရင် ဖေဖော်ဝါရီလမှာ နို့ဆီတန်ချိန် တစ်ထောင့် ငါးရာ့နှစ်ဆယ်ကျော်နဲ့ နို့မှုန့်တန်ချိန် ငါးရာ့ရှစ်ဆယ်ကျော်ဝင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၂ မှ ၂၇/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၂ မှ ၂၀/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၃၁.၆၅ | ၁၇၅.၀၀ | (+) ၁၅၅၆.၆၅ |
| ၂။ | လွယ်ဂျယ် | ဂ၅ဂ.၀၀ | ၅၀၆.၀၀ | (+) ၃၅၂.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၄၃၁ဂ.၀၀ | ၃၃၇၆.၅၀ | (+) ၉၄၁.၅၀ |
| ၅။ | တာချီလိတ် | ၃၆၁၀.၀၀ | ၂၅၀.၀၀ | (+) ၃၃၆၀.၀၀ |
| ၆။ | မြဝတီ | ၄ဂ၁၉.၇၄ | ၃၉၆၇.၅၀ | (+) ဂ၅၂.၂၄ |
| ၇။ | ကော့သောင်း | ၁၂၆၅၀.၀၀ | ၁၇၇၂၄.၉၀ | (-) ၅၀၇၄.၉၀ |
| ၈။ | မြိတ် | ၃၁၅.၀၀ | ၁၁၇၇.၅၀ | (-) ဂ၆၂.၅၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂ဂ၃၀၂.၃၉ | ၂၇၁၇၇.၄၀ | (+) ၁၁၂၄.၉၉ |

မြင့်မြင့်မာ MIRT (DCCA)

### နယ်စပ်ကုန်သွယ်ရေးစခန်းအလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၁/၂ မှ ၂၇/၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၁၄/၂ မှ ၂၀/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၆၂ဂ.၇၅၀ | ၁၂၁၇၃.၅၀၀ | (-) ၅၄၄.၇၅၀ |
| ၂။ | လွယ်ဂျယ် | - | - | - |
| ၃။ | ချင်းရွှေဟော် | ၅၄၉.၂၅၀ | - | (+) ၅၄၉.၂၅၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၇ဂ.၂၀၀ | ၉၆၆.၁၅၀ | (-) ၄ဂ၇.၉၅၀ |
| ၆။ | ကော့သောင်း | ၃၄၉.၂၁၁ | ၂ဂ၆၀.၀၀၀ | (-) ၂၅၁၀.၇ဂ၉ |
| ၇။ | မြိတ် | - | ၁၅၀.၀၀၀ | (-) ၁၅၀.၀၀၀ |
| ၈။ | ရိဒ် | - | - | - |
| | စုစုပေါင်း | ၁၃၀၀၅.၄၁၁ | ၁၆၁၄၉.၆၅၀ | (-) ၃၁၄၄.၂၃၉ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ဖေဖော်ဝါရီလမှာ နှမ်းရောင်စုံ တန်ချိန် သုံးထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ချင်းရွှေဟော် နယ်စပ် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၂ဒသမ ၄၀၅ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၃၇၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်စခန်းမှ ၁၂၄ တန်ခွဲ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရဲ့နှမ်းတင်ပို့မှု ၁၂၄၈ တန်ခွဲပိုမိုလာပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူ နှမ်းနက်ဈေးများ ယခင်တစ်ပတ်အတိုင်းပြောင်းလဲမှုမရှိတာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်သို့ နှမ်းရောင်စုံ ၄၅ ပိဿာဝင် အိတ် ၅၀၀၀ မှ ၁၀၀၀၀ ထိ နေ့စဉ်အဝင်ရှိနေပါတယ်။ တရုတ်နှစ်ကူးကာလအတွင်းမှာသာ အဝင်လျော့နည်းခဲ့သော်လည်း ပုံမှန်ကုန်အတက်တော့ရှိနေတယ်လို့သိရပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တစ်လလုံး နယ်စခန်းအသီးသီးက တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံ ၃၆၇၇ တန်ခွဲ ရှိပါတယ်။ ယခုတစ်ပတ်ရဲ့စခန်းအလိုက် တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့-

တန်ချိန်-ကိန်းပြည့်

| နှမ်းအမျိုးအစား | မူဆယ် | ချင်းရွှေဟော် |
|---|---|---|
| နှမ်းဖြူ | ၆၅ | ၂၀၉ |
| နှမ်းနက် | ၅၄ | ၉၆၇ |
| နှမ်းဖြူ(အခွံချွတ်) | ၇၈ | - |

မော်မော်အောင် MIRT (DCCA)

### ဈေးပြန်မြင့်လာတဲ့ ပြည်မြေပဲဆန်ဈေးကွက်

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်မှာ မြေပဲဆန်ဈေးအနည်းငယ်ပြန်တက်လာပါတယ်။ မြန်အောင်၊ ကြံခင်းဘက်မှ တစ်နေ့ကို အိတ် ၈၀၀ ခန့် ဝင်ရောက်ပြီး အဝယ်များရှိလို့ ဈေးအနည်းငယ်ပြန်မြင့် လာတယ်လို့ ဆိုပါတယ်။ ဆီစက်များနဲ့ဝယ်လက်များက အဝယ်ပြန်လိုက်လို့ ဈေးအနည်းငယ် မြင့်လာတာဖြစ်ပါတယ်။ ဆီကြိတ် မြေပဲဆန်ဈေးမှာ အနည်းငယ်မြင့်လာလို့ ဆီဈေးမှာလည်း အနည်းငယ်လှုပ်လာပါတယ်။ မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာ ၁၈၅၀ ကျပ်မှ ၁၈၇၅ ကျပ်အထိရှိပြီး၊ ယခင်အပတ်ထက် အနည်းငယ်ဈေးမြင့်လာပြီး လုံးဆန်ဈေးမှာ တစ်ပိဿာ ၂၁၀၀ ကျပ်နဲ့ ယခင်အပတ်ကအတိုင်း ဈေးမှန်နေပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာ ၃၈၀၀ ကျပ်ရှိပြီး၊ မြေပဲဆုံဆီမှာ တစ်ပိဿာ ၅၅၀၀ ကျပ်အထိရှိနေပါတယ်။

ဝေဝေမင်း-ပြည်

## စားအုန်းဆီ

# ရှစ်လအတွင်း အမြင့်ဆုံးဈေးမှ စားအုန်းဆီဈေးများပြန်ကျ

စားအုန်းဆီဈေးနှုန်းက ရှစ်လအတွင်း အမြင့်ဆုံးဈေးနှုန်းကို ရောက်ခဲ့ပြီးနောက် စားအုန်းဆီလုပ်ငန်းဆိုင်ရာ အစည်းအဝေးမှာ လေ့လာဆန်းစစ်သူတွေက စားအုန်းဆီဈေးကွက်အလားအလာနဲ့ပတ်သက်ပြီး အမြင်အမျိုးမျိုးကွဲပြားလာတာ တွေ့ရပါတယ်။ ဒီအခြေအနေတွေကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက မတ်လ ၅ ရက်မှာ ကျဆင်းလာတာကို တွေ့ရပါတယ်။

ခုနစ်ရက်အတွင်း စားအုန်းဆီဈေးက တစ်တန်ကို ၂၂၁၆ ရင်းဂစ်ကနေ ရင်းဂစ် ၂၄၀၀ အထိ ရောက်ရှိခဲ့ပြီးနောက် ဈေးကွက်မှာ အပြောင်းအလဲတွေဖြစ်ခဲ့တာကိုတွေ့ရကြောင်း ကွာလာလမ်ပူရှိ နိုင်ငံခြားကုန်စည်ပွဲစားလုပ်ငန်းမှ ကုန်သည်တစ်ဦးက ပြောပါတယ်။ စားအုန်းဆီဈေးက ၂၀၁၄ ခုနှစ် ဇူလိုင်လနောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်တဲ့ တစ်တန်ကိုရင်းဂစ် ၂၄၀၀ ကို ရောက်ရှိခဲ့ပြီးနောက် မတ်လ ၅ ရက်မှာ သုညဒသမ ၅၉ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၃၆၄ ရင်းဂစ် (၆၄၉ ဒေါ်လာ) နှုန်း ရှိခဲ့ပါတယ်။

ရောင်းချရတဲ့ပမာဏက ၂၅ တန်ရှိအတွဲ ၃၃၂၄၁ တွဲရှိခဲ့ရာ ပုံမှန်ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့အတွဲ ၃၅၀၀၀ အောက်ကို ကျဆင်းလာတာကိုတွေ့ရပါတယ်။ ဝယ်လိုအားကျဆင်းလာတာက ဈေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ကြောင်း မလေးရှားရှိပြည်တွင်းကုန်စည်ပွဲစားလုပ်ငန်းမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

မလေးရှားစားအုန်းဆီဈေးက ၂၀၁၅ ခုနှစ် ပထမနှစ်ဝက်မှာ တစ်တန်ကို ပျမ်းမျှရင်းဂစ် ၂၂၆၀ ရှိလိမ့်မယ် လို့ စားအုန်းဆီဈေးနှုန်း အလားအလာခန့်မှန်းတွက်ချက်ရေးအဖွဲ့မှ လေ့လာဆန်းစစ်ရေးမှူး ဂျိမ်းစ်ဖရိုင်းက ပြောပါတယ်။ ဒါပေမယ့် ဇီဝလောင်စာဆီ ထုတ်လုပ်ရေးလုပ်ငန်း တိုးတက်မလာဘူးဆိုရင် စားအုန်းဆီဈေးက ခြောက်နှစ်အတွင်း အနိမ့်ဆုံးဈေးထိ ကျဆင်းလာနိုင်တယ်လို့ပြောပါတယ်။ အခြား လေ့လာဆန်းစစ်ရေးမှူးတစ်ဦးဖြစ်တဲ့ ဒိုရမ်မင်စထရီကတော့ စားအုန်းဆီဝယ်လိုအားက ရောင်းလိုအားထက် ပိုမိုမြင့်တက်လာမှာဖြစ်တဲ့အတွက် စားအုန်းဆီဈေးက မေမှာ ၅ ရာခိုင်နှုန်းတိုးတက်ပြီး တစ်တန်ကို ၂၅၀၀ ရင်းဂစ်ထိမြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားပြီး ၂၀၁၅ နှစ်အကုန်ပိုင်းမှာ ထုတ်လုပ်မှုမြင့်တက်လာလို့ ဈေးပြန်ကျနိုင်တယ်လို့ ခန့်မှန်းပါတယ်။

စားအုန်းဆီ ဈေးနှုန်းတွေက တစ်တန်ကို ၂၄၀၈ ရင်းဂစ်ထိ အမြင့်ဆုံး ရောက်ရှိနိုင်ပြီး ဒီမျဉ်းကိုဖောက်ထွက်သွားရင်တော့ တစ်တန်ကို ၂၄၆၇ ရင်းဂစ်နှုန်းဖြစ်လိမ့်မယ်လို့ ရိုက်တာသတင်းဌာနက လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

အခြားပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်ဆီဈေးက တရုတ်ဒါလီယံဈေးကွက်မှာ သုညဒသမ ၄၅ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဈေးကွက်မှာ မေလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၁၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

UNT



## ပြည်တွင်းဆီဈေးနှုန်းများ (၆-၃-၂၀၁၅)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၃၄၀၀ | ၃၄၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၅၀ | ၁၅၀၀ | ▽ |
| ရန်ကုန် | ၄၀၀၀ | ၄၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၃၈၀ | ၁၃၅၅ | ▽ |
| မန္တလေး | ၃၄၀၀ | ၃၄၀၀ | □ | ၄၃၀၀ | ၃၅၀၀ | ▽ | ၁၄၃၀ | ၁၄၉၀ | △ |
| ပဲခူး | ၂၆၀၀ | ၂၆၀၀ | □ | ၅၁၀၀ | ၅၀၀၀ | ▽ | ၁၄၀၀ | ၁၄၂၀ | △ |
| မကွေး | ၃၂၀၀ | ၃၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၄၃၀ | ၁၄၃၀ | □ |
| မုံရွာ | ၃၅၀၀ | ၃၇၀၀ | △ | ၃၆၀၀ | ၃၇၀၀ | △ | ၁၄၉၀ | ၁၅၀၀ | △ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt-dtp*

## စားအုန်းဆီဈေးနှုန်းများ (၃-၃-၂၀၁၅ မှ ၆-၃-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၃-၃-၂၀၁၅ | ၇၁၅ |
| (၂) | ၅-၃-၂၀၁၅ | ၇၁၅ |
| (၃) | ၆-၃-၂၀၁၅ | ၇၁၀ |

Source: ဆီကုန်သည်များအသင်း

## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၆-၃-၂၀၁၅ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလ စတုတ္ထပတ် | မတ်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၆.၅၀ | ၆၅၄.၀၀ | △ |
| RBD P.Olein | ၆၅၀.၀၀ | ၆၅၆.၅၀ | △ |
| RBD P.Strarin | ၆၅၀.၀၀ | ၆၆၆.၀၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၆ - ၃ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၂၁၃.၅၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၀၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၆.၀၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၆၉.၃၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၀.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x Earning )/ 612 | ၅.၁၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၅၀.၂၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ (၆- ၃-၂၀၁၅)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၁၀ ဒေါ်လာ၊ FOB ၆၈၅ ဒေါ်လာနှင့် Earning ဈေး ၁၀၄၆ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖစ်ပါသည်။
၂။ (၆ - ၃ - ၂၀၁၅)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၀၃၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# စက်သုံးဆီဈေးနှုန်းပိုမိုမြှင့်တင်ခဲ့မှု အပေါ်ရှင်းလင်းတင်ပြရန်ကုမ္ပဏီများသို့ စင်ကာပူယှဉ်ပြိုင်မှုကြီးကြပ်ရေး ကော်မရှင်မှတောင်းဆို

ဓာတ်ဆီအခွန်နှုန်းထားတိုး မြှင့်မည်ဖြစ်ကြောင်းဖေဖော်ဝါရီ၂၃ရက်ကစင်ကာပူအစိုးရကကြေညာခဲ့အပြီးတွင် စက်သုံးဆီအရောင်းဆိုင်ကုမ္ပဏီများကတိုးမြှင့်မည့်အခွန်နှုန်းထားထက်ပိုမို၍ဈေးနှုန်းမြှင့်တင်ခဲ့မှုကို ရှင်းလင်းတင်ပြရန် စင်ကာပူနိုင်ငံ ယှဉ်ပြိုင်မှုကြီးကြပ်ရေး ကော်မရှင် (CCS) မှတောင်းဆိုလိုက်ပါသည်။

စင်ကာပူနိုင်ငံအတွင်း ဓာတ်ဆီနှင့် ဒီဇယ်ဆီလက်လီရောင်းချမှု ကိုလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီကြီး လေး ခုဖြစ်သော Chevron(Caltex), ExxonMobil (Esso), Shell နှင့် Singapore Petroleum Company(SPC) တို့သည် ဓာတ်ဆီဈေးနှုန်းများကိုတိုးမြှင့် ကောက်ခံမည့် အခွန်နှုန်းထက်ပိုမို၍ဖေဖော်ဝါရီ၁၄ရက်တွင် ထပ်ဆောင်းမြှင့်တင်ခဲ့ကြပါသည်။ အရည်အသွေးမြင့်ဓာတ်ဆီနှင့် အလယ်အလတ်အဆင့် ဓာတ်ဆီအတန်းစားနှစ်ခုကို အစိုးရက စင်ကာပူဒေါ်လာ သုည ဒသမ ၂၀နှင့် သုည ဒသမ ၁၅ စီအသီးသီး တိုးမြှင့်မည်ဖြစ်သော်လည်း Shell ကုမ္ပဏီမှ 98-octane အဆင့်မြင့် ဓာတ်ဆီ တစ်လီတာလျှင် စင်ကာပူ ဒေါ်လာ သုည ဒသမ ၂၅နှင့် 95-octane အလယ်အလတ်အဆင့် ဓာတ်ဆီ တစ်လီတာလျှင်စင်ကာပူဒေါ်လာ သုည ဒသမ ၁၈ အထိဈေးနှုန်းပိုမိုမြှင့် တင်ခဲ့ပါသည်။ အလားတူ SPC နှင့် Esso ကုမ္ပဏီတို့သည်လည်း အဆိုပါ ဓါတ်ဆီ အတန်းအစားများအပေါ် ဈေးနှုန်းမြှင့်တင်ခြင်းကို အစိုးရ၏အခွန် တိုးမြှင့်မှုပမာဏထက် စင်ကာပူ ဒေါ်လာ သုည ဒသမ ၀၁ စီ ပိုမိုထပ် ဆောင်းခဲ့ကြပါသည်။

ဤကဲ့သို့ဈေးနှုန်းပိုမိုမြှင့်တင်မှုသည် အခွင့်အရေးကိုရယူ၍ အမြတ်ကြီးစား ပြုလုပ်ခြင်းဖြစ်ကြောင်း ပြောဆိုလျက် ဈေးနှုန်းမြှင့်ရသည့် အကြောင်းအရင်းကို ရှင်းလင်းပြန်ကြားပေးရန် စင်ကာပူစားသုံးသူရေးရာ အသင်း (CASE) မှအဆိုပါစက်သုံးဆီ ကုမ္ပဏီများထံသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါသည်။ သို့ဖြစ်၍ ၎င်းကုမ္ပဏီများအနေဖြင့် ရှင်းလင်းတင်ပြမှုပြုရန် CCS မှ ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။ ဖေဖော်ဝါရီ ၂၅ ရက်က သတင်းမီဒီယာများ၏ မေးမြန်းချက်ကိုဖြေကြားရာတွင် CCS အဖွဲ့အစည်းနှင့်စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနတို့အနေဖြင့် စားသုံးသူအားစရိတ်ကျခံစေလျက် လွတ်လပ်စွာယှဉ်ပြိုင်မှုစနစ်ကိုဆန့်ကျင် ပြုမူလုပ်ကိုင်သူမည်သည့်လုပ်ငန်းကိုမဆို လိုအပ်သောအရေးယူဆောင်ရွက်မှုပြုရန်နှောင့်နှေးမည်မဟုတ်ကြောင်းပြောဆိုပါသည်။

Straits Times သတင်းဌာန၏ ဖော်ပြချက်အရ စက်သုံးဆီလက်လီဈေးနှုန်းအတက်အကျပြောင်းလဲခြင်းမှာ အစိုးရ၏အထူးအခွန်ကောက်ခံမှုတစ်ခုတည်းအပေါ် မူတည်ခြင်းမဟုတ်ဘဲအခြားသော အကြောင်းအချက်များကပါ သက်ရောက် မှုရှိသည်ဟုစက်သုံးဆီကုမ္ပဏီများက ချေပပြောဆိုကြကြောင်း သိရှိရပါသည်။ ရေနံစိမ်းဈေးနှုန်း၊နိုင်ငံခြားငွေလဲနှုန်း၊ ကုန်ထုတ်လုပ်မှုစရိတ်၊ သယ်ယူဖြန့်ဖြူးမှုစရိတ်၊ အရောင်းဆိုင်ဝန်ဆောင်မှုစရိတ်နှင့် အစိုးရကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (GST) စသည့် အချက်များကလည်းစက်သုံးဆီဈေးနှုန်းကိုအဆုံးအဖြတ်ပြုရာတွင် ပါဝင်လျက်ရှိကြောင်း Shell ကုမ္ပဏီမှ ပြောဆိုပါသည်။SPC ကုမ္ပဏီကလည်း ၎င်းတို့အနေဖြင့် စင်ကာပူဒေါ်လာ သုည ဒသမ ၀၁ထပ်ဆောင်း၍ဈေးနှုန်း မြှင့်တင်ခြင်းမှာ GST ပေးဆောင်ရန်လိုအပ်ချက်အရဖြစ်ကြောင်းပြောကြားပါသည်။

Shellကုမ္ပဏီသည် ဖေဖော်ဝါရီ ၂၅ရက်တွင် ဓာတ်ဆီ ဈေးနှုန်းများကို တစ်လီတာလျှင် စင်ကာပူဒေါ်လာ သုည ဒသမ ၀၂ဆင့် ပြန်လည်လျှော့ချခဲ့ပါသည်။ ဖေဖော်ဝါရီ ၂၄ ရက်နေ့က Chevron ကုမ္ပဏီသည်၎င်း၏ Caltex စက်သုံးဆီ အရောင်းဆိုင်များတွင်အစိုးရ၏ အခွန်တိုးမြှင့်မှု ပမာဏအတိုင်း ဓာတ်ဆီ ဈေးနှုန်းများကို မြှင့်တင်ခဲ့သော်လည်း နေ့တွင်းချင်းပင် စင်ကာပူ ဒေါ်လာ သုည ဒသမ ၀၃စီပြန်လည်လျှော့ချခဲ့ပါသည်။ Chevron အနေဖြင့်နိုင်ငံတကာမှ ရေနံကုန်ချောထုတ်လုပ်မှုစရိတ်များကို လေ့လာစောင့်ကြည့်လျက် ၎င်းတို့၏ လွတ်လပ်သောဈေးကွက်ဆန်းစစ်ချက်များ အပေါ် အခြေပြု၍စက်သုံးဆီဈေး နှုန်းများကို ချိန်ညှိပြောင်းလဲရောင်းချ မည်ဖြစ်ကြောင်းTodayသတင်းဌာနမှ ဖော်ပြပါသည်။

စင်ကာပူအစိုးရအနေဖြင့် ယခုနှစ်ဘဏ္ဍာလမှစတင်၍ဓာတ်ဆီ အင်ဂျင်သုံးမော်တော်ယာဉ်များအပေါ် လမ်းအသုံးပြုခွန်လျှော့ပေါ့ပေးဆောင် စေမည့် အစီအစဉ်ကိုတစ်နှစ်တာဆောင်ရွက်မည်ဖြစ်သော်လည်းဓာတ်ဆီအခွန်နှုန်းထားတိုးမြှင့်မှုမှ တိုက်ရိုက်အခွန်ငွေများတိုးမြှင့် ရရှိမည့် အပြင်အရောင်းအဝယ် ပြုသည့်ဈေးနှုန်းပေါ် မှကုန်စည်နှင့်ဝန်ဆောင်မှုအခွန်များကိုပါ တိုးတက်ကောက်ခံရရှိမည်ဖြစ်ပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## အာဆီယံ-ဂျပန်စင်တာ၏ အတွင်းရေးမှူးချုပ်ရာထူးသစ်ခန့်အပ်မည်

အာဆီယံ-ဂျပန်စင်တာအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြားကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာပူးပေါင်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အဆိုပါစင်တာ၏ လုပ်ငန်းများအား တိုးချဲ့မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (UNCTAD) တွင် လုပ်ငန်းအတွေ့အကြုံရှိသည့် မစ္စတာဖူဂျီတာအား အစားထိုးခန့်အပ် သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အာဆီယံကုန်သွယ်ရေး၊ ရင်းနှီး မြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာမြှင့်တင်ရေးဗဟိုဌာန၏ အတွင်းရေးမှူးချုပ် ရာထူးအနေဖြင့် ဘတ်ဂျက်ရရှိရေးအတွက် ဂျပန်အစိုးရ၊ လွှတ်တော်များနှင့် ချိတ်ဆက်ဆောင်ရွက်ရပြီး လုပ်ငန်း သဘောအရ ဂျပန်လူမျိုးကိုသာလျှင် ခန့်အပ်သည့်ရာထူးဖြစ်ကြောင်းလည်း သိရပါသည်။ အဆိုပါရာထူးအတွက် ပညာရေး၊ အုပ်ချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် အတွေ့အကြုံရှိသည့် ဂျပန်လူမျိုး တစ်ရာခန့်ရှိ ခဲ့ကြောင်းလည်း သိရသည်။ ဂျပန် အစိုးရမှ ခန့်အပ်ရန်ရွေးချယ်၍ အဆိုပြုခံရသည့် Mr. Masaka Fujita မှာ ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (UNCTAD) ၏ ဌာနမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံရှိပြီး ကန့်သတ်ဘတ်ဂျက်ဖြင့် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သူဖြစ်ကြောင်းလည်း သိရှိရသည်။ အာဆီယံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့်အပြင် စေ့စပ်ညှိနှိုင်းမှုစွမ်းဆောင်ရည် ကောင်းမွန်သူ တစ်ဦးဖြစ်ကြောင်းလည်း သိရှိရသည်။

မစ္စတာဖူဂျီတာအနေဖြင့် လုပ်ငန်း တာဝန်များထမ်းဆောင်စဉ်ဘဏ္ဍာရေး၊ ငွေရေးကြေးရေး၊ ရင်းနှီးမြှုပ်နှံမှု၊ အသေး စားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာစာအုပ် စာတမ်းပေါင်းများစွာကို ပြုစုထားနိုင်သူ ဖြစ်ခြင်းစသည့် အရည်အသွေးများရှိသူ တစ်ဦးလည်းဖြစ်သည်။ မစ္စတာဖူဂျီတာ အားခန့်အပ်ရေးကို လာမည့် မတ်လ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပ မည့် ကောင်စီဒါရိုက်တာများအစည်း အဝေးတွင် အတည်ပြုသွားမည်ဖြစ် ကြောင်းလည်း သိရှိရပါသည်။ မြန်မာ သံအမတ်ကြီး ဦးခင်မောင်တင်သည် မြန်မာကိုယ်စားပြု ကောင်စီဒါရိုက်တာ ဖြစ်ပြီး အဆိုပါအာဆီယံ၊ ဂျပန်စင်တာ၏ ကောင်စီဒါရိုက်တာအစည်းအဝေးသို့ တက်ရောက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

လက်ရှိတွင် အာဆီယံ၊ ဂျပန်စင်တာမှ မြန်မာနိုင်ငံ၏ နိုင်ငံဆိုင်ရာလုပ်ငန်းများဖြစ်သည့် ဟိုတယ်နှင့်ခရီး သွားလာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မစ္စတာဖူဂျီတာ၏ လက်ထက်တွင် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံအကြား အဆိုပါလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာနိုင်ကြောင်းလည်း အာဆီယံနိုင်ငံများ၏ သံရုံးအသိုင်းအဝိုင်းမှ မျှော်လင့်လျက်ရှိကြောင်း လည်း သိရှိရသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် အာဆီယံ-ဂျပန်ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခြေပြုစာချုပ်များကို လက်မှတ်ရေး ထိုးနိုင်မည်ဖြစ်သဖြင့်လည်း နှစ်ဖက်အပြန်အလှန်အကျိုးကျေးဇူးကို ဖြစ်စေ မည့် ဖော်ဆောင်မှုများကို အကောင်အထည်ဖော်နိုင်ရန်လည်း မျှော်လင့် လျက်ရှိကြောင်းလည်း သိရှိရပါသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

## ကားမီးခိုးထွက်ခြင်းကိုကန့်သတ်သည့် ဥပဒေသစ်ကြောင့် တောင်ကိုရီးယား လုပ်ငန်းသုံးယာဉ်ဈေးကွက်လှုပ်ရှား

ပြည်တွင်းကားထုတ်လုပ်သူများ နှင့် ပြည်ပမှကားထုတ်လုပ်သူများ အချင်းချင်း ယှဉ်ပြိုင်မှုပြင်းထန်လာခြင်းသည် လုပ်ငန်းသုံးယာဉ်များ ထုတ်လုပ်သည့်ကဏ္ဍကိုပါ ရိုက်ခတ်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ဥရောပနိုင်ငံများတွင် ကျင့်သုံးနေသည့် မော်တော်ကား မီးခိုးထုတ်မှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက် (Euro6) ကို ယခုနှစ်စတွင် စတင်ကျင့်သုံးပြီးသည့်အချိန်မှစ၍ မော်တော်ကားထုတ်လုပ်သူများသည် CO2 emission rule နှင့်ကိုက်ညီသည့် မော်တော်ကား မော်ဒယ်သစ်များကို အပြိုင်အဆိုင် ထုတ်လာခဲ့ကြသည်။

ဗော်လ်ဗို၏ ကျော်ကြားသည့် မော်ဒယ်များဖြစ်သော FH နှင့်FMX ထရပ်ကားများအပါအဝင် ဗော်လ်ဗိုထရပ်ကား အမျိုးအစားသစ်များကို အသစ်ပြဋ္ဌာန်းသော ဥပဒေသစ်နှင့် ကိုက်ညီအောင် ပြင်ဆင်၍ မတ်လ ၅ ရက်နေ့တွင် ကိုရီးယားနိုင်ငံတစ်ဝန်းလုံး သို့ ဖြန့်ချိ ရောင်းချသွားမည်ဖြစ်သည်။ Daimler Truck ကလည်း Euro6 စံနှုန်းနှင့်ကိုက်ညီသည့် ထရပ်ကားအမျိုးအစားကိုလာမည့် မတ်လ၁၂ရက်နေ့တွင် စတင်ပြသရောင်းချမည်ဖြစ်သည်။ ရှန်ဟိုင်းအခြေစိုက် Sunlong Bus ဘတ်စ်ကားသစ်ကိုလည်း ဧပြီလတွင် စတင်ရောင်းချမည်ဖြစ်ပြီး၊ ယမန်နှစ်က ၂၅ ယောက်စီး ဂျူးဂိုဘတ်စ်ကား အစီး ၄၀၀ ကျော်အား ကိုရီးယားတွင် ရောင်းချနိုင်ခဲ့သည်။

ကိုရီးယားမော်တော်ကားထုတ် လုပ်သူများအကြားတွင် ဟွန်ဒိုင်းသည် ၁၅ ယောက်စီး မီနီဘတ်စ်ကား (H 350) ကို ဇွန်လတွင် ရောင်းချမည်ဖြစ် သည်။ ၎င်းမီနီဘတ်စ်၏ အရွယ်အစားသည် ၁၂ ယောက်စီးမီနီဘင် သို့မဟုတ် ၂၅ ယောက်စီး ဘတ်စ်ကားတို့ကြားဖြစ်သည်။ ဟွန်ဒိုင်းသည် တစ်နှစ်လျှင် လုပ်ငန်းသုံးယာဉ်စီးရေ ၆၅,၀၀၀ မှ ၁၀၀,၀၀၀ ကြားထုတ်နိုင်မည့် ကား စက်ရုံကို Jeonju မြို့တွင် ၂၀၂၀ ခုနှစ် အပြီးတည်ဆောက်မည်ဖြစ်ပြီး၊ ယင်း အတွက် ဝမ် ၂ထရီလီယံ ရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

### တောင်ကိုရီးယားအိမ်ထောင်စုများ၏ ချေးငွေစုစုပေါင်း ဒေါ်လာ ၉၈၀ ဘီလီယံကျော်

၂၀၁၄ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတွင်း အိမ်ထောင် စုများမှ ချေးယူထားသော အိမ်ရာချေးငွေအတွက် တင်ရှိသည့် အကြွေးသည် အမေရိကန်ဒေါ်လာ ၉၈၀ ဘီလီယံ ကျော်ရှိသွားပြီဖြစ်သည်။ ဖေဖော်ဝါရီလ ၂၃ရက်နေ့က အမျိုးသားလွှတ်တော်မှ ထုတ်ပြန်သည့်အစီအရင်ခံစာအား ကိုးကား၍ ကိုရီးယားဗဟိုဘဏ်၏ အဆိုအရဘဏ်များမှ အိမ်ထောင်စုများ၏ချေးငွေသည် ဒေါ်လာ ၃၃ ဘီလီယံရှိပြီး၊ ဘဏ်မဟုတ်သည့် အခြားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ချေးငွေသည် ဒေါ်လာ ၂၄ ဘီလီယံ ရှိကြောင်း သိရှိရသည်။ ၎င်းချေးငွေ ပမာဏအပြင် ခရက်ဒစ်ကတ်ချေးငွေနှင့် အာမခံကုမ္ပဏီများမှ ထုတ်ချေးသော ချေးငွေများ စုပေါင်းပါက ချေးငွေပမာဏပေါင်းသည် ဒေါ်လာ ၉၈၀ ဘီလီယံကျော်ရှိသည်။ ယင်းချေးငွေပမာဏသည် ကိုရီးယား အိမ်ထောင်စုတိုင်းက ဒေါ်လာ ၂၀,၀၀၀ ခန့်အကြွေးပေးရန် ရှိထားသည့် သဘောသက်ဝင်နေပါသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

### ရင်းနှီးငွေစီးဆင်းမှုကို ထိန်းချုပ်ရန်မလိုဟု ထိုင်းနိုင်ငံ ဗဟိုဘဏ်ကဆို

ဘတ်ငွေတန်ဖိုးခိုင်မာခြင်းသည် ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုအပေါ် ထိခိုက်စေနိုင်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုရှိသော်လည်း ဘတ်ငွေတန်ဖိုးသည် အတော်အသင့် တည်ငြိမ်နေပြီး ပုံမှန်ငွေကြေးစီးဆင်းမှု ရှိနေသည်အတွက် ထိုင်းနိုင်ငံ ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေလဲလှယ်မှုကို စီမံခန့်ခွဲရန် အထူးစီမံချက်ကို ဆောင်ရွက်မည် မဟုတ်ကြောင်း ခိုင်မာစွာ ပြောဆိုခဲ့ပါသည်။

ထိုင်းနိုင်ငံအတွင်းသို့ ဈေးကစားပြီး ရင်းနှီးမြှုပ်နှံလာသော ငွေကြေးစီးဝင်မှု မရှိသေးကြောင်း၊ သို့ဖြစ်ရာ နိုင်ငံခြားငွေကြေး လဲလှယ်မှုကို ထိန်းကျောင်းရန်အတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်ရန် မလိုအပ်ကြောင်း၊ ရင်းနှီးငွေစီးဆင်းမှုသည် ပုံမှန်ပင်ဖြစ်ကြောင်း၊ အဓိကငွေကြေးအချို့၏ အမေရိကန်ဒေါ်လာနှင့် လဲလှယ်နှုန်းသည် သိသိသာသာ ပြောင်းလဲလျက်ရှိကြောင်း၊ ဤသို့ဖြင့် အဆိုပါ ငွေကြေးများနှင့် ဘတ်ငွေ လဲလှယ်မှုတွင် ကြီးမားသော ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Ms.Pongpen ကပြောကြားခဲ့ပါသည်။

အမှန်တကယ်အားဖြင့် ဘတ်ငွေတန်ဖိုးသည် အခြားငွေကြေးများထက် ပိုမို တည်ငြိမ်လျက်ရှိကြောင်း၊ ၎င်း၏ အတက်အကျသည် ၅-၆ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းသို့ လျော့ကျသွားကြောင်း၊ ပုဂ္ဂလိကကဏ္ဍ၏ အကျိုးအတွက် ဘတ်ငွေကို စီမံခန့်ခွဲရန် ဆောင်ရွက်နိုင်သော နည်းလမ်းများကို အသုံးပြုရန် အဆင်သင့်ပင်ဖြစ်ကြောင်း၊ သို့ရာတွင် ကာလလတ်အတွင်း နိုင်ငံခြားငွေကြေး လဲလှယ်မှုကို စီမံခန့်ခွဲမည့် နည်းလမ်းများ၏ အားနည်းချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း သုံးသပ်ကြပါသည်။

မကြာသေးခင်က ဘတ်ငွေတန်ဖိုး အပြောင်းအလဲများ (မတည်ငြိမ်မှု) ဖြစ် ပေါ်ခဲ့ခြင်းသည် အဓိကအားဖြင့် ဥရောပနှင့် ဂျပန်တို့၏ ငွေကြေး လှုံ့ဆော်အားပေးရေး စီမံချက်များကြောင့် ဖြစ်ကြောင်း၊ ဖွံ့ဖြိုးလာသော နိုင်ငံများ (ဈေးကွက်များ)တွင် ကူးသန်းရောင်းဝယ်ရေး ဘဏ်ခွဲများတည်ထောင်မှုကို ဗဟိုဘဏ်အနေဖြင့် ထောက်ပံ့ကူညီပေးသင့်ကြောင်း ထိုင်းကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Mr. Isara ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

## နာဂိုယာမြို့တွင်အာဆီယံစီးပွားရေး ဖိုရမ်ကျင်းပ

ဂျပန်နိုင်ငံ၊ နာဂိုယာမြို့၊ အန်နာခ ရောင်းဟိုတယ်၌ ဖေဖော်ဝါရီလ ၂၃ ရက်က "အာဆီယံ စီးပွားရေးဖိုရမ်" ကို ကျင်းပခဲ့ပြီး အဆိုပါဖိုရမ်တွင် အာဆီယံနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ သည်။

အဆိုပါဟောပြောပွဲအား နာဂိုရာ ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌ မစ္စတာ တိုကုအိချိအိုကာယာကအဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ အအိချိခရိုင်ဒေသအစိုးရ၊ အာဆီယံ-ဂျပန်စင်တာ၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်းနှင့်နာဂိုယာကုန်သည်စက်မှုအသင်းတို့မှ ဦးဆောင်ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။ အအိချိခရိုင်သည် မီအဲ၊ ဂီဖူ၊ နာဂါနိုနှင့် ရှီဇူအိုကာခရိုင်တို့နှင့် ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ပစိဖိတ်သမုဒ္ဒရာကိုမျက်နှာမူထားကာ ဂျပန်နိုင်ငံ၏ ဗဟိုနေရာတွင်တည်ရှိသည့် ခရိုင်တစ်ခုဖြစ်သည်။ လူဦးရေ ၇ ဒသမ ၄ သန်းကျော်နေထိုင်ပြီး မစ်ဆူဘီရှီ၊ တိုယိုတာ၊ ယမဟာကဲ့သို့သော အကြီးစား စက်မှုလုပ်ငန်းများရှိသဖြင့် စုစုပေါင်း အသားတင်ထုတ်လုပ်မှုမှာ ယန်းပေါင်း ၃၁၆၄၂ ဘီလီယံရှိသည့် ခရိုင်တစ်ခုလည်းဖြစ်သည်။ အဆိုပါ ခရိုင်အနေဖြင့်မြန်မာအပါအဝင် အခြားသောအာဆီယံနိုင်ငံများသို့ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ၎င်းတို့အုပ်ချုပ်မှုဒေသရှိ စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်မှာ စတုတ္ထအကြိမ် ဖြစ်ကြောင်းလည်း သိရှိရပါသည်။

အဆိုပါ အာဆီယံဖိုရမ်ကို ပထမပိုင်းတွင် အာဆီယံနိုင်ငံ သံရုံးကိုယ်စားလှယ်များမှ ၎င်းတို့သက်ဆိုင်ရာ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာများနှင့် ဂျပန်နိုင်ငံနှင့် နှစ်နိုင်ငံ စီးပွားဆက်ဆံရေး အကြောင်းအရာများကို ဟောပြောပို့ချရခြင်းဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ သံအမတ်ကြီးများလည်း တက်ရောက် ဟောပြောခဲ့ကြပြီး ကျန်အဖွဲ့ဝင်နိုင်ငံများမှ သံမှူးကြီး/သံရုံးဒုတိယအကြီးအကဲတို့ တက်ရောက်ခဲ့ကြောင်းလည်း သိရှိရသည်။ တိုကျိုမြို့ရှိမြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီးကိုယ်စား စီးပွားရေးသံမှူးကတက်ရောက်၍ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် ဖော်ဆောင်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ထားမှုများ၊ ဥပဒေရေးရာ အခြေခံအဆောက်အအုံ ပြုပြင်ဆောင်ရွက်ပြီးစီးမှုများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓါတ်အားရရှိရေးအတွက် ဆောင်ရွက်နေမှုများ၊ အေအီးစီတွင် လိုက်ပါနိုင်ရေးကြိုတင် ပြင်ဆင်ဆောင်ရွက်နေမှုများ စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဖိုရမ်ဒုတိယပိုင်းတွင် "အာဆီယံနိုင်ငံများ၏ ဝန်ဆောင်မှုနှင့် ကုန်စည်ကုန်သွယ်ရေးတွင် ဖြေလျော့ပေးမှု အခြေအနေနှင့် ဂျပန်နိုင်ငံ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့အစည်း(JETRO) မှ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Mr. Daisuke Hirat-suka မှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါ စကားဝိုင်း ဆွေးနွေးပွဲတွင် အာဆီယံနိုင်ငံများမှ တက်ရောက်သူများအနေဖြင့် ကမ္ဘာ့ Supply Chain ဖြစ်စဉ်တွင် ပိုမိုပေါင်းစည်းပါဝင်လာရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် မည်သည့်အခန်းမှ ပါဝင်စေလိုကြောင်းနှင့် ဝန်ဆောင်မှုကုန်စည်များ တန်ဖိုးမြှင့်ရာတွင် ဂျပန်နိုင်ငံမှ မည်သို့ပါဝင်ကူညီစေလိုကြောင်း စသည့်မေးခွန်းများကို ဖြေကြားခဲ့ကြရကြောင်းလည်း သိရသည်။ မြန်မာနိုင်ငံမှ စီးပွားရေးသံမှူးအနေဖြင့် မြန်မာနိုင်ငံ၏ ဝန်ဆောင်မှုနှင့် ကုန်စည်များတန်ဖိုးမြှင့်တင်ရာတွင် အဓိကအားဖြင့် နည်းပညာနှင့် သင်တန်းများကို ဂျပန်နိုင်ငံမှ ပေးအပ်ရန်လိုအပ်ကြောင်း၊ သင်တန်းများအနေဖြင့် ထုတ်ကုန်အရည်အသွေးနှင့် ဝန်ဆောင်မှုအရည်အသွေး မြှင့်တက်စေမည်ဖြစ်သော်လည်း လက်ရှိတွင် မြန်မာနိုင်ငံ ထုတ်ကုန်များအနေဖြင့် ခိုင်မာသော ဈေးကွက်ရရှိရေးမှာလည်း အဓိကကိစ္စဖြစ်နေပါကြောင်း၊ ထို့ကြောင့် နည်းပညာများကို သင်တန်းပို့ချ၍ ပေးခြင်းထက် ဂျပန်နိုင်ငံမှ ဈေးကွက်ရရှိပြီးဖြစ်သည့် နည်းပညာမြင့် အရင်းအနှီးများ ဝင်ရောက်လာခြင်း၊ ဖက်စပ်စီးပွားရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဝင်ရောက်ရင်းနှီး မြှုပ်နှံလာစေလိုပါကြောင်း၊ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး အခြေခံကောင်းများ ဖော်ဆောင်လျက်ရှိပါကြောင်း၊ မကြာမီလက်မှတ် ရေးထိုးမည်ဖြစ်သည့် အာဆီယံ-ဂျပန် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်၏ အခြေပြုစာချုပ်ငယ်များတွင် မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံအား ဝန်ဆောင်မှုကဏ္ဍများစွာကို ဖွင့်လှစ်ပေးထားပြီးလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်စည်နှင့် ဝန် ဆောင်မှု တန်ဖိုးမြှင့်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ တာဝန်ယူမှုတာဝန်ခံမှုရှိ၍ အရည်အသွေးရှိသော ရင်းနှီးမြှုပ်နှံမှုများ (Quality Investment) များကို မြန်မာနိုင်ငံမှ ဖိတ်ခေါ်လိုပါကြောင်း စသည်ဖြင့်ဆွေးနွေးပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

အဆိုပါ အာဆီယံဖိုရမ်ကို ညနေ ၅ နာရီတွင် ပြီးစီးခဲ့ပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များအား မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ခရီးသွား၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လက်ကမ်းစာစောင်များလည်း ဖြန့်ချိပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ ၎င်းနောက် ညနေပိုင်းတွင် Business Networking နှင့်ဆိုင်သည့် ညှိခံပွဲ ကျင်းပခဲ့ပြီး အဆိုပါ ညှိခံပွဲသို့ အအိချိခရိုင် အုပ်ချုပ်ရေးမှူး Mr. Hideaki Ohmura နှင့် နာဂိုယာဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယဥက္ကဋ္ဌ Mr. Takayuki Kondo တို့လည်း တက်ရောက်ခဲ့ကြကြောင်းလည်း သိရှိရသည်။ တက်ရောက်လာသည့် လုပ်ငန်းရှင်များအနေဖြင့် အာဆီယံနိုင်ငံများအနက် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့အပေါ် တွင် အထူးစိတ်ဝင်စားမှုရှိခဲ့ကြောင်း လည်းသိရသည်။

**မင်းဇော်ဦး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

### တရုတ်-ကိုရီးယား FTA ကြောင့် နှစ်နိုင်ငံရှိ လယ်သမားနှင့် ရေလုပ်ငန်းရှင်များ အနည်းငယ်သက်သာ

တောင်ကိုရီးယားနှင့် တရုတ် လွတ်လပ်သောကုန်သွယ်မှုစာချုပ်၏ ကနဦးသဘောတူညီချက်ကို နှစ်နိုင်ငံ အစိုးရများသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ကလက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော်စာချုပ်တွင်လယ်ယာထွက်ကုန်များနှင့် ရေထွက်ပစ္စည်းများကို အထူးအရေးကြီး(sensitive)အဖြစ်သတ်မှတ် ထားဆဲဖြစ်ပြီး၊ ဈေးနှုန်းနည်းသည့် တရုတ်လယ်ယာထွက်ကုန်အချို့ကို ပြည်တွင်း၌ ထုတ်လုပ်နေဆဲဖြစ်သည့် ကိုရီးယား လယ်သမားအတွက် ထိခိုက်မှုရှိနေဆဲဖြစ်သည်။

နှစ်နိုင်ငံအစိုးရများသည် လယ်ယာထွက်ကုန်နှင့် ရေထွက်ပစ္စည်းများ စုစုပေါင်း အမယ် ၁,၆၁၁မျိုးမှ ၁,၀၂၂ မျိုးတို့ကို sensitive items (441 items) နှင့် ultra-sensitive items (581 items) အဖြစ်သတ်မှတ် ထားခဲ့ကြသည်။ ကနဦးဆွေးနွေးကြစဉ်က ဆန်ကို ယင်းစာရင်းတွင် ထည့်သွင်းမထားဘဲ ဂျုံ၊ အာလူး၊ အမဲသား၊ ဝက်သား၊ ကြက် သား၊ နို့မှုန့်၊ ဒိန်ခဲ၊ အခွန်ပွ လိမ္မော်သီး၊ ကီဝီသီး၊ ဖရုံသီး၊ ငရုတ်ကောင်း၊ ကြက်သွန်နီ၊ ဂျင်း၊ ပန်း သီး၊ သစ်တော်သီးနှင့် စပျစ်သီးများလည်း sensitive items များစာရင်း တွင်ပါဝင်ခြင်းမရှိကြောင်းလည်း သိရသည်။

အခြားစားသုံးမှု အများဆုံးဖြစ်သည့် ရေထွက်ပစ္စည်းများဖြစ်သည့် ပြည်ကြီးငါး၊ ပင်လယ်ငါးကြီး (ဟဲလိဗတ်ငါး)၊ ငါးပါးနီ၊ မက်ကရယ်ငါး၊ ဂဏန်းပြာတို့ကို သက်သာခွင့်မပေးသော ရေထွက်ကုန်များ (non-concession items) များအဖြစ်သတ်မှတ်ထားသည်။ စုစုပေါင်းရေထွက်ကုန် ၆၂၉ မျိုးတွင် ၈၂ ရာခိုင်နှုန်းအား sensitive items( 429 items) နှင့် ultra-sensitive items(87 items) တို့အဖြစ်သတ်မှတ်ထားခဲ့ကြသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# အစာလည်းဆေး ဆေးလည်းအစာ

|မောင်မောင်အေး - လှိုင်ကော်|



မြန်မာ့ရိုးရာ ရှေးစကားပုံတွေထဲမှာ **“အစာလည်းဆေး၊ ဆေးလည်းအစာ”** လို့ရှိပါတယ်။ အစားအသောက်တိုင်းဟာ တစ်နည်းမဟုတ်တစ်နည်း ကျန်းမာရေးအတွက် ဆေးဖက်ဝင်နေတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ အစားအသောက်အချို့ကို ဆေးဝါးအဖြစ်လည်း အားထားသုံးစွဲနိုင်တဲ့သဘောပါ။ ပြီးတော့ **“တန်ဆေး၊ လွန်ဘေး”** ဆိုတာလည်းရှိသေးတယ်ခင်ဗျ။ အစားအသောက်ကို တော်ရုံ၊ သင့်ရုံ၊ မျှတရုံစားသောက်ရင်ကတော့ အန္တရာယ်မရှိဘူး။ ဒါပေမဲ့ အလွန်အကျွံစားသုံးမယ်ဆိုရင်တော့ ဘေးအန္တရာယ်များကျရောက်နိုင်ပါသတဲ့ခင်ဗျ။ ရှေးလူကြီးများ အမြော်အမြင်နဲ့ ဆိုဆုံးမတဲ့စကားပုံတွေပါ။

ဒါပေမယ့်ကာလယန္တရားကြီးက ရွေ့လျားတိုးတက်ပြောင်းလဲနေပါတယ်။ အဲဒီတိုးတက်မှုရဲ့ အခြားတစ်ဖက်မှာ ဆုတ်ယုတ်ပျက်စီးမှုတွေတွေ့နေရပါတယ်။ စကားပုံတွေထားခဲ့တဲ့ ရှေးလူကြီးသူမများရဲ့ ခေတ်ကာလတုန်းက သီးနှံတွေကို သဘာဝမြေဆွေး၊ နွားချေးစတဲ့ သဘာဝမြေသြဇာတွေနဲ့ပဲ စိုက်ပျိုးကြတယ်။ ရာသီဥတုကလည်း မှန်တယ်။ ပတ်ဝန်းကျင်ကလည်း စိမ်းစိုနေတယ်။ ရေမြေတောတောင်တွေကလည်း သဘာဝအတိုင်းပဲ မပျက်မယွင်းပေါ့ခင်ဗျာ။ လေထု၊ ရေထုညစ်ညမ်းမှုလည်းမရှိ၊ အိုဇုန်းလွှာလည်းမပေါက်၊ အသီးတွေပိုထွားအောင်၊ အနှံတွေပိုထွက်အောင် အကြံအဖန် လောဘလည်းမရှိ၊ လူဦးရေလည်းမပွားများသေး၊ ထွက်တာနဲ့အလျှင်မီအောင် စားသောက်နိုင်ကြပါတယ်။ ဒီတော့ အစားအစာတိုင်းလိုလို အန္တရာယ်ကင်းကြတယ်လို့ဆိုရပါမယ်။

အန္တရာယ်ကင်းတော့ ရှေးလူတွေဟာ အနာအဖျားလည်းသိပ်မရှိဘဲ အသက်ရှည်ကြပါတယ်။ ပတ်ဝန်းကျင်က အသုံးအဆောင်ဓလေ့ထုံးစံတွေကလည်း ကျန်းမာရေးနဲ့ညီညွတ်ဖို့ပဲ အားပေးနေပါတယ်။ ခရီးသွားရင် နွားလှည်း၊ မြင်းနဲ့ခြေလျင်ခရီး၊ လေထုညစ်ညမ်းစေမဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်တွေ ထုတ်လွှတ်မယ့်အင်ဂျင်ဆိုတာ မတီထွင်ရသေးခင်ပေါ့။ အစားအသောက် ပြုပြင်ရင်လည်း ထင်းမီးဖို၊ မြေအိုး၊ မြေခွက်များနဲ့ ခုခေတ်လို ဒန်တွေ၊ စတီးတွေမရှိသေးပါ။

ဒါပေမယ့်နောက်ပိုင်း ကမ္ဘာ့နိုင်ငံအသီးသီးက ကူးလူးဆက်သွယ်ပြီး၊ ကုန်စည် ကူးသန်းရောင်းဝယ်မှုတွေပြုလာလိုက်တော့ ကိုယ့်မှာရှိတာတွေက အမြင်ရိုးသွားပြီ။ သူ့မှာရှိတာတွေက အသစ်အဆန်းဖြစ်ကာ လိုချင်တပ်မက်လာကြပါတယ်။ တီထွင်တဲ့ပညာရှင်တွေကလည်း တစ်ခေါက်နဲ့တစ်ခေါက် မရိုးနိုင်အောင် ဈေးကွက်ရအောင် တီထွင်

> **ရှေးရှေးက လူကြီးသူမများ ထားရစ်ခဲ့တဲ့ “အစာလည်း ဆေး၊ ဆေးလည်းအစာ” ဆိုတာ သူ့ခေတ် သူ့အခါသာမက ယနေ့ခေတ်- ယနေ့အခါလည်း မှန်နေတုန်းပါပဲ။**

ဆန်းသစ်လာကြပါတယ်။ လူဦးရေကလည်း တစ်နေ့တစ်ခြား တိုးပွားများပြားလာတော့ လောက်ငအောင်ပိုပိုပြီး တိုးတက်အောင် နည်းပေါင်းစုံနဲ့ ပြုပြင်ထုတ်လုပ်လာကြပါတယ်။ ဒီလိုသူ့ထက်ငါ ဖန်တီးတီထွင်ထုတ်လုပ်ခြင်းဟာ သမားရိုးကျနည်းလမ်းတွေအတိုင်းဆိုရင်တော့ သိပ်မထောင်းတာလှပေမယ့် ခုခေတ်နောက်ပိုင်းမှာ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကျရောက်စေမယ့် နည်းလမ်း၊ ပစ္စည်းတွေထည့်သွင်းအသုံးပြုလာကြလို့ ဒီဆောင်းပါးရဲ့ခေါင်းစဉ်ကို “အစာလည်းဆေး၊ ဆေးလည်းအစာ” လို့ မလှိုမ့်တစ်ပတ်မှီငြမ်းလိုက်ရခြင်းဖြစ်ပါတယ်။

**စိုက်ပျိုးတဲ့နေရာမှာ ကြည့်ရအောင် . . .**

သဘာဝရေမြေတောတောင်တွေ ပျက်ယွင်းလာလို့ ရာသီဥတုက မမှန်ချင်တော့ဘူး။ မြေဆီမြေသြဇာတွေ ဆုတ်ယုတ်လာတော့ စိုက်ပျိုးဖို့မြေပြင်ကတည်းက မျိုးစေ့နဲ့ဓါတ်မြေသြဇာတွေနဲ့ ရောလူးနယ်ပြီး စိုက်လာကြရတယ်။ အဲဒီမျိုးစေ့ကစပြီး အပင်ပေါက်ကတည်းက ဓာတုပစ္စည်းက ကပ်ပါလာပြီးသား၊ အပင်ပေါက်လာပြီး အပင်ထွားချင်တော့ အပင်ထွားအားဆေး၊ အရွက်ဖျန်းအားဆေး၊ အပွင့်အားဆေး၊ အသီးအားဆေး၊ ပိုးမွှား ကာကွယ်ဆေးတွေနဲ့ မပြတ်ဆေးကျွေးနေရတာနဲ့ သီးလာတဲ့အသီးအနှံဟာ အသီးအနှံအသွင်သဏ္ဌာန်နဲ့ ယူထားတဲ့ ဓာတုပစ္စည်းခဲလေးတွေကို တွေးကြည့်မိတယ်။

**မွေးမြူတဲ့ဘက်ကိုကြည့်ဦးမလား . . .**

သတ္တဝါတွေကျန်းမာပါစေ၊ နေထိုင်မကောင်းမဖြစ်ဘဲ ဥနှုန်းတွေတက်ပါစေ၊ အသားတွေတိုးပါစေ၊ သားပေါက်ကောင်းပါစေဆိုတဲ့ စစ်မှန်သော စေတနာတွေနဲ့ သားပေါက်ကတည်းက တိုက်လိုက်ရတဲ့ ဆေးဝါးတွေ၊ ကျွေးလိုက်ရတဲ့ အသားတိုးဆေးတွေ၊ အလေးချိန်တိုးအောင်ထိုးလိုက်ရတဲ့ ရေတွေ၊ ဒါတွေကိုငွေကြေးနဲ့ပေးဝယ်ရ၊ စားရ။

အစားအစာထုတ်လုပ်တဲ့ လုပ်ငန်းတွေမှာရော . . .

ကိုယ်ရောင်းမယ့်ပစ္စည်း အမြင်လှအောင် လုပ်ငန်းသုံးဆိုးဆေးတွေ၊ ခွင့်ပြုချက်မရှိတဲ့ အန္တရာယ်ဖြစ်မယ့်ဆိုးဆေးတွေ နင်းကန်အရောင်ဆိုးကြတယ်။ အစားအစာမှာ မသုံးသင့်တဲ့ပစ္စည်းတွေကို ကန့်သတ်ထားတဲ့ ပစ္စည်းတွေထည့်ပြီး လျှာအရသာရှိအောင်၊ စွဲလမ်းအောင်၊ ပြုပြင်မွမ်းမံရောင်းချကြတယ်။ ကိုယ့်ပစ္စည်းရောင်းကောင်းအောင် တစ်ပွဲထိုးနည်းနဲ့ စားသုံးသူတွေရဲ့ ဘေးအန္တရာယ်ကိုမကြည့်ဘဲ ဖန်တီးပြုလုပ်ရောင်းချကြတယ်။ ချက်စား၊ ပြုတ်စား၊ ကြော်စားရာမှ ကျောက်ခေတ်လူသားကို အားကျအတုယူပြီ၊ အသားတွေကို မကျက်တကျက် ကင်စားကြတယ်။ အပြင်က မီးသွေးအဖြစ် ကျွမ်းသွားပြီး အတွင်းပိုင်းက မကျက်တကျက် ဖြစ်၊ ရောဂါပိုးမွှားတွေပိုမြူးပြီး ပိုခံနိုင်ရည်ရှိလာကြတယ်၊ စားသောက်ကုန်ကို အတုအပလုပ်တဲ့ လုပ်ငန်းတွေလည်း ရှိကြတယ်။

အတုအပလုပ်တယ်ဆိုကတည်းက အစစ်အမှန် မလုပ်နိုင်ကြလို့ပေါ့။ ဖြတ်လမ်းနည်းနဲ့ စီးပွားရှာတာ အရေးမကြီးဘူး။ စားသုံးသူတွေ ဘေးဖြစ်တတ်တယ်။ ဆန်မှာလည်း ပလတ်စတစ်ဆန်ဆိုတာပေါ်ခဲ့ဖူးသလို ကြက်ဥတောင် အတုတီထွင်ကြတယ်။ ပဲတူခဲတူဆိုပြီး တင်းနဲ့တန်ပိုပွားများအောင်လုပ်ရာက အချင်းချင်းရောင်းရင်း အချင်းချင်း မိတ်ပျက်၊ အခြားနိုင်ငံပို့ရင် တစ်နိုင်ငံလုံး နာမည်ပျက်အရှက်ရစေမယ့်လုပ်ငန်းပဲ။ ဆေးဝါးအတုကိစ္စကလည်း အတော်ဆိုးတယ်။ အရက်အတုကလည်း ပုလင်းနဲ့တံဆိပ်က အစစ်၊ အထဲကအရည်က အင်၊ သောက်ပြီး မမူးရုံဆို တော်သေးရဲ့။ အန္တရာယ်ရှိတဲ့ ဓာတုဆေးဝါးတွေ၊ အရောင်တွေနဲ့စပ်ထားရောထားရင် စားသုံးသူရဲ့ ဗိုက်တွင်း ကလီစာတွေ ဒုက္ခရောက်ရပြီပေါ့။

**နေ့စဉ်လူသုံးကုန်ပစ္စည်းတွေထဲမှာလည်း . . .**

ဒါလေးရှိမှ ဒါလေးသုံးမှ ခေတ်မီရပါတော့မယ်ဆိုတဲ့ နေ့စဉ်သုံးလူမှုအသုံးအဆောင်တွေမှာလည်း ဘေးအန္တရာယ်ဖြစ်စေတာ တိုက်ရိုက်နဲ့သွယ်ဝိုက်၊ ချက်ချင်းနဲ့တဖြည်းဖြည်းပဲကွာပါမယ်။ ပလပ်စတစ်ပစ္စည်း၊ ဖော့ဘူး၊ ကျွပ်ကျွပ်အိတ်၊ ရေဒီယိုလှိုင်း၊ ထုတ်လွှင့်ပစ္စည်းများ၊ စက်ရုံအလုပ်ရုံ၊ ကား၊ မော်တော်ဆိုင်ကယ်တွေက ထုတ်လွှတ်တဲ့ မီးခိုးငွေ့များ၊ နေ့စဉ် ခြယ်သအလှအပပစ္စည်းများ၊ ကားအသစ်၊ လမ်းအသစ်၊ စည်းကမ်းမဲ့မှုများရဲ့ စိန်ခေါ်မှုများ၊ ရှာလွန်ရွက်တိုက်ချင်သူတွေရဲ့ စွန့်စားမှုများ၊ နိုင်ငံတကာရဲ့ တံခါးမရှိ၊ ဓါးမရှိ ယဉ်ကျေးမှု နယ်ချဲ့မှုများ မျိုးချစ်စိတ် အားနည်းမှုများ၊ ဟိုဘက်မြက်ခင်းက ပိုစိမ်းတယ်လို့ထင်တတ်တဲ့ လူမျိုးခြားကို အားကိုးအထင်ကြီးမှုများ၊ ဒါတွေကိုရေးရရင် အစားအသောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ အံလွဲသွားမှာစိုးလို့ အသေးစိတ်မတင်ပြတော့ပါ။

ရှေးရှေးက လူကြီးသူမများ ထားရစ်ခဲ့တဲ့ “ အစာလည်းဆေး၊ ဆေးလည်းအစာ” ဆိုတာ သူ့ခေတ်သူ့အခါသာမက ယနေ့ခေတ်- ယနေ့အခါလည်းမှန်နေတုန်းပါပဲ။ ဒါပေမယ့် ယနေ့ခေတ်မှာ သတိပြုရမှာက အစာနဲ့လူသုံးကုန်အချို့ထဲမှာ ဘေးအန္တရာယ်ရှိသလို ဘေးရန်အန္တရာယ်တွေ ကြွယ်ဝပေါများလှတဲ့ အစာများနဲ့ လူသုံးကုန်ပစ္စည်းအချို့ကို သတိပြုရှောင်ရှား၊ ရွေးချယ်စားသောက်နေထိုင်နိုင်ကြဘို့ အကျိုးမြော်လို့ နှိုးဆော်လိုက်ရပါကြောင်း ခင်ဗျာ-

# နယူးဇီလန်တွင်ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ကျပ်သိန်းငါးဆယ်အကုန်အကျခံ၍ သွားရောက်ကြည့်ရှုနိုင်ပြီ ဗီဇာအခက်အခဲကြောင့် ကြိုတင်လျှောက်ထားမှသာ စိတ်ချရမည်ဟုဆို




နယူးဇီလန်တွင်ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏အုပ်စုနောက်ဆုံးပွဲစဉ်များကို ကိုယ်တိုင်ကိုယ်ကျသွားရောက်အားပေးလိုပါက ကျပ်သိန်းငါးဆယ်ခန့် အကုန်အကျခံ၍သွားရောက်ကြည့်ရှုနိုင်ကြောင်း အဆိုပါခရီးစဉ်အား စီစဉ်သူ NZ Pure Co., Ltd. မှ ကိုစည်သူဝင်းက ပြောကြားခဲ့သည်။

အဆိုပါနယူးဇီလန်ယူ-၂၀ကမ္ဘာ့ဖလားပွဲစဉ်ကြည့်ရှုမည့်ခရီးစဉ်အတွက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲကို မတ်လ ၄ရက်နေ့က စီးတီးစတားဟိုတယ်တွင် ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် ကိုစည်သူဝင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"နယူးဇီလန်ကို သွားနိုင်ဖို့အတွက် ဗီဇာအခက်အခဲရှိပါတယ်။ ဗီဇာက တစ်ခါလျှောက်ရင် တစ်လကနေ သုံးလလောက် ကြာတတ်ပါတယ်။ ဗီဇာလျှောက်ဖို့အတွက်က အမေရိကန်ဒေါ်လာ ၁၀၀၀ ကုန်ကျပါမယ်။ နယူးဇီလန် ဗီဇာဟာ အဲဒီနိုင်ငံရဲ့လူဝင်မှုကြီးကြပ်ရေးက ပြုလုပ်ပေးတာဖြစ်ပါတယ်။ အဲဒီ နိုင်ငံတွင်းကို ဝင်ဖို့အတွက်က တော်တော်လေးကို ခက်ပါတယ်။ ဒါကြောင့် အဲဒီပွဲကို သွားပြီးကြည့်မယ်ဆိုရင် ခုကတည်းက အချိန်ယူပြီးလုပ်ထားသင့်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

မြန်မာယူ-၂၀အသင်းပါဝင်ယှဉ်ပြိုင်မည့် အဆိုပါယူ-၂၀ကမ္ဘာ့ဖလားပွဲစဉ်ကို သွားရောက်အားပေးသူများအနေဖြင့် အနည်းဆုံးမြန်မာကျပ်ငွေသိန်းငါးဆယ်ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကုန်ကျငွေမှာ လေယာဉ်ပျံစရိတ်နှင့် ဗီဇာကြေးများ မပါဝင်ဘဲ နယူးဇီလန်နိုင်ငံတွင် နေထိုင်ခွင့်၊ လည်ပတ်ခွင့်နှင့်စားစရိတ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် အချိန်ကာလအလိုက် ဈေးနှုန်းများ အပြောင်းအလဲရှိနိုင်မည်ဖြစ်ကြောင်း ကိုစည်သူဝင်းက ထပ်မံပြောကြားခဲ့သည်။

"အခု ပြောထားတဲ့ဈေးတွေက ခုချိန်မှာဖြစ်ပေါ်နေတဲ့ဈေးတွေပါ။ ပြိုင်ပွဲကျင်းပနေတဲ့အချိန်မှာဆိုရင်တော့ ဈေးနှုန်းက အပြောင်းအလဲဖြစ်နိုင်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်တွင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၁၇၅၀မှ အများဆုံးအမေရိကန်ဒေါ်လာ ၃၀၂၀ ကုန်ကျနိုင်ကြောင်း၊ အဆိုပါကုန်ကျငွေများအပြင် ခရီးသွားအာမခံကြေး အမေရိကန်ဒေါ်လာတစ်ရာ၊ အသွားအပြန်လေယာဉ်လက်မှတ်ခ အမေရိကန်ဒေါ်လာ ၁၃၀၀ ကျော်နှင့် ဗီဇာကြေး အမေရိကန်ဒေါ်လာ တစ်ထောင် ထပ်မံ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်တစ်လျှောက်တွင် ကြယ်သုံးပွင့်နှင့်ကြယ်လေးပွင့်အဆင့်ရှိသည့် ဟိုတယ်များတွင်သာ တည်းခိုမည်ဖြစ်ပြီး မနက်စာ၊ နေ့လယ်စာနှင့်ညစာများကို အဆိုပါဟိုတယ်များတွင် ကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံသည်စားသောက်နေထိုင်စရိတ်များ ကြီးမြင့်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ရာ သွားရောက်မည့်သူများအနေဖြင့် ငွေကြေးအလုံအလောက်ယူသွားကြရန်လိုကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အားကစားမီဒီယာဒါရိုက်တာ ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

"နယူးဇီလန်ဟာအစားအသောက်ရော နေထိုင်စရိတ်ရော အရမ်းကို ဈေးကြီးပါတယ်။ ကုန်ပစ္စည်းတွေကလည်း တော်တော်လေးကို ဈေးကြီးပါတယ်။ ကျွန်တော်တို့ဆီမှာ ကီးချိန်းလေးတစ်ခုကို ဘယ်လောက်မှ မပေးရပေမယ့် အဲဒီမှာ အနည်းဆုံး ခုနစ်ဒေါ်လာလောက်ပေးရတယ်။ နောက်ပြီး ဒီမှာ Singha Beer တစ်ဗူးကို အများဆုံးရှိမှ၈၀၀ကျပ်လောက်ပဲပေးရတယ်။ အဲဒီမှာ အနည်းဆုံး ရှစ်ကျပ် ကိုးကျပ်လောက် ပေးရတယ်"ဟု ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

**မယ်သီတာ**

## Viber နှင့် Talenthouse တို့ ပူးပေါင်း၍ Sticky Finger ဇာတ်ကောင်ပြိုင်ပွဲကျင်းပမည်




Viber နှင့် Talenthouse တို့ပူး ပေါင်း၍ Sticky Finger ဟူသည့် အခွင့်အလမ်းအသစ်တစ်ခုအနေဖြင့် Viber ဇာတ်ကောင်အသစ်ဖန်တီးမှုပြိုင်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း သိရ သည်။

ထို့ကြောင့် Viber နှင့် Talenthouse တို့သည် ကမ္ဘာပေါ်ရှိ ဂရပ်ဖစ်ဒီဇိုင်နာနှင့် Illustrator ပညာရှင်များကို ဖိတ်ခေါ်၍ ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် Viber သုံးစွဲသူ ပေါင်း ၅၁၆သန်းကျော်ရှိကြောင်း၊ Viber သုံးစွဲသူများသည် သန်းပေါင်း၅၀၀ ကျော်ရှိသည့် Sticker Pack များကို Viber Sticker Market မှတစ်ဆင့် Download ချကာသုံးစွဲကြကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ပြီးခဲ့သည့်နှစ်က Viber Sticker 22 ဘီလီယံကျော်ကို အပြန်အလှန်ပေးပို့ခဲ့ကြကြောင်း သိရသည်။

အဆိုပါ Viber Sticky Finger ပြိုင်ပွဲကို Viber ၏ Creative Director ဖြစ်သည့် Erez Shocher နှင့် ဈေးကွက်တာဝန်ခံအကြီးအကဲဖြစ်သူ မာ့ခ်ဟာဒေးတို့က ရွေးချယ်ပေးမည် ဖြစ်သည်။

ရွေးချယ်ခံရသည့် Viber Sticker ဖန်တီးရှင်အား Viber Design Studio က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး Sticky Fingers Character မှတစ်ဆင့် Sticker Pack များ ဖြစ်လာသည်အထိ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ Sticker Pack ကို Viber Sticker Market ပေါ်တွင် ရောင်းချရသည့်အမြတ်ငွေများကို ရွေးချယ်ခံရသည့်သူအား ရှယ်ယာဝေစုတစ်ခုအနေဖြင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ရွေးချယ်ခံရသူ ၁၀ ဦးလုပ်ဆောင်ထားသည့် Sticky Fingers များကို Viber နှင့် Talenthouse တို့၏လူမှု ကွန်ရက်ဝက်ဘ်ဆိုက်များမှတစ်ဆင့် ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါ ရွေးချယ်ခံရသူ ၁၀ ဦး၏နောက်ဆက်တွဲလုပ်ဆောင် မည့်လုပ်ငန်းများအတွက် ကုန်ကျစရိတ် များကို Viber နှင့် Talenthouse က ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လို သည့် ဂရပ်ဖစ်ဒီဇိုင်နာနှင့် Illustrator များသည် ဧပြီလ ၁၅ရက်နေ့ နောက်ဆုံးထား၍ မိမိတို့ဖန်တီးထားသည့်ဒီဇိုင်းများအား www.viber.com/Sticky Fingers/Info သို့ ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မေးမြန်းစုံစမ်းလိုပါက ဖုန်း ၀၉-၄၂၁၀၈၃၄၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## Safe Food From Safe Farm ဟူသည့် အော်ဂဲနစ်သီးနှံဈေးရောင်းပွဲ ကျင်းပမည်

မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေဖြင့် စားသုံးသူများ၏ ကျန်းမာရေးအတွက် လုံခြုံစိတ်ချရသော ဟင်းသီးဟင်းရွက် များကို မတ်လ ၁၄ရက်နေ့မှစ၍ အပတ်စဉ် စနေနေ့တိုင်း ကန်တော်ကြီး မြေပဒေသာကျွန်းတွင် ရောင်းချရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို Safe Food From Safe Farm ဟူသည့် အမည်ဖြင့်ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ ယင်းအစီအစဉ်ကိုပြုလုပ်ရခြင်းမှာ USAID, Winrock International, Farmer to Farmer Program, MEVP နှင့် MOGPA အသင်း တို့ ဖေဖော်ဝါရီလ ၁၄ရက်နေ့က ပူးပေါင်းကျင်းပခဲ့သည့် ပထမအကြိမ် အော်ဂဲနစ်ဈေးကွက် ဖော်ဆောင်ရေး နှင့် အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသည့် နည်းပညာအတွေ့အကြုံနှင့်ဆွေးနွေးပွဲ ရလဒ်များကို အခြေခံပြီး ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။




ထိုသို့ ရောင်းချပေးရာတွင် ဓာတုအဆိပ်ကင်းလွတ်သီးနှံများကို ဝယ်ယူစားသုံးလိုသူများနှင့် ရောင်းချလိုသူများအကြား နှစ်ဦးနှစ်ဖက် ယုံကြည်စွာဖြင့် ဘေးအန္တရာယ်ကင်းလွတ်စေရန် စည်းကမ်းများကို ထားရှိကြောင်းသိရသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် ရောင်းချလိုသူများသည် မိမိစိုက်ခင်းနှင့်သီးနှံများအား စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး စစ်ဆေးပြီး သီးနှံခင်းမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များကိုအသင်းမှ သက်ဆိုင်ရာအမှတ်တံဆိပ်များ ကပ်နှိပ်၍ ရောင်းချခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။


ဓာတုကင်းလွတ်သည့် အော်ဂဲနစ် သီးနှံများကို စိတ်တိုင်းကျဝယ်ယူစားသုံး လိုသူများသည် မတ်လ ၁၄ရက်နေ့မှ စတင်ကာ အပတ်စဉ် စနေနေ့တိုင်း ကန်တော်ကြီး မြေပဒေသာကျွန်းတွင် လာရောက်ဝယ်ယူနိုင်ပါကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

Commodity Exchange News
Vol: 15, No.10 Monday March 9 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၉–၃–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယဝယ်လက် ဈေးပေးအဝယ်ရှိလို့ ဈေးမာ၊ ပဲစင်းငုံနီဈေးမြင့်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်လိုတဲ့ ကုန်သည်ကြီးများ ပုံမှန်လာရောက်ကြပြီး မတ်ပဲ (RC) ကိုအိန္ဒိယဝယ်လက်က ဈေးပိုပေးပြီး အဝယ်ရှိသလို ဝယ်လိုအား ပိုသွက်လာတာကြောင့် ယခင်အပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို အနိမ့်ဆုံး ၈၅၇၀၀၀ ကျပ်မှ အမြင့်ဆုံး ၈၈၀၀၀၀ ကျပ်အတွင်း အရောင်းအဝယ်ဖြစ်မှုပမာဏ များခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒါ့အပြင် ပဲစင်းငုံနီ (RC) ကိုလည်း အိန္ဒိယဝယ်လက်က ပဲရဲ့အရည်အသွေးပေါ်မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို ၉၁၈၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲခွဲစက်များက ကုလားပဲဖြူလုံးကြီးကို ဈေးပေးအဝယ်ရှိလို့ ဈေးမာလာ၊ ပဲစင်းငုံနီကို ရန်ကုန်အဆွဲပြန်လိုက်လာ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲဖြူလုံးကြီး(သစ်)တွေ ဈေးကွက်သို့ စတင်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်နဲ့ မိတ္ထီလာ၊ စစ်ကိုင်းဘက်မှ ပဲခွဲစက်တွေကလည်း ပဲရဲ့ အရည်အသွေးပေါ်မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၈၈၉ ကျပ် (တစ်တန်ကို ၅၄၄၄၁၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လိုအားပြန်သွက်လာလို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၅၀ ကျပ်(တစ်တန်ကို ၈၈၇၉၆၅ ကျပ်)ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မူဆယ်မှာ တရုတ်နှစ်သစ်ကူးအပြီး ပြောင်းအဝင်လျော့

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပမာဏ လျော့ကျသွားတယ်။ အဓိကအကြောင်းက တရုတ်နှစ်သစ်ကူးအပြီး ကုန်သည်များဈေးကွက်သို့ လာရောက်မှုနည်းတာရယ်၊ တရုတ်ဘက်မှာလည်း ပြောင်းတွေကို အဖမ်းအဆီးတချို့ရှိတာရယ်ကြောင့် နယ်စုံမှ ပြောင်းကားတွေ အဝင်ကျဲသွားတယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒီ တစ်ပတ်အဖွင့်ဈေးကတော့ ပြောင်း ၅၀ ကီလို တစ်အိတ်ကို ၉၂ ယွမ်ဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းကို တရုတ်အဆွဲသွက်၊ ငုံနီငုံရွှေကို ရန်ကုန်အဝယ် ပုံမှန်ရှိ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က အရည်အသွေးအပေါ်မူတည်ပြီး အဆွဲသွက်လာတာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၆၅၃ ကျပ် (တစ်တန် ကို ၁၀၁၂၂၈၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀၀ ခန့် ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ်အဆွဲတောက်လျှောက်ရှိပေမယ့် ရောင်းသူကုန်သည်တွေ ထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီနှင့် ပဲစင်းငုံရွှေဘိုစကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်ပုံမှန်ရှိလို့ ဈေးမြင့်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပုံမှန်ရှိတာကြောင့် ယခင်တစ်ပတနဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၃၃၅ကျပ်(တစ်တန်ကို ၈၁၇၅၄၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို Export အတွက် ဝယ်ယူနေတဲ့ ရန် ကု န် ဝ ယ် လ က် က ဝ ယ် လို အားပြ န် လို က် လာ လို့ ဈေးမြင့်လာပြီး တစ်ပိဿာ ၁၄၅၀ ကျပ်(တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲ အရောင်းအဝယ်သွက်လာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားပြန်သွက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၆၀ ကျပ် (တစ်တန် ကို ၈၉၄၀၈၉ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ မှ ၁၄၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်) ကိုတော့ မြို့ခံပဲခွဲစက်တွေရဲ့ ဝယ်လိုအား ကောင်းတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၈၅၀ ကျပ် (တစ်တန်ကို ၅၂၀၅၃၁ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီပစ္စည်း လက်ကျန်နည်းနေပေမယ့် ရန်ကုန်ဝယ်လိုအား ပုံမှန်ရှိ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို Export အတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်ဘက်မှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၆၀ ကျပ် (တစ်တန်ကို ၈၉၄၀၈၉ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ကုလားပဲ (ထိုင်ဝမ်)(အသစ်)ကို တစ်ပိဿာ ၈၅၀ ကျပ် (တစ်တန်ကို ၅၂၀၅၃၁ ကျပ်) ဈေးဖြင့် ဝယ်ယူလိုပေမယ့် ရောင်းသူကုန်သည်များက ဈေးအမြင့်မှန်းထားတာကြောင့် အရောင်းအဝယ်အေးခဲ့တယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။



## ဟသ်ာတဈေးကွက်မှာ မတ်ပဲကို ရန်ကုန်ဝယ်လိုအားပုံမှန်ရှိ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ(သစ်)တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်နေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပြန်လိုက်လာတာကြောင့် တစ်ပိဿာကို ၁၃၆၀ ကျပ်(တစ်တန်ကို ၈၃၂၈၅၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ဒေသထွက်ပဲလွန်းနီ(သစ်)ကို ရန်ကုန်ဝယ်လက်ကဝယ်လိုအား များလာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၈၅၀ ကျပ် (တစ်တန်ကို ၅၂၀၅၃၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## တောင်ကြီးဈေးကွက်မှာ ပြောင်းသီးနှံ ပုံမှန်အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဒေသတွင်းအစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၅၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ဖြစ်မှုနည်း

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို တရုတ်ဝယ်လက်က ဝယ်လိုအား အနည်းငယ် ပြန်လိုက်လာပေမယ့် အရောင်းအဝယ်ကတော့ သိပ်မသွက်သေးကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၃၇၀ ကျပ်ဈေးဖြင့်သာ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ တရုတ်နှစ်သစ်ကူးပွဲတော်ပြီးကတည်းက ပြောင်းအရောင်းအဝယ်အနည်းငယ်အေးစက်နေကြောင်း ဈေးကွက် အတွင်းမှသိရပါတယ်။

## ပြည်ဈေးကွက်မှာ ပဲမျိုးစုံဈေးမြင့်လာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယ အတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာကြောင်းသိရပါတယ်။ မတ်ပဲ (သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်လာသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၁၃၅၀ ကျပ် (တစ်တန်ကို ၈၂၆၇၂၆ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ဒီတစ်ပတ်မှာ ရန်ကုန်ဝယ်လက်က ဈေးပိုပေးပြီး အဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၄၄၀ ကျပ် (တစ်တန်ကို ၈၈၁၈၄၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ပြောင်းနဲ့ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းကို ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပုံမှန်ရှိသလို ရောင်းသူကုန်သည်တွေကလည်း အဆိုပါဈေးနဲ့ အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ် ပိဿာကို ၃၅၀ ကျပ် ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေက တစ်ပိဿာ ၈၅၀ ကျပ် (တစ်တန်ကို ၅၂၀၅၃၁ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ မှ ၂၀၀ ကြား ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။

# မြစ်ကြီးနားမြို့တွင် အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်း အခြေခံ သင်တန်းဖွင့်ပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့မှ ပူးပေါင်းဖွင့်လှစ်သည့် အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းအခြေခံ သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၅ ရက်နေ့ နံနက် ၉ နာရီတွင် ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပခဲ့ပါတယ်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ စီမံ/စီးပွားဝန်ကြီးဌာနအောက်ရှိပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သမဝါယမအသင်းအဖွဲ့ အလုပ်အမှုဆောင်များ၊ ကချင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းများမှပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းဖြစ်မြောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် သင်တန်းသူသင်တန်းသားများ တက် ရောက်ခဲ့ကြပါတယ်။ သင်တန်းကို သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်မှာဖြစ်ပြီး သင်တန်းကာလ ၁၅ ရက်ကြာမြင့်မှာဖြစ်ပါတယ်။

သင်တန်းမှာ အထည်ပန်းပုံရိုက်နှင့် ဆေးရေးနည်းအပြင်ဆက်စပ်ဌာနများကလုပ်ထုံးလုပ်နည်းများပါသင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးမှ လမ်းညွှန်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲလာတဲ့ဈေးကွက်စီးပွားရေးစနစ်နှင့်အညီနိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာဖို့ အဘက်ဘက်မှ ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချမ်းသာဖို့ စီးပွားရေးဖွံ့ဖြိုးတိုးတက် ရန်လိုအပ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအကြောင်းတရားများစွာရှိတဲ့အနက် ပုဂ္ဂလိကစီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနဲ့ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ဈေးနှုန်း ပိုမိုရရှိပြီးအဆင့်အတန်းမီတဲ့ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရန် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးတက်စေရေး၊ ပြည်ပပို့ကုန်ပစ္စည်းများ အရည်အသွေးမီမီ တိုးတက်ထုတ်လုပ်ပြီး ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး စတဲ့ အချက်တွေဟာ အဓိက နေရာကပါဝင်နေကြောင်း၊ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပုဂ္ဂလိက၊ လုပ်ငန်းရှင်၊ တောင်သူ၊ အဖွဲ့အစည်း၊ ကုမ္ပဏီစတာတွေကို ငွေကြေးအရင်းအနှီးချေးငှားခြင်း၊ နည်းပညာများ ပံ့ပိုးကူညီခြင်း၊ လုပ်ငန်းကျွမ်းကျင်သင်တန်းများ၊ နည်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ နိုင်ငံတကာအတွေ့အကြုံဗဟုသုတများ ရရှိအောင်ပြည်ပနိုင်ငံများသို့ ပညာတော်သင်များ၊ လေ့လာရေးခရီးစဉ်များစေလွှတ်ခြင်း၊ အလုပ်အကိုင်လုပ်ငန်းအတွေ့အကြုံနှင့် နည်းပညာများရရှိအောင် ပြည်ပလုပ်ငန်းရှင်၊ ကုမ္ပဏီများကိုဖိတ်ခေါ်၍ ဆွေးနွေးပွဲများ၊ သင်တန်းများရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်စေခြင်း စတဲ့ဆောင်ရွက်ပေးမှုများကိုသက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီပံ့ပိုးပေးနိုင်တာမှန်သမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ လုပ်ငန်းကဏ္ဍအလိုက်အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းကော်မတီ (Delivery Unit) များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာမှာ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီများမှ တာဝန်ယူဆောင်ရွက်လျှက်ရှိပါကြောင်း၊ ကချင်ပြည်နယ်ရဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ဖို့ ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်နေတဲ့ကုမ္ပဏီ၊ လုပ်ငန်းရှင်၊ အဖွဲ့အစည်းများလွယ်ကူအဆင်ပြေစွာလုပ်ငန်းဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာသင်တန်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များလွယ်ကူလျင်မြန်စွာ ရရှိစေရန်ပို့ကုန်သွင်းကုန်လိုင်စင်ရုံး (မြစ်ကြီးနား) ကို ဖွင့်လှစ်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာကျင်းပခဲ့တဲ့ မနောပွဲတော်မှာ ဒေသထွက်ကုန်ပစ္စည်းများ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိပြီး ပြည်ပပို့ကုန်အဖြစ်ထိုးဖောက်နိုင်ဖို့ ကုန်စည်ပြပွဲကျင်းပပြုလုပ်ခြင်းနှင့် ကုန်သွယ်မှုသတင်းအချက်များဖြန့်ဝေပြီးကုန်သည်လုပ်ငန်းရှင်များကို အကူအညီပေးနိုင်အောင်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး အောက်ထပ်မှာမနောမြေကုန်သွယ်မှု ဗဟိုဌာနကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း။ ဒါတွေဟာ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ဖို့မိမိတို့ဝန်ကြီးဌာနပိုင်းမှ ကူညီပံ့ပိုးနေတာတွေပဲဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်က ရက်လုပ်ထွက်ရှိတဲ့ ကချင်ရိုးရာအထည် ပစ္စည်းဟာ မြန်မာနိုင်ငံတစ်ဝန်း နာမည်ကြီးအထည်များ ဖြစ်ပါကြောင်း။ ယခု ဖွင့်လှစ်ပို့ချမယ့် သင်တန်းဟာလည်း ရိုးရာဒီဇိုင်းမျိုးစုံအပြင်ခေတ်မီဒီဇိုင်းပုံဆန်းများ၊ ပန်းချီဆေးရေးထည်များကို မိမိတို့တတ်နိုင်တဲ့ အရင်းအနှီးနဲ့ တစ်ပိုင်တစ်နိုင် အိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် ထုတ်လုပ်နိုင်အောင် သင်ကြားပို့ချသွားမှာဖြစ်လို့ သွင်းကုန်အစားထိုးလုပ်ငန်းဖြစ်သလို၊ မိမိတို့ကျွမ်းကျင်မှုအလိုက် မိသားစုဝင်ငွေ တိုးတက်စေမယ့်လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ အခုပို့ချမယ့် သင်တန်းမှာ အထည်ပန်းပုံရိုက်နှင့် ဆေးရေး နည်းအခြေခံပညာများအပြင် ကုန်သွယ် မှုမြှင့်တင်ရေးဦးစီးဌာနလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ နယ်စပ် ကုန်သွယ်ရေးပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ သမဝါယမဝန်ကြီးဌာနလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ သိစရာ မှတ်စရာဗဟုသုတရစရာများကိုလည်း သက်ဆိုင်ရာဌာနများမှ ဆွေးနွေးပို့ချသွားကြမှာ ဖြစ်ပါကြောင်း၊ ယခုသင်တန်းမှာ ရန်ပုံငွေအခြေအနေအရ လူဦးရေ ကန့်သတ်သင်ကြားပေးရတာဖြစ်လို့ သင်တန်းတက်ရောက်ခွင့် မရသူများရှိခဲ့ရင်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက် သွားမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားတဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေကြတဲ့ ဝန်ကြီးဌာနများရဲ့ စေတနာကိုအသိအမှတ်ပြုလေးစားတဲ့ အနေနဲ့ သင်တန်းသူ သင်တန်းသားများမှသင်တန်းကိုအချိန်ပြည့်စိတ်ပါဝင်စားစွာ တက်ရောက်ပြီး အသက်မွေးဝမ်းကျောင်းပညာတစ်ခုကို နည်းစနစ်မှန်ကန်စွာဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်မှာ လုပ်ကိုင်စားသောက်နိုင်သည်အထိ တတ်မြောက်အောင်လေ့လာသင်ယူကြပါလို့ဆန္ဒပြုကြောင်း နိဂုံးချုပ်ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ သင်တန်းပုံမှန်အချိန်များကို သင်ထောက်ကူပစ္စည်းများနှင့် သင်ကြားနိုင်ရေးအတွက် ရက်ကန်းနှင့် အသက်မွေးပညာကျောင်းတွင် ပို့ချသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

**(မောင်မောင်ခိုင် ) မြစ်ကြီးနား**

## မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းမှ ကြီးမှူးကျင်းပတဲ့ ထိုင်းကုန်စည်ပြပွဲ မန္တလေးမြို့တွင် ကျင်းပ



မြန်မာ-ထိုင်းချစ်ကြည်ရေး အသင်းမှကြီးမှူး၍ ထိုင်းကုန်စည်ပြပွဲ (မန္တလေး) ကို ဖေဖော်ဝါရီ ၂၀ ရက် မှ ၂၈ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်း ထောင့်ရတနာပုံ စူပါစင်တာမြေညီထပ်ရှိ Sky Walk Shoppingmall ပရိမိုးရှင်းဧရိယာတွင် ကျင်းပရာ ထိုင်းနိုင်ငံ မဲဟောင်ဆောင်ပြည်နယ် ကုန်သည်ကြီးများအသင်း အမှုဆောင်များ မယ်ဆိုင်မြို့ရှိကုန်သည်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်အားပေးကြသည်။

ထိုင်းကုန်စည်ပြပွဲတွင် ဘန်ကောက်စက်မှုဇုန်နှင့် မယ်ဟောင်ဆောင်ပြည်နယ်တို့မှ ထုတ်လုပ်သော မော်တော်ယာဉ်တာယာ၊ အလိုင်းခွေ အမျိုးမျိုး၊ စားသောက်ကုန်များ၊ အသားအရေထိန်းသိမ်းရေးအလှကုန် ပစ္စည်းများ၊ အဝတ်အထည်များ၊ ဖိနပ်အမျိုးမျိုး၊ ဖန်စီပစ္စည်းများ၊ သားရေထည်များ၊ ဆပ်ပြာများ၊ အား ဖြည့်အချိုရည်များ၊ ထိုင်းနိုင်ငံထုတ် တိုင်းရင်းဆေးများကို စက်ရုံများမှ ထိုင်းလူမျိုးများကိုယ်တိုင် မြန်မာ-ထိုင်း ချစ်ကြည်ရေး၊ ဈေးကွက်မိတ်ဆက်ရေးအစီအစဉ်ဖြင့် အထူးနှုန်းဖြင့် ရောင်းချပေးရာ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မြန်မာ-ဂျပန်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာန၏ အရင်းအနှီးဈေးကွက်နှင့် စတော့ဈေးကွက်သင်တန်း ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာနက ကြီးမှူးဖွင့်လှစ်သော အရင်းအနှီး ဈေးကွက်နှင့် စတော့ဈေးကွက် သင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီ က မန္တလေးမြို့ချမ်းအေး သာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းခန်းမတွင် ကျင်းပရာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းကအဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဗဟိုဌာနမှ တာဝန်ရှိသူက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းမိတ်ဆက်သည်။ ဆက်လက်၍ Asian Business Development မှ ဒါရိုက်တာ Akifumi Nakanishiက အရင်းအနှီးဈေးကွက် အခန်းကဏ္ဍ၊ အာဆီယံနိုင်ငံများ၏ အရင်းအနှီးဈေးကွက်၊ မြန်မာနိုင်ငံတွင် စတော့ဈေးကွက်ကိုစတင်ထူထောင်ခြင်း တို့ကိုဟောပြောပို့ချပြီး သိရှိလိုသည် များကို ပြန်လည်ဖြေကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကန့်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးမှ ယမန်နှစ်ကာလတူထက် ဖေဖော်ဝါရီလကုန်သွယ်မှုပိုမို

မြန်မာတရုတ်နယ်စပ်ရှိ ကန့်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းဟာ ဖေဖော်ဝါရီလမှာ ပို့ကုန် ကန်ဒေါ်လာ ၁ဒသမ ၀၃၀ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၇ ဒသမ ၃၀၅သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၈ဒသမ ၃၃၅ သန်းဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁ဒသမ ၇၅၆ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

နှစ်သစ်ကူးကာလနဲ့တိုက်ဆိုင်နေတဲ့အတွက် အနီးစပ်ဆုံးကာလဖြစ်တဲ့ဇန်နဝါရီလထက် ကုန်သွယ်မှုပမာဏ ၁ဒသမ ၁၃၀ သန်းလျော့နည်းခဲ့သော်လည်း ယမန်နှစ်ကာလတူနဲ့နှိုင်းယှဉ်လျှင်တော့ ကုန်သွယ်မှု ပမာဏ ၆ ဒသမ၀၂၄သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူထက်ပြောင်းတင်ပို့မှု အနည်းငယ်လျော့နည်းခဲ့သော်လည်း တစ်သျှူးငှက်ပျောပိုမိုတင်ပို့နိုင်ခဲ့လို့ ပိုမိုတင်ပို့နိုင်ခဲ့သလို သွင်းကုန်ပိုင်းမှာလည်း ဘိလပ်မြေ၊ မော်တော်ဆိုင်ကယ်၊ ယာဉ်ယန္တရားများနဲ့ဆောက်လုပ်ရေး ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက် ကာလတူထက်ကုန်သွယ်မှုပိုမိုခဲ့တာလို့သိရပါတယ်။

ကန့်ပိုက်တီးနယ်စပ်မှ တစ်ဦးချင်းကုန်သွယ်ခွင့်လက်မှတ် ITC ကတ်အသုံးပြုပြီးပို့ကုန်အနေနဲ့ ပြောင်းဖူးစေ့တင်ပို့မှုရှိပြီး သွင်းကုန်အနေနဲ့ အိမ်ရိုက်သံ၊ သံပိုက်၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်း၊ ချည်၊ ပီနန်စ၊ ရေအိမ်သုံးစက္ကူ၊ တာယာ၊ပန်းသီး၊ အဝတ်အထည်များ၊စောင်ကြမ်း၊ဓာတ် ဘူးစသည်တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**MIRT ( DCCA)**

# မကွေးပူရပြည်နယ်အစိုးရအဖွဲ့မှ စက်မှုနှင့် ကုန်သွယ်ရေးကော်မရှင်နာနဲ့အဖွဲ့ တမူးနယ်စပ်ကုန်သွယ်ရေးသို့လာရောက်

မဏိပူရပြည်နယ်အစိုးရအဖွဲ့မှ စက်မှုနှင့် ကုန်သွယ်ရေးကော်မရှင်နာ Vivek Kumar Dewangan ဦးဆောင်သော ကိုယ်စားလှယ် ၁၀ ဦးပါ အဖွဲ့သည် မတ်လ ၁ ရက်နေ့ နေ့လယ် ၁နာရီခွဲ အချိန်တွင် တမူးနယ်စပ်ကုန်သွယ် ရေးစခန်းသို့ ရောက်ရှိလာပြီး OSS အဖွဲ့ ဌာနတာဝန်ခံများ၊ နယ်စပ်ကုန်သည် ကြီးများအသင်းမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံပွဲတွင် မဏိပူရပြည်နယ်၊ စက်မှုနှင့် ကုန်သွယ်ရေးကော်မရှင်နာက နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုရေးနယ်စပ်သို့ လာရောက်လေ့လာရင်း ၎င်းတို့ဘက်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Integrated Check Point (ICP)ဌာနစုံပါဝင်သည့် စစ်ဆေးရေးစခန်း တည်ဆောက်နေမှုကို လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ မိုရေးနယ်စပ်တွင် FDA ရုံးတည်ဆောက်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လစဉ်နှစ်နိုင်ငံ ခရိုင်အဆင့်ဌာနဆိုင်ရာများဖြင့် ကုန်သွယ်ရေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်လိုကြောင်းနှင့် မိုရေးနယ်စပ်တွင် တရားမဝင်ကုန်သွယ်မှုများ ပပျောက်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စခန်းတာဝန်ခံက မိုရေးနယ်စပ်ရှိ အိန္ဒိယအကောက်ခွန်ဌာန၏ ဂိုထောင်မှာ တန် ၂၀၀ ခန့်သာဆံ့သဖြင့် ထပ်မံတိုးချဲ့ဆောက်လုပ်ရန်လိုအပ်လျက်ရှိကြောင်း၊ မိုရေး-အင်ဖာကုန်သွယ်မှုလမ်းကြောင်းမှာ မကြာခဏပိတ်ဆို့နေသည့်အတွက် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုတိုးတက်ရေးတို့အတွက် များစွာထိခိုက်မှုများ ရှိနေသဖြင့် ကုန်သွယ်မှုလမ်းကြောင်းအား ပုံမှန်သွားလာနိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ လစဉ်နှစ်နိုင်ငံ ခရိုင်အဆင့်ဌာနများအနေဖြင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန်အတွက် အထက်ဌာနသို့တင်ပြပေးမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်လူဝင်/လူထွက်အား Border Pass (BP) ၊ Temporary Border Pass (TBP) စနစ်ဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပါသည်။

မဏိပူရပြည်နယ်၊ စက်မှုနှင့်ကုန်သွယ်ရေးကော်မရှင်နာနှင့် အဖွဲ့သည် နေ့လယ် ၂ နာရီ ၁၀ မိနစ် အချိန်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

**နေထက်မင်း (တမူး)**

# ဩဂဲနစ်သဘာဝမြေဩဇာဖြင့် စိုက်ပျိုးသည့်တစ်သျှူးငှက်ပျောများအရည်အသွေး ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်

ကန့်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းမှ အဓိကပို့ကုန်များမှာ တစ်သျှူးငှက်ပျော၊ အစေ့ထုတ်ပြောင်းနဲ့ ဆန်တို့ဖြစ်ပါတယ်။ လာမယ့်မတ်လတွင် ဆောင်းပြောင်းများစတင်တင်ပို့နိုင်တော့မှာဖြစ်ကြောင်း၊ လက်ရှိကန့်ပိုက်တီးနယ်စပ်စခန်းအတွက် တရုတ်နိုင်ငံမှ အစေ့ထုတ်ပြောင်း တန်ချိန် ၅၀၀၀ အား ခွဲတမ်းခွင့်ပြုချက်ရရှိထားပြီး ကချင်ပြည်နယ်နယ်စပ်ကုန်သည်ကြီးများအသင်းနဲ့ တစ်ဖက်တရုတ်ကုန်သည်တို့ တရားဝင်တင်ပို့နိုင်ရေး သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း၊ ပြောင်းတင်ပို့မယ့်ကုန်သည်လုပ်ငန်းရှင်များ မိမိတို့တင်ပို့မယ့် အစေ့ထုတ်ပြောင်းများတင်ပို့ရန် အခက်အခဲရှိပါက ကချင်ပြည်နယ်ကုန်သည်ကြီးများအသင်းနဲ့ ချိတ်ဆက်၍ တင်ပို့နိုင်ရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကန့်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းရဲ့ဖေဖော်ဝါရီလ ၂၄ရက်နေ့မှာ ပြုလုပ်တဲ့ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံဦးဇော်ဝမ်း (လက်ထောက်ညွှန်ကြားရေးမှူး)က ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဆက်လက်ပြီး စခန်းတာဝန်ခံက အဓိကပို့ကုန် တစ်သျှူးငှက်ပျောကိုလည်း ဘိန်းအစားထိုးသီးနှံအဖြစ် တရုတ်နိုင်ငံမှဝယ်ယူခြင်းဖြစ်ပြီး၊ ဩဂဲနစ်သဘာဝမြေဩဇာနဲ့ စိုက်ပျိုးထားခြင်းဖြစ်ရာ ထွက်သမျှကို တရုတ်နိုင်ငံမှ ဝယ်ယူမှုရှိနေသည်ကို တွေ့ရှိရကြောင်း၊ ဒါကြောင့် ရရှိပြီးဈေးကွက်နဲ့ ပို့ကုန်အရည်အသွေး မကျဆင်းရေးအတွက် အရည်အသွေးကို ဆက်လက်ထိန်းသိမ်းထားပြီး ဓါတ်မြေဩဇာများ မသုံးကြစေလိုကြောင်း၊ ငှက်ပျောစိုက်လုပ်ငန်းရှင်များအား အသိပညာပေးဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိတွင် ဝိုင်းမော်မြို့နယ်အတွင်း စိုက်ဧကပေါင်း ၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး နှစ်စဉ်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနေသည်ကို တွေ့ရှိရကြောင်း၊ တစ်သျှူးငှက်ပျောပို့ကုန်များ အောင်မြင်သကဲ့သို့ အစေ့ထုတ်ပြောင်းကိုလည်း တစ်ဖက်နိုင်ငံမှ ကြိုက်နှစ်သက်အောင် အရည်အသွေးကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ပြီး ပို့ကုန်တိုးတက်ရေးကြိုးစားကြစေလိုကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ဖေဖော်ဝါရီလအတွင်းရေထွက်ကုန် တန် ၉၀၀ကျော်တင်ပို့

ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်းဖိုးရှိတဲ့ ရေထွက်ကုန် ၁၂၉ တန်ကျော်ကိုတင်ပို့ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ အမယ်တွေကတော့ ပုစွန် ၁၀ တန်၊ ငါးကုန်းညှိခြောက် တန်၃၀၊ ငါးစုံလေးခြောက် ၈၄ တန်နဲ့ကဏန်း ၅ တန် ဖြစ်ပါတယ်။ပုစွန်ကို တစ်ဖက်နိုင်ငံမှ ပြန်လည်လက်ခံတဲ့အတွက် တင်ပို့နိုင်တာဖြစ်ပြီး ကဏန်းကို ယခုတစ်ပတ်မှတင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်က ရေထွက်ကုန် ၄၂၈ တန်တင်ပို့နိုင်ခဲ့တဲ့တွက် ယခုတစ်ပတ်မှာ ၂၉၉ တန်ခန့်လျော့နည်းခဲ့ပါတယ်။

စစ်တွေနယ်စပ်မှ ယခုရက်သတ္တပတ်မှာ ရေချိုငါးတင်ပို့မှုမရှိခဲ့ပါဘူး၊ ယခင်တစ်ပတ်ကတော့ ငါးမြစ်ချင်းနဲ့ ငါးခေါင်းပွတန် ၇၀ ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ဧရာဝတီတိုင်းမှထွက်တဲ့ ရေချိုငါးကို စစ်တွေမှ တစ်ဆင့်တစ်ဖက်နိုင်ငံကိုတင်ပို့တာဖြစ်ပြီး ယခုအခါမှာ ရေချိုငါးကိုပြည်တွင်းစားသုံးမှုမြင့်မားလာတာကတစ်ကြောင်း၊လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး နေရာအနှံ့ဖြန့်ချိနိုင်တာကြောင့် ရေချိုငါးများ ဈေးကောင်း ရရှိနေပါတယ်။“ငါးဈေးကလည်းကောင်းနေတယ်။ပြည်ပပို့ဖို့ထက် ပြည်တွင်းစားသုံးမှုကိုဖြည့် ပေးနေရတယ်။ အခုလက်ရှိငါးစားသုံးမှုမြင့်မားလာတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး နေရာတိုင်းကိုပို့နိုင်လို့ ရေချိုငါးဈေးကောင်းရနေတယ်”လို့ဧရာဝတီတိုင်းမှငါးမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးကပြောပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တစ်ခုလုံးမှ ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ သုည ဒသမ၅၄၃ သန်း ဖိုးရှိရေထွက်ကုန် ၉၀၈ တန်ကျော်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးဇန်နဝါရီလမှာတော့ တန် ၉၁၀ တင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး MIRT (DCCA)**

# ကုန်သွယ်မှုလုပ်ငန်းများအား တရားဝင်လမ်းကြောင်းပေါ်မှ မှန်မှန်ကန်ကန် ဆောင်ရွက်သွားရန်လိုအပ်

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(တမူး)အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင်ကျင်းပခဲ့ရာ အစည်းအဝေးသို့ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန (တမူး) OSS ဌာနတာဝန်ခံများ၊ FDA ရုံးခွဲ၊ ကလေး-တမူး-ကလေးဝ နယ်စပ်ကုန်သွယ်ရေးကုန်သည်ကြီးများအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ITCလုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းဂိတ် တာဝန်ခံများ အပါအဝင် စုစုပေါင်း ၃၉ ဦးတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလ၏ ကုန်သွယ်မှု လျာထားချက်မှာ ဒေါ်လာသန်းပေါင်း ၂ ဒသမ ၈၃၉ ဖြစ်ပြီး ဖေဖော်ဝါရီလ ၁ရက်မှ ၂၅ ရက်နေ့ထိ ဒေါ်လာသန်းပေါင်း ၃ ဒသမ ၀၈၈ ဖြစ်၍ လျာထားချက်အပေါ် ၁၀၈ ဒသမ ၇၇ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း အနီးစပ်ဆုံး ဇန်နဝါရီလတွင် ဒေါ်လာသန်းပေါင်း ၃ ဒသမ ၆၄၁ ဆောင်ရွက်နိုင်ခဲ့သဖြင့် အနီးစပ်ဆုံး ဇန်နဝါရီလ၏ ဆောင်ရွက်နိုင်မှုပမာဏအထိ ရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ ပို့ကုန်ပစ္စည်းများ မိမိဘက်တွင် ဈေးကွက်ဖြစ်ပေါ်ရေး၊ ဈေးကွက်အသာစီးရရှိရေး၊ကြိုက်ဈေးဖြင့်ထိန်းချုပ်ရောင်းချနိုင်ရေးအတွက်ဂိတ်(၁) အနီးရှိ ယာယီသိုလှောင်ရုံများနေရာတွင် ကုန်စည်ဒိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရန်နှင့် ကုန်သွယ်လုပ်ငန်းများအား တရားဝင်လမ်းကြောင်းပေါ်မှမှန်မှန်ကန်ကန်ဆောင်ရွက်သွားရန် အချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြတယ်လို့သတင်းရရှိပါသည်။

**နေထက်မင်း(တမူး)**

# ညောင်ခါးရှည်ရှောင်ကွင်းလမ်းမှ လိုက်ထရပ်ယာဉ်နှစ်စီးပေါ်မှ ကွမ်းစားဆေးများ စစ်ဆေးတွေ့ရှိ

မတ်လ ၃ ရက်နေ့ ၀၀း၄၅ ချိန် ဝေါမြို့နယ်လုံခြုံရေးတာဝန်ထမ်းဆောင်နေသော အဖွဲ့လှည့်လည် စစ်ဆေးနေစဉ် အဗျား-စစ်တောင်းတံတားသစ်ကြားအရောက်မှာ စစ်တောင်းတံတားသစ်မှ ရန်ကုန်ဖက်သို့ထွက်ခွာသွားသော လိုက်ထရပ်ယာဉ်နှစ်စီးညောင်ခါးရှည်ရွာဘက်သို့ ဝင်ရောက် သွားကြောင်းလရ ၂ သို့ သတင်းပေးပို့တဲ့အတွက် မိုဘိုင်းတင်းမှလက်ထောက်ညွှန်ကြားရေးမှူးဦးစီးတဲ့ အဖွဲ့ဟာ အဗျားဘက်မှ ညောင်ခါးရှည်-လက်ပံသုံးပင်-ပန်းပဲစု-ဘုရားပျို-အဗျား ရှောင်ကွင်းလမ်းအားပိတ်ဆို့တားဆီးရန် ည ၂ နာရီ မိနစ် ၂၀အချိန်တွင် စေလွှတ်ခဲ့ရာမှာ အဗျားရွာလယ်နောက်ကွင်းလမ်းအတိုင်းဝင်ရောက်စဉ် လိုက်ထရပ်ယာဉ်နှစ်စီးမှ ယာဉ်မောင်းများ ကိုယ်လွတ်ရုန်းထွက်ပြေးသွားခဲ့ကြပါတယ်။ ယာဉ်အား စစ်တောင်းတံတားသစ်တံတားဟောင်းလမ်းဆုံသို့ဆွဲယူပြီး အသေးစိတ် ဖွင့်ဖောက်စစ်ဆေးရာမှာတော့ ကွမ်းစား ဆေးများကို ယာဉ်တစ်စီးချင်းအလိုက် ၁၄၄ တာနဲ့၁ ၄၆တာ တွေ့ရှိခဲ့တယ်လို့ သိရပါတယ်။

ဖွဲ့စည်းပုံမှာတော့၁တာလျှင်(၅၀ဂရမ်x၁၀ဘူးx၃၀)ပါကင်ပါတာများဖြစ်ပြီး ကုန်အမှတ်တံဆိပ်ကတော့ “TOBACCO” လို့ ရှေ့ပြေးသတင်းရရှိပါတယ်။

**DCCA**

# တရားမဝင်ဆေးများသယ်ဆောင်ခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်နေ

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကွပ်ကဲမှုအောက်ရှိ Mobile Team အဖွဲ့များ (ရန်ကုန်ဆိပ်ကမ်းနယ်မြေ) အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက တရားမဝင်၊ အရည်အသွေးမမှန်၊ သက်တမ်းလွန်ဆေးဝါးများတင်သွင်းသယ်ဆောင်မှုများရှိနေကြောင်း၊ ပြည်တွင်းဆေးဝါးဈေးကွက်သို့ ထိုင်း၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ် အိန္ဒိယစတဲ့ အိမ်နီးချင်းနိုင်ငံများမှ ဆေးဝါးနဲ့ဆေးဝါးသုံးကိရိယာများဝင်ရောက်လျက် ရှိနေပြီး ပြည်ပနိုင်ငံများက ဝင်ရောက်လာတဲ့ ဆေးဝါးများအပေါ် အမှီပြုသုံးစွဲနေရမှုမှာ ၉၈ ရာခိုင်နှုန်းမျှရှိနေပြီး ပြည်ပဆေးဝါးကုမ္ပဏီများအတွက် ဈေးကွက်ကြီးတစ်ခုဖြစ်ကြောင်း သုံးသပ်ထားပါတယ်။

တရားဝင်လမ်းကြောင်းထက် တရားမဝင်လမ်းကြောင်းမှ ဝင်ရောက်မှုများ ပိုမိုများပြားလျက်ရှိကြောင်း၊ ပြည်တွင်း၌ ဆေးဝါးလိုအပ်ချက်အပေါ် အခွင့်ကောင်းယူ၍ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဆေးဝါးအတုမျိုးစုံနဲ့ အရည်အသွေးမမှန်သက်တမ်းလွန်ဆေးဝါးများကို တရားမဝင်နည်းလမ်းများနဲ့ ဈေးကွက်အတွင်း၌ တရားဝင်ဆေးဝါးများနဲ့ ရောနှောရောင်းချလျက်ရှိကြောင်း၊ နယ်စပ်စခန်းများ၊ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသောဆေးဝါးအများစုအနေနဲ့ အရည်အသွေးလျော့နည်းမှု၊ မမှန်ကန်မှု၊ သက်တမ်းလွန်ဆေးဝါးအတုများ ဖြစ်လေ့ရှိပြီး ဆေးဝါးသုံးစွဲမိတဲ့အတွက် စားသုံးသူတွေရဲ့ကျန်းမာရေးကို ပိုမိုဆိုးရွားထိခိုက်စေကြောင်း သိရှိနေရတဲ့အတွက် ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ တရားမဝင်ဆေးများသယ်ဆောင်မှုမပြုလုပ်ကြရန်နဲ့ မိမိတို့နဲ့ ပူးပေါင်းပြီး တရားမဝင်သယ်ဆောင်မှုများကိုဖော်ထုတ်တားဆီးပေးရန် ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေး စခန်း၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင်က ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**တိမ်ကင်းစင်**

# ကျပ် ၅၄ သိန်းကျော်တန်ဖိုးရှိ အကောက်ခွန်မဲ့ အလှကုန်ပစ္စည်းများ သိမ်းဆည်းရမိ

အေးရှားဝေါလ်တိုးဂိတ်အနီးမှာ ယာယီအခြေပြု၍ စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးတာဝန်ထမ်းဆောင်နေသော လရ-၁ အဖွဲ့ဟာ ပရိုဘောက်စ် EE/xxxx နဲ့ 4F/xxxx နှစ်စီးပေါ်မှ ကျပ် ၅၄ ဒသမ ၇၉၀ သိန်းတန်ဖိုးရှိ အလှကုန်ပစ္စည်းမျိုးစုံ (L'oreal မျက်တောင်ကော့ဆေး၊ Heng Feng Brand Lipstick၊ Shampoo၊ Nutrition Hair Dressing၊ ဆံပင်ဆိုးဆေး၊ Makeup Kit၊ Cosmetic powder) ကို သိမ်းဆည်းရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**DCCA**

## ရှောင်ကွင်းလမ်းဘေး စုပုံထားတဲ့ ကျွန်းတံခါးချပ်များ

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ က Mobile Team လရ-၁ အဖွဲ့ဟာ ရှောင်ကွင်းလမ်းအား လှည့်လည်စစ်ဆေးစဉ် ရှောင်ကွင်းလမ်းဘေး တစ်နေရာမှာ စုပုံထားတဲ့ ကျွန်းသစ်နဲ့ ပြုလုပ်ထားတယ်လို့ ယူဆရတဲ့ တံခါးချပ်ကြီး ၆ ချပ်၊ အသေး ၉ ချပ်၊ သစ်ပြားအတို/အရှည် ၁၈ ချပ်၊ ပွတ်လုံးတိုင် ၂ တိုင်တို့ကို သိမ်းဆည်းရမိခဲ့တဲ့အတွက် အကောက်ခွန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ပြီး မြို့နယ်သစ်တောဦးစီးဌာနသို့ အပ်နှံသွားမယ်လို့ ရှေ့ပြေးသတင်းများရရှိထားပါတယ်။

**DCCA**

# စစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးယာဉ်အား တားဆီးရာတမလန်းလို့ ယူဆရတဲ့ သစ်တုံးများသိမ်းဆည်းရမိ

မန္တလေး-မူဆယ်ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှုနဲ့ စားသုံးသူ အကာအကွယ်ပေးရေး တာဝန်ထမ်းဆောင်နေသော Mobile Team လရ-၁အဖွဲ့သို့ မတ်လ ၂ ရက်နေ့ ၁၉ း ၃၀ ချိန်မှာ တိုယိုတာကရောင်းအမျိုးအစားယာဉ်ငယ်တစ်စီးဟာ စစ်ဆေးရေးဂိတ်သို့ စစ်ဆေးခံရန် ဝင်ရောက်လာပြီး အဖွဲ့မှ စစ်ဆေးမည်ပြုစဉ် မောင်းနှင်ထွက်ပြေးသွားခဲ့တဲ့အတွက် လိုက်လံဖမ်းဆီးရာမှာ ရပ်တန့်ခြင်းမရှိတာကြောင့် နယ်မြေခံရဲတပ်ဖွဲ့ (ဂုတ်တွင်း) သို့ ဆက်သွယ်သတင်းပေးပို့ ပူးပေါင်းပိတ်ဆို့မှု ဆောင်ရွက်ခဲ့ရပါတယ်။ ၎င်းယာဉ်မှာ ဂုတ်တွင်းမရောက်မီနောက်ကြောင်း ပြန်လှည့်မောင်းနှင်ထွက်ပြေးလာပြီး ယခင်မူးယစ်အထူးတပ်ဖွဲ့ စစ်ဆေးရေးဂိတ်အနီး ကားများရေဆေးတဲ့နေရာမှာ ယာဉ်ကိုရပ်ထားပြီး ယာဉ်ပေါ်ပါလူများထွက်ပြေး တိမ်းရှောင်သွားကြပါတယ်။ ယာဉ်အား အသေးစိတ်စစ်ဆေးရာမှာ တမလန်းလို့ ယူဆရတဲ့သစ်တုံး ၁၁ တုံးအား ယာဉ်နဲ့အတူ သိမ်းဆည်းရမိခဲ့ပြီး သစ်များအား မြို့နယ်သစ်တောဦးစီးဌာနသို့လည်းကောင်း၊ ယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့် အပ်နှံသွားမယ်လို့ ရှေးပြေးသတင်းရရှိခဲ့ပါတယ်။

**DCCA**

■

# ဝေ့ရဲဂိတ်အလွန်ကားလမ်းနံဘေးက လီယိုဘီယာများတွေ့

မတ်လ ၃ ရက်နေ့ ၀၆း၁၀ချိန်မှာ သတင်းအရတာချီလိတ် မိုဘိုင်းတင်းမှဒုဦးစီးမှူးဦးစီးသော အဖွဲ့သွားရောက်စစ်ဆေးရာမှာ ဝေ့ရဲဂိတ်အလွန်ကားရေဆေးခုံအနီး မိုးဆတ်သို့ပို့ဆောင်ရန်လမ်းဘေးမှာ အသင့်စုပုံထားသော Leo Beer ဖာများကိုတွေ့ရှိခဲ့ရတဲ့အတွက် သိမ်းဆည်းခဲ့ကြောင်းနှင့်ဖွင့်ဖောက် စစ်ဆေးပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီဆက်လက် လုပ်ဆောင်သွားမယ်လို့သတင်းရရှိပါတယ်။

**DCCA**

# ဖရဲသီးယာဉ်များနှင့်တစ်မျိုး ကုန်မျိုးစုံများနှင့် ဖုံးအုပ်၍ တစ်သွယ်၊ ကြမ်းခင်းနှစ်ထပ်ပြုလုပ်သိုဝှက်၍တစ်နည်း သစ်မျိုးစုံကိုသယ်ယူနေ

ဖေဖော်ဝါရီလ ၁၃ ရက်မှ ၂၆ ရက်ထိကာလအတွင်းမှာ မန္တလေး-မူဆယ်ကုန်သွယ်မှု လမ်းကြောင်း နောင်ချို အေးရှားဝေါတိုးဂိတ် အနီး စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင် ကုန်သွယ်မှုတားဆီးရေး တာဝန်ထမ်းဆောင်နေသော Mobile Team လရ-၁ အဖွဲ့ဟာ ဖရဲသီးများအောက်မှာ သိုဝှက်သယ်ဆောင်ထားတဲ့ တမလန်းသစ်လုံး ၂၄ လုံး နဲ့ ၄၃ တုံးကို ခြောက်ဘီး နစ်ဆန်းဒီဇယ်ယာဉ်နဲ့ ၁၀ ဘီးယာဉ်များပေါ်မှလည်းကောင်း၊ မစ်ဆူဘီရှီကင်တာပေါ်မှာ ကုန်စုံများနဲ့ဖုံးအုပ်သယ်ဆောင်ထားတဲ့ တမလန်းလို့ ယူရဆတဲ့ ပရိဘောဂ ၂ ထုပ်၊ ကျွန်းဟုယူဆရသော တံခါးချပ် ၃၆ ချပ်နဲ့ လိုက်ထရပ်ယာဉ်ပေါ်မှာ ကြမ်းခင်းနှစ်ထပ်ပြုလုပ်သိုဝှက် သယ်ဆောင်လာတဲ့ ပိတောက်ခွဲသား ၁၈ တုံးကို သိမ်းဆည်းရမိခဲ့တယ်လို့သတင်းရရှိပါတယ်။

**DCCA**

# FDAထောက်ခံချက်မပါရှိတဲ့ တစ်ဖက်နိုင်ငံထုတ်ကြက်အူချောင်းများသိမ်းဆည်းရမိ

နောင်ချိုမြို့ အေးရှားဝေါ တိုးဂိတ်အနီးအခြေပြုတဲ့ Mobile Team (လရ-၁)အဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မူဆယ်မှမန္တလေးသို့မောင်းနှင်လာပြီး ဝင်ရောက်စစ်ဆေးခံတဲ့ ခရီးသည်တင်ယာဉ်အား စစ်ဆေးရာယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာတဲ့FDA ထောက်ခံချက်မပါရှိတဲ့ တစ်ဖက်နိုင်ငံထုတ် အကောက်ခွန်မဲ့ကြက်အူချောင်းများကို သိမ်းဆည်းရမိခဲ့ပါတယ်။ အလားတူ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်လည်း မတ်တူးယာဉ်ပေါ်မှ တစ်ဖက်နိုင်ငံထုတ် အကောက်ခွန်မဲ့ ကြက်အူချောင်းများကို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိကြက်အူချောင်းများကို အကောက်ခွန်အမှုတွဲဖွင့်လှစ်ကာစားသုံးရန်မသင့်တဲ့အတွက် အဖွဲ့စုံဖြင့် မီးရှို့ဖျက်ဆီးမယ်လို့သိရပါတယ်။

# တရားမဝင်သယ်ဆောင်လာတဲ့ ထွန်စက်နှစ်စီး ကိုတားဆီးနိုင်

မူဆယ်-မန္တလေးကုန်သွယ်မှုလမ်းကြောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဖေဖော်ဝါရီ ၂၆ ရက် က ထွန်စက်နှစ်စီးတင်ဆောင်လာတဲ့ ၁၂ ဘီးယာဉ် ၆ခ/xxxx ဝင်ရောက်စစ်ဆေးခံရာမှာ ကျောက်မဲမြို့ စက်မှုလယ်ယာမှ ထွန်စက်နှစ်စီးအား ပြင်ဆင်ရန် မန္တလေးမြို့သို့ သယ်ဆောင်လာခြင်းအား ဖြတ်သန်းသယ်ယူခွင့်တင်ပြလာပါတယ်။ ယာဉ်မောင်းနဲ့ ယာဉ်ပေါ်လိုက်ပါလာသူများအား စာရွက်စာတမ်း အထောက်အထားများတောင်းခံခြင်း၊ အခြေအနေကို မေးမြန်းခြင်းတို့ပြုလုပ်ရာမှာတော့ စာရွက်စာတမ်းအထောက်အထားပြသနိုင်မှုမရှိတဲ့အပြင် စက်မှုလယ်ယာဦးစီးဌာနပိုင်မဟုတ်ဘဲ မူဆယ် မော်တောင်းရွာအနီးမှ အခကြေးငွေရယူပြီး တရားမဝင် သယ်ဆောင်လာတယ်ဆိုတာ ဖော်ထုတ်ရရှိခဲ့ပါတယ်။ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်စဉ် ယာဉ်မောင်းနဲ့ ယာဉ်ပေါ်လိုက်လာသူတို့မှာ ထွက်ပြေးတိမ်းရှောင်သွား ကြသဖြင့် လိမ်လည်ပြီး ဖြတ်သန်းရန် ကြိုးပမ်းခဲ့တဲ့ ထွန်စက်နှစ်စီးနဲ့ တင်ဆောင်လာတဲ့ ၁၂ ဘီးယာဉ်တို့အား လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲဖွင့်အရေးယူရန် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လယ်ထွန်စက် တစ်စီးရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၁၂၀ ဖြစ်ပြီး ၁၂ ဘီးယာဉ်တစ်စီးရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၃၂၀ ဖြစ်တဲ့အတွက် စုစုပေါင်းတားဆီးရမိ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၅၆၀ ဖြစ်ပါတယ်။

**DCCA**

Vol: 15, No.10 Monday March 9 2015

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ

ဒေါက်တာမောင်အောင်



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီးဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်သည်။ မတည်ငြိမ်၊ မအေးချမ်းသမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်နိုင်မည်မဟုတ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုကိုသာ ဦးစားပေးဆောင် ရွက်ရမည်ဖြစ်သည်။ ထို့အတူ တည်ငြိမ်မှု မရှိခြင်းက အသစ်ဝင်ရောက်လာမည့် နိုင်ငံတကာလုပ်ငန်းကြီးများကို ဟန့်တားနေသလို လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေကြသည့် FDI လုပ်ငန်း ကြီးများကိုလည်း ဆောင်ရွက်နိုင်မှု မရှိအောင် အဟန့်အတားဖြစ်စေနိုင်သောကြောင့် ပြန်လည်ထွက်ခွာသွားအောင် ဖန်တီးသလိုဖြစ်သည်။ ကွင်းဆက်အနေဖြင့် ထောင်နှင့်ချီသော မြန်မာလုပ်သားများ အလုပ်လက်မဲ့ဘဝကျရောက်မည်ဖြစ်ပြီး၊ ၎င်းတို့ကို မှီခိုနေရသည့် မိသားစုဝင်များ ဒုက္ခရောက်မည်ဖြစ်သည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ၎င်းတို့အတွက် အဘက်ဘက်မှ အာမခံချက်ရှိသည့် အခြားနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်ကြမည်ဖြစ်ပြီး၊ လုံခြုံမှုမရှိသည့် မြန်မာနိုင်ငံသို့ နောက်ထပ်လာရောက်ရင်းနှီးတော့မည် မဟုတ်သလို အခြားလုပ်ငန်းရှင်များကိုလည်း သွားရောက်ရင်းနှီးလိုမှုကို ဟန့်တားမည်ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှု နောက် ကျနေသည့် နိုင်ငံများအတွက် အမြန်ဆုံးစီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်သည့် လမ်းစဉ်မှာ နိုင်ငံတကာလုပ်ငန်းကြီးများကို ပိုမိုဖိတ်ခေါ်ပြီး၊ ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ပြည်တွင်းထုတ်ကုန်တန်ဖိုး သိသိသာသာတိုးမြှင့်ပေးမည်ဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း အများအပြားဖော်ဆောင်ပေးသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဆင်းရဲမှုလျှော့ချရေးအတွက်ပါ အထူးအရေးပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအနက် ဖွံ့ဖြိုးမှုအနိမ့်ဆုံးအခြေအနေဖြစ်သောကြောင့် LDC အဆင့်မှ လွတ်မြောက်ရန် အထူးကြိုးစားနေရသည့်ကာလဖြစ်သည်။ အစိုးရသစ်ကာလအတွင်း အဘက်ဘက်မှ ပြုပြင်ပြောင်းလဲမှုများကြောင့် ပွင့်လင်းလာသည့် မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်လိုသည့် နိုင်ငံခြားလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများ ပိုမိုဝင်ရောက်လာမှုကြောင့် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ဖွံ့ဖြိုးမှုအလားအလာ အကောင်းဆုံးအနေအထားရှိနေပြီဖြစ်သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများ (လောက်ကိုင် ကိုးကန့် နယ်စပ်စစ်ပွဲ၊ ကျောင်းသားသပိတ်နှင့် အလုပ်သမားသပိတ်) သည် လက်ရှိကာလများအတွင်း တက်ရိပ်ပြနေသည့် စီးပွားရေးတိုးတက်မှုကို ခြိမ်းခြောက်နေသည့်အပြင် စီးပွားရေးကျဆင်းမှု (Economic Recession) ကိုပါ ဖြစ်ပေါ်နိုင်စေမည်ဖြစ်၍ အန္တရာယ်ကြီးမားပေသည်။

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း အပြိုင်အဆိုင်ကြိုးပမ်းကြသည်မှာ စီးပွားရေးတိုးတက်မှုပင်ဖြစ်သည်။ စီးပွားရေး နောက်ကျလျှင် အဘက်ဘက်မှ နောက်ကျစမြဲဖြစ်သည်။ ထို့အတွက် လည်း ၂၁ ရာစု ဖွံ့ဖြိုးဆဲနိုင်ငံများ အမြန် ဆုံးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာလုပ်ငန်းကြီးများလာရောက် ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်မှုရှိသည့် ဥပဒေများ၊ အကာအကွယ်ပေးမှုများနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ပိုမိုဖော်ဆောင်ရေးကို ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းက အထူးကြိုးစားနေသည့်ကာလလည်းဖြစ်သည်။ အင်အားကြီးမားသည့် FDI လုပ်ငန်းကြီးများလာမှသာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်မှုအတွက် အဓိကလိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်ရနိုင်မှုတို့ကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ ထို့ အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှု အလားအလာကြည့်မည်ဆိုလျှင် အဆိုပါ နိုင်ငံတွင် နိုင်ငံတကာလုပ်ငန်းကြီးများ မည်မျှလာရောက်ရင်းနှီးလုပ်ကိုင်နေသည်။ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် မည်မျှထိထိစပ်စပ် ပေါင်းစည်းနိုင်သည်ဟူသော အချက်များပေါ် မူတည်နေသည်ကို တွေ့ရှိရပေသည်။ တစ်နည်းအားဖြင့်ဆိုသော် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global Supply Chain) နှင့် မည်မျှပေါင်းစည်းနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီးများ ကမ္ဘာ့အရပ်ရပ်သို့ ပြောင်းရွှေ့ထုတ်လုပ်လာခြင်း၏ အဓိကအကြောင်းရင်းမှာ လုပ်သားစရိတ်သက်သာခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အတူမြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဒေသတွင်းနိုင်ငံများအတွင်း စီးပွားရေးအနိမ့်ကျဆုံးဖြစ်သလို လုပ်အားဈေးအချိုဆုံးဖြစ်၍လည်း လာရောက်ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ယခုကာလများအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံလာမှုကြောင့်လည်း ထုတ်လုပ်မှုနှင့် ပို့ကုန်တန်ဖိုး သိသိသာသာတက်လာသလို လုပ်သားစူးစိုက်သုံး (Labour Intensive) လုပ်ငန်းများဖြစ်၍ လူပေါင်းများစွာ အလုပ်အကိုင်ရရှိကြသည့်အတွက် နှစ်ဦးနှစ်ဘက် Win-Win အခြေအနေပင်ဖြစ်သည်။

**FDI ၏ သဘောသဘာဝ**

နိုင်ငံတကာ လုပ်ငန်းကြီးများအနေဖြင့် ကမ္ဘာ့တစ်ဝန်းဖြန့်ကျက်ပြီး ရင်းနှီး မြှုပ်နှံရာတွင်အခြေခံသည့် ညွှန်းကိန်း လေးခုအပေါ် မူတည်ပြီး ရင်းနှီးမြှုပ်နှံရန် သင့် မသင့်ကို ဆုံးဖြတ်လေ့ရှိသည်။ ၎င်းတို့မှာ တည်ငြိမ်မှု (Stability)၊ လုံခြုံစိတ်ချမှု (Security)၊ ဥပဒေစိုးမိုးမှု (Rule of law) နှင့် အမြတ်ရရှိရန်တွက်ချက်ခန့်မှန်းနိုင်မှု (Accountability) တို့ဖြစ်သည်။ ယခုကာလများအတွင်း လှိုင်သာယာနှင့် ရွှေပြည်သာ အထည်ချုပ်စက်ရုံအချို့တွင် ဖြစ်ပေါ်ခဲ့သည့် လုပ်ခတိုးမြှင့်ရေးနှင့်ပတ်သက်သည့် ဆန္ဒပြမှုများသည် သာမန်တောင်းဆိုသည့် အဆင့်ထက်ကျော်လွန်ပြီး စက်ရုံဝိုင်းထားခြင်း၊ အဝင်အထွက်မလုပ်နိုင်အောင်ပြုလုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ မပို့နိုင်ရန် လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက် အပြုအမူများကြောင့် လုံခြုံစိတ်ချမှုကိုပါ ပျက်ပြားစေသလို ဥပဒေစိုးမိုးမှုနှင့် အမြတ်ရရှိရန် တွက်ချက်နိုင်မှု စသည်တို့ကိုပါ ထိခိုက်နေသည့်အတွက် ရတက်မအေးစရာဖြစ်ရသည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ကမ္ဘာတစ်ဝန်းလုံးတွင် ဖြန့်ကြက်လုပ်ဆောင်သောကြောင့် နှိုင်းယှဉ်အခွင့်အရေးသာသည့် နိုင်ငံများသို့သာ သွားရောက်လုပ်ကိုင်မည်ဖြစ်သည်။ အထည်ချုပ်လုပ်ငန်းဆိုလျှင် မြန်မာ့ပြိုင်ဖက်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်မည်ဖြစ်ရာ ၎င်းအနေဖြင့် ထူးထူးခြားခြားထိခိုက်မည်မဟုတ်ပေ။ တကယ်ထိခိုက်မည်မှာ အခြေခံလူတန်းစားများအတွက် အုံနှင့်ကျင်းနှင့် အလုပ်အကိုင်အခွင့်အရေးများ လက်လွတ်ဆုံးရှုံးရမည်ဖြစ်သည်။ ပို၍ဆိုးသည်မှာ နောင်လာမည့် လုပ်ငန်းရှင်များရော လက်ရှိလုပ်ကိုင်နေသူများအကြား မြန်မာနိုင်ငံ၏ မကောင်းသတင်းပျံ့နှံ့ခြင်းသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေမည်ဖြစ်သည်။အကယ်၍ ပြည်တွင်း၌ အလုပ်အကိုင်အခွင့် အလမ်းများရှားပါးလျှင် ပြည်တွင်း

> FDI လုပ်ငန်းကြီးများအနေဖြင့်မူ ၎င်းတို့အတွက် အဘက်ဘက်မှ အာမခံချက်ရှိသည့် အခြားနိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်ကြမည်ဖြစ်ပြီး၊ လုံခြုံမှုမရှိသည့် မြန်မာနိုင်ငံသို့ နောက်ထပ်လာရောက်ရင်းနှီးတော့မည် မဟုတ်သလို အခြားလုပ်ငန်းရှင်များကိုလည်း သွားရောက်ရင်းနှီးလိုမှုကို ဟန့်တားမည်ဖြစ်သည်။

လုပ်သားများ စီးပွားရေးပိုမိုဖွံ့ဖြိုးသည့် အိမ်နီးနားချင်းနိုင်ငံများနှင့် အာဆီယံ၊ အာရှနိုင်ငံများသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေသွားရောက် အလုပ်လုပ်ကြရမည်ဖြစ်သည်။ ကျွမ်းကျင်မှုမရှိသောကြောင့် အများ စုမှာ "3D" ဟု ခေါ်သည့် ညစ်ပတ် သည့်လုပ်ငန်းများ "Dirty"၊ အန္တရာယ် ရှိသည့်လုပ်ငန်းများ "Danger" နှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် လုပ်ငန်း (Demeaning) များတွင်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး သူများတိုင်းပြည်၊ သူများခိုင်းသမျှလုပ်ကြရမည်ဖြစ်သလို ခွဲခြားဆက်ဆံခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အချိန်ပိုခိုင်းခြင်း၊ လုပ်ခငွေ နှိမ့်ချပေးခြင်းတို့ ကြုံရမည့်အပြင် လူမှောင်ခိုကိစ္စများပါဖြစ်ပေါ် လေ့ရှိသည်။ အခြားတိုင်းပြည်များတွင် အားကိုးစရာမရှိ အဘက်ဘက်မှ နိမ့်ကျသည့်ဘဝကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အတွက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရေး အထူးအရေးကြီးနေပြီဖြစ်သည်။

**လုပ်သားများ ချင့်ချင့်ချိန်ချိန် စဉ်းစားစေချင်**

နိုင်ငံခြားသားလုပ်ငန်းများ အနေဖြင့် မြန်မာနိုင်ငံတွင်လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် အခြေခံအကြောင်းရင်းမှာ ဒေသတွင်းနိုင်ငံများအတွင်း လုပ်ခသက်သာမှုကြောင့်ပင် ဖြစ်သည်။ တစ်ဖက်တွင်လည်း လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး မပြည့်စုံမှုနှင့် မြေ၊ အဆောက်အအုံငှားခ ဈေးကြီးမှုကိုလည်း နားလည်ထားပြီးဖြစ်သည်။ အကယ်၍ မြန်မာနိုင်ငံတွင် မရင်းနှီးဘဲ အခြားနိုင်ငံများတွင် ရင်းနှီးလျှင် အဆိုပါစရိတ်များ မြန်မာနိုင်ငံထက် သက်သာကြောင်း အမြဲပြောဆိုကြသည်။ ဘာကြောင့်မြန်မာနိုင်ငံ၏ လုပ်ခနိမ့်ရသလဲဟုဆိုလျှင် ဒေသတွင်း၊ နိုင်ငံများအတွင်း နှိုင်းယှဉ်ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျသလို လုပ်သားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှု (skill) နိမ့်နေ၍ဖြစ်ကြောင်း လေ့လာမှုစာတမ်းများ အရသိရသည်။ အထည်ချုပ်လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဈေးကွက်အသီးသီးမှ အမှာစာ (order) များလက်ခံချုပ် လုပ်တင်ပို့ရာတွင် ရည်မှန်းရက်အတိ အကျဖြင့် တင်ပို့ရလေ့ရှိပြီး အချိန်မီမတင်ပို့နိုင်လျှင် အဆိုပါလုပ်ငန်းရှင်အနေဖြင့် ရေရှည်ရပ်တည်ရန် မဖြစ်နိုင်ပေ။

လုပ်သားများဘက်မှလည်း လုပ်ခတိုး၍ရလိုမှုမှာ သဘာဝပင်ဖြစ်သည်။ သို့သော် မိမိအလုပ်စဝင်ကတည်းက ပေးသည့်လစာ၊ မိမိတာဝန်ဝတ္တရား၊ အလုပ်ချိန် စသည်တို့ကိုသဘောတူပြီးမှ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ လုပ်သက်ရင့်လာမှုကြောင့် မိမိလုပ်ငန်းပိုမို ကျွမ်းကျင်မှုရှိသည့်အတွက် မိမိ၏ ထုတ်လုပ်မှုစွမ်းအားတိုးတက်လာမှုကို အကြောင်းပြလျက် သက်ဆိုင်ရာဌာနခွဲခေါင်းဆောင်များမှ တစ်ဆင့် မှန်ကန်သော နည်းလမ်းသစ်များဖြင့်သာ တောင်းဆိုသင့်ပေသည်။ အာဆီယံနိုင်ငံဖြစ်၍ အာဆီယံလုပ်ခရရှိရမည်ဆိုသည့် အသံများလည်းကြားရသည်။ အမှန်တကယ်မူ ၂၀၁၅ အလွန်တွင် ဖြစ်ပေါ်လာမည့် AEC အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်တော့မည်ဆိုလျှင် လွတ်လပ်စွာ ပြောင်းရွှေ့ခြင်းနှင့် တူညီသည့်နှုန်းများရရှိရေးတွင် လုပ်သားနှင့်ပတ်သက်၍ အာဆီယံကျွမ်းကျင် လုပ်သားအဆင့်ဖြစ်လျှင် အာဆီယံအတွင်း တူညီသည့်နှုန်းထား အာမခံထားသော်လည်း ကျွမ်းကျင်မှုမရှိသည့် လုပ်သားများ အကျုံးမဝင်ပေ။ လုပ်သားတိုင်း အထူးအလေးပြုရမည်မှာ မိမိလုပ်ဆောင်သည့် လုပ်ငန်းတွင် ကျွမ်းကျင်သူဖြစ်ပြီး မိမိလုပ်သည့် အလုပ်ကိုတာဝန်ယူ တာဝန်ခံနိုင်သူများဖြစ်မှသာလျှင် အလုပ်ရှင်အနေဖြင့် လစာတိုးမြှင့်ရေးကို လိုလိုလားလား လုပ်ဆောင်ပေးမည်ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းကျွမ်းကျင်သူဖြစ်လာလျှင် လူကအလုပ်ကို ရှာရန်မလိုဘဲ အလုပ်ကလူကိုရှာရသည့်အဆင့် အလိုလိုရောက်လာမည်ဖြစ်သည်။ မြန်မာ့အထည်ချုပ်လုပ်သားများ ကျွမ်းကျင်မှုနည်းရခြင်းအကြောင်းမှာလည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလုပ်ခွင်သင်တန်းများပေးခြင်းနည်းနေဆဲဖြစ်ပြီး အများစုမှာ လုပ်ငန်းခွင်သင်တန်းအဖြစ် လက်တွေ့လုပ်ကိုင် သင်ယူရသည့်စနစ် (learning by doing) အရလုပ်ဆောင်ကြသည်။ ယခုအခါ နေထိုင်စားသောက်စရိတ်ပေါ်မူတည်၍ မျှတသည့် အနိမ့်ဆုံးလုပ်ခပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

အထူးပြောလိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားများအကြား မျှတသည့်လုပ်ခဖြစ်ပေါ်ရေးတွင် နိုင်ငံတကာကဲ့သို့ လုပ်သားတစ်ဦးချင်း၏ ကျွမ်းကျင်မှုနှင့်အလုပ်ပြီးမြောက်မှုကို စံအဖြစ်သတ်မှတ်ပြီး လုပ်ခကိုပေး သည့်စနစ်ဖော်ဆောင်မည်ဆိုလျှင် နှစ်ဦးနှစ်ဘက်စလုံးအတွက် Win-Win အခြေအနေပင်ဖြစ်သည်။ သတိပြုရမည်မှာ လုပ်သားများအနေဖြင့် လုပ်ခတိုးရေးအတွက် တောင်းခြင်း ထက်လုပ်ယူသည့်နည်းလမ်းဖြစ်သည့် မိမိ၏ကျွမ်းကျင်မှု ပိုမိုတိုးတက်ရေး အလေးထားရမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်ပျက်စီးရာလမ်းကြောင်းအဖြစ် အကြမ်းဖက်သည့်နည်းလမ်းရှောင်ရှားမှသာ ကမ္ဘာ့အလယ် "ရိုးသားကြိုးစားပြီး ယဉ်ကျေးသည့်မြန်မာ"ဟူသော ဂုဏ်ပုဒ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ လုပ်သားများအနေဖြင့် မက်လုံးများပေးပြီး အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ကြိုးစားနေသူများကိုလည်း သတိထားရှောင်ကြရမည်ဖြစ်သည်။ ရေရှည်အကျိုးစီးပွားအတွက် လုပ်သားတိုင်း ချင့်ချင့်ချိန်ချိန် စဉ်းစားသင့်ပေသည်။ အထည်ချုပ်ကဲ့သို့သော အုံနှင့်ကျင်းနှင့် အလုပ်အကိုင်အသစ်များ ပိုမိုထွန်းကားလာမှသာ ယနေ့ပြည်သူများ ရင်ဆိုင်နေရသည့် ဆင်းရဲမှု သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပဲမျိုးစုံကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အိန္ဒိယဈေးကွက်သို့ ပဲမျိုးစုံတိုးမြှင့်တင်ပို့ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ စီစဉ်မှုဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပဲမျိုးစုံကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အိန္ဒိယဈေးကွက်သို့ ပဲမျိုး စုံတိုးမြှင့်တင်ပို့ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၅ ရက်က UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ အိန္ဒိယနိုင်ငံသို့ တင်ပို့ကုန်သွယ်နေပြီး မြန်မာနိုင်ငံတွင်လည်း အိန္ဒိယနိုင်ငံ ကုမ္ပဏီများမှ ကုမ္ပဏီခွဲများ ဖွင့်လှစ်ထားရှိပြီး မြန်မာ့ပဲများအား စဉ်ဆက်မပြတ် ဝယ်ယူလျက်ရှိရာတွင် ရောင်းသူနှင့် ဝယ်သူတို့ ကတိကဝတ် ပျက်ကွက်ခြင်း၊ ငွေပေးချေမှု စနစ်ခိုင်မာမှုမရှိသည့်အတွက် အငြင်းပွားမှုများ မကြာခဏ ဖြစ်ပေါ်နေခြင်း၊ အလေးချိန် လျော့နည်းခြင်းများ ဖြစ်ပေါ်နေသည့်အတွက် ရေရှည်ခိုင်မာသည့် စနစ်တစ်ရပ် တည်ဆောက်နိုင်ရန် အတွက် အိန္ဒိယနိုင်ငံ (OATAM) နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းတို့မှ ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် ဖြေရှင်းနိုင်မည့် နည်းလမ်းများအား အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကုန်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် ဌာနဆိုင်ရာအသီးသီးမှ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကုန်ပစ္စည်းစစ်ဆေးရေး ကုမ္ပဏီများ၊ ဆိပ်ကမ်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဘဏ်များမှ တာဝန်ရှိသူများ၊ Oversea Agro Traders Association of Myanmar (OATAM) မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပဲမျိုးစုံနှင့် ပြောင်း၊ နှမ်းတို့အား ကြိုတင်ငွေပေးချေရာတွင် လုံခြုံစိတ်ချရမည့် အစီအစဉ်၊ ကုန်ပစ္စည်းများ ရောင်းချဝယ်ယူရာတွင် စံ သတ်မှတ်ထားသော စာချုပ်စနစ် ကျင့်သုံးရေး၊ တင်ပို့သည့် ကုန်ပစ္စည်းများ အလေးချိန်မှန်ကန်ရေးနှင့် ပြည်ပဝယ်ယူသူများအနေဖြင့် ပြည်တွင်းအမည်ခံများမှတစ်ဆင့် နည်းလမ်းမျိုးစုံ အသုံးပြု၍ ကြိုတင်ဝယ်ယူနေခြင်းအတွက် ဈေးကွက်တွင် မလိုလားအပ်သော ပြဿနာများ မဖြစ်ပေါ်စေရေး စီမံဆောင်ရွက်မည့် နည်းလမ်းများအား အုပ်စုခွဲ၍ ဆွေးနွေးခဲ့ကြပြီး အကောင်းဆုံးဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဖော်ထုတ်ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

**DOTP (YGN)**

## ပြောင်း

# နှစ်သစ်ကူးကာလအလွန် ပြောင်းပိုမိုတင်ပို့



၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် နယ်စပ်စခန်းတွေမှ ကန်ဒေါ်လာ ၄ ဒသမ ၄၆၁ သန်းတန်ဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၅၈၈၂ တန် တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန်တွေမှာ မူဆယ်မှ ၁၂၅၀၄ တန်ခွဲ၊လွယ်ဂျယ်မှ ၁၃၇၇ တန်ခွဲနဲ့ ချင်းရွှေဟော်မှ တန် ၂၀၀၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်ကမူဆယ်စခန်းတစ်ခုတည်းမှသာ ၁၁၁၆၁တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်ပြောင်းတင်ပို့မှုမှာ တရုတ်နှစ်ကူးကာလပြီးတာနဲ့ တန်ချိန် ၄၇၂၀ ကျော်ပိုမိုလာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ရဲ့မိမိဘက်စျေးမှာ နှစ်ပတ်ဆက်တိုက် မပြောင်းလဲဘဲ ၂၈၀၅၁၄ ကျပ်စျေးရှိပါတယ်။မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှလည်း ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၂၈၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၀၅၀ တန်တင်ပို့ခဲ့တာတွေ့ရပါတယ်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ တစ်လလုံးနယ်စပ်စခန်းများမှ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန် ၈၃၃၁၁ တန်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်MIRT (DCCA)**

## သီဟိုဠ်



# ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်နှစ်ရှည်သီးနှံ သီဟိုဠ်ပြည်ပစျေးကွက်သို့ ဝင်ရောက်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် နှစ်ရှည်သီးနှံ သီဟိုဠ်မှာ ပြည်ပစျေးကွက်သို့ဝင်ရောက်လျက်ရှိကြောင်း သီဟိုဠ်ထွက်ရှိချိန် ဖေဖော်ဝါရီလလယ်လောက်တွင် စျေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိပြီး ဧပြီ၊ မေလ မိုးရွာသွန်းလျှင် သီဟိုဠ်ခူးဆွတ်ရာအသီးမှာ မဲသွားပြီး စျေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ကြောင်း၊ သီဟိုဠ်မှာ ပြည်တွင်းစျေးကွက်ထက် ပြည်ပစျေးကွက် ဝယ်လိုအား ပုံမှန်ရှိကြောင်း၊ ပြည်တွင်းအဓိကစျေးကွက်မှာ ဟိုတယ်စာအဖြစ်သာ အသုံးပြုလျက်ရှိကြောင်း သီဟိုဠ်စျေးကွက်မှ သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်၊ သာပေါင်း၊ ရွှေပြာမြို့နယ်များမှ ထွက်ရှိသော သီဟိုဠ်မှာ အရည်အသွေးကောင်းပြီး ပင်လယ်ပိုင်းဒေသ ချောင်းသာ၊ ငွေဆောင်၊ ငပုတော၊ ပြင်ခရိုင်၊ ဟိုင်းကြီးကျွန်းဝန်းကျင် ဒေသများတွင် ထွက်ရှိသော သီဟိုဠ်မှာ အရည်အသွေးအနည်းငယ် နိမ့်ကျမှုရှိကြောင်း ပုသိမ်မြို့ပေါ်မှာပင် သီဟိုဠ်အဝယ်ဒိုင် ၁၀ ဒိုင်ခန့်မှ ကုန်ကြမ်းများ ဝယ်ယူ၍ ရန်ကုန်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ယခင်နှစ် သီဟိုဠ်ပေါ်ချိန် တစ်လခန့် နောက်ကျသောကြောင့် သီဟိုဠ်တစ်ပိဿာ ၁၈၀၀ ကျပ်၊ ၁၉၀၀ ကျပ်စျေးနှုန်းဖြင့် ရောင်းဝယ်မှုရှိသော်လည်း ယခုနှစ် သီဟိုဠ်ပုံမှန်ထွက်ရှိသောကြောင့် စျေးနှုန်းမှာ ယခင်နှစ်ထက် အနည်းငယ်လျော့၍ သီဟိုဠ် တစ်ပိဿာကို ၁၆၀၀ ကျပ်၊ ၁၇၀၀ ကျပ်ဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်း စျေးကွက်၏သဘောအရ ဝယ်လိုအားမြင့်လျှင် စျေးနှုန်းမြင့်ပြီး၊ ဝယ်လိုအားနည်းလျှင် စျေးနှုန်းနိမ့်ကျမှုရှိကြောင်း သီဟိုဠ်ကုန်ကြမ်းများကို ဝယ်ယူသိုလှောင်ပြီး ကုန်ချောပြုလုပ်၍ နှစ်ပတ်လည်ရောင်းချနေသူ ပုသိမ်မြို့ သရဖူသီဟိုဠ်လုပ်ငန်းရှင် ဦးတင့်နိုင်က ပြောပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ရော်ဘာ

# ပြည်ပ ရော်ဘာတင်သွင်းမှုကို အိန္ဒိယနိုင်ငံက သွင်းကုန်ခွန် ၃၀ ရာခိုင်နှုန်း တိုးမြှင့်စည်းကြပ်

ပြည်ပမှ ရော်ဘာတင်သွင်းမှုအပေါ် ယခင်စည်းကြပ်သောသွင်းကုန်ခွန် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသို့ တိုးမြှင့်စည်းကြပ်တော့မယ်လို့ United Planters' Association of Southern India (UPASI)က ပြောကြားပါတယ်။ ရော်ဘာစိုက်ပျိုး၍ အသက်မွေး သူ ၁ဒသမ ၂ သန်းရှိပြီးအချို့ဟာသူတို့ရဲ့ ဘဝအာမခံချက်မရှိတော့တဲ့အတွက် ရော်ဘာအစားအခြားသီးနှံ များကို ပြောင်းလဲစိုက်ပျိုးနေကြပြီလို့ UPASI ဥက္ကဋ္ဌ Vijayan Rajies ကပြောကြားပါတယ်။လာမဲ့ဘဏ္ဍာနှစ်မှာ ရော်ဘာကဏ္ဍကကြုံတွေ့ရမဲ့ အကျပ်အတည်းအတွက် အစိုးရအနေနဲ့ကြားဝင်ဖြေရှင်းပေးလိမ့်မယ်လို့လည်းမျှော်လင့်ကြောင်းလည်း အလေးထားပြောကြားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာ့ရော်ဘာထုတ်လုပ်တဲ့နိုင်ငံများအနက် ပဉ္စမနေရာမှာရှိနေပြီး သဘာဝရော်ဘာ သုံးစွဲမှုမှာတော့ တရုတ်နိုင်ငံပြီးလျှင် ဒုတိယနေရာမှာရှိတဲ့နိုင်ငံဖြစ်ပါတယ်။အိန္ဒိယနိုင်ငံရဲ့ သဘာဝရော်ဘာ ထုတ်လုပ်မှုဟာ ဇန်နဝါရီလမှာ ယခင်နှစ်ကာလတူများထက် သိသိသာသာကျဆင်းခဲ့ပြီး ရော်ဘာပေါက်စျေး ဟာလည်း နိမ့်လွန်းတဲ့အတွက် အချို့ရော်ဘာခြံများဟာ ရော်ဘာအစေးခြစ်တဲ့လုပ်ငန်းကိုပင် ရပ်နားထားကြပါတယ်။ဒါပေမဲ့ ဇန်နဝါရီလ အတွင်းမှာ ပြည်ပမှ သဘာဝရော်ဘာတင်သွင်းမှုဟာ ယခင်နှစ်ကာလတူထက်၄၇ ရာခိုင်နှုန်း ပိုမိုမြင့်တက် ခဲ့ပါတယ်။

ရော်ဘာစိုက်တောင်သူများဟာ ရော်ဘာစိုက်ပျိုးခြင်းတစ်ခုတည်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုနေကြတဲ့အတွက် စျေးနှုန်းအလွန်အကျွံကျဆင်းမှုကြောင့် အခက်အခဲနဲ့ရင်ဆိုင်နေရခြင်းကို ထည့်သွင်းစဉ်းစား ပေးသင့်တယ်လို့ ပြောကြပါတယ်။ရော်ဘာစျေးများဟာ ၂၀၁၁ ခုနှစ်ကစျေးများထက် သိသိသာသာ ကျဆင်းခဲ့တာဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလအတွင်းက ရော်ဘာ တစ်ကီလိုဂရမ်စျေးဟာ ၂၄၁ ရူပီးရှိခဲ့ရာမှ ယခုအခါ ၁၂၆ ရူပီးသာ ရှိပါတော့တယ်။

**CMK**

■

## နယ်စပ်စခန်းများမှ ဖေဖော်ဝါရီလအတွင်း ရော်ဘာ ၁၅၄၀ တန်တင်ပို့

ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၁၈၉ သန်း တန်ဖိုးရှိရော်ဘာ ၁၃၅ တန်ကျော်ကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ပါတယ်။မူဆယ်မှ ယခု သီတင်းပတ်မှာ RSS-3 ၁၃၁ တန်နဲ့ MSR -50 ၄ တန်ခွဲ တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခင်တစ်ပတ်ကလည်း မူဆယ်မှ ရော်ဘာ ၁၃၆ တန် တင်ပို့ခဲ့တဲ့အတွက် ပုံမှန်အပို့ရှိနေတယ်လို့ဆိုရပါမယ်။ ဖေဖော်ဝါရီလတစ်လလုံးမှာတော့ မူဆယ်နဲ့ ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၂ ဒသမ၁၀သန်းရှိတဲ့ ရော်ဘာ ၁၅၄၀ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇန်နဝါရီလထက် ၁၃၇၅ တန်လျော့နည်းခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာတော့ တရုတ်နှစ်သစ်ကူးရှိနေတဲ့အတွက် ကုန်သွယ်မှုလျော့ကျရခြင်းဖြစ်ပါတယ်။

ယခုတစ်ပတ်မှာ ရော်ဘာစျေးနှုန်းအပြောင်းအလဲမရှိကြောင်း၊RSS-3 တစ်တန်လျှင် မိမိဘက်စျေး ၁၄၃၄၇၄၃ ကျပ်နဲ့ တစ်ဖက်နိုင်ငံစျေး ၁၃၉၉ ဒေါ်လာရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ ထုတ်ပြန်သော စျေးနှုန်းများအရ သိရှိရပါတယ်။

ယဉ်ယဉ်အေး **MIRT (DCCA)**

# ယူအေအီးနိုင်ငံသို့ ရော်ဘာတင်ပို့

မြန်မာ့ရော်ဘာကို ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ယခုသီတင်းပတ်မှာ ယူအေအီးနိုင်ငံကိုပါတင်ပို့နိုင်ခဲ့ပါတယ်။ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၈ ရက်နေ့ထိ ရက်သတ္တပတ်အတွင်းမှာ ကန်ဒေါ်လာ ၁ ဒသမ ၁၉၁ သန်းတန်ဖိုးရှိ ရော်ဘာ ၉၀၁ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်ထက် ၁၉၅ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။နိုင်ငံအလိုက် တင်ပို့နိုင်မှုများကတော့ မလေးရှားနိုင်ငံကိုRSS-3 ၂၈၉ တန်နဲ့MSR -20 ၁၉၆ တန်၊ စင်္ကာပူနိုင်ငံကို MSR -20 ၁၉၆ တန် ၊ ယူအေအီးနိုင်ငံသို့ RSS-3 တန် ၂၂၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ယခုဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီလကုန်အထိ ယူအေအီးနိုင်ငံသို့ရော်ဘာ ၄၇၁ တန်တင်ပို့ထားနိုင်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၅ ဒသမ ၆၀ သန်းဖိုးရှိရော်ဘာ ၄၃၂၈ တန်ခွဲ တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး ဇန်နဝါရီလနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၂၄၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဖေဖော်ဝါရီလလယ်ပိုင်းလောက်တုန်းက အနည်းငယ်အတက်ရှိလာတဲ့ရော်ဘာစျေးဟာ ပြန်ကျ မသွားဘဲ အတက်စျေးနဲ့ပဲစျေးငြိမ်လျက်ရှိနေပါတယ်။ ယခုသီတင်းပတ်မှာလည်း နိုင်ငံတကာရော်ဘာ ပေါက်စျေးအပြောင်းအလဲသိပ်မရှိကြောင်းနဲ့ မြန်မာ့ရော်ဘာစျေးလည်းယခင်တစ်ပတ်စျေးအတိုင်း စျေးငြိမ်လျက်ရှိနေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့စျေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။အသင်းမှထုတ်ပြန်ထားတဲ့စျေးနှုန်းများကိုဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |

ယဉ်ယဉ်အေး **MIRT (DCCA)**

# ၂၀၁၅ ခုနှစ် နှစ်စ ဇန်နဝါရီလတွင်
# ရန်ကုန်ရွှေဈေးနှင့်အမေရိကန်ဒေါ်လာရောင်းဈေး အချိန်တူကာလထက်ဈေးမြင့်လာ


ကျော်မြင့်

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ ရိုက်တာ သတင်းအရ အမေရိကန်ဒေါ်လာ (USDollar-USD) ဈေးများသည် ပြီးခဲ့သည့် လေးနှစ်တာကာလ အမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။ အဓိကအကြောင်းရင်းမှာ အမေရိကန် စီးပွားရေးသည် အလုပ်အကိုင်အခွင့်အလမ်းများကို ပြီးခဲ့သည့်လက မျှော်မှန်းသည်ထက် ပိုမိုပြီး ဖန်တီးပေးနိုင်သည်ဟု အစီရင်ခံစာက ဖော်ပြလိုက်ခြင်းကြောင့်ဖြစ်သည်။ အမေရိကန် အလုပ်သမားဌာနက အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းထိကျဆင်းသွားခဲ့ပြီး ဇူလိုင် ၂၀၀၈ ခုနှစ် အနိမ့်ဆုံးအခြေအနေကဲ့သို့ရှိသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ ရိုက်တာ သတင်းအရ အမေရိကန်ဗဟိုဘဏ်မှ နာလန်ထူဆဲနိုင်ငံစီးပွားရေးအပေါ် ယုံကြည်မှုရှိကြောင်း ဗဟိုဘဏ်၏ ကြေငြာချက်ကြောင့် ဒေါ်လာအညွှန်းကိန်းသည် (အမေရိကန်ငွေကြေးကို တိုင်းတာခြင်းဖြစ်ပြီး) အောက်တိုဘာလ ၆ ရက်နေ့ အမြင့်ဆုံးဈေးထက်ပိုမြင့်လာသည်ဟု ဖော်ပြထားသည်။


**ရန်ကုန်မှ မြန်မာကျပ်ငွေ။** ကန်ဒေါ်လာရောင်းဈေးသည် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် တစ်ထောင်ကျပ်စတင်ဖြစ်ခဲ့သည်။ ဆက်တိုက် ရောင်းဈေးများမြင့်လာခဲ့ရာ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမြင့်ဆုံးအဖြစ် ကန် ဒေါ်လာရောင်းဈေးသည် ၁၀၇၅ ကျပ်ထိ ဖြစ်သွားခဲ့သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြည်တွင်းဒေါ်လာဈေးဆက်၍မတက်စေရန်ဗဟိုဘဏ်မှထိန်းညှိနေကြောင်း သတင်းများ ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်ဒေါ်လာနှုန်းမြင့်တက်နေချိန်တွင် ဗဟိုဘဏ်က ဘဏ်လုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံပြီး နောက်တစ်ရက်တွင် ပုဂ္ဂလိကငွေလဲ ကောင်တာများကို သတ်မှတ်နှုန်းထား အတိုင်းသာ ရောင်းချရန် ညွှန်ကြားသည်ဟု သိရသည်။ ထို့ကြောင့် ကန်ဒေါ်လာရောင်းဈေးသည် အကျဘက်သို့ ဦးတည်သွားခဲ့သည်။

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် အမြင့်ဆုံးအဖြစ် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၇၅ ကျပ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကန်ဒေါ်လာရောင်းဈေးသည် ၁၀၄၀ ကျပ်ထိပြန်ကျခဲ့သည်။ ကန်ဒေါ်လာရောင်းဈေး ကျဆင်းလာခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ၁၀၃၇ ကျပ်ထိဖြစ်လာခဲ့ရာမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ၁၀၃၀ ကျပ်ထိဖြစ်သွားခဲ့သည်။

**ပုံ-၁။ နေ့စဉ်ကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေဈေး ပြောင်းလဲမှု (၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်နေ့ထိ)**




**ပုံ-၂။ နေ့စဉ်ကန်ဒေါ်လာရောင်းဈေးနှင့် ရန်ကုန်အကယ်ဒမီ ရွှေဈေးပြောင်းလဲမှု (၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဖေဖော်ဝါရီလ၆ ရက်နေ့ထိ)**




ဇာစ်မြစ်၊ www.etrademyanmar.com

**ကမ္ဘာ့ရွှေဈေး။** တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုအားသည် ပထမဆုံးအကြိမ် အဖြစ် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ကျဆင်းလာသည့်အတွက် ကမ္ဘာ့စီးပွားရေးအပေါ် စိုးရိမ်မှုများ ထပ်မံပေါ်ပေါက်လာရာ လုံခြုံစိတ်ချရမှုအတွက် ရွှေကို ဆက်လက်ဝယ်ယူလာကြလိမ့်မည်ဟု ခန့်မှန်းလာကြသည်။

ကမ္ဘာပေါ်တွင် ရွှေအများဆုံးသုံးစွဲသည့် တရုတ်နိုင်ငံသည် ပြီးခဲ့ သည့်နှစ်က သုံးစွဲမှု ၂၄ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းပြီး၊ ရွှေ ၈၈၆ တန် သာရှိခဲ့ ကြောင်း၊ သို့သော် ရွှေထုတ်လုပ်မှုမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း တရုတ်ရွှေအသင်းက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စကို ၁၃၀၂ ကန်ဒေါ်လာဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စကို ၁၂၃၃ ကန်ဒေါ်လာထိဖြစ်သွားခဲ့သည်။

**ရန်ကုန်အကယ်ဒမီရွှေဈေး။** ကမ္ဘာ့ရွှေဈေးကျဆင်းမှုနှင့်အတူ ရန်ကုန်အကယ်ဒမီ ရွှေဈေးမှာလည်း ဈေးကျလာခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရွှေတစ်ကျပ်သားကို ၇ သိန်းခန့်ရှိခဲ့ရာမှ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရွှေ တစ်ကျပ်သားကို ၆ ဒသမ ၈၉ သိန်းထိဖြစ်လာခဲ့သည်။


**နေ့စဉ်ကမ္ဘာ့ရွှေဈေး၊** ကန်ဒေါ်လာရောင်းဈေးနှင့် ရန်ကုန်အကယ်ဒမီရွှေဈေးများကို လအလိုက်ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်ပြီး၊ **ဇယား-၁ (အောက်)** တွင် စုစည်းဖော်ပြထားပါသည်။

အချုပ်အားဖြင့် ၂၀၁၅ ခုနှစ် နှစ်စဇန်နဝါရီလ ပျမ်းမျှဈေးအရ ကန်ဒေါ်လာ ရောင်းဈေးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလထက် ၅ ရာခိုင်နှုန်းခန့်၊ ကမ္ဘာ့ရွှေဈေးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလထက် ရာခိုင်နှုန်းအနည်းငယ်ခန့်၊ ရန်ကုန်အကယ်ဒမီ ရွှေဈေးသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလထက် ၃ ရာခိုင်နှုန်းကျော်ဈေးမြင့်လာကြောင်း စိစစ်တွေ့ရှိရသည်။

**ပုံ-၁။ လအလိုက်ပျမ်းမျှကမ္ဘာ့ရွှေဈေးနှင့် ရန်ကုန်အကယ်ဒမီ ရွှေဈေးပြောင်းလဲမှု (၂၀၀၇ မှ ၂၀၁၅ ခုနှစ်ထိ)**




**ပုံ-၂။ လအလိုက် ရန်ကုန်အကယ်ဒမီရွှေဈေးနှင့် ကန်ဒေါ်လာ ရောင်းဈေး ပြောင်းလဲမှု (၂၀၀၇ မှ ၂၀၁၅ ခုနှစ်ထိ)**




**ဇယား-၁။ လအလိုက်ပျမ်းမျှ ရန်ကုန်ကန်ဒေါ်လာရောင်းဈေး ရန်ကုန် အကယ်ဒမီရွှေဈေးနှင့် ကမ္ဘာ့ရွှေဈေး**

| | 2013 | 2014 | 2015 | 2013 | 2014 | 2015 | 2013 | 2014 | 2015 |
|---|---|---|---|---|---|---|---|---|---|
| | uea':vma&mi;ap;; (u;y) | | | urma≈; (USD per ounce) | | | &eue tu , 'ra≈;(u;y=u;yom;) | | |
| Ze | 857 | 984 | 1033 | 1673 | 1245 | 1250 | 764796 | 658544 | 680463 |
| az | 859 | 983 | | 1633 | 1299 | | 752809 | 676635 | |
| rw | 878 | 968 | | 1591 | 1339 | | 743639 | 679988 | |
| { | 885 | 963 | | 1491 | 1296 | | 726550 | 664361 | |
| ar | 925 | 965 | | 1417 | 1290 | | 709392 | 661036 | |
| Ze | 964 | 973 | | 1343 | 1278 | | 701728 | 661024 | |
| Zvi | 988 | 973 | | 1285 | 1311 | | 689872 | 676888 | |
| lo | 972 | 972 | | 1352 | 1295 | | 702374 | 671869 | |
| pu | 973 | 983 | | 1351 | 1241 | | 705644 | 657246 | |
| atmu | 971 | 997 | | 1316 | 1226 | | 688272 | 655042 | |
| E | 976 | 1034 | | 1278 | 1176 | | 675065 | 650283 | |
| ' | 985 | 1042 | | 1224 | 1199 | | 652628 | 664058 | |
| wpEpyw v;y;r;r | 936 | 986 | | 1413 | 1266 | | 709397 | 664748 | |

ဇာစ်မြစ်၊ www.etrademyanmar.com (နေ့စဉ်ဈေးများကို လအလိုက် ပျမ်းမျှဈေး အဖြစ်ပြောင်းလဲတွက်ချက်ဖော်ပြထားပါသည်)

# ရွှေဘိုခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ် မတ်လ ၅ ရက်နေ့နှင့် ၆ ရက်နေ့များတွင် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့၊ ခင်ဦးမြို့၊ ရေဦးမြို့နှင့် တန့်ဆည်မြို့များတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းမှ ပညာပေးဟောပြောခြင်းကို သွားရောက်ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါဟောပြောပွဲများကို သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်ဆောင်ရွက်ပေးမှုများဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမများ၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ တိုင်းဦးစီးမှူးရုံးမှ ဦးသန်းထွန်း (ဒု-ဦးစီးမှူး)က စားသုံးသူများအတွက် သတင်းအချက်အလက် အရေးပါပုံကိုလည်းကောင်း၊ ဦးငွေးတင့် (ဒု-ဦးစီးမှူး)က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဒေါ်နှင်း နှင်းခိုင် (ဒု-ဦးစီးမှူး)က အရက်၊ ဘီယာ၊ ဆေးလိပ်၊ စီးကရက်၊ ကွမ်းစားခြင်း များ၏ ဆိုးကျိုးများကိုလည်းကောင်း၊ ဒေါ်ကေသီအောင် (ကြီး/ရေး)က မုန့်မျိုးစုံနှင့် အချိုရည်များအကြောင်းကို လည်းကောင်း၊ ဦးကျော်လင်း (ကြီး/ ရေး)က အချိုမှုန့်အကြောင်းကို လည်းကောင်း၊ ဦးကျော်တင့် (ကြီး/ရေး)က စားသုံးဆီအကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးအနေဖြင့် သုံးနှစ်အတွင်း ပညာပေးလုပ်ငန်းများ အပြီးဆောင်ရွက်ရမည်ဟူသော ရည်မှန်းချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ သို့အတွက်ကြောင့်လည်း ဟောပြောပွဲပေါင်း ၁၀၀ အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ တာဝန်သိမှု၊ ကြိုးစားအားထုတ်မှုတို့နှင့် ပေါင်းစပ်၍ ကျန်ရှိနေသေးသော ခရိုင်၊ မြို့နယ်များသို့လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

**ကေသီအောင် (စစ်ကိုင်း)**

■

## စားသောက်ကုန်ကြမ်းသုံးမျိုးအတွက် FDA ထောက်ခံချက် တောင်းခံရန်မလိုဘဲ တင်သွင်းနိုင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စားသောက်ကုန်ကြမ်းပစ္စည်းများအား FDA ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်ကို စိစစ်ပြီး ပြည်တွင်းသို့ တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသော xxxx Co,Ltd မှ ဂျယ်လီပြုလုပ်ရာမှာ အသုံးပြုတဲ့ စားသောက်ကုန်ကြမ်း ခြောက်မျိုးတင်သွင်းခွင့်လျှောက်ထားခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန FDA သို့ တရားဝင်သဘောထားမှတ်ချက်တောင်းခံခဲ့ရာမှာ စားသောက်ကုန်ကြမ်းခြောက်မျိုးအနက် သုံးမျိုးအား FDA ထောက်ခံချက်မလိုအပ်ကြောင်းနဲ့ ကျန်သုံးမျိုးကိုတော့ FDA ထောက်ခံချက်လိုအပ်ကြောင်း FDA မှ ပြန်ကြားထားပါတယ်။ FDA ထောက်ခံချက်မလိုဘဲ လိုင်စင်လျှောက်ထားတင်သွင်းရမယ့် စားသောက်ကုန်ကြမ်းသုံးမျိုးမှာ Potas-sium Citrate ၊ Potassium Sorbate Granular ၊ Citric Acid Monohydrate တို့ဖြစ်တယ်လို့ သိရပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ စတင်သက်ဝင်ပါတယ်။

**သွင်းကုန်၊ နေပြည်တော်**

# ဒူဘိုင်းမြို့တော်တွင်ပစ္စည်းအတုများ ဖမ်းဆီးရမိ

အာရပ်စော်ဘွားများသမ္မတနိုင်ငံ၊ ဒူဘိုင်းမြို့ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ သိုလှောင်ရုံတစ်ရုံအား ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာတွင် အလှကုန်ပစ္စည်းအတုများဖြစ်သည့် ရေမွှေးနှင့် တစ်ကိုယ်ရေအလှပြင်ပစ္စည်း ဒူဘိုင်းငွေတန်ဖိုး ၄ ဒသမ ၆၄ သန်းခန့်ရှိသော ပစ္စည်းပေါင်း ၅၄၉၀၀၀ ခန့်ကို ဖမ်းဆီးရမိခဲ့ပါသည်။ အဆိုပါဦးစီးဌာနမှ ဉာဏပစ္စည်းအကာအကွယ်ပေးမှုဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ အီဘရာဟင်ဘီဇတ်က ဖော်ပြပါ အလှကုန်ပစ္စည်းအတုများသည် သုံးစွဲသူများအား ကျန်းမာရေး အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ နိုင်ငံ၏စီးပွားရေးနှင့် ကုန်သည်များ၊ စားသုံးသူများ၏ အကျိုးစီးပွားကိုလည်း ပျက်စီးစေနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဖမ်းဆီးရမိ ခဲ့သောအလှကုန်ပစ္စည်းများတွင် နာမည်ကျော်နိုင်ငံတကာ အမှတ်တံဆိပ်ပေါင်း ၂၃ မျိုးခန့်ပါဝင်ပြီး ပစ္စည်း ၁၂၆၀၀၀ ခန့်မှာ ရေမွှေးအတုများဖြစ်ကာ ၄၂၃ ၀၀၀ ခန့်မှာအလှကုန်ပစ္စည်းများ ဖြစ်ကြပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် ကုန်သွယ်မှုအမှတ်တံဆိပ်ပိုင်ရှင်များ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များက တိုင်တန်းလာပါက ဒူဘိုင်းရှိသိုလှောင်ရုံများကို ဝင်ရောက်ဖမ်းဆီးလေ့ရှိပြီး ယခုဖမ်းဆီးမှုသည်လည်း အဆိုပါဦးစီးဌာန လက်အောက်ရှိဉာဏပစ္စည်းအကာအကွယ်ပေးမှုဌာန၊ စီးပွားရေးစေ့စပ်ညှိနှိုင်းမှု နှင့် စားသုံးသူအကာအကွယ်ပေးရေးဌာနခွဲမှ အမှတ်တံဆိပ်ပိုင်ဆိုင်သူများ၏ အခွင့်အလမ်းကို ကာကွယ်စောင့်ရှောက်ပေးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနသည် ကုန်သွယ်ရေးလိမ်လည်မှုများနှင့် ကုန်ပစ္စည်းအတုများတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်လျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒူဘိုင်းဈေးကွက်အား ပစ္စည်းအတုအပများမှ ကင်းဝေးရန် ကြိုးပမ်းအားထုတ်နေသည့် ကုန်သွယ်မှုအမှတ်တံဆိပ်ပိုင်ရှင်များ၏ ကြိုးပမ်းအားထုတ်မှုကိုလည်း ဌာနမှ ချီးမွမ်းပြောကြားခဲ့ပါသည်။

အရည်အသွေးမြင့်ပစ္စည်းအတုများသည်မူလပစ္စည်းအစစ်အမှန်များနှင့်ထပ်တူနီးပါး ဆင်တူကြောင်း၊ အတုအပပစ္စည်း ရောင်းချသည့်ကုန်သည်များသည် ၎င်းတို့၏ပစ္စည်းများ ရောင်းချရာတွင် ငွေလက်ခံပြေစာပေးအပ်လေ့မရှိကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းများဝယ်ယူရာတွင် ငွေလက်ခံပြေစာတောင်းဆို သင့်ကြောင်း နှင့် အာမခံလက်မှတ်ကိုလည်း ရယူသင့်ကြောင်း ဌာနမှပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပစ္စည်းအတုများသည် ဈေးနှုန်းချိုသာသော်လည်း အန္တရာယ်များကြောင်း၊ အလှကုန်ပစ္စည်းအတုများသည် လူ့ကျန်းမာရေးကိုထိခိုက်စေပြီး မော်တော်ကားအပိုပစ္စည်းအတုများသည်လည်း ယာဉ်မတော်တဆမှုများဖြစ်စေကြောင်း၊ ဆေးအတုများသည်လည်း လူ့အသက်ကို အန္တရာယ်ဖြစ်စေပြီး လျှပ်စစ်ပစ္စည်းအတုများသည်လည်း မတော်တဆမှုများ ဖြစ်စေနိုင်ကြောင်း၊ သို့ဖြစ်၍ တရားဝင်ရောင်းချခြင်းမရှိသော အတုအပပစ္စည်းများကို ဝယ်ယူမှုမပြုသင့်ကြောင်း ဌာနမှ ပြောကြားခဲ့ပါသည်။

**မျိုးမျိုးထိုက်၊ စားသုံးသူရေးရာဌာနခွဲ**

# ထိုင်းနိုင်ငံမှ Osotspa ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ လွယ်ဟိန်းကုမ္ပဏီတို့ ဖက်စပ်လုပ်ငန်းတည်ထောင်

အာဆီယံဒေသတွင်း အချိုရည်လုပ်ငန်းများ အားကောင်းလာစေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံမှ Osotspa ကုမ္ပဏီနှင့်မြန်မာနိုင်ငံမှ လွယ်ဟိန်းကုမ္ပဏီတို့သည် ဖက်စပ်လုပ်ငန်းများ ထူထောင်ရန် မတ်လ ၄ရက်နေ့က သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သည်နေးရှင်းသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံမှ Osotspa ကုမ္ပဏီသည် ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး လွယ်ဟိန်းကုမ္ပဏီသည် မြန်မာနိုင်ငံ၏အချိုရည်ဈေးကွက်တွင် ဈေးကွက်နေရာတစ်နေရာကို ရယူထားနိုင်သည့်ကုမ္ပဏီတစ်ခုဖြစ်သည်။

အဆိုပါကုမ္ပဏီနှစ်ခုတို့သည် Osotspa Loi Hein အမည်ဖြင့် ဖက်စပ်လုပ်ငန်းတစ်ခုကို ထူထောင်ကာ အားဖြည့်အချိုရည်များဖြစ်သည့် M-150 နှင့် Shark ကဲ့သို့သော အားဖြည့် အချိုရည်များအား အာဆီယံဈေးကွက်တွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လူဦးရေအများဆုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အားဖြည့်အချိုရည်ဈေးကွက်မှ တစ်နှစ်လျှင် ဘတ် ငါးဘီလီယံကျော် ရရှိနိုင်မည်ဟု Osotspa ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ Ratch Osathanugrah က ပြောကြားခဲ့သည်။

အဆိုပါဘတ် ငါးဘီလီယံကျော်အနက် ဘတ်သုံးဘီလီယံခန့်မှာ အားဖြည့်အချိုရည်များတင်ပို့ခြင်းမှ ရရှိနိုင်မည်ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

Osotspa သည် ထိုင်းနိုင်ငံ၏ အားဖြည့်အချိုရည်ဈေးကွက်တွင် နာမည်ရရှိထားသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး လွယ်ဟိန်းကုမ္ပဏီသည်လည်း မြန်မာနိုင်ငံ၏ရေသန့်နှင့်အချိုရည်ဈေးကွက်တွင် ဈေးကွက်ဝေစုအများဆုံးရရှိထားသည့်ကုမ္ပဏီတစ်ခုဖြစ်သည်။




အဆိုပါကုမ္ပဏီနှစ်ခုပူးတွဲတည်ထောင်ထားသည့် Osotspa Loi Hein ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံနှင့် အာဆီယံဈေးကွက်တို့၏အချိုရည်ဈေးကွက်နှင့်အားဖြည့်အချိုရည်ဈေးကွက်တို့တွင် ဈေးကွက်ကိုဦးဆောင်သူအဖြစ် လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း သိရသည်။

**မယ်သီတာ**

# မန္တလေးတိုင်းဒေသကြီး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှု ဆိုင်ရာလုပ်ငန်းကော်မတီမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ စတင်လှုပ်ရှား

မန္တလေးတိုင်းဒေသကြီး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီမှ မတ်လ ၆ ရက်နေ့က မန္တလေးမြို့ဈေးချိုတော်ရှိ ဈေးရုံးခန်း၌ ဆိုးဆေးလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ် ပေးရေးနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ပါသည်။



ကုးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပြီး ဖြစ်သလို၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီကိုလည်းဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၄ ခုနှစ် နိုဝင်ဘာ လ ၁၄ ရက်နေ့တွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ လုပ်ငန်းကော်မတီ နှစ်ရပ်တို့ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆိုးဆေးရောင်းချသော လုပ်ငန်းရှင်များအားခေါ်ယူ၍ ယခုကဲ့သို့ဟောပြောဆွေးနွေးရ ခြင်းမှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စမ်းသပ်စစ်ဆေးခဲ့သော စားသုံးရန်မသင့် အစားအသောက်ပစ္စည်းများမှာဆိုးဆေး ကြောင့်ဖြစ်ပါကြောင်း၊ ဆိုးဆေးရောင်းချသူများအနေဖြင့် အစားအသောက် ထုတ်လုပ်ရောင်းချ သူများအားစက်မှုလုပ်ငန်းသုံး ဆိုးဆေးများကို မရောင်းချဖို့အထူးမှာကြားလိုပါကြောင်း၊ အဝတ်အထည်သုံး ဆိုးဆေးများမှာ ဈေးနှုန်းချိုသာ၍ ပိုမို အရောင်တောက်ပကြောင်း၊ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူအချို့မှာ အဝတ် အထည်သုံးဆိုးဆေး (Dye) များကိုရောစပ်အသုံးပြုနေပါကြောင်း၊ ဆိုးဆေးရောင်းချသူလုပ်ငန်းရှင်များအနေဖြင့် စနစ်တကျ ရောင်းချစေချင်ကြောင်း၊ ၎င်းလုပ်ငန်းများသည် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီအနေဖြင့် တိုက်ရိုက်သက်ဆိုင်နေပါသဖြင့် ယခုကဲ့သို့ ကော်မတီအနေဖြင့် ကွင်းဆင်းဟောပြောဆွေး နွေးပါကြောင်း စသည်ဖြင့်ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးခဲ့ပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ထုတ် ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာဥက္ကဋ္ဌ ဦးဌေးလွင်က ဈေးကွက်အတွင်း ရောင်းချနေသော မီးဖိုချောင်သုံးစားသောက်ကုန်အမျိုးမျိုးတွင် ဆိုးဆေးမပါသော စားသောက်ကုန်ပစ္စည်းများမှာ အလွန်နည်းပါးကြောင်း၊ ငံပြာရည်၊ ငရုတ်ဆီ၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် စသည်ဖြင့်များပြားပါကြောင်း၊ ယခုလိုရာသီတွင် သကြန်နီးလာ၍အအေးမျိုးစုံမှာ အရောင်မျိုးစုံဖြင့်ထွက်ရှိလာတော့မှာ ဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းရှင်များသည် အရောင်မျိုးစုံဖြင့် အချိုရည်များထုတ်လုပ်ပြီး သကြန်ပြီးကာလတွင်ပျောက် သွားတတ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆိုးဆေးလုပ်ငန်းရှင်များအား ယခုကဲ့သို့ ခေါ်ယူဟောပြောဆွေးနွေးရပါကြောင်း၊ ၎င်းလုပ်ငန်းများသည် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် တာဝန်အပြည့်အဝရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအလိုက်ခေါ်ယူ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကင်ဆာရောဂါဖြစ်ပွားသည့်နိုင်ငံများအနက် ဒုတိယမြောက်နေရာတွင် ရှိနေပါကြောင်း၊ ကင်ဆာရောဂါအများစုသည် ဆိုးဆေးများနှင့် ဓာတုဓာတ်ကြွင်းများကြောင့် ဖြစ်ကြောင်းကို ပညာရှင်များမှ လက်ခံထားပါကြောင်း၊ စားသုံးသူများအနေဖြင့်လည်း အရောင်တောက်ပမှသာ ဝယ်ယူသုံးစွဲကြသည်ကို ဈေးကွက်တွင်တွေ့ရှိနေရပါကြောင်း၊ စားသုံးသူများ လုပ်ငန်းရှင်များကိုလည်း အသိပညာ ပေးလုပ်ငန်းများဆက်လက်ပြုလုပ်သွား မည်ဖြစ်ပါကြောင်း၊ ဆိုးဆေးလုပ်ငန်းရှင်များအနေဖြင့် အဝတ်အထည်သုံး ဆိုးဆေးများကိုစားသောက်ကုန်ထုတ် လုပ်ရောင်းချသူများအား မရောင်းချဖို့ လိုအပ်ပါကြောင်း၊ မိမိတို့ရောင်းချသော ဆိုးဆေးများကိုလည်း စက်မှုသုံးဆိုး ဆေးဖြစ်ပါက "စားသုံးရန်မဟုတ်" စာသားများကိုရေး၍ ရောင်းချစေချင်ကြောင်း စသည်ဖြင့် ဆိုးဆေးနှင့် ပတ်သက်၍ကောင်းကျိုး၊ ဆိုးကျိုးများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြော ကြားခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီး ဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါက်တာ အေးငြိမ်းမြတ်က ဆိုးဆေးများရောင်းချရာ၌ တရားဝင်တင်သွင်းသော ဆိုးဆေးများရှိသလို တရားမဝင်တင်သွင်းလာသော ဆိုးဆေးများလည်းရှိပါကြောင်း၊ တရားဝင်ဆိုးဆေးများမှာ FDA မှစစ် ဆေးပြီးဖြစ်၍အရည်အသွေးအာမခံချက်ရှိပြီး တရားမဝင်ဆိုးဆေးများမှာ အရည်အသွေးအာမခံချက်မရှိ၍ အန္တရာယ်ရှိနိုင်ပါကြောင်း၊ အစား အသောက်သုံးဆိုးဆေးရောင်းချသူများအနေဖြင့် စနစ်တကျရောင်းချရန်လိုအပ်ပါကြောင်း၊ သိသင့်သိထိုက်သော အသိပညာဗဟုသုတများလည်း လိုအပ်ပါကြောင်းဖြင့် ဆိုးဆေးနှင့် ပတ်သက်သောဆောင်ရန်ရှောင်ရန် အချက်များနှင့်အန္တရာယ်ကြီးမားပုံတို့ ကိုဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့မန္တလေး တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး ထုတ်ကုန်များ လုံခြုံစိတ်ချမှုဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဈေးအကျိုးတော်ဆောင်များနှင့်ဆိုးဆေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

**တင်ချစ်ကောင်း၊ စားသုံးသူ (မန္တလေး)**

# Myanmar FoodBev နှင့် Myanmar HoReCa ၂၀၁၅ ပြပွဲ ပြသမည်

ထိုင်းနိုင်ငံကုန်သည်များ အသင်း၏ ပံ့ပိုးကူညီမှုဖြင့် ထိုင်းနိုင်ငံကုန်သည်များ အဖွဲ့နှင့်မြန်မာ FoodBev ၂၀၁၅တို့ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက် အစားအသောက်နှင့်အဖျော်ယမကာ၊ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ ဟိုတယ်၊ စားသောက်ဆိုင်နှင့် အစားအသောက် ထုတ်လုပ်သူများ ပါဝင်မည့် ပြပွဲကို မတ်လ ၁၂ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို ICVEX ကုမ္ပဏီလီမိတက်၏စီစဉ်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် မြန်မာ၊ ဂျာမနီ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီနှင့်အမှတ်တံဆိပ်ပေါင်း ၁၀၀ နီးပါး ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြခန်းများတွင် အစားအသောက်နှင့် အဖျော်ယမကာကုန်ကြမ်းများမှ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ပါဝင်သောပစ္စည်းများ၊ ထုတ်ကုန်များ၊ အစားအသောက်ဝန်ဆောင်မှု၊ လိုအပ်သည့်စက်ပစ္စည်းများ၊ အစားအသောက်ဆက်စပ်ပစ္စည်းများနှင့် အဖျော်ယမကာများ၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအပြင် ဟိုတယ်နှင့်စားသောက်ဆိုင်များတွင် လိုအပ်သော အစားအသောက်မဟုတ်သည့် ထုတ်ကုန်များကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။




အထူးအစီအစဉ်အနေဖြင့်မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ဟင်းလျာချက်ပြုတ်ခြင်းသရုပ်ပြပွဲများ၊ ကော်ဖီဖျော်စပ်ခြင်းနှင့်ယမကာဖျော်စပ်ခြင်းသရုပ်ပြပွဲများကို ထည့်သွင်းပြသသွားမည့်အပြင် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများအသင်း (MHPA)ကလည်း စိတ်ဝင်စားဖွယ်ပြပွဲများနှင့် ပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MHPA မှ ပြုလုပ်မည့်ပြိုင်ပွဲများတွင် Marzipan ပြုလုပ်မှုလက်ရာပြပွဲ၊ သစ်သီးပုံဖော်လက်ရာပြပွဲ၊ ပန်းအလှဆင်ပြပွဲ၊ လက်သုတ်ပုဝါခေါက်ပြပွဲ၊ အိပ်ရာပြင်ဆင်နည်းပြပွဲ၊ မြန်မာ့ရိုးရာမင်္ဂလာဆောင်ပြပွဲ၊ အဖျော်ယမကာနှင့်ကော့တေးပြုလုပ်နည်းပြပွဲနှင့် အီတလီဆော့စ်များသုံးပြီးပြုလုပ်မည့် မြန်မာခေါက်ဆွဲပြုလုပ်နည်းပြပွဲတို့ဖြစ်ကြောင်း သိရသည်။

ထိုပြပွဲများမှတစ်ဆင့် မြန်မာနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများ၏အရေးပါသောအခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# တရုတ်နှစ်ကူးကာလအပြီး မန္တလေး-မူဆယ် ကုန်စည်သယ်ယူခ ပြန်လည်မြင့်တက်

မန္တလေး-လားရှိုး-မူဆယ်ကုန်စည်သယ်ယူခနှုန်းထားများမှာ ဖေဖော်ဝါရီလတွင် တရုတ်နှစ်သစ်ကူး ကာလပြီးဆုံးသွားလို့ သယ်ယူပို့ဆောင်ခတွေလည်း ပြန်လည်မြင့်တက်လာတာတွေ့ရပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်သို့ ပဲ၊ ပြောင်း၊ နှမ်း၊ ဆန်၊ ရော်ဘာ၊ ရေထွက်ကုန် ကဏန်း၊ ငါးရှဉ့်၊ ပရဆေးကုန်ကြမ်းများ၊ သစ်သီးဝလံများ ပုံမှန်တင်ပို့နေရပြီး တရုတ်နိုင်ငံမှလည်း အိမ်ဆောက်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းများ၊ လူသုံး/အိမ်သုံးပစ္စည်းအမျိုးမျိုးကို နေ့စဉ်တင်သွင်း လျက်ရှိပါတယ်။ သွင်းကုန်ကားခတွေကတော့ အတက်အကျမရှိတာတွေ့ရပါတယ်။ ဖေဖော်ဝါရီလရဲ့ အပတ်စဉ်ကုန်စည်သယ်ယူခ နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(ပိဿာ/ကျပ်)

| | ၃၁-၁-၁၅ မှ ၆-၂-၁၅ ထိ | ၇-၂-၁၅ မှ ၁၃-၂-၁၅ ထိ | ၁၄-၂-၁၅ မှ ၂၀-၂-၁၅ ထိ | ၂၁-၂-၁၅ မှ ၂၇-၂-၁၅ ထိ |
|---|---|---|---|---|
| ပို့ကုန် | | | | |
| ပြောင်း | ၈၇-၆၀ | ၆၂-၇၃ | ၇၀-၇၃ | ၇၀-၇၃ |
| ဆန် | ၈၈-၆၂ | ၇၀-၇၂ | ၇၀-၇၇ | ၇၁-၇၉ |
| ပဲတီစိမ်း | ၉၀-၆၄ | ၆၄-၇၅ | ၇၂-၇၆ | ၇၃-၈၁ |
| နှမ်း | ၉၀-၆၅ | ၆၆-၇၆ | ၇၂-၇၅ | ၇၃-၈၁ |
| ရော်ဘာ | ၈၇-၆၆ | ၆၈-၇၂ | ၇၃ | ၇၅-၇၈ |
| သွင်းကုန် | | | | |
| မြေဆီ | ၂၅ | ၂၃ | ၂၂ | ၂၂ |

မော်မော်အောင် MIRT (DCCA)

# စလစ်ကပ်ကားများထဲတွင် ခရီးသွား ကောင်းမွန်သောကားများ အဝယ်ရှိနေ

ရန်ကုန်မြို့ကားဈေးကွက်၏ မတ်လဆန်းပိုင်းအခြေအနေမှာ ပွင့်လင်းရာသီရောက်ရှိလာပြီး ကျောင်းပိတ်ရက်ရှည်များလာတော့မည်ဖြစ်၍ ကားပွဲစားတန်းများအတွင်း အရောင်းအဝယ်ရှိသကဲ့သို့ အရောင်းစင်တာများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မတ်လအတွင်း ကျောင်းသားများ ကျောင်းပိတ်ရက်ရှည်ပိတ်ကာ ခရီးသွားရာသီ၊ ခရီးသွားကာလလည်း ဖြစ်သဖြင့် ခရီးသွားကောင်းမွန်သော ကားများ အရောင်းသွက်လာကြောင်း၊ ပုံမှန်အားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖရီးပါမစ်ကားများ ကားပါကင်နေရာပြသရသဖြင့် ကားလေးများတင်သွင်းမှု လျော့နည်းသွားပြီး ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုပြဿနာတစ်ဖက်မှ ဖြေရှင်းပြီးဖြစ်သွားသော်လည်း မြေနေရာငှားရမ်းမှုပုံစံတစ်ရပ်ပေါ်လာပြီး ဖရီး ပါမစ်ကားလေးများ၏ နောက်ဆုံးထုတ်အက္ခရာဈေးတန်းမှာ ၅ သိန်းခန့်မြင့်တက်လာခဲ့ကြောင်း၊ အရောင်း အဝယ်လည်း ယခင်ကကဲ့သို့ မကောင်းတော့ကြောင်း၊ သို့ဖြစ်၍ ကားပါကင် 'ပြသ' စရာမလိုသည့် စလစ်ကပ်ကားများပြန်လည်ပြီး အရောင်းအဝယ်ကောင်းမွန်လာခဲ့သော်လည်း ၂၀၁၄ နှင့် ၂၀၁၅ စလစ်များ၏ အခွန်လျှော့ပေါ့မှုနှင့် မလျှော့ပေါ့မှုနှုန်းထားကွာခြားချက်များကြောင့် ၁၀ သိန်း၊ ၁၅ သိန်းခန့် ဈေးတန်းမြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၅ မတ်လကုန်လျှင် အခွန် သက်သာခွင့်မရှိတော့သည့်အတွက် ပြည်ပနိုင်ငံများမှ ဆွဲရသည့်လေလံ ဈေးပြန်ကျနိုင်ပြီး ပြည်တွင်းမှာစလစ်ကပ် အခွန်ထားခွင့်မပေးတော့သောကြောင့် ကားဈေးတန်း ထပ်တက်လာမည် ပြန်ကျသွားမည်ကို အတပ်မပြောနိုင်သေးကြောင်း လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့် အကျိုးဆောင်ကိုမြင့်ကျော်မှ ပြော သည်။

လတ်တလောအားဖြင့် ကားဈေး ကွက်ထဲတွင် ရုပ်ထွက်ကောင်းသော အက္ခရာ ၁တန်း/၂တန်းနိမ့် သိန်း ၁၀၀ အောက်နှင့် သိန်း ၁၀၀ မှ ၁၃၀ ကြားကားလေးများ၊ ကားလတ်များအဝယ်ရှိနေပြီး ထိုထဲတွင်မှ ခရီးဝေးသွားလျှင် ကောင်းမွန်စိတ်ချရသော ကားများ ပို၍အရောင်းအဝယ်ဖြစ်ကြောင်း၊ စလစ်ကပ်ကားများတွင် ယခင်လကရောင်းရသည့် ဝစ်ရှ်နှင့် ကလူဂါများ ယခုပြန်အေးသွားပြီး ဟိုက်အေ့(စ်) ကားလတ်များ၊ အာလ်ဖတ်တို့နှင့် အခြားဖိုးဝီး(လ်) များလည်း နယ်အဝယ်/မြို့အဝယ်ပြန်လည်လိုက်လာကြောင်း ၎င်းမှပြောသည်။

SN

# အိန္ဒိယ-မြန်မာ နယ်စပ်မီးရထားလမ်း အမြန်ဆုံးဖောက်လုပ်ရန် တောင်းဆိုမည်

ဘီဂျေပီပါတီရဲ့ ဖိတ်ခေါ်မှုကြောင့် အိန္ဒိယနိုင်ငံရထားပို့ဆောင်ရေးဝန်ကြီး Suresh Prabho သည် ၂၀၁၅ ခုနှစ် မတ်လအကုန်တွင် မဏိပူရပြည်သို့လာရောက်မည်ဖြစ်ကြောင်း၊ အင်ဖာမြို့နှင့် အိန္ဒိယ-မြန်မာ နယ်စပ်မိုရေး မြို့တို့ကို ဆက်သွယ်သည့် မီးရထားလမ်းမကြီးကို အမြန်ဆုံးဖောက်လုပ်ရန် ၎င်းပါတီမှ တောင်းဆိုမည်ဖြစ်ကြောင်း၊ အဆိုပါမီးရထားလမ်းသည် အိန္ဒိယ-မြန်မာ နယ်စပ်ကုန်သွယ်ရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း မတ် ၂ ရက်နေ့ထုတ် The Sangai Express သတင်းစာမှာ ဖော်ပြထားတယ်လို့ သတင်းရရှိပါတယ်။

စိုးနိုင်(တမူး)

# Motor.com.mm ၏ ဒီဇိုင်းအသစ်နှင့် Android & iOS App မိတ်ဆက်ပွဲ အခမ်းအနား ကျင်းပ




Motor.com.mm ၏ ဒီဇိုင်းအသစ်နှင့် Android & iOs App မိတ်ဆက်ပွဲအခမ်းအနားကိုမတ် ၆ရက်က ရန်ကုန်မြို့၊ ပြည်လမ်းရှိ International Business Center တွင်ကျင်းပခဲ့ကြောင်း သိရသည်။

Motor.com.mm အနေဖြင့် ၎င်း၏ဝက်ဘ်ဆိုက်ကို မြန်မာနိုင်ငံအတွင်း၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစတင်ပြုလုပ်ခဲ့ရာ ခြောက်လအတွင်း ကြည့်ရှုသူပေါင်း နှစ်သိန်းကျော်ရှိလာခဲ့ပြီး အဆိုပါ Application ကို Install လုပ်သူပေါင်းမှာ လေးသောင်းကျော်ခန့်ရှိလာပြီဖြစ်ကြောင်း၊ ထို့ပြင် ကားအရောင်းစာရင်းတင်သည့် အရေအတွက်မှာ အစီးရေ သုံးသောင်းကျော်ရှိခဲ့ကြောင်း Motor.com.mm ၏ Country Manager ဖြစ်သူ Ms Rianne Roggema က ပြောကြားခဲ့သည်။

အဆိုပါ Application ကို စတင်မိတ်ဆက်ခဲ့သည့်စက်တင်ဘာလအတွင်းက ကားအစီးရေနှစ်ထောင်ခန့်ကိုသာ ကြည့်ရှုနိုင်သော်လည်း ယခုအခါတွင် ကားအစီးရေပေါင်း တစ်သောင်းနီးပါးကို မျက်မြင်ရှာဖွေနိုင်ပြီဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ထို့ပြင် Motor.com.mm အနေဖြင့် ပုံနှိပ်ဂျာနယ်တစ်စောင်ဖြစ်သည့် High Speed နှင့်တွဲဖက်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Motor.com.mm ဝက်ဘ်ဆိုက်နှင့်ပတ်သက်၍ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ စိုးထွန်းက "မြန်မာနိုင်ငံမှာ ဒီလိုအွန်လိုင်းကနေ ကားရောင်းဖို့ဆိုတာဖြစ်မှဖြစ်နိုင်ပါ့မလားလို့ ထင်မိတယ်။ ဒါပေမယ့် ဒီတစ်နှစ်နီးပါးအတွင်းမှာပဲ ဒီဝက်ဘ်ဆိုက်ဟာ ကြည့်ရှုသူအရေအတွက် နှစ်သိန်းကျော်သွားတာရော ကြော်ငြာရတာတွေကိုရော သိရတဲ့အတွက်တကယ့်ကို ဝမ်းသာမိပါတယ်။ ဒါ့ပြင် ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်လာတဲ့အတွက် မြန်မာနိုင်ငံသားလူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ နည်းပညာတွေ၊ နိုင်ငံတကာအတွေ့အကြုံတွေ ရနိုင်တဲ့အတွက် အရမ်းကို ကောင်းတဲ့လုပ်ငန်းတစ်ခုလို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုပြောင်းလဲလိုက်သည့် App တွင် ကားတစ်စီးကို လွယ်ကူလျင်မြန်စွာရှာဖွေနိုင်ပြီး အရောင်းစာရင်းတင်ရန်အတွက်ကိုလည်း နှစ်မိနစ်အတွင်း ပြုလုပ်နိုင်ကြောင်း သိရသည်။

ယခင်က Android ဖုန်းများတွင်သာ ထည့်သွင်းအသုံးပြုနိုင်သော်လည်း ယုအခါ iOs များတွင်ပါ အဆိုပါ App ကို ထည့်သွင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

မယ်သီတာ

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်းဝင်းရဒ် (2010) | ယာယီ | ၁၁၅ သိန်း | ၁.၅ ဓါတ်ဆီ |
| ၂။ | ပရိုဘောက် (2010) | ယာယီ | ၁၀၅ သိန်း | ၁.၃ ဓါတ်ဆီ |
| ၃။ | ဒိုင်ဟတ်စု/မီရာ (2009) | ယာယီ | ၆၅ သိန်း | ၆၆၀ စီစီ |
| ၄။ | တိုယိုတာ/ပါဆို (2009) | ယာယီ | ၈၅ သိန်း | ၁.၃ ဓါတ်ဆီ |
| ၅။ | ဗီလ်ဒါ (2003) | ယာယီ | ၁၃၀ သိန်း | ၁.၅ ဓါတ်ဆီ |
| ၆။ | မတ်(ခ်)တူး (2003) | ယာယီ | ၁၇၅ သိန်း | ၂.၀ ဓါတ်ဆီ |
| ၇။ | ဝစ်ရှ် (ခ်) (2003) | ယာယီ | ១၅၅ သိန်း | ၁.၈ ဓါတ်ဆီ |
| ၈။ | ဟွန်ဒါဖစ် (2011) | ယာယီ | ၁၂၅ သိန်း | ၁.၃ ဓါတ်ဆီ |
| ၉။ | တိုယိုတာဟိုင်းလတ်(ဗီရို)(၂ ခန်းခွဲ) (2014) | ယာယီ | ၃၀၀ သိန်း | ၂.၅ ဓါတ်ဆီ |
| ၁၀။ | နီဆန်း/ကလစ်ပါ (မီနီထရပ်) | ယာယီ | ၅၅ သိန်း | ၆၆၀ စီစီ |

SN

သင့်ကျန်းမာရေး

# အရေပြား ပြည်တည်နာ

ဒေါက်တာလွင်သန့်

အရေပြားဟာ ကိုယ်ခန္ဓာထဲပြင်ပ ပစ္စည်းများနဲ့ ရောဂါပိုးများမဝင်ရောက် စေဖို့ တားဆီးပေးတာကြောင့် ကိုယ်ခန္ဓာခုခံအားစနစ်ရဲ့ မပါမဖြစ်တဲ့ အစိတ်အပိုင်း အင်္ဂါပဲဖြစ်တယ်။

**လက္ခဏာများ။** နေရာကွက်ပြီး ဖြစ်တဲ့ အရေပြားတွင်းရောဂါပိုးဝင်ပြီး ဖြစ်တယ်။ နီရဲနာကျင်တတ်တဲ့ နေရာလေးအဖြစ် စတင်လေ့ရှိတယ်။ အချိန်နဲ့အမျှ ယင်းနေရာတင်းမာလာပြီး ပိုနာ လာတတ်တယ်။ တဖြည်းဖြည်း ပြည်တည်နာရဲ့အလယ်ဟာပျော့ပြီး ရောဂါပိုးတိုက်ထုတ်ဖို့ သွေးကြောကတစ်ဆင့် ရောက်လာတဲ့ သွေးဖြူဥတွေနဲ့ ပြည့်လာတယ်။ သွေးဖြူဥများ ဗက်တီးရီးယားပိုးနဲ့ ပရိုတိန်းများ စုပေါင်းမိကာ ပြည်ဖြစ်လာတယ်။ နောက်ဆုံးမှာ ပြည်ခေါင်းဖြစ်လာပြီး၊ သူ့အလိုလိုပေါက်ထွက် (သို့) ခွဲစိတ်ဖယ် ရှားရတဲ့ အခြေအနေရောက်လာတယ်။

**မွေးကျွတ်နာ** (Furuncle (or) Folliculitis) ။ Streptococcis ကြောင့် အရေပြားပြည်တည်နာဖြစ် လာတယ်။ အပေါက်တစ်ပေါက်(သို့) တစ်ပေါက်ထက်ပိုရှိနိုင်ပြီး ဖျားနာခြင်း၊ ချမ်းတုန်ခြင်း ဖြစ်နိုင်တယ်။

**အရည်အိတ်ဝက်ခြံ** (Cystic acne) ။ အရေပြားရှိ အဆီဂလင်းများ ပိတ်လို့ ပိုးဝင်တဲ့ အခါဖြစ်တတ်တယ်။ ရိုးရိုးဝက်ခြံထက် ပိုနက်တတ်တယ်။ အပျိုစင်တို့ရဲ့မျက်နှာမှာ အဖြစ်များတယ်။

**ချိုင်း(သို့) ပေါင်ခြံအရေပြားပြည်တည်နာ။** ချွေးဂလင်းများ ရောင်ရမ်းမှုနှင့် အကျိတ်အဖုကြီးလာတတ်တယ်။ ပဋိဇီဝဆေးသောက်ခြင်းသက်သက်နဲ့ ပျောက်ကင်းနိုင်ပြီး၊ မပျောက်ရင် ခွဲစိတ်ဖို့လိုတတ်တယ်။

**အရည်အိတ် Pilonidal များ။** အရည်အိတ် Piloniderl ဟာ မြီးညောင်းရိုးတစ်ဝိုက်ဖြစ်တတ်ပြီး အရည်အိတ်ရောဂါစုလို့ ရည်ညွှန်းတတ်တယ်။ ရောဂါပိုးဝင်ခြင်းမရှိရင်၊ တစ်ခုတည်းရှိတဲ့သေးငယ်သော အရည်အိတ်အဖြစ်တည်ရှိတယ်။ ပိုးဝင်ရင် ပြည်ဖုများဖြစ်ပြီး၊ အရည်အိတ် Pilonidal ပြည်တည်နာဖြစ်တတ်တယ်။ ဆိုးရွားတဲ့အခြေအနေမှာ ပိုးဝင်မှုဟာ ပြန့်သွားပြီး ပြည်တည်နာများလာတယ်။ ပြည်တည်နာမှာ နာကျင်မှုနဲ့ နီရဲနေခြင်းရှိပြီး အဖျားလည်း တက်နိုင်တယ်။ မြီးညောင်းရိုးတစ်ဝိုက် မွေးညင်းများ အရည်ပြားအတွင်းပြန်ဝင်ပြီး၊ အရည်အိတ်များခွဲထုတ်ရင် အတွင်းမွေးညင်းများကို တွေ့ရလေ့ရှိတယ်။ အမြစ်များတွေ့ရလေ့မရှိလို့ မွေးညင်းများ၊ အရည်အိတ်ရဲ့ပြင်ပမှ လာတတ်တယ်။ မြီးညောင်းရိုးတစ်ဝိုက် ပွတ် တိုက်ထိတွေ့မှုများက အရည်အိတ် Piloniderl ရောဂါများ ဖြစ်နိုင်တယ်။

**ဖြစ်စေတဲ့အကြောင်းရင်း။** မွေးညင်းများ အရေပြားထဲ ပြန်ဝင်လို့ဖြစ်တတ်တယ်။ ပြင်ပပစ္စည်းများ အရေပြားထဲ ဝင်ရောက်ခြင်းဖြစ်နိုင်တယ်။ အရေပြား ဂလင်းများပိတ်ပြီး ပိုးဝင်လို့ အရေပြား ပြည်တည်နာဖြစ်စေတယ်။

အရေပြားဟာခန္ဓာကိုယ်တွင်းသို့ ပြင်ပပစ္စည်းများနဲ့ ရောဂါပိုးများ မဝင်ရောက်နိုင်ဖို့ တားဆီးတဲ့ခန္ဓာကိုယ်ခုခံ အားစနစ်မှာ မပါမဖြစ်အစိတ်အပိုင်း ဖြစ်တယ်။ ရှခြင်း၊ ခြစ်ခြင်း၊ စူးဝင်ခြင်း တို့ဖြစ်ပွားလို့ အရေပြားပြတ်တောက်တဲ့အခါ ဗက်တီးရီးယားပိုး အလွယ်ဝင် ရောက်နိုင်ပြီး ပြည်တည်နာများဖြစ်ပေါ် လာတယ်။

**အရေပြားပြည်တည်နာအဖြစ်များသူများ။** သောက်သုံးနေတဲ့ ဆေးတစ်မျိုး မျိုးကြောင့် ကိုယ်ခန္ဓာခုခံမှုစနစ်ကျဆင်း နေသူများမှာ ပိုဖြစ်နိုင်တယ်။ ကိုယ်ခန္ဓာ ခုခံအားစနစ်ကျဆင်းစေတဲ့ ရောဂါများ သွေးချို၊ ဆီးချို၊ ကျောက်ကပ်အလုပ်မလုပ်ခြင်းတို့ပါဝင်တယ်။ ကိုယ်ခန္ဓာခုခံအားစနစ်ကျဆင်းတဲ့ဆေးတွေမှာ ကင်ဆာနှင့်စတီးရွိုက်ပါဝင်တယ်။

**ကုသမှု။** အရေပြားပြည်တည်နာ အများစုမှာ၊ အလွယ်တကူကုသလို့ရတယ်။ စောစောသိလို့ ကုသခြင်းက နောက်ဆက်တွဲရောဂါများ တားဆီးပေးနိုင်လို့၊ အရေပြားပြည်တည်နာကို သိသိ ခြင်းကုသဖို့လိုတယ်။ အပူကပ်ပေးရမယ်။ ရေနွေးအိတ်ကပ်ပေးခြင်းဟာ သွေးလည်ပတ်မှု တိုးစေပြီး၊ ရောဂါပိုးများ တိုက်ထုတ်ဖို့ သွေးဖြူဥနဲ့ ပဋိဇီဝပစ္စည်းများ အနာရှိရာကို ပိုမိုရောက်စေတယ်။

အရေပြားပြည်တည်နာဟာသေးပြီး၊ မာသေးရင်လက်နဲ့ အတင်းမညှစ်သင့်ဘူး၊ ပြည်တည်နာများ ပြည်ဖောက်ပေးဖို့ အရေပြားအပေါက်ပေးပြီး ညှစ်ထုတ်ပေးနိုင်တယ်။ သတိရှိဖို့မှာ မိမိလက်ဟာသန့်ရှင်းဖို့ လိုအပ်ပါ တယ်။ ပြည်ထုတ်ပြီးရင်လည်း ပြန်လည် မဖြစ်ပွားအောင် ပိုးသတ်ဆေး Amoxicllin 500mg နဲ့ အကိုက်အခဲပျောက်ဆေး တစ်နေ့နှစ်ကြိမ်နှင့် လေးရက်မှ ခုနစ်ရက် သောက်နိုင်ပါတယ်။ ဝက်ခြံသမားတိုင်း ပဋိဇီဝဆေးသောက်ဖို့တော့ မလိုဘူး။

**ဆရာဝန်နှင့်ပြ။** သွေးချို၊ ဆီးချိုရောဂါ ရှိရင် ကိုယ်ခန္ဓာခုခံအားစနစ်ကျဆင်းလို့၊ ဆရာဝန်နဲ့ပြသသင့်ပါတယ်။ ကိုယ်ခန္ဓာ ခုခံအားစနစ်ကျဆင်းတဲ့ ဆေးများ (ဥပမာကင်ဆာဆေး၊ စတီးရွိုက်ဆေးများ) သောက်သုံးနေရရင် အရေပြား ပြည်တည်နာများဖြစ်ကာ နောက်ဆက်တွဲပြဿနာများပိုများတတ်လို့ ဆရာဝန် နဲ့ပြသသင့်တယ်။

အရေပြားပြည်တည်နာဖြစ်ပြီး၊ ဖျားရင်၊ အရေပြားအနာပြန့်လာရင်၊ အရေအတွက်များရင် အရေပြား ပြည်တည်နာများ ခပ်မြန်မြန်သက်သာမှုမရှိရင် မိသားစုဆရာဝန်နဲ့ ပြသသင့်တယ်။ အရည်အိတ်ပြည်တည်နာ Pilonidal ဖြစ်ရင် ဆေးကုသမှုခံယူဖို့ လိုပါတယ်။

**ကြိုတင်ကာကွယ်။** အရေပြား ပြည်တည်နာ လုံးဝမဖြစ်ဖို့ မတားဆီးနိုင်ပေမယ့် ဖြစ်ပွားမှုလျှော့အောင်လုပ် နိုင်ပါတယ်။ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ရမယ်။

လူတိုင်းနေ့စဉ်နာရီဝက် အားကစား (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး) လုပ်ပေးသင့်ပါတယ်။ အဝလွန်ခြင်း၊ အဆီများခြင်းမဖြစ်စေဖို့ ပုံမှန်ကိုယ်ခန္ဓာအချိုးအစား ဘီအမ်အိုင် (၁၈ ဒသမ ၉) မှ (၂၄ ဒသမ ၉) အတွင်းရှိသင့်တယ်။ ဘီအမ်အိုင်ဆိုတာ ကိုယ်အလေးချိန် (ကီလိုဂရမ်) ကို အရပ်အမြင့် (မီတာ) နှစ်ထပ်ကိန်းနှင့် စားလို့ရတဲ့ရလဒ်ဖြစ်လို့၊ ပုံမှန် အလေးချိန်ထိန်းထားသင့်တယ်။

တင်ပါးတစ်ဝိုက် မွေးညင်းရောင်ရမ်းရင် ကြာရှည်ဖိထားမိခြင်း၊ အလွန်အကျွံကုတ်ခြင်းက ရှောင်ကြဉ်ရမယ်။ တိကျထိရောက်တဲ့ ပိုးသတ်ဆေးကို ဆရာဝန်ညွှန်ကြားချက်နဲ့အညီ သောက်သုံးကြရမယ်။ နေပူမိခြင်း၊ အပူလောင်ခြင်းတို့က ရောဂါကိုပို ဆိုးစေလို့၊ အအုပ်၊ အဆောင်းနဲ့သွားသင့်တယ်။ အတွင်းခံ အဝတ်အစားများ နေ့စဉ်ဆပ်ပြာနဲ့ လျှော်ဖွပ်ဆေးကြောပြီး၊ မီးပူတိုက်သင့်ပါတယ်။

# ဆီးချိုထိန်းနိုင်သော ဆေးဖက်ဝင်သစ်သီးဝလံများ

ဆီးချိုရောဂါဆိုတာ သွေးထဲရှိသကြားဓါတ်ပါဝင်မှုကို ထိန်းကျောင်းပေးနိုင်မယ့်အင်ဆူလင် လုံလောက်အောင်ထုတ်မပေးနိုင်တော့ခြင်း၊ အင်ဆူလင်အပေါ် တုံ့ပြန်နိုင်စွမ်းမရှိတော့တဲ့အတွက် ဇီဝကမ္မဖြစ်ပျက်မှုများ စနစ်တကျမရှိစေခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ဆီးချိုရောဂါပျောက်အောင် ကုသနိုင်တဲ့နည်းမရှိသေးပါ၊ နာတာရှည်ရောဂါမျိုးဖြစ်ပြီး ကမ္ဘာပေါ် ရှိ လူဦးရေ ၃၈၂ သန်းကျော်ဟာ ဆီးချိုဝေဒနာခံစားနေကြရပါတယ်။ ဆီးချိုရောဂါမှာ Type 1 နဲ့ 2 ဆိုပြီး နှစ်မျိုးရှိပါတယ်။ Type 1 ဆိုတာကတော့ ခန္ဓာကိုယ်မှ အင်ဆူလင်ထုတ်ပေးနိုင်စွမ်းမရှိတဲ့ အမျိုးအစားဖြစ်ပြီး ခန္ဓာကိုယ်ထဲရှိသွေးချိုကို ထိန်းကျောင်းနိုင်ဖို့ အင်ဆူလင်ထိုးခြင်းအပေါ် လုံးဝမှီခိုအားထားရလျက်ရှိပါတယ်။ သူတို့ရဲ့ သက်တမ်းကုန်ဆုံးတဲ့ထိ အင်ဆူလင်ထိုးခြင်းဖြင့် အသက်ရှင်အောင် ရပ်တည်နေရပါတယ်။

ဆီးချိုရောဂါရဲ့ လက္ခဏာတွေကတော့ မကြာခဏ "ဆီးသွားခြင်း" သို့မဟုတ် "ရေငတ်ခြင်း" "ဆာလောင်ခြင်း " တို့ပဲဖြစ်ပါတယ်။

Type 2 အမျိုးအစားဆီးချိုရောဂါကတော့ Type 1 နဲ့ကွာခြားပါတယ်။ Type 2 ဆိုတာခန္ဓာကိုယ်ထဲရှိ ဂလူးကို့စ်ဓာတ်ကို ထိန်းကျောင်းပေးရန်အတွက် အင်ဆူလင်လုံလောက်အောင် ထုတ်ပေးနိုင်မှုမရှိခြင်း သို့မဟုတ် ဆဲလ်တွေဟာ အင်ဆူလင်အပေါ် တုံ့ပြန်မှုမရှိခြင်းတို့ဘဲဖြစ်ပြီး ဒီအခြေအနေဟာ အင်ဆူလင်ကို ခံနိုင်ရည်ရှိတဲ့ အဆင့် လို့ ဆိုကြပါတယ်။ Type 1 နဲ့မတူဘဲ Type 2 ကိုထိန်းကျောင်းရလွယ်ကူပါတယ်။ Type 1 အမျိုးအစားဟာဖြစ်ခဲပြီး ၁၀ ရာခိုင်နှုန်းမှသာ တွေ့ရလေ့ရှိပါတယ်။ Type 2 အမျိုးအစားဆီးချိုဖြစ်ပွားလျှင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းခြင်း၊ ဟန်ချက်ညီသောအစားအစာကို စားသုံးခြင်း၊ သွေးချိုကို မှန်မှန် ဖောက်စစ်ဆေးခြင်းတို့ကိုလုပ်ခြင်းအားဖြင့် ဆီးချိုဝေဒနာဖြစ်ပွားသော်လည်းသက်တမ်းစေ့အောင်နေထိုင် သွားနိုင်မှာဖြစ်ပါတယ်။

ဆီးချိုရောဂါကို ပျောက်ကင်းအောင်ကုသ၍ မရသော်လည်း ဆေးဖက်ဝင်သစ်သီးအချို့ကို စားသုံးပေးခြင်းဖြင့် ဆီးချိုရောဂါကို ထိန်းကျောင်း၍ရနိုင်ပါတယ်။

တမာပင်ဟာ ရှေးအကျဆုံးဆေးဖက်ဝင်ဆေးအဖြစ်အသုံးပြုတဲ့ အပင်များအနက်တစ်ပင်ဖြစ်ပါတယ်။ တမာကို မိရိုးဖလာရှေးရိုးအတိုင်း တမာသက်သက်ကို ဖြစ်စေ၊ အခြားဆီးချိုမဖြစ်စေနိုင်တဲ့ အရာများနဲ့ ရောနှော၍ ဖြစ်စေဆီးချိုကာကွယ်ရန်သုံးစွဲခဲ့ကြပါတယ်။ တမာမှာ အနာပျောက်စေနိုင်သော၊ ငှက်ဖျားတိုက်ဖျက်ပေးနိုင်သော၊ မှိုမတက်စေနိုင်သော၊ ဘက်တီးရီးယားများ မဖြစ်စေနိုင်သော၊ အချိုဓါတ်လွန်ကဲမှုကို ထိန်းချုပ်နိုင်သော၊ ဝမ်းမီးတောက်လောက်ခြင်းကို တားဆီးနိုင်သော၊ အဖုအကျိတ်များကို ချေဖျက်ပေးနိုင်သော အာနိသင်များစွာ ပိုင်ဆိုင်ပါတယ်။ တမာက ခန္ဓာကိုယ်ရဲ့ အချိုဓါတ်တက်ခြင်းကို ကာကွယ်ပေးနိုင်စွမ်းတိုးတက်စေပါတယ်။

Mulberry ကို အသားအရေဖြူစင်တောက်ပစိုပြေစေတဲ့ အလှကုန်ပစ္စည်းများ ထုတ်လုပ်ရာမှာ အသုံးပြုရန်အတွက် ထင်ရှားခြင်းသာမက ဆီးချိုရောဂါအတွက် မိရိုးဖလာတိုင်းရင်းဆေးများဖော်စပ်ရာမှာလည်း အသုံးပြုကြပါတယ်။ Mulberry ဟာ သွေးထဲမှာရှိတဲ့ အချိုဓာတ်ကို ထိန်းပေးရာမှာ အထောက်အကူဖြစ်စေပါတယ်။ သုတေသနလေ့လာမှုတစ်ခုမှာတော့ Mulberry အရွက်များကို ၁၅ ရက်ကြာစားသုံးပေးခြင်းအားဖြင့် သွေးထဲမှာရှိတဲ့ သကြားဓာတ်ကို ၃၈ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်တယ်လို့ ဖော်ထုတ်ရရှိထားပါတယ်။

အခြားလေ့လာမှုတစ်ခုမှာတော့ Mulberry ဟာ Lipids များမှုမမှန်ဖြစ်နေတာကို တည့်မတ်ပေးပြီး ဆီးချိုရောဂါဝေဒနာ မခံစားရစေရန် ထိန်းပေးနိုင်တယ်လို့ ဖော်ထုတ်ထားပါတယ်။ ဆီးချိုရောဂါကြောင့် အတွင်းတိမ်ဖြစ်ပွားမှုကိုလည်း နှောင့်နှေးစေနိုင်စွမ်းရှိတယ်လို့ သိရပါတယ်။


ကြက်ဟင်းခါးသီးကိုတော့ ဆီးချိုရောဂါကုသမှုအတွက် အများဆုံးအသုံးပြုတဲ့ အထောက်အထား များစွာလည်း ရှိနေပါတယ်။ ကြက်ဟင်းခါးသီးဟာ ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်ထုတ်လွှတ်ရန်အတွက် လှုံ့ဆော်နိုင်စွမ်းရှိပါတယ်။ သရက်ရွက် (Pancreas) ရှိဘီတာဆဲလ်များရဲ့ လုပ်ငန်းများလုပ်ဆောင်ရန် ကူညီပေးတဲ့အပြင် သရက်ရွက်မပျက်စီးစေရန်လည်း အကာအကွယ်ပေးနိုင်ပါတယ်။ ကြက်ဟင်းခါးသီးမှာ ပိုတက်ဆီယမ်ဂလိုက်ကိုဆိုဒ်၊ အယ်ကယ်ကလွိုဒ်စ်၊ ပရိုတင်း MAP ၃၀၊ ဂလိုင်ကိုပရိုတင်းနဲ့ Oleic အက်စစ်တို့ ပေါကြွယ်ဝပါတယ်။ ကြက်ဟင်းခါးသီးမှာ ဗိုက်တာမင် A နဲ့ C နှစ်မျိုးလုံးပေါကြွယ်ဝတဲ့အတွက် ဆီးချိုရောဂါကို ကာကွယ်ပေးနိုင်တဲ့အပြင် ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းကိုလည်း နှေးကွေးစေနိုင်စွမ်းရှိပါတယ်။

Fenugreek အစေ့များကတော့ Type 2 ဆီးချိုရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်စွမ်းရှိပါတယ်။ ဆေးကုသမှုဆိုင်ရာသုတေသနပြုချက်များအရ Fenugreek ဟာ နှစ်လအတွင်းမှာ သွေးထဲကအချိုဓါတ်များ လျော့ကျစေနိုင်တယ်လို့ သိရပါတယ်။ ခန္ဓာကိုယ်ထဲမှာ အချိုဓါတ်လွန်ကဲခြင်းကို လျှော့ချရန် ထိရောက်တဲ့ Diosgenin ဒြပ်ပေါင်းက Fenugreek မှာပါဝင်တယ်လို့ သိရပါတယ်။


**ရှင်ပါဂူ**

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၉-၃-၂၀၁၅ မှ ၁၅-၃-၂၀၁၅ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းဆောင်တာများအောင်မြင်မှုရရှိနေမည်။ စိတ်ဓာတ်ပြင်းထန်၍ အခက်အခဲအတားအဆီးကိုကျော်လွှားနိုင်မည့်ကာလဖြစ်နေတတ်ပါသည်။ အဓိကစီးပွားရေးလုပ်ငန်းတွင် အသားစည်သွတ်လုပ်ငန်း၊ သစ်သီးစည်သွတ်လုပ်ငန်းများမှဝင်ငွေကောင်းများရရှိမည်။ ကျန်းမာရေးအနေဖြင့် သွေးလျှံရောဂါ၊ မူးဝေခြင်း၊ ရင်တုန်ခြင်း၊ အားနည်းခြင်းရောဂါတို့ ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ပျော်ရွှင်စရာခရီးသွားရင်းပြေလည်မှုများ ရရှိလိမ့်မည်။ **ယတြာ။ အင်ကြင်းပန်းဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** ပျော်ပျော်ရွှင်ရွှင် နေတတ်ပြီး၊ အသင်းအဖွဲ့များနှင့် လိုက်လျောညီထွေရှိနေမည်။သယ်ယူပို့ဆောင်ရေး လုပ်ငန်း များနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှဝင်ငွေများ အားကောင်းပြီးစီးပွားဖြစ်ထွန်းမည့်ကာလဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့်အစာအိမ်ကိုက်ခဲနာကျင်ခြင်း၊ လေချုပ်-လေသက်၊ လေတက်ခြင်းနှင့်ဆိုင်သောရောဂါများဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သူချစ်ကိုယ်ချစ်ရသောသူမျိုးနှင့် လက်တွဲဖြစ်လိမ့်မည်။ ဘုရားသွား၊ ကျောင်းတက် အတူတူပျော်ရွှင်ရမှု များရှိနေလိမ့်မည်။ **ယတြာ။ ကံ့ကော်ပန်းဆောင်ပါ။**




**အင်္ဂါသားသမီးများအတွက်** ပွင့်ပွင့်လင်းလင်းရှိပြီး ရိုးသားစွာပြောဆိုတတ်နေမည်။ စီးပွားရေးလောကတွင်အများ၏အထင်ကြီးမှုအားကိုး မှုကို ရရှိလိမ့်မည်။ လုပ်ငန်းဆောင်ရွက်ရာတွင် စိုးရိမ်စိတ်မထားဘဲလျင်မြန်စွာဆောင်ရွက်နိုင်မည်။ အချက်အပြုတ် အကြော်အလှော်လုပ်ငန်း၊ မြေနှင့်ပတ်သက်သောလုပ်ငန်းများ အကျိုးပေးအားကောင်းနေမည်။ ကျန်းမာရေးတွင် အပူကြီးသောရောဂါ၊ အာရုံကြောအားနည်းသောရောဂါ၊ နာကျင်ကိုက်ခဲခြင်းရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာဖြောင့်ဖြူးနေမည်။ **ယတြာ။ ငှက်ပန်းဆောင်ပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** အရာရာတိုင်းကိုကြိုတင်စဉ်းစားပြီးမှ ပြုမူပြောဆို လုပ်ကိုင်တတ်မည်။ အလုပ်ကိစ္စဟူသမျှကို ကာလ၊ ဒေသ ပယောဂနှင့်အညီ လုပ်တတ်နေမည်။ စီးပွားရေးလုပ်ငန်းများတွင် စပါး၊ ဝါဂွမ်းများနှင့်ပတ်သက်သောလုပ်ငန်း ပရိဘောဂ စက်ရုံလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအကျိုးပေးနေမည်ဖြစ်သည်။ ကျန်းမာရေးအနေဖြင့် အဆုတ်နှင့်ပတ်သက်သောရောဂါခံစားရတတ်ပါသည်။ အချစ်ရေးတွင် မြတ်နိုးသူနှင့် အိမ်ထောင်ပြုရတတ်ပါသည်။ **ယတြာ။ ဇလပ်ပန်းဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** အချိန်ကိုဖြုန်းတီးလေ့မရှိဘဲ စာပေတို့၌ မွေ့လျော်စုဆောင်းနေတတ်မည်။ အလုပ်ကိစ္စများကို ဆောင်ရွက်ရာတွင် ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်မည်။ စီးပွားရေးအဓိကလုပ်ငန်းတွင် လယ်ယာထွက်ကုန်သီးနှံများနှင့်ပတ်သက်ပြီး စီးပွားဖြစ်လိမ့်မည်။ ဝင်ငွေအားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ပေါင်၊ ပေါင်ရိုးတို့နှင့်ပတ်သက်သော သွားလာလှုပ်ရှားမှုတွင် လေးလံထိုင်းမှိုင်းခြင်းဝေဒနာ၊ သွေးကြောရောင်ရောဂါ များဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ဥစ္စာခနေ ပေါ ကြွယ်ဝသူနှင့် တွေ့ရတတ်သည်။ အိမ်ထောင်ရေးသာယာနေမည်။
**ယတြာ။ မာလကာသီးဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** မမျှော်လင့်ဘဲငွေဖြစ်စေ၊ ပစ္စည်းများကိုဖြစ်စေ အစုလိုက်အပြုံလိုက်ရတတ်သည်။ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းပရိဘောဂလုပ်ငန်း၊ ပန်းစိုက်ပျိုးရေးလုပ်ငန်းတို့မှ ဝင်ငွေအားကောင်းနေတတ်ပါသည်။ ချောင်းဆိုးရောဂါ၊ ဆီးအောင့်ရောဂါ၊ ကျောက်ကပ်နှင့်အဆစ်အမြစ်နာကျင်ကိုက်ခဲသောရောဂါတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် မျှော်လင့်စောင့် စားနေရတတ်သည်။ အိမ်ထောင်ရေး တစ်ကျက်ကျက်ဖြစ်နေမည်။ **ယတြာ။ သစ်တော်သီးဆွမ်းကပ်ပါ။**



**စနေသားသမီးများအတွက်** သံသယစိတ်နှင့် သူတစ်ပါးအပေါ် မယုံကြည်မှုများနေ တတ်သည်။ သူတစ်ပါးပြောစကားများကိုမှတ်သားလေ့ရှိသည်။ စီးပွားရေးတွင်ဂုံလျှော်စက်ရုံလုပ်ငန်း၊ ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်း၊ ဖယောင်းချက်စက်ရုံလုပ်ငန်းများ အကျိုးပေးအားကောင်းနေမည်။ စီးပွားဖြစ်ထွန်းမည့်ကာလ ဖြစ်သည်။ ကျန်းမာရေးတွင် ခေါင်းကိုက်၊ ဝမ်းဗိုက်နာ၊ လေထိုး၊ လေအောင့်ဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် ငယ်ချစ်ဟောင်းနှင့် တွေ့ဆုံရတတ်သည်။ အိမ်ထောင်ရေးတစ်နယ်စီဝေးနေရတတ်သော သဘောရှိလိမ့်မည်။ **ယတြာ။ ထန်းသီးလှူပေးပါ။**



# စက်မှုကုန်ကြမ်းသီးနှံ ကြယ်ပဲ(ခေါ်)Omega 3,6,9 ပဲမည်း မကွေးတွင် စမ်းသပ်စိုက်ပျိုး

မကွေးမြို့ဆေးတက္ကသိုလ်သင်ကြားရေးဆေးရုံအနီး တစ်ဧကခွဲခန့်ရှိ မြေကွက်ပေါ်၌ ပုဂ္ဂလိကစိုက်ပျိုးရေး လုပ်ကိုင်သူတစ်ဦးက စက်မှုကုန်ကြမ်းသီးနှံ ကြယ်ပဲ(ခ) Omega 3,6,9 ပဲမည်းကို စမ်းသပ်စိုက်ပျိုးရန်မြေပြင်လျက်ရှိကြောင်း သိရသည်။

ကြယ်ပဲ(ခေါ်) ပဲမည်းသည် တစ်ကြိမ် စိုက်ပျိုးပြီးထိန်းသိမ်းထားရုံဖြင့် နှစ် ၃၀ မှ ၅၀ အထိ ဆွတ်ခူးရောင်းချနိုင်သော နှစ်ရှည်သီးနှံဖြစ်၍ စီးပွားရေးအတွက် တွက်ခြေကိုက်သော သီးနှံဖြစ်သည်။ တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးနိုင်သလို စီးပွားဖြစ်စိုက်ပျိုးသင့်သော နွယ်ပင် အမျိုးအစားသီးနှံဖြစ်ကြောင်း သိရ သည်။

ကြယ်ပဲ (ခေါ်) ပဲမည်းသည် ဆီထွက် သီးနှံမြေပဲနှင့် နှမ်းကဲ့သို့ အလွယ်တကူ ဆီကြိတ်နိုင်ပြီးရရှိသောဆီကို လိုအပ်သလိုစား သုံးခြင်းဖြင့်ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ဗီတာ မင်အေ-အီးနှင့် သက်စောင့်ဓာတ်ဖြစ်သော Omega 3,6,9 ကြွယ်ဝစွာ ပါရှိပြီး ဆေးဝါးအနေဖြင့် ငါးကြီးဆီ အစားထုတ်လျက်ရှိကြောင်း သိရသည်။

ထိုပဲကိုစိုက်ပျိုးခြင်းဖြင့် တစ်ဧက ၁၆ သိန်းမှ သိန်း ၄၀ ထိရရှိနိုင်ပြီး တစ်နှစ်အတွင်း စတင်ဝင်ငွေရရှိသောနှစ်ရှည်ပင်တစ်မျိုးဖြစ်ကာ ကုန်စိမ်းဈေးကွက် မဟုတ်ဘဲနိုင်ငံခြားဈေးကွက်ခိုင်မာစွာရှိကြောင်း သိရသည်။

"မျိုးကတောင်ကြီးမှာဝယ်လို့ရတယ်။ မျိုးတစ်ပြည်ကို ၃ သိန်းလောက် ရှိတယ်။ မကွေးမှာတော့ ကြယ်ပဲစိုက် သူမရှိသေးဘူး။ ဒါပထမဆုံးစမ်းသပ် စိုက်ပျိုးတာပဲ၊ ဆေးဖက်ဝင်သီးနှံဆိုတော့ သြဂဲနစ်နည်းကို သုံးမယ်၊ မိုးဦးကျမှာ စိုက်တာအကောင်းဆုံးပဲ၊ နွားချေးနဲ့ မြေဆွေးကိုသုံးမယ်၊ ဓာတုလျှော့၊ ဓာတုလွတ် သဘာဝဇီဝသြဂဲနစ်နည်းကိုသုံးမယ်၊ စိုက်ပြီးလို့ ၉ လကြာရင် တစ်နှစ်သုံးကြိမ်ဆွတ်ခူးနိုင်တယ်"ဟု ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ငန်းရှင် ဦးရွှေသန်းကပြောသည်။

"နည်းပညာပိုင်းကတော့ တစ်ဧက ပင်ကြား-တန်းကြား ၉ ပေပတ်လည် အပင် ၅၃၀ ၆ ပေ×၁၂ ပေ ဆိုရင် အပင် ၆၀၀ ဆန့်တယ်။ စိုက်ပျိုးမယ့် မြေဧကနဲ့ ချိန်ဆပြီးမျိုးစေ့တွေကိုပျိုးမယ့်ရက်မတိုင်မီရက် ၂၀ ထက်မပိုဘဲ ၁၅ ရာခိုင်နှုန်းအပိုဆောင်းပြီးမှာယူ၊ ပြီးတော့ရေနွေးတစ်ဂါလန်၊ ရေအေးတစ်ဂါလန်ခွဲရောစပ်ပြီးမျိုးစေ့တွေကို ပုဆိုး ပွပွနဲ့ထုပ်၊ ၇ နာရီ ရေစိမ်၊ နောက် အနံ ၃ ပေ အလျားသင့်သလို သဲဘောင်များလုပ်ပြီး အကွာအဝေးညီအောင် ၃ လက်မဇကာကွက်ဆွဲပြီး အစေ့ရဲ့ချက်များကို သဲထဲလေးပုံတစ်ပုံမြုပ်ပြီး၊ အစို့ဖောက်၊ အညှောင့်ဖောက်နေတုန်း ပင်စည်စုပ်ပိုးကို ကာကွယ်ဖို့ ဆေးပေါ့လိပ်ဖင်စီခံအခု ၂၀လောက် ကို ရေ တစ်လီတာနဲ့ ၂၄ နာရီစိမ်ပြီး အဲဒီရေနဲ့မျိုးပင်တွေကိုရွှဲနေအောင်ဖြန်း ၃ ရက်လောက်ကြာတဲ့အခါ အစို့တွေ ပေါက်လာမယ်။ ၇ ရက်ကြာတဲ့အခါ မြေကြီး ၃ ဆ၊ သဲ ၂ ဆ၊ ဖွဲပြာ ၁ ဆရောထားတဲ့ (၆×၉) လက်မ၊ ပလတ်စတစ် တစ်အိတ်တွေထဲထည့်၊ နှစ်ရှည်ပင် အမျိုးအစားဖြစ်တဲ့အတွက်မြေနေရာ ရွေးချယ်တဲ့အခါမှန်ကန်ဖို့လိုတယ်။

မြေ ချဉ်၊ ငံ၊ ညွန်းကိန်း PH 4.5 မှ 6.5 အတွင်းဖြစ်တယ်။ ရေပေးနိုင်ရင်ရာသီ မရွေးစိုက်ပျိုးနိုင်တယ်။ ပျိုးပင်တွေပျိုးထောင်နေတုန်းစိုက်ခင်းကိုမြေပြင်၊ နောင်ကျရင် အမြစ်များပြန့်ကားလာမှာဖြစ်တဲ့အတွက် မြေဆွပေးရန်မဖြစ်နိုင်တော့ဘူး။ ပြီးတော့ စိုက်ခင်းဘောင်တန်းများမှာ မြေပေါ် ၅ ပေ အမြင့်ရှိတဲ့ ကွန်ကရစ်တိုင် (သို့မဟုတ်) မျှောတိုင် များကိုပေ ၃၀ ခြားပြီး မယိမ်းမယိုင် အောင်ကျားကန်ပြီးစိုက်ထားပါ။ ၅ ပေ အမြင့်မှာ ၄ ပေ သစ်သားတန်းတစ်ခုနဲ့ ၂ ပေအကွာ သွပ်နန်းကြိုး သုံးတန်းတန်းပေးရမယ်။ ပျိုးထုပ်တွေမြေချစိုက်တဲ့အခါ ပဲပင်များနွယ်တက်ရန်ဝါးတိုင်တွေ စိုက်ပေးရမယ်။

ပျိုးထုပ်ထဲမှာအပင် သက်တမ်းတစ်လကျော်လာရင် အမြင့် တစ်ပေခန့်ရှိပြီး အညွန့်များကို ဖြတ်ပေးတဲ့အခါ အကိုင်း၊ အခက်တွေဖြာလာမယ်။ ပျိုးပင်တွေကို မှိုရောဂါ၊ မွှားနဲ့ ပင့်ကူနီများကိုကာကွယ်ဖို့ လိုင်းဆာဖာ ပိုးသတ်ဆေးရည်ကို ညနေပိုင်းမှာ ပက်ဖျန်းပေးပါ။ သတိထားရမှာက ဒီဆေးကို အရွက်နုထွက်ချိန်မှာ မဖျန်းရဘူး။ စိုက်ပျိုးပြီး ၆ လမှ ရှစ်လအကြာ မှာအသီးစသီးပြီး အခွံခြောက်မှဆွတ်ရမယ်။ ပထမနှစ်မှာနှစ်ကြိမ်ခူးမယ်။ တစ်ပင်ကို နှစ်ကီလိုလောက်ရမယ်။ နောင်နှစ်တွေမှာ သုံးကြိမ်မှ ငါးကြိမ်အထိ ခူးနိုင်တယ်။ နှစ်ကီလိုကနေ ငါးကီလိုအထိရနိုင်တယ်။ လက်ရှိပေါက်ဈေးက တစ်ပြည်ကို ၂၀၀၀၀ ဈေးရှိတယ်"ဟု သူကဆက်ပြောသည်။

ကြယ်ပဲ(ခေါ်) ပဲမည်းသည် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ပြီး တောင်သူများစိုက်ပျိုးချိန်တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ခိုင်မာသော ဈေးကွက်ရှိကြောင်း သိရသည်။ **နေလင်းသူရိန် (မကွေး)**

# Myanmar Offshore Supply က မော်လမြိုင်မြို့တွင် ဆိပ်ကမ်းသစ်တည်ဆောက်ရန် စီစဉ်

စင်ကာပူအခြေစိုက် Fish Pte.Ltd ၏လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Myanmar Offshore Supply သည် မြန်မာနိုင်ငံ၊ မော်လမြိုင်မြို့တွင် ဆိပ်ကမ်းတစ်ခုတည်ဆောက်သွားရန်စီစဉ်လျက်ရှိကြောင်း ဘီနာမာသတင်းတွင် ဖော်ပြထားသည်။ အဆိုပါ Myanmar Offshore Supply အနေဖြင့် မော်လမြိုင်မြို့တွင်ဆိပ်ကမ်းတစ်ခုတည်ဆောက်ခြင်းသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် ရှေ့ပြေးအဖြစ် ပါဝင်လာခြင်းဖြစ်သည်။

မော်လမြိုင်မြို့တွင် မြေဧရိယာ ဧကပေါင်း ၁၉၃ဧကပေါ်၌ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများအတွက် ဝန်ဆောင်မှုများကို လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့ပြင် မြန်မာ့ကမ်းလွန်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့်ရေနံ ကုမ္ပဏီများအတွက် သယ်ယူပို့ဆောင်မှုအပါအဝင် ဝန်ဆောင်မှုများကိုပေးအပ်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့လုပ်ဆောင်နိုင်ရန် Myanmar Offshore Supply နှင့် မွန်ပြည်နယ်အစိုးရတို့သည် ဆိပ်ကမ်းတည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါဆိပ်ကမ်းတည်ဆောက်မှုပြီးစီးသွားပါက မြန်မာနိုင်ငံ၏စတုတ္ထ အကြီးဆုံးမြို့ဖြစ်သည့် မော်လမြိုင်မြို့၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးများဖွံ့ဖြိုးလာပြီး ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိလာနိုင်သည်ဟု ဆိုသည်။

ထိုတိုးတက်မှုများနှင့်ဆက်စပ်နေသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များသည်လည်း ဖွံ့ဖြိုးတိုးတက်လာပြီး မော်လမြိုင်မြို့နှင့် ပတ်ဝန်းကျင်ရှိမြို့များမှာလည်း ဖွံ့ဖြိုးလာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**



## မြို့ကြီးများ၏ ၉-၃-၂၀၁၅ မှ ၁၃-၃-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၉-၃-၂၀၁၅) | အင်္ဂါ(၁၀-၃-၂၀၁၅) | ဗုဒ္ဓဟူး(၁၁-၃-၂၀၁၅) | ကြာသပတေး(၁၂-၃-၂၀၁၅) | သောကြာ(၁၃-၃-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉°C/၁၀၂°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၀°C/၁၀၄°F |
| ရန်ကုန်မြို့ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၃°F | နေသာ ၃၉°C/၁၀၂°F |
| မန္တလေးမြို့ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၂°C/၁၀၇°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F |
| မြစ်ကြီးနား | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇ °F |
| လားရှိုး | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| ကျိုင်းတုံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| လွိုင်ကော် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| တောင်ကြီး | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| မော်လမြိုင် | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| ဘားအံ | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F |
| တောင်ငူ | နေသာ ၃၉°C/၁၀၃°F | နေသာ ၄၁°C/၁၀၆°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F |
| မုံရွာ | နေသာ ၃၉°C/၁၀၂°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၄၁°C/၁၀၅°F | နေသာ ၄၀°C/၁၀၄°F | နေသာ ၃၉°C/၁၀၃°F |
| ပုသိမ် | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မြိတ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F |
| မကွေး | နေသာ ၃၄°C/၉၃°F | ၄၀% ၃၃°C/၉၁°F | ၃၀% ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၉°C/၈၄°F | နေသာ ၃၁°C/၈၇°F | နေသာ ၂၉°C/၈၄°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F |

# စူမားတြားကျွန်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၊ စူမားတြား ကျွန်းတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိအင်အားပြင်းထန်သည့် ငလျင်တစ်ခု မတ် ၃ရက်က လှုပ်ခတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်ပြီးနောက် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်းဒေသဆိုင်ရာ အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါငလျင်သည် စူမားတြားကျွန်း၏ ကမ်းခြေဒေသဖြစ်သည့် စီကာ ဘလူအမ်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၅၀ အကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေပြင် အောက်အနက် ၃၈ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ငလျင်တိုင်းတာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ဖော်ပြထားသည်။

အဆိုပါအင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ဒေသခံပြည်သူများမှာ အထိတ်တလန့်ဖြစ်ခဲ့ကြကာ နေအိမ်များအတွင်းမှ အပြင်သို့ ပြေးထွက်ခဲ့ကြရ ကြောင်းဖြင့် ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဒဏ်ရာရရှိသူ တစ်ဦးမျှမရှိသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများလည်း မရှိကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေး အန္တရာယ်ကာကွယ်ရေးအေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်များ ဝိုန်းရံ လျက်ရှိသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်နေသည့်အတွက် ငလျင်လှုပ်ခတ်မှုများမှာလည်း မကြာခဏဆို သလိုဖြစ် ပေါ်လေ့ရှိကြောင်းဖြင့် ၎င်းကထပ်မံပြော ကြားခဲ့သည်။

၂၀၀၄ခုနှစ် ဒီဇင်ဘာလအတွင်းက အင်အား ရစ်ချ်တာစကေး ၉ ဒသမ ၁ အဆင့်ရှိသည့် အင် အားအလွန်ပြင်းထန်သည့် ငလျင်သည် စူမားတြား ကျွန်းကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့သည်။ အဆိုပါ ငလျင် ကြောင့် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ လူပေါင်း၂၃၀,၀၀၀ ကျော် သေဆုံးခဲ့ရသည်။ အဆိုပါ အင်အားပြင်း ငလျင်ကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ရသ ဖြင့် လူများ သေဆုံးရခြင်းဖြစ်သည်။

**မယ်သီတာ**

# ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ လူပေါင်း ၂၅ ဦးထက်မနည်း သေဆုံး

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မိုး သည်းထန်စွာ ရွာသွန်းခဲ့ရာ မြေပြိုမှုများ၊ ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၂၅ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဆင်ဟွာသတင်း တွင် ဖော်ပြထားသည်။

မိုးသည်းထန်မှုကြောင့် ရာဝါပင်ဒီမြစ်ရေလျှံတက်ခဲ့ရာ ၁၆ ပေ အမြင့်အထိ ရေများမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပက်ရှ်ဝါဒေသတွင်လည်း မိုးသည်းထန်စွာရွာသွန်းခဲ့ သဖြင့် လမ်းများပျက်စီးခဲ့ကာ ယာဉ်အသွားအလာ များပိတ်ခဲ့ရသည် အထိဖြစ်ခဲ့ရသည်ဟု ဆိုသည်။

ပက်ရှ်ဝါမြို့တွင် ရုတ်တရက် မိုးများ သည်းထန်စွာရွာချခဲ့သဖြင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကာ နေအိမ်များလည်း ပြိုကျပျက်စီးခဲ့ရသည်။

တောင်ပေါ်ဒေသများတွင်လည်း မိုးရွာသွန်းမှုနှင့်အတူ နှင်း များလည်း ကျရောက်လာသဖြင့် အပူချိန်များကျဆင်းခဲ့ကာ အအေး



ဓာတ်များ လွှန်ကဲခဲ့သည်ဟုဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နှစ်ထပ်တိုက်တစ်လုံး ပြိုကျ ခဲ့ရာ အဆိုပါတိုက်အိမ်တွင်နေထိုင်သည့်လူပေါင်း ၁၈ဦးမှာ ဒဏ်ရာ များ ပြင်းထန်စွာရရှိသွားခဲ့သည်။

ပက်ရှ်ဝါဒေသနှင့် လာဟိုးပြည်နယ်တို့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ ဝင်များက အလောင်းများနှင့် ပျောက်ဆုံးနေသူများကို ရှာဖွေလျက် ရှိနေကြောင်း သိရသည်။

ပါကစ္စတန်စစ်တပ်မှ တပ်ဖွဲ့ဝင်များသည် ရာဝါပင်ဒီနှင့် အစ္စ လာမ်မာဘတ်မြို့တို့တွင် ရေလွှမ်းမိုးနိုင်သည်ဟူသော သတိပေးစာ တမ်းများကို နေရာအနှံ့တွင် လိုက်လံဝေငှလျက်ရှိကြောင်း အဆိုပါ သတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုများကြောင့် ပါကစ္စတန်နိုင်ငံရှိ အဓိကလမ်းမများ ကို ပိတ်ထားခဲ့ရပြီး မြေပြိုမှုများကြောင့်လည်း လမ်းများ ပိတ်ထား ခဲ့ရကြောင်းဖြင့် ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ သည်။မိုးသည်းထန်စွာရွာသွန်းပြီးနောက် နှင်းများ ကျရောက်ခဲ့သဖြင့် လမ်းမများတွင် ထွန်းထားသည့် မာကျူရီမီးများမှာ သဲသဲကွဲကွဲ မြင် နိုင်စွမ်းအားမရှိကြောင်းဖြင့် ၎င်းက ပြောကြားခဲ့သည်။

Domestic Sport News
Vol: 15, No.10 Monday March 9 2015

# နွေရာသီအိုလံပစ်ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အပြီးသတ်လူစာရင်းထုတ်ပြန် ကွင်းဝင်ကြေးများကို ကျပ် ၂၀၀၀၊ ကျပ် ၃၀၀၀ သတ်မှတ်



နွေရာသီအိုလံပစ်ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အပြီးသတ်လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မတ် ၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ဦးအေးမောင်ကြီးက နည်းစနစ်အကြံပေးအဖြစ် တာဝန်ယူထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်းနှင့် ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်တို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **(ဂိုး)**မြဖူးငုံ၊ခင်သီတာအေး၊ သန္တာအေး၊ **(နောက်)** ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်ခိုင်၊ နန်းကြေးငုံ၊ ငယ်ငယ်ထွေး၊ ဇာခြည်ဦး၊ အေးအေးမိုး၊ **(လယ်)** စန်းစန်းမော်၊သန်းသန်းထွေး၊နော်အားလိုဝါးဖော၊ ခင်မိုးဝေ၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ **(ရှေ့)** ရီရီဦး၊ ခင်မာလာထွန်း၊ ဝင်းသီဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါခြေစစ်ပွဲများကို မတ် ၁၁ ရက်မှ ၁၅ ရက်အထိ မန္တလေးမြို့၊ မန္တလာသီရိကစားကွင်းတွင် ကျင်းပမည်ဖြစ်ရာ ကွင်းဝင်ကြေးများအဖြစ် အထူးတန်း ကျပ် ၃၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အဆိုပါပြိုင်ပွဲအတွက် မတ် ၁ ရက်မှစတင်ကာ မန္တလေးမြို့တွင်စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။ မြန်မာအသင်းပါဝင်သည့် အုပ်စုတွင် အိန္ဒိယ၊ သီရိလင်္ကာတို့ ပါဝင်ကြောင်း သိ ရသည်။

ယင်းပြိုင်ပွဲတွင် အုပ်စုပထမနေရာကို ရယူနိုင်ခဲ့ပါက ဒုတိယအဆင့်ခြေစစ်ပွဲကို အာရှအဆင့် ၆ နှင့် အဆင့် ၇ တို့တွင် ရပ်တည်နေသည့် ထိုင်း၊ ဗီယက်နမ်တို့နှင့် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဒုတိယအဆင့်တွင် အုပ်စုပထမရသည့်အသင်းသာနောက်ဆုံးအဆင့်ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယင်းနောက်ဆုံး အဆင့်တွင် ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ တရုတ်၊ မြောက်ကိုရီးယားတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အုပ်စု ပထမနှင့် ဒုတိယရသည့်အသင်းတို့သာအိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာခြေစမ်းပွဲအဖြစ် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က ရန်ကုန်မြို့သုဝဏ္ဏကွင်းတွင် ဗီယက်နမ်ကလပ် ဟာနန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အဆိုပါခြေစစ်ပွဲစဉ်ပြီးဆုံးပါက အာဆီယံချန်ပီယံရှစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

### မြန်မာအမျိုးသမီးအသင်း၏အုပ်စု ပွဲစဉ်များ

**မတ်လ ၁၁ မြန်မာ - သီရိလင်္ကာ**
**မတ်လ ၁၃ သီရိလင်္ကာ - အိန္ဒိယ**
**မတ်လ ၁၅ မြန်မာ - အိန္ဒိယ**



# တရုတ်-အာဆီယံအုပ်စု အဖွင့်ပွဲစဉ်တွင် မြန်မာယူ-၁၅အသင်း ဗီယက်နမ်ယူ-၁၅အသင်းကို ရှုံးနိမ့်

တရုတ်-အာဆီယံ လူငယ်ဘောလုံးပြိုင်ပွဲ၏အုပ်စုအဖွင့်ပွဲစဉ်အဖြစ် မြန်မာ ယူ-၁၅ အသင်းနှင့် ဗီယက်နမ် ယူ-၁၅ အသင်းတို့သည် မတ် ၄ ရက်က တရုတ်နိုင်ငံ၊ ဂွမ်ဇီပြည်နယ်၊ ဒေါင်ဇင်းမြို့တွင်ကျင်းပခဲ့ရာ မြန်မာ ယူ-၁၅ အသင်းသည် ဗီယက်နမ် ယူ-၁၅အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၁၅ အသင်းနှင့် ဗီယက်နမ် ယူ-၁၅အသင်းတို့သည် ခြေစွမ်းပိုင်းတွင် ကွာခြားမှုမရှိသော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ပထမပိုင်းတွင် မြန်မာအသင်းသည် လျင်လျင်မြန်မြန်ဖြင့် အချိတ်အဆက်မိမိကစားကာ ဗီယက်နမ်နောက်တန်းနှင့် ဂိုးပေါက်တို့အား ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ သို့သော် ပွဲချိန်ငါးမိနစ်တွင် ဗီယက်နမ်အသင်းမှ ငုယင်ဒိုင်ခီအန်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့နောက် မြန်မာအသင်းကလည်း ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၁၁ မိနစ်တွင် ဟိန်းထက်အောင်က ဂိုးသမားထံမှ ပြန်ထွက်လာသည့်ဘောလုံးကို အပိုင်ပိတ်သွင်းကာချေပဂိုးရယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၄၃ မိနစ်တွင် ဗီယက်နမ်အသင်းမှ ဘူအန်ဒူက ဒုတိယဂိုး ထပ်မံသွင်းယူ ခဲ့သည်။

ဒုတိယပိုင်းပြန်အစတွင် မြန်မာအသင်း၏ ကစားပုံအချိတ်အဆက်လွဲချော်မှုကို အခွင့်ကောင်းယူကာ ဗီယက်နမ်အသင်း ထိုးဖောက်တိုက်စစ်ဆင်ခဲ့သဖြင့် မြန်မာနောက်တန်းနှင့် ဂိုးသမားတို့ အသည်းအသန်ဖျက်ထုတ်ကာကွယ်ခဲ့ရသည်။

မြန်မာအသင်းသည်လည်း ပွဲချိန် ၇၅မိနစ်နောက်ပိုင်းတွင် ပြန်လည်ထိုးဖောက်တိုက်စစ်ဆင်ခဲ့သော်လည်း ဂိုးပေါက်လွဲချော်မှုများကြောင့် ချေပဂိုးနှင့် လွဲချော်ခဲ့ရသည်။ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးများ နောက်ထပ် သွင်းယူနိုင်ခြင်းမရှိသဖြင့် မြန်မာ ယူ-၁၅ အသင်းသည် ဗီယက်နမ် ယူ-၁၅ အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။

# အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲ သွားရောက်ကစားမည်

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် မတ်လ ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့ဂျာဗား၊ ဆီဒိုရာဂျိုရှိဒဲလ်တာစတေဒီယမ်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခြေစမ်းပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မတ်လ ၄ ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ ယင်းအကြောင်းကြားချက်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း မြန်မာ့လက်ရွေးစင်အသင်းအားစေလွှတ်၍ ခြေစမ်းပွဲကို လာရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း လက်ခံပြန်ကြားခဲ့သည်။

နည်းပြချုပ် အဗရာမိုဗစ်ချ် တာဝန်ယူထားသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၂ ရက်တွင် စုဖွဲ့လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်း၏လူစာရင်းကို မကြာမီကာလများတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# မြန်မာအသင်းပါဝင်သည့် အာဆီယံဖူဆယ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များထွက်ပေါ်



အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၁၅ခုနှစ် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

အဆိုပါပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၈ရက်မှ ၁၈ရက်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး ကျင်းပမည့်မြို့ကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ယင်းပြိုင်ပွဲတွင် အုပ်စုနှစ်စုခွဲထားပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် ကျရောက်လျက်ရှိသည်။ အုပ်စု(က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ တီမော၊ ဘရူနိုင်း၊ မလေးရှား၊ စင်ကာပူတို့ပါဝင်ပြီး အုပ်စု(ခ)တွင်မြန်မာ၊ ဩစတြေးလျ၊ ဗီယက်နမ်၊ လာအိုဖိလစ်ပိုင်အသင်းတို့ဖြစ်ကြောင်း သိရသည်။

အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းသည် ၁၁ ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲတစ်လျှောက်တွင် ၁၀ ကြိမ်အထိ ချန်ပီယံဖြစ်ခဲ့သည့်အတွက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

အိမ်ရှင်အင်ဒိုနီးရှားအသင်းသည် ၁၀ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင်သာ တစ်ကြိမ်ချန်ပီယံဖြစ်ခဲ့ဖူးကာ ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။စင်ကာပူအသင်းသည် ယင်းဖူဆယ် ပြိုင်ပွဲသို့ ၁၃ နှစ်ကြာဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဘဲ ယခုနှစ်မှသာ ပြန်လည်ဝင်ရောက်လာသည့် အသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၀၆ ခုနှစ်က ကျင်းပခဲ့သည့် အာဆီယံ ဖူဆယ်ပြိုင်ပွဲမှ စတင်ကာယှဉ်ပြိုင်ခဲ့ပြီး တတိယဆုတစ်ကြိမ်ရရှိခဲ့ဖူးကာ ကျန်သည့်နှစ်များတွင် အုပ်စုအဆင့်အထိသာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့သည်။

မြန်မာဖူဆယ်အသင်းသည် လက်ရှိတွင် လေ့ကျင့်မှုများ မပြုလုပ်ရသေးဘဲ ပြီးခဲ့သည့် ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် အမျိုးသားအားကစားပွဲတော် အပြီးတွင် လူထပ်မံအားဖြည့် ရွေးချယ်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

## ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖြူရီ ကလစ်ရှ်ကိုအပြင် WBC ချန်ပီယံဒီယွန်တေးဝိုင်လ်ဒါနှင့်ပါထိုးရန် ရည်မှန်းနေ

ရိုမေးနီးယားလက်ဝှေ့သမား ခရစ္စတီယန်ဟမ်းမားကို ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူပြီး ဥရောပဟဲဗီးဝိတ်ရွှေခါးပတ် ကာကွယ်ခဲ့သည့် ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖြူရီမှာ ရွှေခါးပတ်များပိုင်ရှင်ဝလာဒီမီယာကလစ်ရှ်ကိုအပြင် WBC ချန်ပီယံဒီယွန်တေးဝိုင်လ်ဒါနှင့်ပါ ထိုးသတ်နိုင်ရန် ရည်မှန်းလျက်ရှိသည်။

ဆုကြေးစားပွဲ ၂၄ပွဲစလုံး အနိုင်ရထားသည့် မန်ချက်စတာမြို့သား ဖြူရီမှာ WBO ၏စိန်ခေါ်သူနံပါတ်တစ်ဖြစ်ပြီး ဟမ်းမားအားအနိုင်ရပြီးပြီးချင်းမှာပင် ကလစ်ရှ်ကိုအား စိန်ခေါ်စကားဆိုခဲ့သည်။ နှစ်ဖက်တာဝန်ရှိသူများအကြား ဗြိတိန်၌ပွဲဖြစ်မြောက်ရန် ဆွေးနွေးမှုများ စတင်နေပြီဖြစ်ပြီး တိုင်ဆန်ဖြူရီမှာ ကလစ်ရှ်ကိုအား အနိုင်ရခဲ့ပါက အမေရိကန် လက်ဝှေ့သမား ဝိုင်လ်ဒါနှင့်ပါ ဟဲဗီးဝိတ်ရွှေခါးပတ်များ ပေါင်းစည်းပွဲအဖြစ်ထိုးရန် ဆန္ဒပြင်းပြနေခြင်းဖြစ်သည်။ WBA စူပါ၊ IBF၊ WBO နှင့် IBO ချန်ပီယံကလစ်ရှ်ကိုမှာ လာမည့် ဧပြီ ၂၅ ရက်တွင် အမေရိကန်လက်ဝှေ့သမား ဘရိုင်ယန့်ဂျန်းနင်းနှင့် သရဖူကာကွယ်ပွဲထိုးသတ်မည်ဖြစ်သည်။ ၎င်း၏ဆုကြေးစားဘဝနှစ်ပေါင်း ၂၀ နီးပါးအတွင်း အင်္ဂလန်မြေတွင် တစ်ကြိမ်သာထိုးသတ်ခဲ့ဖူးကြောင်း သိရသည်။

## Honda LPGA Thailand ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးမယ် အေမီယန်း ဗိုလ်စွဲ

ထိုင်းနိုင်ငံ၊ ပတ္တယားကမ်းခြေ၌ ကျင်းပခဲ့သည့် Honda LPGA Thailand ပြိုင်ပွဲတွင် တောင်ကိုရီးယားဂေါက်သီးမယ် အေမီယန်းက အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။ အေမီယန်းသည် နောက်ဆုံးနေ့ပွဲစဉ်တွင် သုံးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၇၃(-၁၅)ချက်ဖြင့် ပူးတွဲဒုတိယရသူသုံးဦးကို နှစ်ချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ တတိယနေ့အပြီးတွင် ထိပ်ဆုံးမှဦးဆောင်နေသော ကမ္ဘာ့အဆင့်တစ်ဟောင်း စတေစီလူးဝစ်မှာ နောက်ဆုံးနေ့တွင် ၇၂ချက်ရိုက်လိုက်သဖြင့် ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ၂၀၁၂ခုနှစ်ကတည်းက အောင်မြင်မှုနှင့်ဝေးကွာခဲ့သော တရုတ်တိုင်ပေဂေါက်သီးမယ် ယာနီဆန်းမှာလည်း ဒုတိယသာရရှိခဲ့သည်။

အသက် ၂၅နှစ်ရှိ အေမီယန်းအတွက် LPGA Tour ပြိုင်ပွဲများတွင် ဒုတိယအကြိမ်ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး လေဒီဥရောပတိုးတွင် သုံးကြိမ်၊ ကိုရီးယား LPGA Tour တွင် နှစ်ကြိမ်ဗိုလ်စွဲထားသည်။ ထို့ပြင် မတ် ၂ရက်ကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင်လည်း အဆင့် ၁၆ မှ ၁၁ သို့ ငါးဆင့် မြင့်တက်လာခဲ့သည်။ အေမီယန်းမှာ ပြီးခဲ့သည့်ပြိုင်ပွဲ ငါးခုတွင် လေးခု၌ ထိပ်ဆုံးငါးဦးစာရင်း ဝင်နိုင်ခဲ့သည်။

## ဖိနပ်တွင် တက်တူးထိုး၍ ဆွာရက်ဇ် ဘောလုံးကစားမည်

ဘာစီလိုနာကစားသမား လူးဝစ္စ ဆွာရက်ဇ်သည် ၎င်း၏ ဘောကန်ဖိနပ်တွင် တက်တူးများထိုးထားပြီး အဆိုပါဖိနပ်ကို ဝတ်ဆင်၍ ဘောလုံးကစားမည် ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းတွင် ဖော်ပြထားသည်။ ထို့ကြောင့် ဆွာရက်ဇ်သည် တက်တူးထိုးထားသည့် ဖိနပ်ဖြင့် ဘောလုံးကစားသည့် ကမ္ဘာ့ပထမဦးဆုံးသော ဘောလုံးသမားဖြစ်လာကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။



ဆွာရက်ဇ်သည် အဆိုပါဖိနပ်ကို ဘာစီလိုနာနှင့် ဗယ်လီကာနိုတို့၏ပွဲစဉ်တွင် ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဖိနပ်တွင် ထိုးထားသည့်တက်တူးမှာ Love/Hate ကို စာလုံးဒီဇိုင်းဖြင့် ပုံဖော်ထားခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ဖိနပ်ကို ဝတ်ဆင်၍ ဝင်ရောက်ကစားသည့်ပွဲတွင် အကောင်းဆုံးနှင့် အလှပဆုံးသောဂိုးတစ်ဂိုး သွင်းယူနိုင်ရန် မျှော်လင့်ထားကြောင်းဖြင့် ဆွာရက်ဇ်ကပြောကြားခဲ့သည်။

ဆွာရက်ဇ်သည် ယခင်က အားပေးသူ ပရိသတ်များ၏ ချစ်ခင်မှုကို ခံခဲ့ရသော်လည်း ၎င်း၏ဘောလုံးကွင်းအတွင်း ဆိုးသွမ်းမှုများနှင့် လူမျိုးရေးခွဲခြားမှုများကြောင့် ပရိသတ်အများစု၏မုန်းတီးခြင်းကို ခံစားနေရသူဖြစ်သည်။

ယင်းအချက်ကို ဆွာရက်ဇ်က အမှတ်တရအနေဖြင့် ၎င်း၏ဖိနပ်တွင် Love/Hate ဟူသည့်စာသားကို ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

## ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင် မိုက်ကယ်ဂျော်ဒန်ပါဝင်လာ ၁၇၄၁ ယောက်မြောက် ကမ္ဘာ့အချမ်းသာဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့



အမေရိကန်ဘတ်စကက်ဘော ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ မိုက်ကယ်ဂျော်ဒန်သည် ကမ္ဘာ့အချမ်းသာဆုံးစာရင်းတွင် ပါဝင်လာခဲ့ကြောင်း Forbe မဂ္ဂဇင်း၏ထုတ်ပြန်ချက်ကို ကိုးကား၍ ဒေးလီးမေးလ်က ဖော်ပြခဲ့သည်။

ထို့ပြင် အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်သည့် မိုက်ကယ်ဂျော်ဒန်သည်ဒေါ်လာ ဘီလီယံပေါင်းများစွာချမ်းသာကြွယ်ဝသည့်ကစားသမားဖြစ်လာပြီး ကမ္ဘာ့သူဌေးစာရင်းတွင် ၁၇၄၁ ယောက်မြောက်ဖြစ်လာခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မိုက်ကယ်ဂျော်ဒန်သည် ပြီးခဲ့သည့် Nike အားကစားဝတ်စုံလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ရရှိခဲ့သည်။ ၎င်းသည် အမေရိကန်ဘတ်စကက်ဘောလိဂ်ဖြစ်သည့် NBA ပြိုင်ပွဲဝင် Charlottee Hornets အသင်းတွင် ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသူတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

မိုက်ကယ်ဂျော်ဒန်သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်က ရှယ်ယာအားလုံး၏ ၈၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ရှယ်ယာတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၇၀၀ ကျော်ရှိကြောင်း သိရသည်။

အမေရိကန်အားကစားကုမ္ပဏီ Nike သည် မိုက်ကယ်ဂျော်ဒန်၏အသင်း တွင် ကြော်ငြာခွင့်ရရန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၅ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရသည်ဟုဆိုသည်။

Forbe မဂ္ဂဇင်း၏ ၂၉နှစ်မြောက်အဖြစ် ထုတ်ဝေရာတွင် အဆိုပါချမ်းသာသည့်သူဌေးများ၏ စာရင်းကို ဖော်ပြခဲ့ရာ အာဆင်နယ်အသင်းမှ သုံးဦးအပါအဝင် ပရီးမီးယားလိဂ်ကလပ်များမှ အသင်းပိုင်ရှင်များ၊ ရှယ်ယာဝင်များပါဝင်ကြောင်း သိရသည်။

သို့သော် အဆိုပါစာရင်းတွင် မန်စီတီးအသင်းကို ဝယ်ယူထားသည့် ဆော်ဒီသူဌေး ရှိတ်မန်ဆာမှာမူ ပါဝင်ခြင်း မရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အာဆင်နယ်အသင်းမှ ရှယ်ယာဝင်တစ်ဦးဖြစ်သည့် အာလီရှာအူမန်နော့ဗ်သည် ပရီးမီးယားလိဂ် ကလပ်အသင်းသူဌေးများအနက် အချမ်းသာဆုံးသူဌေးတစ်ဦးဖြစ်ပြီး ၎င်းပိုင်ဆိုင်သည့် ရှယ်ယာတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ဘီလီယံရှိကြောင်း သိရသည်။


## ၂၀၁၅ ရာသီပြိုင်ကားပုံစံသစ်ကို ရက်ဘူးလ် တရားဝင်ပြသ ရှူးမေကာ၏သား F4 ပြိုင်ပွဲဝင်မည်

ဖော်မြူလာဝမ်းပြိုင်ကားအသင်းတစ်သင်းဖြစ်သည့် ရက်ဘူးလ်အသင်းသည် ယခုရာသီတွင် အသုံးပြုမောင်းနှင်မည့် ပြိုင်ကားပုံစံသစ်ကို ပြီးခဲ့သည့် မတ် ၂ ရက်က တရားဝင်ပြသခဲ့သည်။

ပြိုင်ကားသစ်၏ အမည်ကို 2015 RB11 ဟု အမည်ပေးထားပြီး အသင်း၏ အမှတ်တံဆိပ်ဖြစ်သော အရောင်များကိုသာပြန်လည်အသုံးပြုထားသည်။ ရက်ဘူးလ်အသင်းမှာ ရာသီကြိုစမ်းသပ်မောင်းနှင်မှုများတွင် RB11 ပြိုင်ကားကိုအသုံးပြုခဲ့သော်လည်း အရောင်ကိုမူ စစ်ပွဲများတွင် ရန်သူအလွယ်တကူ မမြင်တွေ့စေရန် ရုပ်ဖျက်ထားပုံမျိုးဖြစ်သော ကြောင်ကြောင်ကျားကျားအရောင်မျိုး ခြယ်သထားခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့ခြင်းမှာ ကားဒီဇိုင်းကို ပြိုင်ဘက်အသင်းများ ပုံတူကူးမချနိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ရက်ဘူးလ်အသင်းသည် ယခုရာသီတွင် ဖာရာရီအသင်းသို့ရောက်ရှိသွားသည့် ဂျာမန်ကားမောင်းသမား ဗက်တဲလ်နှင့်အတူ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ အထိ လေးနှစ်ဆက် ကမ္ဘာ့ ချန်ပီယံဖြစ်ခဲ့သော်လည်း ယမန်နှစ်ကမူ မာစီဒီးစ်အသင်း၏ လွှမ်းမိုးခြင်းခံခဲ့ရသည်။

နှင်းလျှောစီးရင်းလဲကျပြီး ဦးခေါင်းကို ပြင်းထန်စွာထိခိုက်ခဲ့မှုကြောင့် ယခုအချိန်ထိ သတိကောင်းစွာမရသေးသော ဂျာမန်ဂန္ထဝင်ကားမောင်းသမားကြီး မိုက်ကယ်ရှူးမေကာ၏ ဆယ်ကျော်သက်အရွယ်သားငယ်ဖြစ်သူ မစ်ခ် ရှူးမေကာသည် Formula 4(ပြိုင်ကားငယ်)ပြိုင်ပွဲကို ယခုနှစ်တွင် စတင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အသက် ၁၅ နှစ်ရှိအရွယ်ရှိ မစ်ခ်သည်ဒတ်ချ်အသင်း Van Amersfoort နှင့် စာချုပ်ထားသည်။ ရုရှားဂရင်းပရီပြိုင်ပွဲတွင် ရယူနိုင်ခဲ့သည့်ချန်ပီယံဆုကို ယခုအချိန်အထိ ဂျပန်တက္ကသိုလ်ဆေးရုံတစ်ခု၌ အသက်အန္တရာယ်စိုးရိမ်နေရဆဲဖြစ်သည့် ပြင်သစ်ကားမောင်းသမား ဂျူးလက်စ်ဘီယန်ချီအတွက် ရည်စူးသည်ဟု ဟာမီလ်တန်ကဆိုခဲ့သည်။ ဗြိတိန်ကားမောင်းသမားဟာမီလ်တန်မှာ ယခုရာသီတွင်မှ ပထမဆုံးအကြိမ် ကျင်းပသည့် ရုရှားဂရင်းပရီပြိုင်ပွဲတွင် ထိပ်ဆုံးမှ တောက်လျှောက်ဦးဆောင် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။





## မိန်းကလေးငယ်တစ်ဦးအား လိင်ဆက်ဆံမှုဖြင့် အဒမ်ဂျွန်ဆင်ကို ရဲက ဖမ်းဆီး

ဆန်းဒါးလန်းနှင့် အင်္ဂလန်လက်ရွေးစင်ကစားသမား တစ်ဦးဖြစ်သူ အဒမ်ဂျွန်ဆင်သည် ၁၅ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား လိင်ဆက်ဆံခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရကြောင်း သိရသည်။

တစ်ပတ်လျှင် လုပ်ခလစာအဖြစ် ပေါင်ငါးသောင်းရရှိသည့် အဒမ်ဂျွန်ဆင်ကို ၎င်း၏နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အဒမ်ဂျွန်ဆင်၏နေအိမ်သည် ပေါင် ၁ ဒသမ ၈သန်းတန်ကြေးရှိသည်ဟုဆိုသည်။

အဒမ်ဂျွန်ဆင်သည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ၎င်း၏အတူနေချစ်သူ ဖလောင်ဒါစ်က သမီးကလေးတစ်ဦး မွေးဖွားပေးခဲ့သည်။ ၎င်း၏ချစ်သူ ဖလောင်ဒါစ်ကမူ ၎င်းဘက်မှ ရပ်တည်ပေးမည်ဟု ပြောကြားခဲ့ပြီး ဂျွန်ဆင်မှာယခုကဲ့သို့ လုပ်မည့်သူမဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ဂျွန်ဆင်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀သန်းဖြင့် ရောက်ရှိခဲ့သူ ဖြစ်သည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနမှ ဦးဆောင်၍ ကျေးလက်ဒေသ အသေးစားထုတ်ကုန်များနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ဒေသထွက်ကုန်စည်များ ပြပွဲပြုလုပ်မည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် တိုင်းကွန်ပျူတာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့ ပူးပေါင်း၍ ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး စာတမ်းဖတ်ကြားခြင်းနဲ့ တိုင်းအတွင်း ကျေးလက်ဒေသ အသေးစား ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်နှင့်အလား အလာရှိသော ကုန်စည်များပြပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၂၀၊ ၂၁ ရက်နေ့၊ နံနက် ၀၉း၀၀ နာရီမှ ည ၉း၀၀ နာရီ အထိ ပုသိမ်မြို့၊ ကမ်းနားလမ်း မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ စီးပွားရေးကဏ္ဍတွင် အချက်အချာကျသော တိုင်းကြီးဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများမှ ဆန်စပါး၊ ပဲမျိုးစုံ၊ အထူးပြု ကုမ္ပဏီ၊ ရေထွက်ပစ္စည်းလုပ်ငန်းများ၊ နှစ်ရှည်သီးနှံများ၊ ရော်ဘာ၊ သီဟိုဠ်၊ သစ် တောထွက်ပစ္စည်းများမှ လက်မှုလုပ်ငန်းများဖြစ်သည့် ကြိမ်၊ ဝါး၊ ဗေဒါ၊ သင်၊ ဝါးခမောက်လုပ်ငန်းများနှင့် ပုသိမ်ထီးလုပ်ငန်း၊ စားသောက်ကုန်စည် ပုသိမ်ဟာလဝါ၊ ညောင်တုန်း၊ ကျိုက်လတ်၊ ဖျာပုံ၊ ဒေးဒရဲ၊ မအူပင်မြို့နယ်များမှ ငှက်ပျောကြော်၊ ပဲ မှုန့်၊ ငါးခြောက်လုပ်ငန်း၊ အမျိုးသား၊ အမျိုးသမီးရိုးရာဝတ်စုံနှင့် ခေတ်မီဝတ်စား ဆင်ယင်မှုပြခန်းများ အထည်ချုပ်လုပ်ငန်းများ၊ ပြခန်းများ၊ ခရိုင် ၆ မြို့နယ်မှ ဒေသထွက်နဲ့ အလားအလာရှိသော ကုန်စည်များအပြင် ကျေးလက်ဒေသအသေးစား ထုတ်ကုန်များ၊ အခြားကုန်စည်ပြခန်းများ စုစုပေါင်း ပြခန်း ၇၀ ကျော် ပြသပေးသွား မှာဖြစ်ပြီး စားသောက်ဆိုင်များ၊ ဖျော်ဖြေရေးအစီအစဉ်များ လည်း ထည့်သွင်းထားကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## တရုတ် (တိုင်ပေ) သို့ ကျွန်းလှေတင်ပို့



မြန်မာနိုင်ငံက ထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း အစရှိတဲ့ ကုန်ပစ္စည်းများနဲ့ သယံဇာတများကို အိမ်နီးချင်းနိုင်ငံတွေကိုသာမက ပင်လယ်ရေကြောင်းနဲ့ပါ ကမ္ဘာ့နိုင်ငံအသီးသီးသို့ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။

ယခင်ကသစ်တောထွက်ပစ္စည်းတင်ပို့မှုနဲ့ ပတ်သက်ရင် သစ်ကို ထုတ်လုပ်ထွက်ရှိတဲ့အတိုင်း သစ်အလုံးလိုက် တင်ပို့တာမျိုးကိုသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ပိုမို တင်ပို့နိုင်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေးတို့အတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့ ကစပြီး သစ်အလုံးလိုက်တင်ပို့ခွင့်မပြုတော့သဖြင့် သစ်ခွဲသား၊ ပါကေး၊ သစ်ပါးလွှာ၊ ကျွန်းတံခါး၊ ပရိဘောဂ အစိတ် အပိုင်းများကိုသာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အစားထိုးတင်ပို့လာကြတာကိုတွေ့ရပါတယ်။

အဲဒီတန်ဖိုးမြှင့်ထုတ်ကုန်တွေသာမက ကျွန်းသစ်နဲ့ပြုလုပ်ထားတဲ့အလေးချိန် တစ်တန်ခွဲကျော်ရှိတဲ့ ကျွန်းလှေ (Teak Boat) ကို နိုင်ငံသားပိုင်ကုမ္ပဏီဖြစ်တဲ့ National Wood Industry Ltd. က တရုတ် (တိုင်ပေ)သို့ တင်ပို့ဖို့ ပို့ကုန်လိုင်စင်လာရောက်လျှောက်ထားမှုရှိခဲ့တာကိုလည်းသိရှိရလို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရန် ပို့ကုန်လုပ်ငန်းရှင်များအတွက် သတင်းကောင်းပါးလိုက်ရပါတယ်။

**ပို့ကုန် (ရန်ကုန်)**

## One Diamond မူပိုင်တံဆိပ်ပြုလုပ်လိုက်ပြီ




မြန်မာ့သရက်သီး အမယ်အတော်များများကို အိမ်နီးချင်းတရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ပြီး တင်ပို့လျက်ရှိပါတယ်။ စိန်တလုံး၊ ရင်ကွဲ၊ မြကျောက် စသည်ဖြင့် သရက်သီးမျိုးကောင်းများကိုတင်ပို့နေကြတာ ဖြစ်ပါတယ်။ "အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက်"လို့ပြောလေ့ပြောထရှိပါတယ်။ အသီး၊ အသား၊ အရွက်မှာ အကောင်းဆုံးသော အမယ်များအဖြစ် ရွေးချယ်တင်စားပြောကြတဲ့အထဲ မှာ သရက်သီး ပါဝင်ပါတယ်။ မြန်မာလူမျိုးများ နှစ်သက်စွာစားသုံးကြသလို ပြည်ပတိုင်းပြည်များကလည်း ကြိုက်နှစ်သက်ကြပါတယ်။ ကျွန်မတို့ငယ်စဉ်က ရင်ကွဲသရက်သီးကို သာလူသိများကြသော်လည်း ဆယ်စု နှစ် ၃-၄ ခုလောက်စပြီး စိန်တလုံးသရက်သီးဟာ မြန်မာ့သရက်သီး လောကကို ဝင်ရောက်နေရာ ယူလာခဲ့တာ ဖြစ်ပါတယ်။ စိန်တလုံးသရက်သီးရဲ့ အရသာမှာ ချိုအေးမွှေးပြီး အခြားသော သရက်သီး များနဲ့ မတူတဲ့အရသာကို ပေးစွမ်းနိုင်ပါတယ်။ ရင်ကွဲသရက်သီးလိုအမျှင်မများတဲ့အပြင် အစေးလည်း မများပါဘူး။ စိန်တလုံးသရက်ဟာ ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံအချို့မှာ ဈေးကွက်ရရှိနေပြီဖြစ် ပါတယ်။

ပြည်ပနိုင်ငံများသို့ နှစ်စဉ်တင်ပို့နိုင်သဖြင့် နိုင်ငံခြားဝင်ငွေရရှိနေပေမယ့် အချို့တိုင်းပြည်များမှာ အရည်အသွေး စိစစ်မှုစည်းကမ်းသတ်မှတ်ချက်များချမှတ်ပြီး ပြည်ပမှ သွင်းကုန်များအပေါ် ကြပ်မတ်စိစစ်မှု များပြုလုပ်လျက်ရှိနေရာ နိုင်ငံတကာသို့ ကျယ်ကျယ်ပြန့်ပြန့်တင်ပို့နိုင်ရေး၊ မြန်မာ့မူပိုင်ဖြစ်ကြောင်း အာမခံချက်ရှိစွာတင်ပို့နိုင်ရေးအတွက် စိန်တလုံးအမှတ်တံဆိပ် (One Diamond Brand Idenification Standards) ကို မှတ်ပုံတင်ရရှိနိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဟန်မြင့်မိုရ် သရက်စိုက်တောင်သူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ ကိုရီးယားနိုင်ငံ Kippo အဖွဲ့တို့ပူးပေါင်း၍ အရည်အသွေးပြည့်မီသော မြန်မာ့ စိန်တလုံးသရက်သီးများ အတွက် အစီအစဉ်ရေးဆွဲခဲ့ကြပါတယ်။

တင်ပို့တဲ့ ထုပ်ပိုးမှုအပေါ်မှာ One Diamond Sein Ta Lone အမှတ်တံဆိပ်ပါရှိမှာ ဖြစ်ပြီး သရက်သီးအလုံးတိုင်းမှာလည်းကပ်ထားပေးမယ်၊ ထုပ်ပိုးမှုကိုလည်း နိုင်ငံတကာအဆင့်မီအောင် ပြုလုပ်သွားမယ်လို့ သိရပါတယ်။ နိုင်ငံခြားသို့တင်ပို့တဲ့အခါမှာ စိန်တလုံးရဲ့ အရည်အသွေးနဲ့ ပိုးမွှားကင်းစင်မှုကို သစ်သီးဝလံ အသင်းမှ ကြီးကြပ်စစ်ဆေးပြီး အာမခံချက်နဲ့ တင်ပို့ရမှာဖြစ်ပါတယ်။ ဝယ်လက်နိုင်ငံများ အနက် ဂျပန်နိုင်ငံဟာ သီးထိုး ယင်ပိုးနဲ့ အစေ့ထိုးပိုးကို သူတို့နိုင်ငံထဲသို့ လုံးဝအဝင်မခံပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေနဲ့ မြန်မာ့စိုက်ပျိုးရေးဝန်ကြီးဌာန၊ အပင်နှင့်ပိုးမွှားကာကွယ်ရေးဌာန၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Japan International Cooperation Agency-JICA) တို့ပူးပေါင်းပြီး သီးထိုး ယင်ပိုးကာကွယ်နှိမ်နင်းရေးအတွက် မြန်မာ့စိုက်ပျိုးရေးသုတေသနဌာနနဲ့ ပူးပေါင်းလုပ်ဆောင်နေ ပြီဖြစ်ပါတယ်။

မိမိတို့ပို့ကုန်များပြည်ပဈေးကွက်သစ်များ ထိုးဖောက်နိုင်ရေးနဲ့ ဈေးကွက်ခိုင်မာစေရေးအတွက် အရည်အသွေးကောင်းမွန်မြင့်မားရန်လိုအပ်လျက်ရှိတဲ့အတွက် ပူးပေါင်းလုပ်ဆောင်ချက်များအတွက် ထောက်ခံရင်း One Diamond Sein Ta Lone မူပိုင်အမှတ်တံဆိပ်ပြုလုပ်နိုင်ခြင်းအတွက် ဂုဏ်ပြုလိုက်ရပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်မှ ယခုနှစ် ဖေဖော်ဝါရီလကုန်ထိ မူဆယ်နယ်စပ်မှ တစ်ဖက်အိမ်နီးချင်းနိုင်ငံသို့ သရက်သီး တင်ပို့မှုကို ဖော်ပြပေးလိုက်ပါတယ်။ အများဆုံးတင်ပို့တဲ့သရက်သီးမျိုးများမှာ စိန်တလုံး၊ ရွှေဟင်္သာနဲ့ သရက်သီးကြမ်းတို့ ဖြစ်ပြီး ယခုတင်ပို့ပမာဏမှာ အဆိုပါသရက်သီးအမယ်စုံရဲ့ တင်ပို့မှုပဲဖြစ်ပါတယ်-

| ဘဏ္ဍာနှစ် | အရေအတွက် (တန်ချိန်) | တန်ဖိုး (ကန်ဒေါ်လာသန်းပေါင်း) |
|---|---|---|
| ၂၀၁၂-၂၀၁၃ | ၃၈၄၇၄. ၇၀ | ၁၃. ၁၁၇ |
| ၂၀၁၃-၂၀၁၅ | ၃၂၃၀၆. ၅၀ | ၁၀. ၇၂၈ |
| ၂၀၁၄-၂၀၁၅ (ဖေဖော်ဝါရီလထိ) | ၁၆၁၈၅. ၈၈ | ၁၃. ၄၄၂ |
| စုစုပေါင်း | ၈၆၉၆၇. ၀၈ | ၃၇. ၂၈၇ |

**ဂန္ဓမာ**

## ဟုမ္မလင်းမြို့တွင် သစ်သီးဝလံအခြေခံနည်းပညာပေး သင်တန်း ဖွင့်လှစ်မည်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ကျေး လက်ဒေသအသေးစား ကုန်ထုတ်လုပ် ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပံ့ပိုးမှု ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကုန်သွယ် မှု မြှင့်တင်ရေးဦးစီးဌာနမှ ကြီးမှူး၍ ရက်ကန်းနှင့် သက်မွေးပညာ သင်တန်းကျောင်း (မုံရွာ) တို့ ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့တွင် သစ်သီးဝလံအခြေခံ စားသောက် ကုန်ထုတ်လုပ်မှုနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင် တန်းကို ၂၀၁၅ ခုနှစ် မတ်လ ၁၁ မှ ၁၅ ရက်နေ့အထိ ၅ ရက်ကြာ သင်တန်းဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပါတယ်။ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစွာဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်၍ အကျိုးအမြတ်ပိုမိုရရှိရေးနဲ့ ဈေးကွက်ဈေးနှုန်းပိုမိုရရှိစေရေး အတွက် တန်ဖိုးမြှင့်ထုတ် ကုန် (Value added ) ထုတ်လုပ်နိုင်ပြီး၊ ဒေသတွင်း စားသုံးရန် ထုတ်လုပ်မှု အဆင့်မှ စီးပွား ဖြစ် ကုန်ထုတ်လုပ်မှု အဆင့်သို့ တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

အဆိုပါသင်တန်းသို့ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးတက်ရောက်နိုင်ရန် စီစဉ်ထားရှိပါတယ်။ သင်တန်းတွင် သစ်သီးများကြာရှည်ခံ ထုတ်လုပ်ရမည့် နည်းလမ်းများ၊ သစ်သီးဖျော်ရည်ထုတ် လုပ်ပုံအဆင့်ဆင့်၊ သစ်သီးယိုမျိုးစုံထုတ်လုပ်ခြင်းနည်းလမ်းများ၊ သစ်သီးနှင့် ပတ်သက်၍ တန်ဖိုးမြှင့်ထုတ်ရန် (Value added ) ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို စာတွေ့၊ လက်တွေ့ ၅ ရက်တိုင် သင်ကြားပေးသွားမှာဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**သက်နိုင် - ဟုမ္မလင်း**

## Trade Facilitation & Trade Promotion

# ကျောက္ကာ (မြောက်)ကျေးရွာက ပြည်ပသွင်းကုန်အစားထိုး ရေနံချက်လုပ်ငန်း





စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် မုံရွာမြို့နယ်၊ ကျောက္ကာ(မြောက်)ကျေးရွာအနီး ကုန်းမြင့်ချိုင့်ဝှမ်းမြေမှာ ရေနံချက်လုပ်ငန်းကို လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကာလကထဲက အစပျိုးခဲ့ရာမှ ယခုအခါ တိုးမြင့်လာတဲ့ ကုန်ချောထုတ်လုပ်မှုကြောင့် တိုင်းဒေသကြီးရဲ့ GDP ကိုမြင့်တက်စေတဲ့ သွင်းကုန်အစားထိုးလုပ်ငန်းအဖြစ် အောင်မြင်လာခဲ့တာ တွေ့ရပါတယ်။

ယခင်က မုံရွာခရိုင်အတွင်း ဟိုတစ်စ ဒီတစ်စ တစ်ဦးချင်း ရေနံချက်ဖို၊ ပေပါသုံးလုံး၊ ငါးလုံးဆံ့ ချက်လုပ်နေကြရာမှ လုပ်ငန်းရှင်အချင်းအချင်း စုစည်းကာ ဒေသအာဏာပိုင်များထံမှ ခွင့်ပြုချက် ရယူပြီး စွမ်းအားဖွံ့ဖြိုးကုမ္ပဏီအဖြစ် ထူထောင်နိုင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စက်သုံးဆီလိုအပ်ချက်ကိုဖြည့်စွက်ဖို့ ဒေသအနီးတစ်ဝိုက်က ဆီကုန်ကြမ်းများဝယ်ယူသန့်စင်တဲ့ လုပ်ငန်းဟာ အရင်းအနှီးကြီးမားသလို အကျိုးအမြတ်လည်း ရရှိနိုင်တာမို့ ယခုအခါ ကျောက္ကာ(မြောက်)ရွာရှိ ရေနံ ချက်လုပ်ငန်းဟာ လုပ်ငန်းရှင် ၁၂ ဦးထိ တိုးပွားလာပြီး ချက်ဖို ၁၃၂ ဖိုရှိတယ်လို့ သိရပါတယ်။ ရေနံချက်ဖိုတစ်ဖိုကို လုပ်သား ၁၆ ဦးမှ ၂၀ ဦးထိ လုပ်ကိုင်ကြရ တဲ့အတွက် ဒေသခံပြည်သူ ၂၁၀၀ ဦးမှ ၂၆၀၀ ဦးထိ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေတာ တွေ့ရပါတယ်။

ရေနံချက်ဖို့အတွက် အဓိကလိုအပ်တဲ့ ရေနံစိမ်းကုန်ကြမ်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မော်ကယ်ဒေသ၊ ပုလဲမြို့နယ် ခင်အေးဒေသ၊ ကလေးမြို့နယ် မြစ်သာ ရွှေရည်သမအသင်း၊ မော်လိုက်မြို့နယ် ရွှေမဲသမအသင်း၊ ကနီမြို့နယ် ကင်းရေနံမှော်ဒေသများနဲ့ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၊ သရက်မြို့နယ်တို့မှ ဝယ်ယူရရှိရာ ရေနံတူး ပုဂ္ဂလိက အဖွဲ့အစည်း၊ ကုမ္ပဏီများထံမှ တစ်နှစ်လျှင် ရေနံစိမ်းပေပါ ၅ ဒသမ ၂ သိန်းမှ ၆ ဒသမ ၅ သိန်းနီးပါး လက်ကားဝယ်ယူရရှိတယ်လို့ လုပ်ငန်းရှင်များက ပြောပါတယ်။

ကျောက္ကာ (မြောက်)ရွာ ရေနံဖိုများရဲ့ ရေနံသန့်စင်ချက်လုပ်မှု နည်းစဉ်များအနေဖြင့် ဝယ်ယူသိုလှောင်ထားတဲ့ လှောင်ကန်ထဲမှ ရေနံစိမ်းများကို ရေနံချက်ဖိုများထဲသို့ အင်ဂျင်အားကို အသုံးပြုကာ စုပ်တင်ရပါတယ်။ ရေနံချက်ဖိုကို လောင်စာဖြင့် အပူပေးပြီး လေးနာရီခန့်အကြာ၊ ထွက်လာတဲ့ငွေ့ရည်များကို ရေကန်ထဲတွင် သွယ်တန်းထားတဲ့ ပိုက်များကတစ်ဆင့် ဖြတ်သန်းစီးဆင်းစေခြင်းဖြင့် ချက်ဆီ၊ စက်သုံးဆီများထွက်ရှိလာပါတယ်။ ယခုအခါ ရေနံချက်ဖိုများအား အပူပေးရာတွင် ထင်းအစားထိုးလောင်စာများ၊ ရေနံဂျိုးများကို စမ်းသပ်သုံးစွဲ လျက်ရှိတယ်လို့ သိရပါတယ်။ ရေနံချက်ဖိုထဲမှာလေးနာရီကြာပြီးနောက် တစ်နာရီလျှင် စက်သုံးဆီဂါလန် ၁၀၀ ခန့်ထွက်ရှိကာ၊ လုပ်ငန်းကြီးသမားများအနေနဲ့ ချက်ဖိုကို ဂါလံ ၂၅၀၀ ဆံ့မှ ဂါလန် ၆၀၀၀ ဆံ့အထိ ပြုလုပ်သုံးစွဲလျက် ရှိတယ်လို့ ဆိုပါတယ်။ ရေနံချက်ဖို့ အရွယ်အစားအလိုက် ရေနံချက်ဖိုတစ်ဖိုကို ၂ ရက်၊ ၃ ရက်ခန့် နေ့ညလည်ပတ်လုပ်ကိုင်ရပြီး၊ ချက်ဆီ၊ စက်သုံးဆီထွက်ရှိမှု ကုန်သွားလျှင် ရေနံချက်ဖိုအား သန့်ရှင်းရေးလုပ်ရန်နဲ့ အအေးခံရန် တစ်ရက်ခန့် ရပ်နားဆောင်ရွက်ရတယ်လို့ လုပ်ငန်းရှင်များက ပြောပါတယ်။

အဆိုပါ ကျောက္ကာ(မြောက်) ရွာ စွမ်းအားဖွံ့ဖြိုးကုမ္ပဏီမှ ရေနံစိမ်းချက်လုပ်ခြင်းဖြင့် ချက်ဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီစတဲ့ စက်သုံးဆီကုန်ချောများ ထွက်ရှိရာ အဆိုပါစက်သုံးဆီများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများအတွက် စက်သုံးဆီအဖြစ်လည်းကောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ အတွက်လည်းကောင်း၊ ဒေသတွင်း ကျေးရွာ၊ မြို့ပြသွားယာဉ်များ၊ ထော်လာဂျီများ၊ ဆိုက်တွဲနဲ့ ကုန်တင်ယာဉ်များ အတွက်လည်းကောင်း၊ ချင်းတွင်းမြစ်ကြောင်းသွားရေယာဉ်၊ မော်တော်၊ စက်လှေ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအတွက်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ရွှေလုပ်ငန်းများအတွက်လည်းကောင်း ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သလိုပိုလျှံတဲ့စက်သုံးဆီများကိုမန္တလေးတိုင်းဒေသကြီးအထိ ဖြန့်ဖြူးရောင်းချခဲ့ရတယ်လို့ သိရပါတယ်။

ရေနံသန့်စင်လုပ်ငန်းအနေနဲ့ ရေနံချက်ဖိုတစ်ဖိုလျှင် ပျမ်းမျှ ဒီဇယ်ဂါလန် တစ်သိန်း (တန်ဖိုး ၃၆၀ သန်း)၊ မီးထိုးဆီဂါလန် သုံးသောင်း(တန်ဖိုး -၇၅ သန်း) တန်ဖိုးမြင့် ကုန်ချောထုတ်လုပ်နိုင်သလို၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းစေပြီး တစ်ဦးချင်း ဝင်ငွေရရှိစေတဲ့အပြင်၊ တိုင်းဒေသကြီးရဲ့ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးကို မြှင့်တင်ပေးလျက်ရှိတဲ့ ပြည်ပသွင်းကုန်အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်း တစ်ရပ်အဖြစ် အောင်မြင်စွာရပ်တည် လျက်ရှိတာ တွေ့ရပါတယ်။ **ထွန်းလှိုင် - မုံရွာ**

## ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီမှ နွေစပါးစိုက်တောင်သူများကို ကျပ်သိန်းပေါင်း ၃၈၀၀ ပံ့ပိုးပေး

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၈-၂၀၀၉ ခုနှစ်မှစတင်၍ မိုးစပါးနှင့် နွေစပါးစိုက် ဒေသခံတောင်သူများကို မျိုးစပါး၊ သွင်းအားစု (ဓာတ်မြေဩဇာ+ စက်သုံးဆီ) နှင့် စိုက်ပျိုးစရိတ်များ ပံ့ပိုးပေးသည့်အပြင် လယ်ယာသုံးစက်ကိရိယာများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ ၎င်းအပြင် တောင်သူများအထွက်နှုန်းတိုး၍ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရန် စံပြလယ်ယာမြေများ စနစ်တကျဖော်ထုတ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိအောင် မျိုးထုတ်ဇုန်မှ မျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ စပါးတစ်မျိုးတည်း သီးသန့်ရရှိအောင် ကျေးရွာတစ်ရွာတည်းတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးခြင်းတို့သာမက ပြည်ပဈေးကွက် ယှဉ်ပြိုင်နိုင်ပြီး တောင်သူများ ဝင်ငွေတိုးပွားစေရန် သဘာဝသီးနှံ စိုက်ခင်းများကိုလည်း စံပြကွက်အနေဖြင့် သာပေါင်းမြို့နယ်၊ ဘုမ္မဲဇာကျေးရွာတွင် ၁၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဧရာပုသိမ်ကုမ္ပဏီ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းမြင့်လှိုင်က ပြောပါတယ်။

၂၀၁၄-၂၀၁၅ မိုးစပါးရာသီတွင် ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ ကျေးရွာ ၅၉ ရွာ၊ စိုက်ဧက ၆၂၃၆ ဧက၊ တောင်သူဦးရေ ၅၃၇ ဦးကို မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်များအတွက် ကျပ်သိန်းပေါင်း ၂၂၄၆ ဒသမ ၇ သိန်းပံ့ပိုးပေးခဲ့သော်လည်း ယခုနွေစပါးရာသီမှာ မိုးစပါးရာသီထက် ကျပ်သိန်း ၁၅၀၀ ကျော်ပို၍ ကျေးရွာ ၇၆ ရွာ၊ စိုက်ဧက ၇၂၂၃ ဧက၊ တောင်သူဦးရေ ၆၅၇ ဦးအတွက် စုစုပေါင်း ကျပ်သိန်း ၃၈၀၀ ဒသမ ၉၀ ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ဧရာပုသိမ် ကုမ္ပဏီ စီမံကိန်းမန်နေဂျာ ဦးဝင်းကြည်က ပြောပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံးရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Asean News
Vol: 15, No.10 Monday March 9 2015

# နိုင်ငံခြားသားလုပ်သားများအတွက် အင်ဒိုနီးရှားနိုင်ငံက ဘာသာစကား စွမ်းဆောင်ရည်စစ်ဆေးချက်ကို ပြင်ဆင်

အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ လက်ရှိနိုင်ငံခြားသားလုပ်သားများနဲ့ အင်ဒိုနီးရှားနိုင်ငံကိုရောက်ရှိလာကြမယ့် နိုင်ငံခြားသားတွေအတွက် အင်ဒိုနီးရှားဘာသာစကားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှား လူအင်အားဝန်ကြီး ဟာနစ်ဒါကီရီက ပြောကြားချက်ကိုကိုးကားပြီး ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။ အင်ဒိုနီးရှားကိုရောက်ရှိနေတဲ့ ပြည်ပလုပ်သားတွေအတွက် ဝန်ကြီးဌာနကအွန်လိုင်း အင်ဒိုနီးရှား ဘာသာစကားကျွမ်းကျင်မှု စစ်ဆေးရေးအစီအစဉ်ကိုဆောင်ရွက်ထားကြောင်း ဟာနစ်ကပြောပါတယ်။

အင်ဒိုနီးရှားမှ ဂျပန် သို့မဟုတ် တောင်ကိုရီးယားကိုစေလွှတ်တဲ့ လုပ်သားတွေကိုလည်း မစေလွှတ်မီမှာ သက်ဆိုင်ရာဘာသာစကားကိုလေ့ကျင့်ပေးကြောင်းဟာနစ်ကပြောပါ တယ်။ လက်ရှိချမှတ်ထားတဲ့ မူဝါဒက အင်ဒိုနီးရှားနိုင်ငံအတွင်းမှာ အလုပ်လုပ်နေကြတဲ့ နိုင်ငံခြားလုပ်သားတွေကို ရည်ရွယ်ကြောင်းသူကပြောပါတယ်။ အင်ဒိုနီးရှားမှာ အလုပ်လုပ်ကြမယ့် လုပ်သားတွေ အင်ဒိုနီးရှားဘာသာ စကားပြောရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်က 2013 Manpower Minister Regulation No.12 မှာပါရှိပြီးသားဖြစ်ပါတယ်။

အင်ဒိုနီးရှားမှာလာရောက်ပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ လုပ်ကိုင်နေကြသူတွေထဲမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယနဲ့ မလေးရှားနိုင်ငံတွေက နိုင်ငံသားတွေ များပါတယ်။ ယခုစစ်ဆေးချက်က ယခုနှစ်နောက်ပိုင်း အာဆီယံစီးပွားရေးအသိုက်အဝန်း စတင်ထူထောင်မှာကို ရည်မှန်းဆောင်ရွက်ထားကြောင်း ဟာနစ်ကပြောပါတယ်။ အေအီးစီကို အကောင်အထည်ဖော်တော့မှာဖြစ်တဲ့ အတွက် အင်ဒိုနီးရှားလုပ်သားတွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကိုမြှင့်တင်ဆောင်ရွက်ရေးက အရေးပါကြောင်း ပြည်သူ့မူဝါဒရေးရာကျွမ်းကျင်သူ အာမက်တူချန်ကပြောပါတယ်။

# ပြတ်တောက်နေတဲ့ အာဆီယံဆက်သွယ်ရေး လမ်းများကို ပြန်လည်ပေါင်းကူးပေးဖို့လို

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ)ပေါင်းစည်းရေးရဲ့ ပထမဆုံးမှတ်တိုင်က ယခုနှစ်အကုန်မှာ ပေါ်ထွန်းလာတော့မှာဖြစ်ပါတယ်။ ဒေသတွင်းပေါင်းစည်းမှုအတွက် တိုးတက်မှုတွေရရှိနေပြီလို့ဆိုနိုင်ပေမယ့် အာဆီယံအသိုက်အဝန်းထူထောင်ရေးမှာ စိန်ခေါ်မှုတွေနဲ့ အလားအလာတွေရှိနေကြောင်း အားလုံးက ခန့်မှန်းထားကြပါတယ်။ ဒီလိုခန့်မှန်းထားကြတာကလည်း ပိုမိုထိရောက်မှုရှိတဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ ကျင့်စဉ်တွေကျင့်သုံးပြီး ဒေသတွင်းရှိပြည်သူတွေပေါင်းစည်းမိအောင် ကြိုးပမ်းဆောင်ရွက်ရာမှာ လို အပ်နေသေးတဲ့အခက်အခဲတွေပေါ် မူတည်ပြီး ခန့်မှန်းကြတာဖြစ်ပါတယ်။

ဒီအခက်အခဲတွေထဲမှာ အဓိကအားဖြင့် ပါဝင်နေတာက ကုန်းလမ်းခရီး၊ မီးရထားလမ်း၊ လေကြောင်းနဲ့ ပင်လယ် ရေကြောင်းလမ်းတွေမှတစ်ဆင့် ဒေသတွင်းနဲ့ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရာမှာ ဆက်သွယ်ရေးပြတ်တောက်မှုတွေကြောင့်ဖြစ်ပါတယ်။ ကုန်သွယ်မှုနဲ့ ခရီးသွားလုပ်ငန်းစီးဆင်းမှုပိုမိုလွယ်ကူချောမွေ့စေရေးအတွက် အကောက်ခွန်နဲ့ လူဝင်မှုလုပ်ထုံးလုပ်နည်းတွေ ညီညွတ်မှုရှိရေးနဲ့ ဒေသတွင်းရှိလူငယ်တွေအတွက် ပညာရေးနဲ့ အလုပ်အကိုင်ရရှိရေးမှာ အချိတ်အဆက်မမိသေးတာတွေ ပပျောက်ရေးဆိုတဲ့အခက်အခဲတွေက ရှိနေဆဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကိုထိန်းချုပ်ဖို့ ဆောင်ရွက်ရာမှာ အရေးပါတဲ့နယ်ပယ်ကြီးသုံးခုရှိနေပါတယ်။

ပထမအချက်က ခရီးသွားလာမှု အကုန်အကျသက်သာပြီး ပြည်သူအချင်းချင်း ဆက်သွယ်ရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်သွယ်ရေးနဲ့ အစိုးရအချင်းချင်းဆက်သွယ်ရေးတို့မှာယခင်ကထက် ဆက်သွယ်မှု ပိုမိုခိုင်မာရေးအတွက် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

ဒုတိယအချက်က မြို့ပြနဲ့ ကျေးလက်ဒေသတွေအချင်းချင်း စီးပွားရေးချိန်ခွင်လျှာမညီမျှမှုတွေကြောင့် ကွာဟချက်တွေပိုမိုကြီးထွားလာစေနိုင်ပြီး ဒေသတွင်းနဲ့ နယ်နိမိတ်ဖြတ်ကျော် ရွှေ့ပြောင်းနေထိုင်မှုတွေကို ကြီးထွားလာစေနိုင်ပါတယ်။

တတိယအချက်က အလုပ်အကိုင်၊ စွမ်းအင်နဲ့ အစားအစာလုံခြုံမှုတွေ အပြန်အလှန်ဆက်နွှယ်နေတဲ့အတွက် နိုင်ငံရေးနဲ့ လူမှုရေးတည်ငြိမ်မှုရှိလာအောင်ဆောင်ရွက်ပြီး စီးပွားရေးဖွံ့ဖြိုးမှုရရှိအောင်ဆောင်ရွက်ရာမှာ ပေါင်းစည်းမှုနည်းလမ်းလိုအပ်တယ်ဆိုတာကို ပိုမိုပြတ်သားစွာ တွေ့မြင်နေရ ပါတယ်။

# အာဆီယံစက်မှုဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့ထူထောင်

CIMB Private Equity နဲ့ မစ်ဆူဘီရှိတို့ပူးပေါင်းပြီး အရှေ့တောင်အာရှဒေသကိုအဓိကဦးတည်ချက်ထားတဲ့ ပုဂ္ဂလိကရှယ်ယာရန်ပုံငွေအဖွဲ့အဖြစ် အာဆီယံစက်မှုဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ (ASEAN Indus tiral Growth Fund-AIGF) ကို CIMB Group နဲ့မစ်ဆူဘီရှိတို့က စတင်ဖွင့်လှစ်ခဲ့ကြောင်း စတားအွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

ရန်ပုံငွေအဖွဲ့ထဲကို ဂျပန်ဖွံ့ဖြိုးရေးဘဏ် (Development Bank of Japan) ကလည်း အဖွဲ့ဝင်အဖြစ် ပါဝင်လာတော့မှာဖြစ်ပါတယ်။

AIGF က ထူးခြားတဲ့ပလက်ဖောင်းတစ်ခုဖြစ်ပြီး အာဆီယံစီးပွားရေးအခွင့်အလမ်းများကို ဂျပန်ကော်ပိုရေးရှင်းတွေက စိတ်ဝင်စားမှုကြီးထွားလာတာကို တွေ့ရပါတယ်။ ထို့အတူ ဂျပန်တို့ရဲ့ ကျွမ်းကျင်မှုကို လိုချင်တဲ့ အာဆီယံ ကော်ပိုရေးရှင်းတွေရဲ့ အခြေအနေကလည်း မြင့်မားလာတာကို တွေ့မြင်နေရပါတယ်။ ဒီလို အခြေအနေမျိုးတွေမှာ ရပ်တည်နေတဲ့ နှစ်ဦးနှစ်ဖက်အတွဲ အစပ်တည့်အောင် AIGF က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

အခြေခိုင်ခိုင်ဖွဲ့စည်းထားတဲ့ ကုမ္ပဏီတွေကို AIGF က အဓိကထားဆက်သွယ်သွားမှာဖြစ်ပြီး စီမံခန့်ခွဲရေးအဖွဲ့တွေနဲ့ အနီးကပ်ကြီးကြပ်လုပ်ဆောင်နိုင်မယ့် နည်းလမ်းတွေရှာဖွေကာ ပြည်တွင်းနဲ့ ဒေသတွင်းမှာ ဒီကုမ္ပဏီတွေ စွမ်းဆောင်မှုအရည်အသွေးတွေ အပြည့်အဝမြင့်တက်မှုရှိလာအောင်အကူအညီပေးသွားမှာဖြစ်ပါတယ်။

"ရန်ပုံငွေအဖွဲ့က အလယ်အလတ်တန်းစား ဈေးကွက်အခွင့်အလမ်းတွေကို ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြထူထောင်မှု၊ စက်မှုထူထောင်မှုနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုစတဲ့ လုပ်ငန်းတွေမှတစ်ဆင့် အကျိုးအမြတ်တွေရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမှုအဖြစ် AIGF ကအမေရိကန်ဒေါ်လာ သန်း ၁၃၀ ရင်းနှီးသွားမှာ ဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့အတွက် ဟီတာချီ၊ ယာမာတိုကိုဂျိုကုမ္ပဏီနဲ့ တိုဟိုဘဏ်စတဲ့ ဂျပန်ငွေကြေးအရင်းအမြစ်တွေက စုဆောင်းပြီးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဂျပန်မှာကြီးမားတဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းကြီးဖြစ်တဲ့ရှင်ဆေးဘဏ်ကလည်း ရန်ပုံငွေရဲ့ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံသူအဖြစ် ပါဝင်လာမှာ ဖြစ်ပါတယ်။

**ညဏ်တင်-စုစည်းတင်ပြသည်**

# အာဆီယံစီးပွားရေးပေါင်းစည်းမှုအတွက် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးများဖယ်ရှားမည်




စီးပွားရေးပေါင်းစည်းရေး နီးကပ်လာပြီဖြစ်တဲ့အတွက် ဒေသတွင်း ကုန်သွယ်မှုကို မြှင့်တင်ပေးရန် ဆောင်ရွက်မှုအဖြစ် အကောက်ခွန်မဟုတ်တဲ့ အတားအဆီးတွေကို ထပ်မံလျှော့ချပေးကြဖို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့က မတ်လ ၁ ရက်နေ့က ကတိပြုခဲ့ကြပါတယ်။

အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီးတွေက မလေးရှားနိုင်ငံမြောက်ပိုင်းကီလန်တန်ပြည်နယ် မြို့တော် ကိုတာဘာရူးမှာ နှစ်ပတ်လည် ဆွေးနွေးပွဲကို ကျင်းပခဲ့ကြပြီးနောက် ယခုနှစ်ကုန်မှာ ဆောင်ရွက်မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရေးကိစ္စကိုဆွေးနွေးခဲ့ကြကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အေအီးစီဖော်ဆောင်ရေးမူကြမ်း အရ စုစုပေါင်းလူဦးရေ ၆၂၅ သန်းရှိ အာဆီယံဒေသကို တစ်ခုတည်းသော ပေါင်းစည်းဈေးကွက်နဲ့ ထုတ်လုပ်ရေး အခြေစိုက်စခန်းအဖြစ် ဖွင့်လှစ်သွားဖို့ ရည်မှန်းချက် ထားရှိပါတယ်။ ဒေသတွင်းမှာ ကုန်စည်များ၊ ဝန်ဆောင်မှုများနဲ့ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင် လုပ်သားများနဲ့ မတည်ရင်းနှီးငွေများ လွတ်လွတ်လပ်လပ် စီးဆင်းဖို့လည်း ရည်မှန်းချက်ထားဆောင်ရွက်လျက် ရှိပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်း ကုန်သွယ်မှုကိုထပ်မံတိုးမြှင့်သွားဖို့ လည်း ရည်မှန်းချက် ထားရှိပါတယ်။

၂၀၁၃ ခုနှစ်က အာဆီယံအဖွဲ့ဝင် နိုင်ငံများအချင်းချင်း ကုန်သွယ်မှုက ဒေါ်လာ ၆၀၈ ဒသမ ၆ ဘီလီယံရှိခဲ့တဲ့အတွက် ဒေသတွင်းစုစုပေါင်းကုန်သွယ်မှုရဲ့ ၂၄ ဒသမ ၂ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အေအီးစီမူကြမ်းကို စတင်ထုတ်ပြန်ချိန် ၂၀၀၈ ခုနှစ်က ဒေသတွင်းကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၁ ဘီလီယံရှိခဲ့တဲ့အတွက် တိုးတက်မှု ၃၂ ဒသမ ၉ ရှိခဲ့တာကို တွေ့ရပါတယ်။

"အေအီးစီ အကောင်အထည်ဖော်ခြင်းရဲ့ အဓိပ္ပာယ်က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ တစ်ခုတည်းသော စီးပွားရေးအဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက်သာမဟုတ်ပါဘူး။ ပိုမိုလွတ်လပ်ပြီး ပေါင်းစည်းမှုရှိတဲ့ စီးပွားရေးဒေသကြီးဖြစ်လာဖို့ ပိုမိုရည်ရွယ်ထားပါတယ်"လို့ အစည်းအဝေးကြီး အပြီး ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

လောလောဆယ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက ၂၀၁၅ ခုနှစ် နှစ်စမှာ သွင်းကုန် ခွန်တွေကို ဖျက်သိမ်းပေးခဲ့ပြီး ဒေသတွင်းမှာ ရောင်းဝယ်နေတဲ့ ထုတ်ကုန်တွေရဲ့ ၉၇ ဒသမ ၃ ရာခိုင်နှုန်းကအခွန်ကုန်သွယ်ခွင့်ရထားပါတယ်။

# ထိုင်းတောင်သူတွေကို အကူအညီပေးဖို့အတွက် ရေရှည်အစီအမံများလိုအပ်

ရေတိုစီးပွားရေးလှုံ့ဆော်အားပေးရေး အစီအမံများနဲ့ ငွေသားတွေထုတ်ချေးပေးတာတွေက လယ်သမားတွေ အတွက်ကောင်းမွန်လျင်မြန်တဲ့ အစီအမံတွေဖြစ်ပါတယ်။ ဒါပေမယ့် အမှန်တကယ် လိုအပ်တာက ကာလလတ်နဲ့ ကာလရှည်ဖြေရှင်းမှုဖြစ်ပြီး ဒီအစီအမံတွေကသာ လယ်သမားတွေရဲ့ ထုတ်လုပ်မှုနဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်သက် သာစေမှုအတွက် အထောက်အကူဖြစ်စေနိုင်ကြောင်း ထိုင်းစက်မှုလုပ်ငန်း ဖက်ဒရေးရှင်း (Federation of Thai Industries-FTI) ရဲ့ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ကျေးလက်ဒေသနဲ့ ပြည်နယ်လမ်းတွေ အဆင့် မြှင့်ပေးဖို့ ဘတ်ဘီလီယံ ၄၀ သုံးစွဲမှု အပါအဝင် အစိုးရရဲ့ စီးပွားရေးတိုးတက်ရေးလှုံ့ဆော်အားပေးမှုအစီအမံကို သဘောတူလက်ခံကြောင်း ဖက်ဒရေးရှင်းဥက္ကဋ္ဌ ဆူပန့်မောင်ကိုဆုသရီက ယခင်သီတင်းပတ်က ပြောပါတယ်။ အစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုမရှိတဲ့အတွက် ဖြစ်ပေါ်ရတဲ့ တိုးတက်နှုန်း နှေးကွေးကျဆင်းမှုနဲ့ ထိုင်းနိုင်ငံရဲ့ စက်မှုလုပ်ငန်းယုံကြည်မှု အညွှန်းကိန်းဟာ လေးလအတွင်း ပထမဆုံးအကြိမ် ကျဆင်းမှုကြောင့် ပြည်တွင်းစားသုံးမှုကျဆင်းခြင်း စတဲ့ အချက်တွေကြောင့် အခြေခံစီးပွားရေးတွေကျဆင်းမှုရှိခဲ့ပါတယ်။ ယခုလို ဆောင်ရွက်မှုကြောင့် အလုပ်အကိုင်ရရှိမှုနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုရရှိစေနိုင်တယ်လို့ သူကပြော ပါတယ်။

ကြွေးမြီသက်သာခွင့်နဲ့ ကြွေးမြီထူပြောနေတဲ့လယ်သမားတွေအတွက် ကြွေးမြီတိုးချဲ့ပေးကမ်းမှုတွေပါဝင်တဲ့ ဒုတိယစီးပွားရေးတိုးတက်မှုလှုံ့ဆော်အားပေးရေးအစီအမံက ရေတိုအတွက်သာဖြစ်ပါတယ်။ လယ်သမားတွေရဲ့ ထုတ်လုပ်မှုမြင့်တက်အောင်မြှင့်တင်ဖို့ဆိုရင် ဒီထက်ပိုမိုပြီး ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ကြောင်း သူကပြောပါတယ်။

အများပြည်သူ အသုံးအဆောင်လုပ်ငန်းတွေနဲ့အထူးစီးပွားရေးဇုန်တွေမှာ အစိုးရရဲ့ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးလှုံ့ဆော်အားပေးရေးအစီအမံတွေကို တဖြည်းဖြည်းတိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချားက ပြောပါတယ်။ လယ်သမားတွေရဲ့ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချဖို့လည်း ဆောင်ရွက်နေကြောင်း သူကပြောပါတယ်။

# ဖိလစ်ပိုင်မှာကော်ဖီ ဝယ်ယူရေးစခန်းသစ်သုံးခု နက်စလေ ဖွင့်လှစ်

လူသုံးကုန်ထုတ်လုပ်ရေး ကုမ္ပဏီ နက်စလေ ဖိလစ်ပင်းကအဓိက ကော်ဖီထုတ်လုပ်ရေးပြည်နယ်တွေမှာ ဝယ်ယူရေးစခန်းသစ်သုံးခုကို မကြာသေးမီက ဖွင့်လှစ်ခဲ့တဲ့အတွက် ကော်ဖီ ထုတ်လုပ်သူတွေက သူတို့ထုတ်ကုန်တွေကို အသင့်ရောင်းချနိုင်တော့မှာဖြစ်ကြောင်း ဖီးလ်စတားအွန်လိုင်းသတင်းမှာဖော်ပြပါတယ်။ အသေးစားနဲ့ အလတ်စားကော်ဖီထုတ်လုပ်သူများနဲ့ ကြားပွဲစားများက ကဗိုက်ဒေသရှိ ဆီလန်၊ အီလွိုင်လိုဒေသရှိ လာပုနော်တီနဲ့ လီပါဒေသရှိ ဘာဂေါင်ပုတ် စတဲ့ နက်စလေရဲ့ ဝယ်ယူရေးစခန်းတွေမှာ ကော်ဖီတွေကို ရောင်းချနိုင်တော့မှာ ဖြစ်ပါတယ်။

ကဗိုက်၊ အီလွိုင်လိုဒေသ အပါအဝင် ဒေသအသီးသီးရှိ ဌာနေကော်ဖီစိုက်ပျိုးသူ ၅၅၀၀ တို့က ဈေးကွက်ကို ချိတ်ဆက်နိုင်မှုအခွင့်အလမ်းပိုမိုလာခြင်းနဲ့ စိုက်ပျိုးရေးပြန့်ပွားရေး လှုံ့ဆော်ရေးလုပ်ငန်းများကြောင့် အကျိုးအမြတ်တွေကိုရရှိနိုင်မှာဖြစ်ပါတယ်။ ကော်ဖီဝယ်ယူရေးစခန်းသစ် ထူထောင်မှုက နက်စ်ကဖီးရဲ့ ကမ္ဘာ့ကော်ဖီလုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်အရ ဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီရဲ့ "လယ်သမားဆက်သွယ်ရေး" (Farmer Connect) အစီအစဉ်အရ ဆောင်ရွက်တာဖြစ်ကြောင်း နက်စလေ ဖိလစ်ပင်းရဲ့ ဥက္ကဋ္ဌနဲ့ ကော်ပိုရေးရာ ဦးစီးမှူးအီဒစ်ဒီလီယွန်က ပြောပါတယ်။



Farmer Connect မှ တစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် နက်စလေက ကော်ဖီလတ်လတ်ဆတ်ဆတ်ကို ဒေသခံထုတ်လုပ်သူတွေဆီက တိုက်ရိုက်ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီလိုဝယ်ယူတဲ့ အတွက် နက်စလေစက်ရုံတွေအတွက် ကော်ဖီပေးသွင်းမှုကို အာမခံချက်ရရှိစေပါတယ်။ ကော်ဖီဝယ်ယူရေးစခန်းတွေရှိနေတဲ့အတွက် ကော်ဖီတောင်သူတွေအတွက်ပေါက်ဈေးနဲ့ ရစေနိုင်ပါတယ်။ ဒေသခံတောင်သူတွေဆီကနေ တိုက်ရိုက်ဝယ်ယူခြင်းအားဖြင့် ကော်ဖီလတ်လတ်ဆတ်ဆတ်ကိုအရေအတွက်မှန်မှန် အရည်အသွေးကောင်းကောင်းနဲ့ ရေရှည်ဝယ်ယူလို့ရနိုင်မှာဖြစ်ပါတယ်။ ဒီလိုအရည်အသွေးတွေကလည်း ကျွန်တော်တို့ ကုန်အမှတ်တံဆိပ်အမှီအခိုပြုနေရတဲ့ အရည်အသွေးတွေဖြစ်ပါတယ်" လို့ ဒီလီယွန်က ပြောပါတယ်။

# ငါးလုပ်သားတို့ဘဝကို XL က ဒစ်ဂျစ်တယ်ဖြင့် မြှင့်တင်မည်

စမတ်ဖုန်းတွေထိုးဖောက်နိုင်မှု နိမ့်ကျတဲ့ နယ်မြေဒေသတွေမှာရှိတဲ့ သူတွေအတွက် ဒစ်ဂျစ်တယ်အတွေ့အကြုံကိုဆောင်ကြဉ်းပေးနိုင်မယ့် နည်းလမ်းကိုဆယ်လူလာလုပ်ငန်းတစ်ခုဖြစ်တဲ့ PT Axiata ကဆောင်ရွက်လျက်ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ငါးဖမ်းလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေ လုပ်ငန်းဆောင်ရွက်ရာမှာ လွယ်ကူသက်သာစေမယ့် မိုဘိုင်းအပလီကေးရှင်းတွေကို ကုမ္ပဏီက စတင်ဆောင်ရွက်ခဲ့ပါတယ်။

PT Axiata က ရှယ်ယာဒိုင်မှတ်ပုံတင်စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ရာသီဥတု ခန့်မှန်းချက်တွေ၊ ငါးဈေးနှုန်းနဲ့ ငါးတွေနေတတ်တဲ့နေရာတွေနဲ့ပတ်သက်တဲ့အချက်အလက်တွေကို ငါးဖမ်းသူတွေကိုသင်ပေးနိုင်တဲ့ မိုဘိုင်းအပလီကေးရှင်း m-Fish ကို ယခင်ရက် သတ္တပတ်ကထုတ်ပြန်ကြေညာခဲ့ပါ တယ်။

"သူတို့လုပ်ငန်းဆောင်ရွက်တဲ့အခါ အင်တာနက်ကို ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ကိရိယာတစ်ခုအဖြစ် လူတွေကအသုံးပြုစေချင်ပါတယ်"လို့ XL ရဲ့ ဒစ်ဂျစ်တယ်ရုံးအကြီးအကဲ ယက်ဆီယိုဆက်ကယာက ဖွင့်ပွဲအတွင်းက ပြောခဲ့ပါတယ်။

၂၀၁၁ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံရဲ့ ပင်လယ်ပြင်ထုတ်ကုန်က တန် ၅ ဒသမ ၀၆ သန်းသာရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁ ဘီလီယံထိသာ ရောက်ခဲ့ကြောင်း သတင်းအရင်းအမြစ်အမျိုးမျိုးမှရရှိသော အချက်အလက်များကို ကိုးကားပြီးပြော ကြားခဲ့ပါတယ်။

m-Fish ကငါးတွေ ပိုဖမ်းလို့ရအောင် အကူအညီပေးပြီး နောက်ဆုံးမှာ တိုင်းပြည်ရဲ့ငါးထုတ်လုပ်မှုအနာဂတ်ကို တိုးမြှင့်ပေးနိုင်လိမ့်မယ်လို့ ယက်ဆီကပြောပါတယ်။ ကနဦး အဆင့်မှာ XL က လွန်ဘုတ်ဒေသရှိ ရေလုပ်သား ၁၈၀၅၆ ဦးကို m-Fish အပလီကေးရှင်းပါတဲ့ အန်းဒရွိုက်စမတ် ဖုန်းတွေထုတ်ပေးခဲ့ပါတယ်။

XL က ယခုနှစ်အကုန်လောက် မှာ ကရီမွန်ချာဝါ၊ ဒီမက်၊ တက်ဂါနဲ့ ကင်ဒရီအပါအဝင်တခြားဒေသတွေမှာ ရှိတဲ့ ငါးဖမ်းလုပ်သား ၃၂၀၀၀ကိုလည်း m-Fish တွေထုတ်ပေးဦးမှာ ဖြစ်ပါ တယ်။

## ဗီယက်နမ်မှာ အွန်လိုင်းပေါ်မှ ဈေးဝယ်မှုနှုန်းမြင့်တက်လာ

ဗီယက်နမ်နိုင်ငံမှာ အွန်လိုင်းပေါ်မှ ဈေးဝယ်ယူမှုတွေက ဆက်လက်မြင့်တက်နေပြီး ဗီယက်နမ်နိုင်ငံရဲ့ အီးကောမတ်စ်အောင်မြင်မှုအတွက် အဓိကကျတဲ့နေရာမှာ ပါဝင်နေကြောင်း ၂၀၁၄ ခုနှစ် အွန်လိုင်းဝယ်ယူမှု စစ်တမ်းကောက်ယူထားတဲ့ မတ်စတာကတ် စစ်တမ်းမှာ တွေ့ရပါတယ်။

မတ်စတာကတ်စစ်တမ်းကို နှစ်စဉ်ကောက်ယူလျက်ရှိပြီး ၂၀၁၄ ခုနှစ်အတွက် စစ်တမ်းကို အောက်တိုဘာမှ ဒီဇင်ဘာလအထိ ကာလအတွင်းအာရှပစိဖိတ်ဒေသ ၁၄ နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းနဲ့ အာဖရိက ၁၁ နိုင်ငံတို့မှ တစ်နိုင်ငံကိုအနည်းဆုံး လူ ၅၀၀ ထဲမှ ကောက်ယူခဲ့တာဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

လွန်ခဲ့တဲ့သုံးလအတွင်း အွန်လိုင်းမှ ဈေးဝယ်သူဗီယက်နမ်ဦးရေမှာ ၆၈ ဒသမ ၄ ရာခိုင်နှုန်းကနေ ၈၀ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့တဲ့အတွက် အာရှပစိဖိတ်ဒေသမှာတိုးတက်နှုန်း (၁၁ဒသမ ၈ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ကြောင်း စစ်တမ်းမှာ ဖော်ပြထားပါတယ်။

အင်တာနက်အသုံးပြုတာက အွန်လိုင်းကနေ ဈေးဝယ်ဖို့ဖြစ်ကြောင်း ပြောကြားသူဦးရေက ၂၀၁၃ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၁၃ ဒသမ ၈ ရာခိုင်နှုန်းရှိပါတယ်။ ပြန်လည် ဖြေကြားသူတွေအနက် အမျိုးသမီးတွေနဲ့ အသက် ၃၅ နှစ်မှ ၄၄ နှစ်အကြားရှိသူတွေက အွန်လိုင်းကနေ ဈေးဝယ်ယူသူတွေထဲမှာ အများဆုံးဖြစ်ပြီး ၈၅ ဒသမ ၁ ရာခိုင် နှုန်းနဲ့ ၈၆ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးပါဝင်ပါတယ်။ သူတို့က လွန်ခဲ့တဲ့ သုံးလအတွင်းမှာ အနည်းဆုံးတစ်ကြိမ် ဈေးဝယ်ခဲ့တာကို တွေ့ရပါတယ်။ စစ်တမ်းအရ အွန်လိုင်းကနေ ဈေးဝယ်ယူမှုအပေါ် ထားရှိတဲ့ သဘောထားက အပြောင်းအလဲမရှိတာကို တွေ့ရပါတယ်။ ဗီယက်နမ်ဝယ်သူတွေက ဈေးမဝယ်မီ အွန်လိုင်းလေ့လာသုံးသပ်ချက်တွေပြုလုပ်သူ ၇၆ ဒသမ ၈ ရာခိုင်နှုန်း၊ hotline နံပါတ်တွေကို အသုံးပြုသူ ၇၄ ရာခိုင်နှုန်းနဲ့ ဝက်ဘ်ဆိုက်တစ်ခုထဲကို ထပ်ဝင်ပြီးစုံစမ်းသူက ၇၂ ရာခိုင်နှုန်းရှိပါတယ်။

အွန်လိုင်းမှဈေးဝယ်သူအနေနဲ့ ရွေးချယ်ရာမှာ အရေးကြီးဆုံး အချက်အလက်တွေကတော့ဝက်ဘ်ဆိုက်ရဲ့ နာမည်ကောင်း၊ ငွေပေးချေမှုစနစ်ရဲ့ အဆင်ပြေမှု၊ ဖလှယ်မှုမူဝါဒများစတဲ့ အချက်တွေဖြစ်ပါတယ်။ အဲဒီအခြေအနေတွေကိုစဉ်းစားပြီးမှ ပစ္စည်းတွေရဲ့ ဈေးနှုန်း၊ ငွေပေးချေရာမှာ လုံခြုံစိတ်ချမှုစတဲ့အချက်တွေကို ထည့်သွင်းစဉ်းစားမှာ ဖြစ်ပါတယ်။

ဘာသာပြန်ဆန်သူ - စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဟိုနိုလူလူ

အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်ပေးဖို့ အချိန်အကြာကြီး စောင့်နေမယ်ဆိုရင် ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရာမှာ အချိန်မီတော့မှာ မဟုတ်ဘဲ မဖြစ်မနေ မြှင့်တင်ရတဲ့ အချိန်မှာ အဆမတန် ဆောင်ရွက်ရတော့မှာဖြစ်တဲ့အတွက် အတိုးနှုန်းမြှင့်တင်ရေး ကိစ္စကို အချိန်အကြာကြီး ဆွဲထားရန်မသင့်ကြောင်း ဆန်ဖရန်စစ္စကို ဗဟိုဘဏ်အကြီးအကဲ ဂျွန်ဝီလီယံရဲ့ပြောကြားချက်ကို ကိုးကားပြီးရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

အသေးစားနဲ့ အလတ်စား စီးပွားရေးတွေကို အသစ်ဖွဲ့စည်းဖြစ်ပေါ်လာမယ့် စီးပွားရေးလောကသစ်ထဲ ဝင်ရောက်နိုင်ဖို့အတွက် စင်ကာပူအစိုးရကအစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်းနဲ့ SkillsFutrue အစီအစဉ်က အင်အားတစ်ရပ်အဖြစ် ပါလာမှာဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးဝန်ကြီး သာမန်းရှန်မူဂါရက်တနမ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး စီအင်အေသတင်းမှာ ဖော်ပြထားပါတယ်။

### ဟိုချီမင်းစီးတီး

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီး တဖြည်းဖြည်းထွန်းကားလာပြီဖြစ်တဲ့အတွက် ဗီယက်နမ်ကုမ္ပဏီတွေက ပြိုင်ဘက်တွေနဲ့ယှဉ်ပြိုင်နိုင်အောင် လူသားအရင်းအမြစ် အရည်အသွေး တိုးတက်ကောင်းမွန်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ဖို့လိုကြောင်း၊ 100 Viet Nam Best Places to Work 2014 ဆုပေးပွဲမှာ ယူနီလီဗား လူသားအရင်းအမြစ်ဌာန ဥက္ကဋ္ဌ ငုယင်တန်ထရန်းက ပြောပါတယ်။

### ကျိုတို

နိုင်ငံခြားမှ ရောက်လာမယ့် နိုင်ငံခြားသား ခရီးသည်တွေကို အကူအညီပေးဖို့နဲ့ ပြည်တွင်းရှိ ကုမ္ပဏီတွေရဲ့ လုပ်ငန်းတွေမြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေရရှိဖို့အတွက် ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ကျိုတိုမြို့မပိုင်းဒေသတွေမှာ ကန်ဆိုင်းအပြည်ပြည်ဆိုင်ရာ ခရီးသွားပြန်ကြားရေးဌာနကို ဧပြီ ၁ ရက်က စတင်ဖွင့်လှစ်မှာဖြစ်ကြောင်း JTB Western Japan Corp. က ပြောပါတယ်။

## Middle East

# ရေနံဈေးနှုန်းတွေ တည်ငြိမ်တော့မယ်လို့ ဆော်ဒီအာရေးဘီးယား ခန့်မှန်း

ဇန်နဝါရီလအတွင်းက ခြောက်နှစ်အတွင်း အနိမ့်ဆုံးအထိ ကျဆင်းခဲ့တဲ့ ရေနံဈေးနှုန်းတွေ ပြန်လည်တည်ငြိမ်တော့မယ်လို့ ခန့်မှန်းကြောင်း ဆော်ဒီအာရေးဘီးယားရေနံဝန်ကြီး အလီအယ်လ်နိုင်မီက မတ်လ ၄ ရက်နေ့က ပြောကြားခဲ့တာကို ကိုးကားပြီး ရိုက်တာ သတင်းမှာဖော်ပြပါတယ်။

ဒီအချက်ဟာ ဈေးကွက်နဲ့ပတ်သက်ပြီးအကောင်းမြင်မှုတွေရှိလာပြီဆိုတဲ့ အချက်တစ်ချက်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းတည်ငြိမ်ဖို့အတွက် အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေက ပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုလျက်ရှိကြောင်း ဝန်ကြီးက ပြောကြားပြီး ရေနံဈေးကွက်ချိန်သားကိုက်ညီမှုရှိဖို့အတွက် ကူညီဆောင် ရွက်ပေးဖို့ ဂျာမနီမြို့တော်ဘာလင်မှာ ပြောကြားတဲ့ မိန့်ခွန်းမှာ ဝန်ကြီးကအိုပက်အဖွဲ့ဝင် မဟုတ်တဲ့နိုင်ငံ တွေကို တိုက်တွန်းခဲ့ပါတယ်။

"ရေနံရောင်းလိုအားနဲ့ဝယ်လို အားမျှတမှုရှိလာလိမ့်မယ်။ ဈေးနှုန်းတွေ တည်ငြိမ်လာလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ ကမ္ဘာ့စီးပွားရေးကလည်း ပိုမို ကောင်းမွန်လာတော့မယ့်လက္ခဏာတွေ ရှိနေပါတယ်"လို့နိုင်မီက ပြောပါတယ်။

ဝန်ကြီးရဲ့ပြောကြားချက်အရ ဆော်ဒီအာရေးဘီးယားနိုင်ငံက သူရဲ့ဈေးကွက်ဝေစုကို ဆက်လက်ကာကွယ်သွားမယ့် လက္ခဏာကို ဆက်လက်ပြသလျက်ရှိတာကို တွေ့ရပါတယ်။ ယခင်လအတွင်းကလည်း ဈေးကွက်ဖြစ်ပေါ်မှုတွေကို ကျေနပ်အားရမှုရှိကြောင်း၊ ရေနံဝယ်လိုအား မြင့်တက်လာပြီဖြစ်ကြောင်းနဲ့ ဈေးကွက်တွေ "တည်ငြိမ်"လာပြီဖြစ်ကြောင်း နိုင်မီက ပြောကြားခဲ့ပါတယ်။

ဇန်နဝါရီ ၁၃ ရက်က ရေနံတစ်စည်ကို ၄၅ ဒေါ်လာအထိ ကျဆင်းပြီး ခြောက်နှစ်အတွင်း အနိမ့်ဆုံးဈေးကို ရောက်ရှိခဲ့ပါတယ်။ ဖေဖော်ဝါရီ ၄ ရက်မှာ ရေနံတစ်စည်ကို ဒေါ်လာ ၆၀ အထိ ရောက်ရှိပြီး ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

## East Asia

# ဆမ်ဆောင်းက APPle နဲ့အပြိုင် Galaxy ဖုန်းအသစ်ကို ထုတ်ပြန်



စမတ်ဖုန်းထုတ်လုပ်ရာမှာ ကမ္ဘာ့ခေါင်းဆောင်နေရာကိုရောက်ရှိနေတဲ့ Apple ထံမှ သရဖူကို လုယူနိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ်အဖြစ် တောင်ကိုရီးယား ဆမ်ဆောင်းအီလက်ထရွန်းနစ်ကုမ္ပဏီက Galaxy အက်စ်စမတ်ဖုန်းစီးရီးတွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။ စမတ်ဖုန်းရဲ့ ကိုယ်ထည်ကိုလေယာဉ်ပျံထုတ်လုပ်ရေးမှာ သုံး တဲ့သတ္တုကို အသုံးပြုထုတ်လုပ်ပြီး ကျစ်လျစ်ခိုင်မာတဲ့ ကိုယ်ထည်ရှိကြောင်း ရိုက်တာ သတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၄ ခုနှစ်မှာ ဆမ်ဆောင်းရဲ့ နှစ်အလိုက်ဝင်ငွေက သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ကျဆင်းလာခဲ့တဲ့အတွက် ကျဆင်းနေတဲ့ဝင်ငွေကို မြှင့်တင်ပေးနိုင်ဖို့အတွက် ဆမ်ဆောင်းက Project Zero ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီစီမံကိန်းအရ ဆမ်ဆောင်းရဲ့ Galaxy အက်စ်မိုဒယ်တွေက အရေးပါတဲ့ မိုဒယ်တွေဖြစ်လာပါတယ်။

ဒီမိုဒယ်ကို ကနဦးကတည်းက ဝမ်းပန်းတသာကြိုဆိုခဲ့ကြတဲ့အတွက် ဆမ်ဆောင်းရဲ့ရှယ်ယာတွေက မတ် ၂ ရက်နေ့မှာ ၃ ဒသမ ၉ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ရာ ကိုးလအတွင်းအမြင့်ဆုံး အခြေအနေကို ရောက်ရှိခဲ့ပါတယ်။ ဆမ်ဆောင်းကယခင်ထုတ်လုပ်ခဲ့တဲ့ မိုဒယ်ဖြစ်တဲ့ Galaxy S6 ကို ဆွဲဆောင်မှုအကောင်းဆုံးဖုန်းအဖြစ် နည်းပညာဆိုင်ရာစာစောင်တွေက ဖော်ပြခဲ့ပါတယ်။

"ကျွန်တော်တို့က ကျွန်တော်တို့ ဖောက်သည်တွေရဲ့စကားကိုနားထောင်ပြီး ကျွန်တော်တို့ရဲ့ အမှားတွေကိုလည်း လေ့လာပါတယ်"လို့ ကမ္ဘာ့မိုဘိုင်းကွန်ရက်ပြပွဲမတိုင်မီ ဘာစီလိုနာရှိပြပွဲခန်းမမှာ ဆမ်ဆောင်းမိုဘိုင်းအကြီးအကဲ ဂျေကေရှင်းက ပြောပါ တယ်။ ဒီပြပွဲ မှာ Galaxy S6 နဲ့ Galaxy S6 edge ကို ဖေဖော်ဝါရီ ၂၈ ရက်နေ့က ထုတ်ဖော်ပြသခဲ့ပါတယ်။

## South Asia

# အိန္ဒိယနိုင်ငံရဲ့ ဖေဖော်ဝါရီ ကုန်ချောထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုဖွံ့ဖြိုးမှုက တရုတ်နိုင်ငံကိုကျော်လွန်

ဖေဖော်ဝါရီလအတွင်း အိန္ဒိယနိုင်ငံရဲ့ ကုန်ချောထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍရဲ့ ဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုထက်ပိုမို လျင်မြန်တဲ့နှုန်းနဲ့ ဖွံ့ဖြိုးမှုရှိခဲ့ကြောင်း မတ် ၅ ရက်မှာထုတ်ပြန်ခဲ့တဲ့ HSBC ဘဏ်ရဲ့ အစီရင်ခံစာကိုကိုးကားပြီး ပီတီအိုင်သတင်းမှာ ဖော်ပြထားပါတယ်။ ဝယ်ယူသူ မန်နေဂျာများရဲ့ အညွှန်း ကိန်းကိုအခြေခံပြီး လစဉ်ပြုစု ထားတဲ့ HSBC ရဲ့ထွန်းသစ်စဈေးကွက်များအညွှန်းကိန်းက ဇန်နဝါရီ ၅၁ ဒသမ ၂ ရှိခဲ့ရာမှ ဖေဖော်ဝါရီမှာ ၅၁ ဒသမ ၉ အထိရောက်ရှိခဲ့ပါတယ်။ ယခုတိုးတက်နှုန်းက စက်တင်ဘာနောက်ပိုင်း အလျင်အမြန် တိုးတက်နှုန်းဖြစ်ပေမယ့် တခြားဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျနေဆဲဖြစ်ပါတယ်။

"ဖေဖော်ဝါရီလမှာရှိတဲ့ ထွန်းသစ်စဈေးကွက်တွေရဲ့အခြေအနေက ဘဝသစ်ကို ဖန်တီးပေးခဲ့တဲ့အတွက် ကြိုဆို လက်ခံရမယ့်အခြေအနေဖြစ်ပါတယ်။ ဒါပေမယ့် ထွန်းသစ်စဈေးကွက်တွေ အားလုံးရဲ့ စုစုပေါင်းဖွံ့ဖြိုးတိုးတက်မှုက ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် နိမ့်ကျနေဆဲဖြစ်ပါတယ်"လို့ မားကစ်သုတေသနအဖွဲ့အကြီးအကဲ ခရစ်ဝီလီယံဆန် ကပြောပါတယ်။

BRIC နိုင်ငံလေးနိုင်ငံအနက် သုံးနိုင်ငံရဲ့ ဖေဖော်ဝါရီကုန်ထုတ်လုပ်မှုက ပိုမိုမြင့်မားလာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက တိုးတက်မှုအမြင့်ဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဒုတိယလိုက်နေခဲ့ပါတယ်။ ဘရာဇီးနိုင်ငံမှာ ပုဂ္ဂလိကစီးပွားလုပ်ငန်းကဏ္ဍက ငါးလအတွင်း ပထမဆုံးအကြိမ်အဖြစ် မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ရုရှားနိုင်ငံရဲ့ ပုဂ္ဂလိက ကဏ္ဍကုန်ထုတ်လုပ်မှု က ၂၀၀၉ ခုနှစ်နောက်ပိုင်းအများဆုံး ကျဆင်းခဲ့တာကို တွေ့ရပါတယ်။ ဖေဖော်ဝါရီလအတွင်းမှာ အိန္ဒိယနိုင်ငံ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုအညွှန်းကိန်းက ၅၃ ဒသမ ၅ ရှိပြီး တရုတ်နိုင်ငံက ၅၁ ဒသမ ၈၊ ဘရာဇီးနိုင်ငံက ၅၁ ဒသမ ၃ နဲ့ ရုရှားက ၄၄ ဒသမ ၇ ရှိပါတယ်။ အညွှန်းကိန်း ၅၀ အထက်ရှိရင် စီးပွားရေးဖွံ့ဖြိုးမှုရှိတယ်လို့ သတ်မှတ်ပါတယ်။

## US

# အကြီးစား I pad ထုတ်လုပ်မှုကို Apple က စက်တင်ဘာအထိ ရွှေ့ဆိုင်း

I pad မျက်နှာပြင် (Display Panel) များပေးသွင်းမှု နှောင့်နှေးကြန့်ကြာနေတဲ့အတွက် ၁၂ ဒသမ ၉ လက်မရှိ အကြီးစား I pad စတင်ထုတ်လုပ်မှုကို စက်တင်ဘာအထိ ရွှေ့ဆိုင်းထားကြောင်း မီဒီယာသတင်းများကိုကိုးကားပြီး ရိုက်တာ သတင်းမှာ ဖော်ပြပါတယ်။ အကြီးစား တက်ဘလက်ထုတ်လုပ်မှုကို ဒီသုံးလပတ်ထဲမှာ စတင်ဖို့ သတ်မှတ်ထားပြီးဖြစ်ကြောင်း ကုမ္ပဏီစီမံကိန်းများနဲ့ပတ်သက်ပြီး ရင်းနှီးမှုရှိတဲ့သူတွေရဲ့ ပြောကြားချက်အရ ဘလွမ်းဘတ်သတင်းမှာ ဖော်ပြပါတယ်။

ဈေးကွက်မှာ ဒီဇိုင်းသစ်တွေ ထုတ်လုပ်ဖို့ Apple ကုမ္ပဏီတွေက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် ယခုနှစ် ဒုတိယနှစ်ဝက်မှာ မျက်နှာပြင်အကြီးစား I pad ကိုထုတ်လုပ်မှာဖြစ်ကြောင်းနဲ့ Apple ကို ပစ္စည်းပေးသွင်းသူတွေကို အကြောင်းကြားထားပြီးဖြစ်ကြောင်း ဝေါစထရိဂျာနယ်မှာ ဖော်ပြထားပါတယ်။ ဖုန်းမှာ ယခုလက်ရှိသုံးနေတဲ့ USB Port တွေထက် အချက်အလက်လွှဲပြောင်းနှုန်း ၁၀ ဆပိုမြန်တဲ့ နည်းပညာကို အသုံးပြုပြီး USB Port တွေ ထပ်မံထည့်သွင်းဖို့ အက်ပဲက စဉ်းစားနေကြောင်း ဝေါစထရိသတင်းမှာဖော် ပြပါတယ်။

ကီးဘုတ်တွေ၊ မောက်စ်တွေနဲ့ တွဲဖက်အသုံးပြုနိုင်တဲ့ Port တွေထည့်ပေးဖို့လည်း ကုမ္ပဏီတွေက စီစဉ်နေကြောင်း ဂျာနယ်မှာဖော်ပြပါတယ်။ Apple ကို ပစ္စည်းပေးသွင်းနေသူတွေ က ၁၂ လက်မရှိ MacBook Air ကို ဒုတိယသုံးလပတ်မှာ အမြောက်အမြား ထုတ်လုပ်သွားဖို့ စီစဉ်နေကြတဲ့အတွက် Apple က သူ့အစီအစဉ်ကို တကယ်တမ်း ဘယ်အချိန်မှာ စတင်မယ်ဆိုတာ မသေချာသေးကြောင်း သတင်းမှာ ဖော်ပြပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန် ပြည်ထောင်စုရဲ့ အလုပ်အကိုင် ကိန်းဂဏန်းများကို မထုတ်ပြန်မီ ကုန်သည်များက ရှောင်ထားသော ဒေသတွင်းငွေကြေးများကို ပြန်လည် ဝယ်ယူလာကြတဲ့အတွက် ထွန်းသစ်စ အာရှငွေကြေးအများစုက ရက်သတ္တပတ်အလိုက် တန်ဖိုးကျဆင်းနေရာမှ ပြန်လည်ဦးမော့လာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

အမေရိကန်ဗဟိုဘဏ်က ငွေကြေးမူဝါဒတင်းကျပ်ရေးကိစ္စကို ယခုနှစ်အလယ်ပိုင်းလောက်မှာ အလေးအနက်ထားပြီး ဆွေးနွေးဖို့အချိန်ရောက်လာပြီဖြစ်ကြောင်း ဆန်ဖရန်စစ္စကိုဗဟိုဘဏ်အကြီးအကဲ ဂျွန်ဝီလီယံက မတ်လ ၅ ရက်က ပြောပါတယ်။

ဥရောပဗဟိုဘဏ် (အီးစီဘီ) ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီက လိုအပ်မယ်ဆိုရင် မတ်လ ၉ ရက်မှာစတင်မယ့် ဘွန်းစာချုပ်ဝယ်ယူရေးအစီအစဉ်ကို ၂၀၁၆ ခုနှစ်စက်တင်ဘာအထိ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောပါတယ်။ ဗဟိုဘဏ်က ယခုနှစ်နဲ့လာမယ့်နှစ်မှာ ဥရောပရဲ့ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဘွန်းစာချုပ်တွေကိုဝယ်ယူမယ်လို့ ဒရပ်ဂီရဲ့ကြေညာချက်ကြောင့် ယူရိုဇုန်ဘွန်းစာချုပ်တွေရဲ့တန်ဖိုးမြင့်တက်လာခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးအလားအလာနည်းမှုကြောင့် အာရှဒေသကုန်သွယ်မှုအလားအလာကို မှေးမှိန်စေခဲ့တဲ့အတွက် အာရှဒေသရှိ ငွေကြေးတွေရဲ့တန်ဖိုးကိုနိမ့်ကျစေခဲ့ ပါတယ်။

**တရုတ်ယွမ်**

ဇန်နဝါရီလက နိုင်ငံခြားငွေအပ်နှံမှုတွေတစ်ဟုန်ထိုးမြင့်တက်လာတာကို ကြည့်ခြင်းအားဖြင့် ယွမ်ငွေကြေးတန်ဖိုးဆက်လက်ကျဆင်းမယ့်လက္ခဏာကို တွေ့ရကြောင်း ဘာကလေဘဏ်က ပြောပါတယ်။ ယွမ်ငွေကြေးကို အပြည်ပြည်ဆိုင်ရာ နယ်ပယ်မှာ တိုးမြှင့်သုံးစွဲလာတဲ့အတွက် ငွေကြေးဖလှယ်နှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းထားမှာဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်အတွင်း တရုတ်ဝန်ကြီးချုပ် လီကယ်ရှင်းက ပြောပါတယ်။ ရှန်ဟဲရှိလက်ငင်းဈေးကွက်မှာ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်အချိန်က ယွမ်ငွေကြေးက တစ်ဒေါ်လာကို ၆ ဒသမ ၂၆၄၂ ယွမ်နှုန်းရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယစတော့ဈေးများလည်း မြင့်တက်ပြီး ပို့ကုန်လုပ်ငန်းရှင်တွေနဲ့ ဘဏ်တွေက ဒေါ်လာကိုထုတ်ရောင်းလာကြတဲ့အတွက် လေးရက်ကြာတန်ဖိုးကျဆင်းနေတဲ့ အိန္ဒိယရူပီးရဲ့တန်ဖိုး မတ် ၆ ရက်မှာပြန်လည်မြင့်တက်လာပါတယ်။ အိန္ဒိယ ရူပီးတန်ဖိုးက သုညဒသမ ၀၉ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၂ ဒသမ ၁၆ ရူပီး နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေး ဈေးကွက်မှာ ရူပီးတန်ဖိုးက တစ်ဒေါ်လာကို ၆၂ ဒသမ ၃၂ ရူပီးနှုန်းအထိ ကျဆင်းခဲ့ပါတယ်။

**ဂျပန်ယန်း**

ဒေါ်လာ/ယန်း ဖလှယ်နှုန်းက နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၁၄ ယန်းနှုန်းရှိခဲ့ရာမှ တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၀၁ ယန်းနှုန်းထိ ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် မတ် ၅ ရက်ကရှိခဲ့တဲ့ တစ်ဒေါ်လာ ၁၁၉ ဒသမ ၈၅ ယန်းထက် မြင့်တက်နေဆဲဖြစ်ပါတယ်။

ယူရိုငွေကြေးက ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ယူရိုကို ၁ ဒသမ ၁၀၂၈ ဒေါ်လာနှုန်းမှ ၁ ဒသမ ၁၀၂၄ ဒေါ်လာထိ ကျဆင်းခဲ့ပြီး ယန်းငွေနဲ့ ဖလှယ်ရာမှာ ၁၃၂ ဒသမ ၅၀ ယန်းမှ ၁၃၂ ဒသမ ၂၉ ယန်းနှုန်းထိကျဆင်းခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

မလေးရှားဈေးကွက်မှာ တခြားငွေကြေးတွေနဲ့ အဓိက ဖလှယ်ရာမှာ ဒေါ်လာငွေကြေးတန်ဖိုးက ၁၁ နှစ်အတွင်းအမြင့်ဆုံးနှုန်းကိုရောက်ရှိခဲ့တဲ့အတွက် ရင်းဂစ်တန်ဖိုးက မတ် ၆ ရက်မှာကျဆင်းခဲ့တာကို တွေ့ရပါတယ်။ မတ်လ ၅ ရက်မှာ တစ်ဒေါ်လာကို ၃၆ ဒသမ ၆၄၇၀ ရင်းဂစ်နှုန်း ရှိရာမှ ၆ ရက်နေ့ ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၃ ဒသမ ၆၅၁၅ ရင်းဂစ်နှုန်းထိရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒါပေမယ့် တခြား အဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ဥရောပဗဟိုဘဏ်က ဘွန်းစာချုပ်ဝယ်ယူရေးအစီအစဉ်တွေကို ဆောင်ရွက်တော့မယ်လို့ကြေညာလိုက်ပြီးနောက် တောင်ကိုရီးယားမှာ ငွေဖြစ်လွယ်မှုအခြေအနေမြင့်တက်လာတာကို တွေ့ရပါတယ်။ ဒါကြောင့် မတ် ၆ ရက်မှာ တောင်ကိုရီးယား ရှယ်ယာဈေးတွေမြင့်တက်လာခဲ့ပါတယ်။ တောင်ကိုရီးယားဝမ်ရဲ့ ငွေကြေးတန်ဖိုးက တစ်ဒေါ်လာကို ၁၀၉၈ ဒသမ ၃၅ ဝမ်နှုန်းရှိခဲ့တဲ့အတွက် မတ်လ ၅ ရက်ဈေးပိတ်ချိန်ကထက် ၂ ဒသမ ၉၅ ဝမ်နှုန်းမြင့်တက်ခဲ့ပါတယ်။

**ထိုင်းဘတ်**

အာရှပစိဖိတ်ဒေသရှိ ငွေကြေးတွေနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက အတက်အကျ အမျိုးမျိုးရှိခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်လာဘတ်ငွေဖလှယ်နှုန်းက တစ်ဒေါ်လာကို ၃၂ ဒသမ ၄၂ ဘတ်နှုန်းမှ ၃၂ ဒသမ ၅၅ ဘတ်နှုန်းထိ ပြောင်းလဲသွားတဲ့အတွက် ဘတ်ငွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။

## အဓိကအတိုးနှုန်းများကို လျှော့ချခြင်းဖြင့် တောင်ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုကိုအထောက်အကူပေး

စီးပွားရေးကိန်းဂဏန်းများ အတက်အကျမတည်ငြိမ်မှုတွေကြောင့် နိုင်ငံရဲ့စီးပွားရေးအနာဂတ်မရေရာမှုများ တိုးတက်ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ဒါကြောင့် ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းတွေကိုလျှော့ချပေးခြင်းဖြင့် တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို တိုးတက်အောင်မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း မတ် ၂ ရက်က ဘဏ္ဍာရေးဝန်ကြီးဌာန အရာရှိတစ်ဦးရဲ့ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာနဲ့နှိုင်းယှဉ်ရင် တောင်ကိုရီးယားနိုင်ငံရဲ့ ဇန်နဝါရီကုန်ထုတ်လုပ်မှုက ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် ဝန်ကြီးဌာနရဲ့ စီးပွားရေးမူဝါဒဗျူရိုအကြီးအကဲလီချန်ဝူးက ယခုလိုဝေဖန်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ယခင်လနဲ့နှိုင်းယှဉ်ရင် သတ္တုတူးဖော်ရေး၊ ကုန်ချောထုတ်လုပ်မှု၊ သဘာဝဓာတ်ငွေ့နဲ့ လျှပ်စစ်ဓါတ်အားကဏ္ဍတွေရဲ့ ကျဆင်းမှုက ၃ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ခုလုံး ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့တာက ခြောက်နှစ်အတွင်းမှာ အနိမ့်ဆုံးထိ ကျဆင်းခဲ့တာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာနဲ့နှိုင်းယှဉ်ရင် ယခုနှစ်ဖေဖော်ဝါရီမှာ ပို့ကုန်နဲ့ သွင်းကုန်တွေရဲ့ ကျဆင်းမှုနှုန်းက ၃ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ၁၉ ဒသမ ၆ ရာခိုင်နှုန်းအသီးသီးရှိခဲ့ပါတယ်။ ယခုလို ကျဆင်းမှုက စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကုန်သွယ်မှုအပေါ် အဓိက မှီခိုနေရတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ကြီးမားတဲ့ကျဆင်းမှုဖြစ်ခဲ့ပါတယ်။ ပညာရှင်တွေဘက်ကအမြင်နဲ့ကြည့်ရင် အတိုးနှုန်းလျှော့ချတယ်ဆိုတာ ကောင်းမွန်တဲ့လုပ်ရပ်ဖြစ်ပြီး ဒီကိစ္စနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ကို ဗဟိုဘဏ်က အဆုံးအဖြတ်ပေးတာဖြစ်ကြောင်း လီက ပြောပါတယ်။

## ဥရောပပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ်က ၂၀၂၀ ပြည့်နှစ်မှာ ဂရိနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမည်

ဂရိနိုင်ငံအတွက် အမြောက်အမြားထုတ်ချေးထားတဲ့ ကယ်တင်မှု ချေးငွေအစီအစဉ် ပြီးဆုံးတော့မည်ဖြစ်ရာ ဂရိနိုင်ငံဖွံ့ဖြိုးဖို့ အရေးတကြီးလိုအပ်နေတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုစတင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဥရောပပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဘဏ် (European Bank for Reconstruction and Development-EBRD) က ဖေဖော်ဝါရီ ၄ ရက်က ပြောကြားချက်ကို ကိုးကားပြီး အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ယခုအစီအစဉ်က လာမယ့်ငါးနှစ် တာကာလ ၂၀၂၀ ပြည့်နှစ်အထိ အကျုံးဝင်မှာဖြစ်ကြောင်း EBRD က ပြောကြားခဲ့ပေမယ့် ရင်းနှီးမြှုပ်နှံမယ့်ပမာဏကို အတိအကျ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပါဘူး။ အစီရင်ခံစာများအရ ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ ယူရို တစ်ဘီလီယံရှိလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။



"စီးပွားရေးဖွံ့ဖြိုးမှုကိုမြှင့်တင်ပေးနိုင်ဖို့အတွက် ဘဏ်ရဲ့ကျွမ်းကျင်မှုကို အသုံးပြုပြီး ပုဂ္ဂလိက ကဏ္ဍကိုတိုးတက် လာအောင်ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" လို့ ဘရပ်ဆဲလ်မြို့မှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ EBRD ဥက္ကဋ္ဌ ဆူမာချာ ကရာဘီဘာတီကပြောခဲ့ပါတယ်။

ဂရိနိုင်ငံရဲ့ ကယ်တင်မှုချေးငွေအတွက် အပြန်အလှန်သဘောအဖြစ် တင်းကျပ်တဲ့ခြိုးခြံချွေတာရေး မူဝါဒကို ကျင့်သုံးဖို့ ယခင်ဂရိအစိုးရက သဘောတူထားခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်းက ငွေကြေးထောက်ပံ့ဖို့ EBRD ကို ပန်ကြားခဲ့ပါတယ်။ ဒီပန်ကြားချက်အရ ယခုအစီ အစဉ်ကို ဆောင်ရွက်တာဖြစ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

International Entertainment
Vol: 15, No.10 Monday March 9 2015



# The Interview
## ဇာတ်ကားနဲ့ ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်နေဆဲဖြစ်တဲ့ ဒေ့ဗ်ဖရန်ကို

အမေရိကန်ရုပ်မြင်သံကြားဇာတ်လမ်းတွဲ သရုပ်ဆောင်ဖြစ်သူ ဒေ့ဗ်ဖရန်ကိုက သူ့အနေနဲ့ ကမ္ဘာတစ်ဝန်းလုံး ဟိုးလေးတစ်ကျော်ကျော်ဖြစ်ခဲ့ရတဲ့ The Interview ဇာတ်လမ်းနဲ့ ပတ်သက်ပြီး ထိတ်လန့်တုန်လှုပ်နေဆဲဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒေ့ဗ်ဖရန်ကိုဟာ The Interview ဇာတ်ကားထဲက သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ဖရန်ကိုရဲ့ ညီပဲဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းမှာ ဂျိမ်းစ်ဖရန်ကိုဟာ စကိုင်းလာ့ခ်မီဒီယာရဲ့အကြီးအကဲ တစ်ဦးဖြစ်ပြီး မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကိုလုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားရာမှာ အဓိကပါဝင်ခဲ့သူအဖြစ် သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားအနေနဲ့ ဘယ်လိုမှ တုံ့ပြန်မှုမရှိတာဟာ အလွန်ကိုကြောက်စရာကောင်းတဲ့အနေအထားမျိုးဖြစ်တယ်လို့ ဒေ့ဗ်ဖရန်ကိုက ပြောကြားခဲ့တာဖြစ်ပါတယ်။

“လူတွေဟာ သိပ်ကိုကြောက်စရာ ကောင်းပါတယ်။ အထူးသဖြင့် ဆိုရှယ်မီဒီယာတွေဆိုရင် ပိုပြီးကြောက်စရာကောင်းတယ်။ အဲဒီဇာတ်ကားနဲ့ပတ်သက်ပြီး စဉ်းစားလိုက်တာနဲ့ ကျွန်တော့်မှာ ကြောက်စိတ်တွေ ဝင်နေတော့တာပါပဲ”လို့ ဒေ့ဗ်က ပြောကြားခဲ့ပါတယ်။

အဲဒီဇာတ်ကားနဲ့ပတ်သက်ပြီး လူတော်တော်များများက ဆိုရှယ်မီဒီယာတွေပေါ်မှာ ဝေဖန်နေကြတယ်လို့ ဆိုပါတယ်။ အဲဒီဇာတ်ကားကြောင့် တတိယကမ္ဘာစစ်ဖြစ်လာနိုင်တယ်ဆိုတဲ့ လူတွေရဲ့ဟာသဆန်ဆန် ဝေဖန်ချက်တွေဟာ သိပ်ကို ကြောက်စရာကောင်းနေပါပြီလို့ ဒေ့ဗ်က ပြောကြားခဲ့တာဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို စတင်ပြသစဉ် က မြောက်ကိုရီးယားနိုင်ငံအနေနဲ့ မိုက်ခရိုဆော့ဖ်ကုမ္ပဏီနဲ့ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတို့ရဲ့ အရေးကြီးအချက်အလက်များ သိမ်းဆည်းထားတဲ့ဝက်ဘ်ဆိုက်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။



## မေဝဲသား အနိုင်ရမယ်လို့ ခန့်မှန်းပြီး ပေါင်တစ်သန်း လောင်းကြေးထပ်လိုက်တဲ့ 50 Cent

အမေရိကန် ရက်ပါအဆိုတော် 50 Cent ဟာ လာမယ့် မေ ၂ရက်နေ့မှာ အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားနဲ့ ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုတို့ရဲ့ထိုးသတ်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။

အဲဒီပွဲမှာ အမေရိကန် ရက်ပါအဆိုတော်တစ်ဦးဖြစ်တဲ့ 50 Cent က မေဝဲသားအနိုင်ရမယ်လို့ ခန့်မှန်းလိုက်ပြီး မေဝဲသားဘက်ကနေ လောင်းကြေးထပ်ခဲ့တယ်လို့ ဒေးလီးမေးလ်သတင်းမှာ ဖော်ပြထားပါတယ်။ 50 Cent လောင်းကြေးထပ်လိုက်တဲ့ ပမာဏက ပေါင်တစ်သန်းရှိတယ်လို့ ဆိုပါတယ်။

မေဝဲသားဟာ အဲဒီလက်ဝှေ့ထိုးသတ်ပွဲမှာ 50 Cent ရဲ့အမည်ရင်းဖြစ်တဲ့ ကျူ့တီစ်ဂျက်ဆင်ဆိုတဲ့နာမည်ကို အသုံးပြုမှာဖြစ်ပါတယ်။

မေဝဲသားနဲ့ ပက်ကွီအိုတို့ရဲ့ ထိုးသတ်ပွဲမှာ ထိုးသတ်ကြေးအနေနဲ့ အမေရိကန်ဒေါ်လာသန်း ၂၀၀သတ်မှတ်ထားတဲ့ အတွက် ကမ္ဘာ့ကြေးအကြီးဆုံး ထိုးသတ်ပွဲတစ်ပွဲလို့ သတ်မှတ်ထားပါတယ်။

ဒါ့အပြင် လက်ဝှေ့ဝါသနာရှင်အားလုံးရဲ့ စိတ်ဝင်စားမှုကို ခံနေရတဲ့ အဲဒီလက်ဝှေ့ပွဲမှာ ဘယ်သူအနိုင်ရမလဲ ဆိုတာကိုလည်း မျှော်လင့်စောင့်စားနေကြ ပါတယ်။

အဲဒီလို အချိန်မှာပဲ 50 Cent က မေဝဲသား အနိုင်ရဖို့ ဆယ်လေးတစ်လေး ရှိတယ်ဆိုပြီး မေဝဲသားဘက်ကနေ လောင်းကြေး ထပ်လိုက်တာဖြစ်ပါတယ်။

ဒါ့ပြင် 50 Cent က မေဝဲသားသာ အနိုင်ရမယ်ဆိုရင် အဲဒီလောင်းကြေးထပ်ထားတဲ့ငွေထဲက ပေါင် ၇၅၀၀၀၀ ကို လူမှုရေးလုပ်ငန်းတွေမှာ အသုံးပြုသွားမယ်လို့ ထုတ်ဖော်ပြောကြားပါတယ်။

မေဝဲသားနဲ့ 50 Cent တို့ဟာ ၂၀၁၂ ခုနှစ်ကတည်းက စီးပွားဘက်တွေ ဖြစ်ခဲ့ကြပေမယ့် 50 Cent အနေနဲ့ သူ့ရဲ့ကိုယ်ပိုင်ကုမ္ပဏီကို တည်ထောင်ပြီးနောက် လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။

အခုအချိန်မှာတော့မေဝဲသားက လာ့စ်ဗီးဂတ်စ်မြို့မှာ လေ့ကျင့်လျက်ရှိနေပြီး ပက်ကွီအိုကတော့ လော့စ်အိန်ဂျလိစ်မြို့မှာ လေ့ကျင့်လျက် ရှိနေပါတယ်။

## လေယာဉ်ပျံပျက်ကျပေမယ့် ကံကောင်းလို့မသေတဲ့ ဟယ်ရစ်ဆင်ဖို့ဒ်



အင်ဒီယာနာဂျုံးစ် ဇာတ်လမ်းတွဲတွေကို လူအများ စိတ်ဝင်တစားရှိလာအောင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဟယ်ရစ်ဆင်ဖို့ဒ်ဟာ ပြီးခဲ့တဲ့ရက်အတွင်းက လေယာဉ်ပျံပျက်ကျခဲ့ပြီး အပြင်းအထန် ဒဏ်ရာရရှိခဲ့ပါတယ်။ဟယ်ရစ်ဆင်ဖို့ဒ်ဟာ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း စစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်ဖို့အတွက် တည်ဆောက်ခဲ့တဲ့လေယာဉ်ပျံကို ကိုယ်တိုင်မောင်းနှင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလေယာဉ်ပျံမှာ အင်ဂျင်တစ်လုံးသာပါရှိပြီး ထိုင်ခုံကလည်း နှစ်လုံးသာပါရှိတယ်လို့ဆိုပါတယ်။ ဟယ်ရစ်ဆင်ဖို့ဒ်ဟာ အဲဒီလေယာဉ်ပျံကို မောင်းနှင်ခဲ့ပြီး ဆန်တာမော်နီကာလေဆိပ်အနီးမှာရှိတဲ့ ပန်မာဂေါက်ကွင်းပေါ်မှာ ပျံဝဲနေခဲ့တာဖြစ်ပါတယ်။ အဲဒီလိုပျံဝဲနေစဉ်မှာပဲ အင်ဂျင်စက်ချို့ယွင်းပြီး လေယာဉ်ပျံ ပျက်ကျခဲ့တာဖြစ်ပါတယ်။

လေယာဉ်ပျက်ကျခဲ့ပြီးနောက် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေဟာ လေယာဉ်ပျံအပျက်အစီးတွေရဲ့ကြားထဲကနေ ဟယ်ရစ်ဆင်ဖို့ဒ်ကို ဆွဲထုတ်ခဲ့ရတယ်လို့ ဆိုပါတယ်။ လေယာဉ်ပျံဟာ မီးလောင်ပျက်စီးသွားခြင်းမရှိတာကလည်း သူ့အတွက် ကံကောင်းစေတဲ့ အချက်တစ်ချက်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

လေယာဉ်ပျက်ကျမှုကြောင့် ဟယ်ရစ်ဆင်ဖို့ဒ်ဟာ တင်ပါးဆုံရိုးနဲ့ ခြေကျင်းဝတ်တို့ ကျိုးသွားခဲ့ပြီး သတိလစ်မေ့မြောခဲ့ရပါတယ်။ ဒါပေမယ့်လည်း အဲဒီကျိုးသွားတဲ့ဒဏ်ရာတွေကို ခွဲစိတ်ကုသမှုများ ပြုလုပ်အပြီးမှာတော့ သူဟာ သတိကောင်းစွာရရှိလာခဲ့တယ်လို့ သားဖြစ်သူ ဘင်ဖို့ဒ်က ပြောကြားခဲ့ပါတယ်။ “သူရခဲ့တဲ့ဒဏ်ရာတွေဟာ သေလောက်တဲ့ဒဏ်ရာတွေချည်းပါပဲ။ ဒါပေမယ့် ဒီအရိုးကျိုးတဲ့ဒဏ်ရာကို ခွဲစိတ်အပြီးမှာတော့ သူတော်တော်လေးကို ကောင်းသွားပါပြီ”လို့ သူ့ရဲ့တွစ်တာပေါ်မှာ ရေးသားဖော်ပြထားပါတယ်။ အသက် ၇၂နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟယ်ရစ်ဆင်ဖို့ဒ်ဟာ ပြီးခဲ့တဲ့နှစ်ဇွန်လတုန်းကလည်း Star War ဇာတ်လမ်းတွဲရဲ့ ဇာတ်ဝင်ခန်းတစ်ခန်းကို ရိုက်ကူးရင်း ခြေကျင်းဝတ်ဒဏ်ရာ ရခဲ့ပါသေးတယ်။

## ကိုယ်ဝန်ရှိချင်ဟန်ဆောင်ခဲ့တဲ့ မိုင်လေဆိုင်းရပ်စ်



Wrecking Ball သီချင်းတစ်ပုဒ်တည်းနဲ့ ကမ္ဘာကျော်သွားခဲ့တဲ့ မိုင်လေဆိုင်းရပ်စ်က သူဟာ ပက်ထရစ်ရှာဇင်ဂါနဲ့ရတဲ့ ကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်တယ်လို့ သူ့ရဲ့လူမှုကွန်ရက်ဝက်ဘ်ဆိုက်မှာ ဖော်ပြခဲ့ပါတယ်။

မိုင်လေဟာ သူရဲ့ဝမ်းဗိုက်ကို အာလ်ထရာဆောင်းရိုက်နေတဲ့ပုံနဲ့ ကိုယ်ဝန်ရှိနေပြီဆိုတဲ့သတင်းစကားကို သူ့ရဲ့တွစ်တာထဲမှာ ထည့်သွင်းဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အဲဒီသတင်းကြောင့် မိုင်လေနဲ့ ပက်ထရစ်ရှာဇင်ဂါတို့ရဲ့သတင်းဟာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့ပါတယ်။

မိုင်လေရဲ့ ကိုယ်ဝန်ရှိနေပြီဆိုတဲ့ သတင်းကြောင့် ပက်ထရစ်နဲ့မိုင်လေတို့ဟာ မီယာမီကမ်းခြေမှာ လက်ထပ်ပွဲကို ဆင်နွှဲပြီးဖြစ်တယ်လို့ Life & Style မဂ္ဂဇင်းက ထုတ်ဖော်ရေးသားခဲ့ပါတယ်။

မိုင်လေနဲ့ပတ်သက်ပြီး ပက်ထရစ်က “သူဟာ သစ္စာရှိတဲ့ဇနီးကောင်းဖြစ်အောင် ကြိုးစားနေပါတယ်။ ဒါပေမယ့် ကတိပေးဖို့ကိုတော့ သူတွန့်ဆုတ်နေဆဲပါပဲ။ ကျွန်တော့်ရဲ့ မျိုးရိုးနာမည်ကို သူယူမယ်ဆိုရင်တော့ သူ့ကို ကျွန်တော် တကယ်လက်ထပ်ယူပါ့မယ်”လို့ ပက်ထရစ် က သူတို့နှစ်ဦးရဲ့ရှေ့ရေးနဲ့ပတ်သက်ပြီး ပြောကြားခဲ့ပါတယ်။ မိုင်လေကတော့ သူ့မှာ ကိုယ်ဝန်ရှိတာ တကယ်မဟုတ်ဘဲ နောက် ပြောင်ပြီးတော့ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ ဆိုပါတယ်။ သူသာကိုယ်ဝန်ရှိမယ်ဆိုရင် မွေးလာမယ့် ကလေးဟာ ပီဇာပုံကလေးလေးပဲဖြစ်မယ်လို့ နောက်ပြောင်ပြီး ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။


MYANMAR REFRESHING SERVICES COMPANY LIMITED
ရန်ကုန်ရောက်ပြီး ကားများအား ထိုက်တန်သောစျေးနှုန်းဖြင့် ရောင်းချပေးပါမည်။
1300 CC Model ဖြင့်ကားများကိုလည်း ရောင်းချပေးလျှက်ရှိပါသည်
TOYOTA
ရေကြောင်းအာမခံထားပေးခြင်း
ဓာတ်ရောင်ခြည်သင့်မှုရှိ/မရှိ စစ်ဆေးပေးခြင်း။
ဘဏ်စာရင်းဖွင့်လှစ်ပေးခြင်း
သွင်းကုန်လိုင်စင် လျှောက်ထားပေးခြင်း
L/C ဖွင့်လှစ်ပေးခြင်း
ဝယ်ယူထားသော မော်တော်ယာဉ်အတွက် ပြည်ပမှ ရန်ကုန်ဆိပ်ကမ်းနှင့် အကောက်ခွန်ဦးစီးဌာနတွင် ရှင်းလင်းထုတ်ယူပေးခြင်း။
က-ည-န ရန်ကုန်တွင် ယာဉ်မှတ်ပုံတင်ပြီး လက်ဝယ်အရောက်အပ်နှံခြင်း။
SHOW ROOM (1)
No.41, Kabar Aye Pagoda Road, Golden Valley (2) Ward, Bahan T/S, Yangon, Myanmar. Tel : +95 1 549 046 , 01-3000394.
SHOW ROOM (2)
No.200, Corner of Dama Thukha Kyaung Road and Lan Thwel, Hlaing Tsp.,
(Near of Bartar Vehicle Trading) Tel : +95 1 549 046 , 01-3000394.
Email : myanmarrefreshing@gmail.com



# စင်ကာပူမှာ အိုင်တီပညာရှင်များ လိုအပ်ချက်မြင့်မား

စင်ကာပူအစိုးရက စင်ကာပူနိုင်ငံကို ခေတ်မီနိုင်ငံ (Smart Nation) အဖြစ် တည်ဆောက်ရန်ကြိုးပမ်းလျက်ရှိရာ တိုင်းပြည်ထူထောင်ရေးအတွက် သတင်းအချက်အလက်နည်းပညာ ကျွမ်းကျင်သူပညာရှင်တွေ (IT Professionals) လိုအပ်လာလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း ဆက်သွယ်ရေးနဲ့ပြန်ကြားရေးဝန်ကြီး ဒေါက်တာယာကွတ်အီဘရာဟင်က မတ် ၆ ရက်က ပြောကြားခဲ့တာကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူနိုင်ငံက အာရုံခံကိရိယာ (Sensor) တွေ ဝါယာလက် သို့မဟုတ် မိုဘိုင်းဆိုလူးရှင်းတွေကို အမြောက်အမြားချထားဖြန့်ကြက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း စင်ကာပူကွန်ပျူတာအသင်းညစာစားပွဲနဲ့ အိုင်တီခေါင်းဆောင်များဆုပေးပွဲ (Singapore Computer Society Gala Dinner & IT Leader Awards) အခမ်းအနားမှာ ဒေါက်တာယာကွပ်က ပြောပါတယ်။ ဒီအကောင်အထည်ဖော်ရေးရည်မှန်းချက်တွေကြောင့်အထူးသဖြင့် ဒေတာဆန်းစစ်ရေးနဲ့ ဆိုက်ဘာလုံခြုံရေးတို့အတွက် အတတ်ပညာသည်တွေလို အပ်လာမှာဖြစ်ပါတယ်။

သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ (ICT) နယ်ပယ်မှာ လူငယ်မျိုးဆက်သစ်တွေ မွေးထုတ်ပေးနိုင်ဖို့အတွက် စင်ကာပူသတင်းအချက်အလက်နှင့် ဆက်သွယ်မှုဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (IDA) ကလုပ်ငန်းပိုင်းဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ ပူးတွဲဆောင်ရွက်နေကြောင်း သူကပြောပါတယ်။

"ဒီထောင်စုနှစ်မှာ မွေးဖွားလာသူတွေက မကြာမီကာလအတွင်းမှာ ကြီးမားတဲ့လုပ်သားအင်အားထုကြီးဖြစ်လာမှာဖြစ်တဲ့အတွက် လူငယ်မျိုးဆက်သစ်တွေကို ကျွန်တော်တို့က လေ့ကျင့်ပျိုးထောင်ပေးရပါတယ်။

စင်ကာပူ၊ IDA က စင်ကာပူလုပ်သားထုဖွံ့ဖြိုးရေးအေဂျင်စီ (Singapore Workforce Development Agency -WDA)၊ ပညာရေးဝန်ကြီးဌာနနဲ့ စက်မှုလုပ်ငန်းတွေနဲ့ ပူးတွဲဆောင်ရွက်ပြီး အလုပ်သင်စနစ် တိုးတက်ရေးနဲ့ ICT ကဏ္ဍအတွက် SkillsFuture and Learn အစီအစဉ်တွေ တိုးတက်ကောင်းမွန်ရေးကို ဆောင် ရွက်နေပါတယ်။ လုပ်ငန်းခွင်ဝင်နေစဉ်မှာ ပိုလီတက္ကနစ်နဲ့ ITE ဘွဲ့ရ တွေက လက်တွေ့ကျွမ်းကျင်မှုတွေရှိအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"လို့ ဝန်ကြီးကပြောပါတယ်။

## တောင်ကိုရီးယားရဲ့ယာယီလုပ်ခများ ၂၀၁၄ ခုနှစ်မှာ လေးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်း

ယာယီလုပ်သားများရဲ့ လုပ်ခတွေက ၂၀၁၄ ခုနှစ်မှာလေးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းလာတာတွေ့ရတဲ့အတွက် တောင်ကိုရီးယားမှာ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အလုပ်အကိုင်တွေ ပိုမိုတိုးတက်မှုရှိတယ်ဆိုပေမယ့် အလုပ်သမားတွေရဲ့လုပ်ခလစာတိုးတက်ရရှိမှာ မဟုတ်ဘူးဆိုတဲ့ စိုးရိမ်မှုတွေကို ပိုမိုမြင့်တက်လာစေခဲ့ကြောင်း လေ့လာသူများက မတ် ၁ ရက်က ပြောကြားပါတယ်။ ၂၀၁၄ ခုနှစ်မှာ ငွေကြေးဖောင်းပွမှုနှုန်းကယာယီလုပ်သားများရဲ့ ဝင်ငွေမြင့်တက်မှုထက် ကျော်လွန်ခဲ့ကြောင်းနဲ့ ဒီလိုအခြေအနေကိုကြည့်ရင် လုပ်ခလစာပိုင်းဖွံ့ဖြိုးမှုက အနုတ်လက္ခဏာပြနေတဲ့သဘောဖြစ်ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

အလုပ်အကိုင်ခန့်ထားမှုသက်တမ်း တစ်နှစ်အောက်ခန့်ထားပြီး လုပ်သားအရေအတွက် ငါးယောက်နဲ့အထက်သာရှိတဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ ယာယီလုပ်သားများရဲ့ ကာလပေါက် ဈေးအရရရှိတဲ့ဝင်ငွေက ၂၀၁၄ ခုနှစ်က တစ်လပျမ်းမျှဝမ် ၁ ဒသမ ၂၇ သန်း (၁၁၅၀ ဒေါ်လာ) နှုန်းသာရှိခဲ့ပါတယ်။ နှစ်အလိုက်နှိုင်းယှဉ်ရင် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းတာကိုတွေ့ရပါတယ်။ ယခင်က ၂၀၁၀ ပြည့်နှစ်က ယာယီလုပ်သားခတွေ ကျဆင်းမှုဖြစ်ခဲ့ပြီး ကျဆင်းမှုနှုန်းက ၄ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

အမြဲတမ်း ပုံမှန်လုပ်သားတွေရဲ့ ပျမ်းမျှလုပ်ခကတစ်နှစ်ကို ဝမ် ၃ ဒသမ ၀၉ သန်းရှိတဲ့အတွက် နှစ်အလိုက်နှိုင်း ယှဉ်ရင် ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ပါတယ်။

"တောင်ကိုရီးယားစီးပွားရေးက ၂၀၁၄ ခုနှစ်က ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်မယ်။ အလုပ်အကိုင် ဖန်တီးမှုကလည်း ၁၂ နှစ်အတွင်းအမြင့်ဆုံးနှုန်း ထိရောက်ရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် လုပ်ခလစာဖွံ့ဖြိုးမှုနှုန်းကျဆင်းတာက စိုးရိမ်စရာဖြစ်ပါတယ်"လို့ လုပ်သားဈေးကွက်လေ့လာသူတွေက ပြောပါတယ်။

ဘုဏ်တင်-စုစည်းတင်ပြသည်

Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES

RO/RO Service for Myanmar

DATE : 9th March 2015

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.10 | 1.55 | 1.90 | 2.20 | 3.50 | | | | 28.2.2015 | 2.3.2015 | | | | 13.3.2015 | |
| | S/O CUT | | | | | | | 21.2.2015 | 23.2.2015 | | | | | |
| MV.CITY OF MUMBAI V.17 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.3.2015 | 9.3.2015 | | | 22.3.2015 | 31.3.2015 |
| | S/O CUT | | | | | | | | 7.3.2015 | 5.3.2015 | | | | |
| MV.HOEGH CHENNAI V.11 | 1.55 | 1.90 | 2.20 | 3.50 | | | | | 28.3.2015 | 26.3.2015 | | 7.4.2015 | 10.4.2015 | |
| | S/O CUT | | | | | | | | 25.3.2015 | 22.3.2015 | | | | |
| MV.CITY OF MUMBAI V.18 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.4.2015 | 10.4.2015 | | | 18.4.2015 | 22.4.2015 | 29.4.2015 |
| | S/O CUT | | | | | | | 4.4.2015 | 6.4.2015 | | | | | |
| MV.HOEGH CHENNAI V.12 | 1.55 | 1.90 | 2.20 | 3.50 | | | | | 27.4.2015 | 25.4.2015 | | 6.5.2015 | 10.5.2015 | |
| | S/O CUT | | | | | | | | 23.4.2015 | 21.4.2015 | | | | |
| MV.CITY OF MUMBAI V.19 | 1.55 | 1.90 | 2.20 | 3.50 | | | | 9.5.2015 | 11.5.2015 | | | 19.5.2015 | 23.5.2015 | 30.5.2015 |
| | S/O CUT | | | | | | | 5.5.2015 | 7.5.2015 | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.
Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441

Email : gleltd.office@gmail.com ( Management )
gleltd.mktg@gmail.com ( Operation )
docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing )
goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama

Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C

Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။